

shwezinu.blogspot.com မှ ကူးယူပြီး pdf ပြုလုပ်သည်။
ငယ်ယုံပူဇော်
မဝင်းမြင့်
www.henryyusofzai@gmail.com

# ငယ်ယုံပူဘော်

## စာရေးသူ - မဝင်းမြင့်

သူတို့ သူငယ်ချင်း သုံးယောက်ထဲမှာဆိုလျှင် မေမေခင်က စိတ်နှလုံး သဘောထား အနူးညံ့ဆုံး ဖြစ်သည်။ ဘာကိုဖြစ်ဖြစ် လျှော့ပေးတတ်သည်။ အနာခံတတ်သည်။ ယုတ်စွအဆုံး သူငယ်ချင်း အချင်းချင်းက ခဲတံ ငှားသွားတာမျိုး၊ စာအုပ်ငှားသွားတာမျိုးကို မေမေခင် စိတ်သဘောထား သိမ်းမွေ့နူးညံ့မှုန်းသိ၍ ပြန်မပေးဘဲ အမေ့ခံ ထားတတ်ခြင်း၊ စီးကြောသည့် သဘောဖြင့် ယူထားတတ်ခြင်းကို မေမေခင်သည် ဘာမှ ပြောဆို တောင်းယူခြင်းမရှိ။ သူ့အဖို့ ငွေကြေးပြည့်စုံသူ ဖြစ်သည့်အလျောက် အသစ်ထပ်ဝယ်သည်။ ဤသည်ကို ကြားက နေပြီး မခံမရပ်နိုင် ဖြစ်နေရသူက မြသွင်အေး ဖြစ်၏။

"ခင်ဟာ... ဘယ်လိုလဲ... ကိုယ်ပစ္စည်းကိုယ် ပြန်တောင်းပေါ့၊ ခင် ကြောက်ရင် မြ အမုန်းခံပြီး တောင်းပေး မယ်၊ သူတို့က နိုင်ထက်စီးနင်း လုပ်နေတာ ဘာကြောင့်ခံရမှာလဲ"

မြသွင်အေး က ဒေါ်နှင့်မောနှင့် ဆို၏။ ထိုအခါ မေမေခင်က အေးဆေးကြည်လင်သော အသံဖြင့် ပြန်ပြော တတ် သည်ကာ...

"သူများပစ္စည်းကို မရှက်တတ်လို့ ယူထားပေမယ့် ခင်က ကိုယ့် ပစ္စည်းနဲ့ ကိုယ်ပြောရမှာ ရှက်တယ်၊ ကြောက် လို့ မဟုတ်ပါဘူး မြရယ်၊

သူတို့မရှက်တတ်လို့ ယူတာ ယူပါစေ၊ ဥစ္စာရှင် မကြည်ဖြူတဲ့ ပစ္စည်းဟာ အပင်း အဆိပ် လိုပါပဲ" ဟူ၍ တရားသံပါပါ ပြန်ပြော၏။

"သြော်.. တကယ်ကို သူတော်ကောင်း ပါလား၊ ဒါဖြင့်ခင် ဘာကြောင့် ဝတ်ကြောင် ဝတ်နေတာလဲ၊ သင်္ကန်း ဆိုး ဝတ်ပြီး တရားကျင့်နေ ပါလား၊ မြကို သူ့အစား မခံချင်လို့ ပြောနေရတာကို သူကများ တရားဟော ရတယ် ရှိုးသေး၊ စိတ်ချင်းများ လဲလိုက်ချင်တယ်"

မြသွင်အေးက စိတ်ထက်သူပီပီ ဆိုးဆိုးဆတ်ဆတ် ပြောပြီး..

"ကြားလား ကိုမင်းဇင်... တရားရှင် သူတော်ကောင်းမကြီးက မြကိုတရားချနေတာ"

ဟု မောင်မင်းဇင်ကို လှည့်ပြီး တိုင်တည်တတ်သည်။ ထိုအခါ မောင်မင်းဇင်က မည်သူ့ဘက်မှ မလိုက်ဘဲ သူ့ထင်မြင်ချက် ကို ဆို၏။

"ခင်က စိတ်သဘောထား ဒီဘောက် နူးညံ့သိမ်မွေ့ပြီး သည်းခံလွန်း နေတတ်ရင် ယောက်ျားရတဲ့အခါ ယောက်ျား နဲ့ ယောက်ျားဘက်က ဆွေမျိုးတွေ နိုင်နင်းသမျှ ငုံ့ခံဖို့ဖြစ်မယ်၊ မြက မဟုတ်မခံ ဆတ်ဆတ်ကြဲ စိတ်လဲ ရှိတယ်၊ နောက်ပြီး.."

မောင်မင်းဇင် စကားမဆုံးမီ မေမေခင်က သူ့နားထင်ကို လက်မဖြင့် ဖိပြီး မသိမသာ မျက်နှာမဲ့သွားသည်။ ဤသည်ကို မေမေခင်အား သတိထားကြည့် နေဟာ မြသွင်အေးက မြင်လိုက်သည်။

"ခင်.. ဘာဖြစ်လို့လဲဟင်"

ဟု စိုးရိမ်သံ ကြင်နာသံဖြင့် ဂရုတစိုက် ယုယစွာမေးသည်။

"ညက စာကြည့်တာ ညဉ့်နက်သွားလို့ ထင်ပါရဲ့၊ ခေါင်းထဲက တစ်ချက်တစ်ချက် ထိုးကိုက်သလိုပဲ မြရဲ့"

ဟု မေမေခင် က ဖြေ၏။

"ဟုတ်လား.. စာကြည့်တာ ညဉ့်နက်ခံရသလား ခင်ရဲ့၊ ဒီလိုခေါင်းထဲက ဖြစ်တာမျိုး သိနေရင် ဦးနှောက်ကို အနားပေးရတယ်၊ ခေါင်းကိုက်တာ ခေါင်းမူးတာကို မမွေးထားရဘူး၊ ရော့ .. ဟောဒီမှာ"

မြသွင်အေး က ပြောပြောဆိုဆို လွယ်အိတ်ထဲက ရှူဆေးဘူးကလေး ကို ထုတ်ပေးပြီး..

"အဲဒါရှူလိုက်၊ ခေါင်းထဲမှာ ပေါ့သွားလိမ့်မယ်"

ဟု ပြောဆို ကုသ နေသဖြင့် မောင်မင်းဇင်၏ စကားက အခိုက်အတန့် ပြတ်နေသည်။ မေမေခင်က ရှူဆေးဘူးကလေးကို နှာခေါင်ဝမှာ တေ့ထားပြီး အားပါးတရ ရှူလိုက်၏။

"ထိပ်ပေါက်အောင် တအားရှူက်"

မြသွင်အေးက ညွှန်ကြားချက်အတိုင်း မေမေခင်က လိုက်နာသည်။

"ကောင်းလိုက်တဲ့ ဆေးနံ့လေး.. ခေါင်းထဲမှာ ကြည်ပြီးပေါ့သွားတာပဲ"

မေမေခင်က ဆို၏

"ယူထား ခင်၊ မူးတတ် ကိုက်တတ်ရင် ရှူးဆေးကို ဆောင်ရတယ်"

ဟု မြသွင်အေးက ပြောသောအခါ..

"မြ အဲဒီလို တစ်ခါမှ မဖြစ်ဘူး ကိုမင်းဇင်၊ မြ မဖြစ်ပေမယ့် သွားရင်းလာရင်း အဲဒီလို ဖြစ်တဲ့ လူတွေ့ရင် ကူညီရအောင်လို့ မြ အမြဲဆောင်ထားတတ်တယ်၊ မြက ဝါသနာပါတယ် ကိုမင်းဇင်ရဲ့"

မြသွင်းအေး က သူ့ ကျောင်းလွယ်အိတ်ကို ပုတ်ပြပြီး ပြန်ပြောသည်။ ထိုအခါ မောင်မင်းဇင်က စကား ဆက်၏။

"အခုတင်က ကျွန်တော်ပြောနေတဲ့ စကားမဆုံးသေးဘူး၊ ခင်ခေါင်းကိုက်တာနဲ့ ပြတ်သွားတယ်၊ ဆက်ပြော ဦးမယ်"

"ဟုတ်သားပဲ၊ ခင့်ကြောင့် စကားပြတ်သွားတာ၊ ကိုမင်းဇင်ဆက်ပြော.."

ဟု မေမေခင်က တိုက်တွန်းသည်။ မောင်မင်းဇင်က ဆက်ပြော၏

"ခင်က လင်အနိုင်ခံရဖို့ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ပြောခဲ့တယ်နော်၊ မြကတော့ လင် အနိုင်ခံရမယ်... မခံရဘူးဆိုရင် ဆရာဝန် ဖြစ်နိုင်တယ်"

စိတ်ထား နူးညံ့သော မေမေခင်က ပြုံးနေသည်။ မြသါင်အေးက ပြန်ချေသည်။

"အောင်မယ်.. ကိုမင်းဇင်က ခင်နဲ့ မြကို ဘာဖြစ်မယ်ဆိုတဲ့ ထင်မြင်ချက်မေတွ ပြောနေလိုက်တာ၊ ကိုမင်းဇင် ဘာဖြစ်မယ် ဆိုတာရော မြပြောရမလား"

"ပြောပါဗျ.. ပြောပါ"

"ကိုမင်းဇင်က လူတစ်ဖက်သားကို အမှတ်မဲ့ မနေတတ်ဘဲ အကဲခတ်တတ်၊ လေ့လာတတ်တဲ့ လူဆိုတော့ လူဆိုးဖမ်း စုံထောက်ဘက် ရဲဘက်မှာ ဖြစ်မယ်လို့ မြ ထင်မြင်ချက်ပေးတယ်"

မြသွင်အေး စကားကြောင့် သူငယ်ချင်းသုံးယောက် အားပါးတရ ရယ်လိုက်ကြသည်။ ထို့နောက် မောင်မင်းဇင်က ပြော၏။

"တို့သုံးယောက်က ပြောမနာ ဆိုမနာတွေ၊ တစ်ယောက်ကိုစွ တစ်ယောက် ဖွင့်ဟတိုင်ပင် အသိပေး နေသူတွေ ဆိုတော့ ခင်နဲ့ မြမှာ ဘယ်လို ကိစ္စဖြစ်ဖြစ် ကျွန်တော့်ကို အသိပေး၊ အထူးသဖြင့် ရည်းစား ထားမယ် ဆိုတာတောင် ဘယ်သူဘယ်ဝါ ဆိုတာ ပြောပါ၊ ကျွန်တော် လူကဲခတ်ပေးမယ်၊ စုံစမ်းပေးမယ်၊ ဒါမျိုး တော့ ဝါသနာပါတယ်ဟေ့"

ကိုမင်းဇင်က မျက်နှာတည်တည်ဖြင့် စုံထောက်ဟန်ပါပါပြောရာ မေမေခင်က ရယ်ရုံသာ ရယ်နေ သော်လည်း မြသွင်အေးက စိတ်ထက်သူပီပီ လက်ထဲ ကိုင်ထားလျက်ရှိသော ပေတံဖြင့် မောင်မင်းဇင်ကို လှမ်းရိုက်ရင်း..

"ကြည့်စမ်း..ကြည့်စမ်း.. မြတို့က အကောင်းမှတ်လို့ နားထောင်နေတာ၊ ဟင်း.. ကိုးယ်ယူမယ့် မိန်းမသာကို ပြန်စုံစမ်းပါ၊ ကိုမင်းဇင်က ခရိုင်ရဲဝန်ရဲ့ တစ်ဦးတည်းသောသားဖြစ်လို့ ဂုဏ်မက်တဲ့ ပိုင်းလုံးမနဲ့ တွေ့မယ် သတိသာ ထားနေ"

ဟု ဆတ်ဆတ်ကြဲပြန်ပြောသည်။ မောင်မင်းဇင်က သူ့ကိုရိုက်နေသော မြသွင်အေး လက်ထဲမှ ပေတံကို ဆွဲလုယူလိုက်မှ အရိုက်ခံရ သက်သာသွားသည်။ ရိုက်သည်ကလည်း နာအောင်ရိုက်ခြင်း မဟုတ်။

ပေတံ ကိုလည်းလျှော့ရဲရဲသာ ကိုင်ထားသောကြောင့် မောင်မင်းဇင်း လုပ်ယူရာ အလွယ်တကူ ပါသွားသည်။

"ကျွန်တော်က စေတနာနဲ့ ပြောတာပါ၊ အထူးသဖြင့် ခင့်အတွက်ပိုပြီး စိုးရိမ်တယ်။ ဘာကြောင့် လဲဆိုတော့ မြက သတ္တိရှိတယ်၊ ဘာမဆို ရဲရဲပြတ်ပြတ် လုပ်တတ်တယ်၊ နောက်ပြီး မြ မိဘတွေကလဲ လွတ်လွတ်လပ်လပ်ထားတော့ မြက လောဘကြီးအကြောင်းကို ခင့်ထက် ပိုပြီးနားလည်တယ်၊ ခင်ကတော့ ရိုးလွန်း အေးလွန်း ပျော့လွန်းတယ်ကွယ်"

မောင်မင်းဇင်က လူကြီးဆန်ဆန် ပြောသောစကားကြောင့် မြသွင်အေးက မေမေခင်ကို လှည့်ကြည့်သလို၊ မေမေခင်က မြသွင်အေးကို ပြန်ကြည့်သည်။ စုံထောက်ဉာဉ်ပါသော မောင်မင်းဇင်၏ ယူဆချက်၊ ဝေဖန်ချက် က မှန်ပါသည်။

မြသွင်အေးက ရဲရင့် ဖျတ်လတ်သည်နှင့် အမျှ စိတ်သဘောထားက ထက်မြက်ပြတ်သားသည်။ မေမေခင်က သတ္တိကြောင်ခြင်း၊ ကြောက်တတ်ခြင်း မဟုတ်သော်လည်း စကားနည်းရန်စဲ အေးအေး ဆေးဆေး နေတတ်သည်။ စိတ်သဘောထား နူးညံ့ပျော့ပျောင်း၍ မည်သူနှင့်မဆို သည်းခံတတ်သော စိတ်ကြောင့် အကြောင်းမသိ သူတွေက ကြောက်တတ်သည်ဟု အထင်ခံနေရသူ ဖြစ်သည်။ မေမေခင်၏ စိတ်က အမှန်တကယ် ဆိုရမူ နူးညံ့သည်နှင့်အမျှ စိတ်ထားခိုင်မာ

သည်ကို မောင်မင်းဇင်နှင့် မြသွင်အေးတို့က လေးလေး နက်နက် မတွေးမိခဲ့ကြပေ။

မြသွင်အေးနှင့် မေမေခင် ဟန်ပန်အမူအကျင့် စိတ်သဘောထားခြင်း မတူသလိုပင် သူတို့နှစ်ယောက် ရုပ်ရည်ကလည်း မတူကြပေ။ မြသွင်အေး၏ အရပ်က ငါးပေနီးပါးရှိသည်။ အရပ်နှင့်အမျှ တောင့်တင်း သန်စွမ်း၍ အချိုးအဆက်ကျသော ကိုယ်လုံးကိုယ်ထည် အသားလတ် လတ် တည်ငြိမ်ခံ့ညား၍ မြင်ရသူ အားကိုးချင်စိတ် ပေါ် စေသည့် ကျက်သရေရှိသော မျက်နှာမျိုး ဖြစ်သည်။ မေမေခင်ကမူ အရပ်အမောင်းမှာ မြသွင်အေးနှင့် မတိမ်းမယိမ်း ရှိသော်လည်း ဖြူဖြူနွဲ့နွဲ့ ကလေးဖြစ်သည်။

မောင်မင်းဇင်ကမူ ယောကျ်ားပီသ၍ ခံ့ခံ့ညားညား အားကိုးအားထား ပြုချင်ဖွယ် ကောင်းသော ရုပ်လက္ခဏာ ပိုင်ရှင်ဖြစ်သည်။ တပူးတွဲတွဲနေသော သူတို့သုံးယောက်ကို တစ်ကျောင်းလုံးက မက်ထရစ်စာမေးပွဲ ဖြေကြရမည် ဖြစ်၏။ တစ်ယောက်မ ကျေလည်သော စာကို တစ်ယောက်က ကူညီပြသပေးရင်းဖြင့် စာမေးပွဲ စစ်ရာမှာ သုံးယောက်လုံး ချောချောမောမော ဖြေဆိုနိုင်ခဲ့ကြလေသည်။

မောင်မင်းဇင် ကြိုတင်အကဲခတ် ပြောခဲ့သည့် အတိုင်းပင် အမှတ်ကောင်းကောင်းဖြင့် အောင်ခဲ့ ကြသော သူတို့သုံးယောက်သည် မြသွင်အေးက ဆရာဝန်ဖြစ်လိုသော ဆန္ဒဖြင့် ဆေးတက္ကသိုလ်

တက်သွားသည်။ မေမေခင် က လူပျော့လူအေး ရှေးဟောင်းကဗျာ တေးဂီတကို မြတ်နိုးသူပီပီ ရာဇဝင်ဘာသာဖြင့် ဝိဇ္ဇာကို ယူသည်။ တက္ကသိုလ်မှာ နေသားတကျ ဖြစ်သောအခါ...

"ဟော့.. တို့ သူငယ်ချင်းသုံးယောက် စိတ်ဝမ်းမကွဲတမ်းနော်၊ တစ်ပတ်တစ်ခါ မှန်မှန် ဆုံရအောင်၊ ငယ်ငယ်က အတိုင်း ပေါ့"

ဟု တက္ကသိုလ် ရောက်ကြသောအခါ အနေဝေး၍ သွေးအေးသွားမည် စိုးသော မောင်မင်းဇင်က သတိပေး နှိုးဆော် သည်။

"ဒါ မှန်တယ် ... ဘယ်လို အခြေအနေ ကိုပဲ ရောက်ရောက် တို့သုံးယောက်ငယ် သူငယ်ချင်းတွေပီပီ ရင်းနှီးမြဲ ရင်းနှီး ရမယ်၊ ညောင်ညိုပင် စခန်းတစ်ခုတော့ ထားမှဖြစ်မယ် ကိုမင်းဇင်"

မြသွင်အေး က ထောက်ခံ အကြံပေးသည်။

"အမယ်လေး စိတ်ချပါ ဝေဠုမြတ်စွာ မင်းသမီးရယ်၊ ခင် နနယ် သိမ်မွေ့မှန်းသိလို့ မြက နေရာရွေးပြီးသားပါ"

"ကျေးဇူး ပါပဲ.. ဘယ်နေရာလဲ မြ"

မေမေခင်က ချစ်စရာအပြုံးဖြင့် ပြန်မေး၏။

"ခင့်ဆီမှာပဲ လာဆုံမှာပါ ၊ ရင်ရောက်တဲ့ လူကစောင့်၊ သုံးယောက်စုံ ညီးမှ သောင်းပြောင်းထွေလာ ပြောချင်ရာပြော၊ ဒါမှမဟုတ် ရုပ်ရှင်ကြည့်ဖို့၊ လျှောက်လည်းဖို့၊ တစ်နေရာမှာ တစ်ခုခုသွားစားဖို့ တိုင်ပင် စီစဉ်ကြမယ်၊ မကောင်းဘူးလား ကိုမင်းဇင်"

သွက်သွက်လက်လက် ချက်ချက်ချာချာ ပြောနေသော မြသွင်အေးကို မျက်တောင်မခတ် စိုင်ကြည့်နေသော ကိုမင်းဇင် အား မြသွင်အေးက သူ့အစီစဉ်ကို တင်ပြပြီး ဆန္ဒမဲ တောင်းလိုက်၏။

"မြ ပြောတာ မှန်တယ်"

ကိုမင်းဇင်က မပြုံးတပြုံး မျက်နှာဖြင့် ထောင်ခံသောအခါ မေမေခင်က မပြုံးတပြုံး မျက်နှာဖြင့် ဝေဖန် လိုက်၏။

"ဟို ရုပ်ရှင်တစ်ခု ထဲက အမျိုးသား ကြီးက သူ့ဇနီးပြောသမျှ ဦးခေါင်းညိတ်ပြီးမစောပြေတာ မှန်တယ်ရယ်လို့ တသမတ်ထဲ ထောင်နေလို့ ရုပ်ရှင်ကြည့်ပရိသတ်တွေ တဝါးဝါးပွဲကျ နေတာ ခင်က ပြန်သတိရမိတယ်"

"အမယ်..အမယ်.. အဲဒီ ရုပ်ရှင်ပေါ်ချိန် အဲဒီးကား ခေတ်စားချိန်က ခင်လူဖြစ်သေးလို့လား၊ သူ့ကိုယ်သူ ရှေ့မီ နောက်မီ လူကြီးကျ နေတာပဲ"

မြသွင်အေးက စိတ်မဆိုးဘဲ ရယ်ရယ်မောမောပင် ပြန်ပြောသည်။

"အဲဒီ အချိန် လူဖြစ်နှင့်တဲ့ လူတွေပြောသံကြားလို့ ခင် မှတ်ထားခဲ့တာ မြရဲ့"

"အေးပါလေ.. ထားပါတော့၊ မြ ပြောတာ မှန်တယ်လို့ ကိုမင်းဇင်က ထောက်ခံနေပြီပဲ၊ ခင့်ဆီမှာပဲ ညောင်ညိုပင် စခန်း ဖွင့်တာပေါ့နော်"

"ကောင်းတယ်.. ခင်က မပင်ပန်းဘဲ စောင့်ရမယ့်လူဆိုတော့ သိပ်သဘောကျတာ၊ မြ ပြောတာ မှန်ရ တာပေါ့"

ဟု ခပ်ရွှတ်ရွှတ် ပြောလိုက်သည်။

"ကိုမင်းဇင်နော်..ဘာလဲ မြကို အကောင်းပြောတာ မဟုတ်ဘူး"

မြသွင်အေးက ငေါက်လိုက်၏။

"ဘာရမလဲ..ဦးစီးတယ် ဆိုတာလေ"

"ဟောဗျ.. ဦးစီးတယ်ပြောတာ လွန်သလား၊ မြက အခုသုံးယောက်ထဲမှာ ဦးစီးသူ မဟုတ်ဘူးလား"

"ပြောရင်းဆိုရင်း ဘာလဲ.. ဦးစီး ဦးစီးနဲ့"

မြသွင်အေးက စိတ်တိုသံဖြင့် ပြောသောအခါ မောင်မင်းဇင်က ဘာမှ နားမလည်ဟန်ဖြင့် မြသွင်အေး မျက်နှာကို ကြည့်နေသည်။ မေမေခင် က လှိုက်လှိုက်လှဲလှဲ ရယ်ပြီး..

"သူ့စကားသူ နားမလည်ဘူး ရယ်လို့ အိပ်ချင်ဟန် ဆောင်နေတာ မြ ရဲ့၊ နှိုးပေးလိုက်စမ်းပါ"

ဟု ဝင်ပြောလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျ၊ ဟန်ဆောင်တာပဲ ဖြစ်ဖြစ်၊ တကယ်ပဲဖြစ်ဖြစ် ကျွန်တော် အိပ်နေပါပြီ၊ ကဲ.. နှိုးတော့ မြ နှိုးစမ်း"

မောင်မင်းဇင်က မျက်စိမှိတ်ပြီး အိပ်ငိုက်ဟန် ပြလိုက်သောအခါ စိတ်တိုနေသော မြသွင်အေးက စိတ်တိုခြင်း ပျောက်ပြီး လက်ထဲ ကိုင်ထားသော သတင်းစာခေါက်ဖြင့် ရယ်ရင်းမောရင်း

"ဦးစီးဆိုတာ အီးစုပေါ့၊ နှိုးစမ်း နှိုးစမ်း"

ဟု ပြောပြောဆိုဆို မောင်မင်းဇင် လက်မောင်းကို ရိုက်၏။

"ဟော့.. မြ အရင်တစ်ခါလဲ ပေတံနဲ့ရိုက်ပြီးပြီ၊ တော်နော်.. တော်နော်.. "

မောင်မင်းဇင်က သတင်းစာကို လုယူမည်ဟု ဆွဲရာ လက်အချိန်အဆပဲ မှားသလား၊ တမင်ဖြစ်သလား မသိပေ၊ သတင်းစာကို မကိုင်မိဘဲ မြသွင်အေး၏ လက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိရက် ဖြစ်သွားသည်။

"အဲဒါ ဦးစီးသွားတာပေါ့"

မေမေခင်က ရွှတ်လိုက်၏။ မောင်မင်းဇင်က မြသွင်အေး လက်ကို လွှတ်လိုက်ပြီး သုံးယောက်လုံး ရယ်လိုက် ကြသည်။

"ကဲ.. ဆုံးဖြတ်ချက် အတည်ဖြစ်ပြီနော်၊ စနေနေ့တိုင်း ခင် မျှော်မယ်၊ မလာရင်တော့လား... "

မေမေခင် စကားမဆုံးမီ

"ကြက်တူရွေးဖြစ်ဖြစ်၊ သာလိကာဖြစ်ဖြစ် တစ်ကောင်လောက်ဝယ်ထား ခင်ရေ့၊ မှန်မှန်မလာတဲ့လူကို ကျေးစေတမန် လွှတ်ခေါ်ပေတော့"

ဟု မောင်မင်းဇင်က ပြောမှ မြသွင်အေးက သတိရလာသလို..

"အေး..ဟုတ်သားပဲ ခင်ရေ၊ မြန်မာဘုရင် လက်ထက်က မင်းကြီးကတော် စာဆိုတော် ခင်သုံ ရေးခဲ့တဲ့ ကျေးစေပတ်ပျိုး ကလေး ကို ခင် မကြာမကြာ ဆိုပြနေခဲ့ကြတာ၊ ကဲ..ဒီနေ့ ညောင်ညိုပင် စခန်းဖွင့်တဲ့ အထိမ်း အမှတ် အဖြစ်နဲ့ ခင် ဆိုပြစမ်း"

ဟု နောက်ကြောင်းဖော် တိုက်တွန်းလိုက်သည်။ အထက်တန်း ကျောင်းမှာ နေကြစဉ်က သာယညချိုအေးသော အသံဖြင့် ဤပတ်ပျိုး ကလေးကို မေမေခင် ဆိုနေတတ်သည်ကို မောင်မင်းဇင် ရော မြသွင်အေးပါ မကြာခဏ ကြားခဲ့ကြဖူးသည်။ ထိုပတ်ပျိုးလေးကို သူတို့ဆိုနိုင်း၍ ဆိုခြင်းမဟုတ်ဘဲ၊ မေမေခင်သည် တစ်ခါတစ်ရံ သူ့အလိုအလျှောက် အပျင်းပြေ သီချင်းညည်းသလို အမှတ်မထင် ဆိုနေတတ်ခြင်းသာ ဖြစ်သည်။ သို့သော် မေမေခင်၏ အသံက သာယာချိုအေးသဖြင့် မောင်မင်းဇင်နှင့် မြသွင်အေးက နားထောင် ကောင်းကောင်း ရှိသည်နှင့် နားထောင်ခဲ့ကြ၍ မှတ်မိ နေခြင်းဖြစ်သည်။

"ဟုတ်တယ်ပေ့ ခင် ဆိုပြစမ်း၊ဒါမှ ကျွန်တော်လဲ အိပ်ချင်ပြေ ပြီး သေသေချာချာ နိုးလာမှာ၊ ဆက်အိပ်ချင် နေရင် ဦးစီးသူက.. "

မောင်မင်းဇင် စကားမဆုံးမီ

"အရိုက်ခံချင် ပြန်ပြီထင်တယ်"

ဟု မြသွင်အေးက ကြိမ်းလိုက်၏။

"ဒီတစ်ခါ သတင်းစာနဲ့ လက်နဲ့ရိုက်"

မောင်မင်းဇင်က ပြန်ပြော၏

"တော်စမ်းပါ၊ ကဲ ..ခင် သီချင်းဆိုပြ"

မြသွင်အေးက မောင်မင်းဇင်ကို ငေါက်ပြီး မေမေခင်ကို တိုက်တွန်းလိုက်၏။ မြသွင်အေးကို ကြည့်သော မောင်မင်းဇင် မျက်လုံးကို မေမေခင်က သတိထားမိသည်။ ချစ်သောသူငယ်ချင်း နှစ်ယောက်၊ ရုပ်ရည်သဏ္ဍာန် လိုက်ဖက်ညီသော သူငယ်ချင်း နှစ်ယောက် နေရာကျသွားရင် သိပ်ကောင်းမှာပဲ မေမေခင်က ဝမ်းသာစွာတွေးပြီး ကျေးစေပတ်ပျိုးလေးကို ဆိုပြလိုက်သည်။

လေယည်မြန်း.. စေမှန်းရွှေ လျော်၊ ငယ်ယုံပူဘော်

နန်းစိန်ချိုင့်ပျော်.. ကြင်နယ်ယွင်း.. မြတ်မှာတော်ရင်း

မင်းတင်ချေနော်.. ရွှေညီလာပျော်၊ စိမ်းမူးမေ့သော်..

ကြင်နယ်ယွင်း.. မြတ်မှာတော်ရင်း.. မင်းတင်ချေနော်..

လော်သွေးဆယ်နည် ကြိုင်ရည် ပန်းပြည့်ညောင်လယ်

ကြံမျှော်မှန်းဆနောင်ဝယ် ကြင်ညာဘွားချော့ဖြေဖျား

ပျော်ပါးပေလိမ့်မယ်..

ချစ်သော သူငယ်ချင်းနှစ်ယောက်အတွက် ဝမ်းမြောက်ကြည်နူးသော စိတ်ဖြင့် ဆိုပြနေသော မေမေခင်၏ အသံက သာယာချိုအေးခြင်းတွင်

ကြည့်ရှင်လန်းဆန်းခြင်းက ဖြည့်စွက်နေသည်။ သူတို့ သုံးယောက် ထိုင်နေသည့် ကုံကော်ပင်ကြီး၏ အကိုင်းအခက် အရွက်တို့ လှုပ်ရှားသံများသည် မေမေခင်၏ တေးသံကို အင်အားဖြည့်စွက်သည် ဖြစ်ရာ သာယာကြည်နူးဖွယ်ကောင်းသော တေးသံတွင် နစ်နေကြသည့် မောင်မင်းဇင် နှင့် မြသွင်အေးတို့သည် သူတို့နည်းတူပင် တေးသံမှာ နစ်နေဟန်တူသည်။ ခုံညားချောမောသော ယောက်ျားပျို တစ်ယောက်ကို သတိမပြုမိကြချေ။

ထိုယောက်ျာပျိုးကား လမ်းလျှောက်လာရင်းမှ မေမေခင်၏တေးသံကြောင့် ကုံကော်ပင်နှင့် မလှမ်းမကမ်းမှာ ခြေလှမ်း တုံ့ရပ်ပြီး နားက သာယာ ချိုအေးသော မေမေခင်၏ အသံမှာ စိုက်နေသည်။ မျက်လုံးက ချောမော လှပသော တေးသံရှင်မေမေခင်၏ ချစ်စဖွယ် မျက်နှာပေါ်မှာ စိုက်နေသည်။

ညှိသည့်သည်တစ်ယောက်က တွေ့လိုသည်ဟူသော အကြောင်းကြား ချက်ကြောင့် ကျောင်းစာကို ဂရုစိုက်ကြည့်နေသော မေမေခင်က အံ့သြ သွားသည်။ စနေနေ့မှ လွဲ၍ ယခုလို ကြားရက်၊ ယခုလို အတန်းအားလပ်ချိန်မှာ မောင်မင်းဇင်နှင်း မြသွင်အေးတို့ မည်သည့် အခါမှ မလာတတ်ကြချေ။ သုံးယောက်လုံး ကျောင်းစာကို ဂရုစိုက်ကြ သည်ဖြစ်ရာ တစ်ပတ် တစ်ခါ သင်ခန်းစာတွေကို နောက်မကျ မလစ်ဟင်း ရအောင်၊ လက်မလွှတ်ရအောင် မှန်မှန် လိုက်ခဲ့ကြသည်။ စနေနေ့ကျရောက်မှ လည်ပတ် သွားလာရန်၊ ရုပ်ရှင်ကြည့်ရန်၊ တစ်ခုခုစားရန် တိုင်ပင်သတ်မှတ်ပြီး သုံးယောက်စုလျက် သွားမြဲသာ ဖြစ်သည်။ မေမေခင် အနေဖြင့် ပင်ကိုယ်က ရိုးရိုးအေးအေး

နေတတ်သူဖြစ်သည့်အလျောက် မိန်းကလေး သူငယ်ချင်း ဟူ၍ ကားငယ်သိငယ်ကျွမ်း မောင်မင်းဇင်မှ လွဲပြီး ယခု တွေ့လိုပါသည်ဆိုသော ဧည့်သည် ကြောင့် မေမေခင်က အံ့သြသွားရသည်။

"ငါ့ကို သူဘယ်လိုသိလဲ၊ လူမှားနေတာများလား၊ နာမည်တူ များဖြစ်နေသလား"

မေမေခင်က ဆိုပြီး သူ့ထံရောက်လာသော စာရွက်ကဒေးကို ပြန်ကြည့်လိုက်သည်။

မောင်မောင်မျိုး

တတိယနှစ် သိပ္ပံ

စစ်ကိုင်းဆောင်

ဤကာ ဧည့်သည်၏ နာမည်နှင့် ဂုဏ်ထူးဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်လေ.. လူချင်းတွေ့မှ လူမှား နာမည်တူလား၊ ကိစ္စတစ်ခုခု ရှိလားဆိုတာ ရှင်းမှာပါ"

မေမေခင်သည် ကြားနေ့တွေမှာ အပြင်ထွက်လေ့ မရှိသည့် အလျောက် ပြင်ဆင်ဝတ်စားထားခြင်း မရှိချေ။ ဆံပင်ကို ရိုးရိုး တစ်ပတ်လျှို ထုံးပြီး ဆံမြိတ်ရစ်ထားသည်။ နက်ပြာရောင်ပေါ်မှာ ရွှေဝါရောင် အနားပန်းပါသော မာစရိုက် ချည်ထဘီး တစ်ပတ်နွမ်းကို ဝတ်ပြီး၊ နှံ့သာရောင် ပိုးပျော့ပြောင် အကျီ လက်ပြတ်ကိုသာ ဝတ်ထားသည်။ ရေချိုးပြီးစက လိမ်းထားသော သနပ်ခါရေကြဲက ဖြူနုသော မျက်နှာ ပေါ်မှာ ကွက်တိကွက်ကြား ဖြစ်နေသည်။

စာကြည့်နေရာမှ မပြုမပြင် ပင်ကိုယ်ရုပ်ရည်အတိုင်း လာခဲ့သည် ဆိုသော်လည်း ဖြူဖြူနွဲ့နွဲ့ဖြင့် ချစ်စဖွယ် ချောမာလှပသော မေမေခင်မှာ သူဝတ်ထားသော ထဘီ အင်္ကျီအရောင်၊ သူ ထုံးထားသော ဆံထုံး၊ သူလိမ်းထားသော သနပ်ခါး ကြားကြားကပင် သူ့ရုပ်ရည်၊ အသားရောင်ဖြင့် ဟပ်မိကာ ချစ်စရာ ကောင်းနေသည်။ မေမေခင် ညှော့ခန်းဆောင်း အဝရောက်သောအခါ၊ မိမိတို့ သက်ဆိုင်ရာ ကိုယ်စီကိုယ်ငှာ ညှော့သည်တွေ၊ မိတ်ဆွေတွေနှင့် စကားလက်ဆုံကျနေသော ကျောင်းသူတွေကို တွေ့ရသည်။ မေမေခင်က ခပ်ကြောင်ကြောင် ဖြစ်သွားသည်။ သူမမြင်ဘူး မသိဘူးသော သူ့ညှော့သည် မောင်မောင်မျိုးဆိုသူက မည်သည့်နေရာမှာ ရှိနေပါသနည်း။ ညှော့ခန်းဆောင်ထဲသို့ မျက်လုံး ဝေ့ကြည့်လိုက်သော မေမေခင်အား…

"ခင်.."

ဟူသော နီးနီးကပ်ကပ် ခေါ်သံက ပေါ်လာသဖြင့် မေမေခင်က အသံလာရာ သူ့ယာဘက်ဘေးသို့ ကြည့်လိုက်၏။ သူနှင့် တစ်ပေသာသာ အကွာမှာ ဘယ်အချိန်က ရောက်လာမှန်း မသိသော ယောကျာ်းပျို တစ်ယောက်က ရပ်နေသည်။ မေမေခင်က အံ့ဩသောစိတ်ဖြင့် ခပ်ကြောင်ကြောင် ပြန်ကြည့်နေဆဲမှာ..

"ခင့်ကို တွေ့ချင်တဲ့ ညှော့သည် မောင်မောင်မျိုးဆိုတာပါ"

ဟု မောင်မောင်မျိုးက သူ့ ကိုယ်သူ မိတ်ဆက်ပေးမှ- မေမေခင်က "

"ဩော်"

ဟု ဆိုကာ မောင်မောင်မျိုးကို တစ်ချက်မျှ မျက်လုံးဝေ့ကြည့်လိုက်ပြီး..

"ဟုတ်ကဲ့၊ တစ်ခါမှ မမြင်ဘူးဘဲနဲ့ ခင့်ကို တွေ့ချင်တယ် ဆိုတာ ဘာကိစ္စများပါလဲရှင်"

ဟု ယဉ်ကျေးစွပင် တည်ငြိမ်းသော လေသံဖြင့် မေးလိုက်သည်။ မောင်မောင်မျိုးက မေမေခင်ကို ရွှန်းလဲ့တောက်ပသော မျက်လုံးဖြင့် ခပ်စိုက်စိုက်ကြည့်ပြီး..

"တစ်နေရာမှာ အေးအေးဆေးဆေး ထိုင်ပြောကြရအောင်လား ခင်..။

ဟု ရင်းနှီးသော လေသံဖြင့် ပြော၏။

"ကိစ္စကို အရင်သိပါရစေဦး၊ လိုက်ထိုင်သင့်တဲ့ ကိစ္စဆိုလဲ ထိုင်ရတာပေါ့"

မေမေခင်က ချက်ချင်းမလိုက်ဘဲ မေခွန်းထုတ်လိုက်သည်။ မေမေခင်၏ တည်ငြိမ်သော လေသံကို အကဲခတ်မိသည့် မောင်မောင်မျိုးက ဝေးဝေးလံလံနေရာကို မရွေးတော့ဘဲ သူတို့နှင့် ခပ်လှမ်းလှမ်း အုတ်နံရံနား ကပ်ချထားသည့် ခုံတန်းလျားကလေးကိုပင် ရွေးလိုက်သည်။

"ဟောဟို ခုံကလေးပေါ်မှာ ထိုင်ပြောကြရအောင်ပါ ခင်ရယ်၊ မတ်တတ်ရပ်နေရတာ မကောင်းပါဘူး"

မောင်မောင်မျိုးက ပြောပြောဆိုဆို ခုံတန်းလျားကလေး၏ တစ်ဖက်စွန်းမှ ထိုင်လိုက်သည်။ ခုံတန်းလျားကလေးမှာ သုံးပေကျော်ကျော်မျှ ရှည်၍ မေမေခင်က တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်၏။ သူ တစ်ခါမှ မမြင်ဘူးသူက ဘာကိစ္စကြောင့် သူ့ကို တန်းတန်းမတ်မတ် ရွေးချယ်တွေ့သည်ကို မေမေခင်က သိချင်နေသည်။

"ကဲ ထိုင်မိကြပါပြီ၊ ကိစ္စကို သိပါရစေ"

"ကိုယ့်နာမည်ကိုတော့ ခင် သိပြီးပါပြီနော်"

ဟုတ်ကဲ့ စာရွက်ပေါ်မှာ ရေးပေးလိုက်တာ ဖတ်ရတာရယ် .. အခုတင်က ရှင့်ကိုယ် ရှင် မိတ်ဆက်ပေးလို့ ကြားရတာရယ်ကြောင့် ရှင့်နာမည်ကို သိရပါတယ်..

မေမေခင်က အစွန်းအစ လွတ်အောင် ပြောသောအခါ မောင်မောင် မျိုးက ကြည်လင်နစ်လိုဖွယ်သော အပြုံးဖြင့် ပြောသည်။

လွန်ခဲ့တဲ့ စနေနေ့ကလေ ဟောဟို ကံ့ကော်ပင်ရိပ်မှာ ခင် သီချင်းဆိုနေခဲ့တာ မှတ်မိသေးလား...

"ဟုတ်ကဲ့၊ ခင့်သူငယ်ချင်း နှစ်ယောက်က နားထောင်ချင်တယ်ဆိုတာနဲ့ ကျေးစေပတ်ပျိုး ဆိုပြခဲ့တယ်"

မေမေခင်က ပြန်ဖြေရင်း ငါ သီချင်းဆိုတာနဲ့ သူနဲ့ ဘယ်လို သက်ဆိုင်သွားလို့ပါလိမ့်ဟု တွေးနေသည်။

"ခင် သီချင်းဆိုနေချိန်က ကိုမျိုးကလဲ လမ်းလျှောက်လာရင်း ကြားလိုက်တော့ ခြေထောက် တစ်ခါထဲ ရွှေ့လို့ မရတော့ဘဲ ဖြစ်သွားတယ် ခင်၊ ခင့်အသံနဲ့ ဒီသီချင်းဟာလေ သိပ်ပဏာရတာပါပဲ၊ ခင့် အသံကို ကိုမျိုး နားထဲက မထွက်နိုင်အောင်ကို ဖြစ်ခဲ့ရတယ်၊ ဒါနဲ့ တေးသံရှင် ဘယ်သူဖြစ်ပါသလဲလို့ စုံစမ်းပြီး၊ သိရမှ အခု ခင့်ကို လာမိတ်ဆက်တာပါ ခင်ရယ်"

စကားပြော နေဆဲမှာ မောင်မောင်မျိုး၏ မျက်လုံးတွေက မေမေခင်၏ မျက်နှာပေါ်မှာသာ ဝဲနေသည်။

"ဪ..ကိုမောင်မောင်မျိုး လာတဲ့ ကိစ္စက ဒါလား"

မေမေခင် က ဘာကိစ္စလဲဟု တွေးရင်း မတင်မကျ ဖြစ်နေသောစိတ်က ရှင်းသွားသည်။ ယခုမှ နဖူးတွေ့ ဒူးတွေ့ အစိမ်းသက်သက် တွေ့နေရခြင်းကို လည်းကောင်း မေမေခင်က သတိထားမိသည်။ ငါ့ကို ဒါလောက် တွေ့တွေ့ချင် ရင်းရင်းနှီးနှီး ခေါ်ပြောသုံးနှုန်းတာ နည်းနည်းတော့ ရဲလွန်းတယ် ထင်တယ်ဟူ၍ မေမေခင် စိတ်ထဲက တွေးပြီး အထူးသတိထားကာ တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ် ခင်ရယ်..၊ ကိုမျိုးလေ ဟောဒီ ရတနာ ဆောင်မှာ မိန်းကလေး အသိမိတ်ဆွေ မရှိပါဘူး၊ အဲဒီနေ့ က ပျင်းပျင်းရှိတာနဲ့ ဒီဘက် ရောက်ဖူးတယ် ရှိအောင် လျှောက်လာရင်း ကံကောင်းချင်တော့ ခင် သီချင်း ဆိုနေတာနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်

ကြုံကြိုက်သွားတယ်လေ၊ အဲဒီ တော့ မိန်းကလေး အသိ မိတ်ဆွေ တစ်ယောက်မှ မရှိတဲ့ ကိုမျိုးအဖို့ ခင့် ကို ခင်မင် လေးစားတဲ့စိတ် ဖြစ်လာခဲ့ရပါတယ်၊ ဒါကြောင့် အခုလို လာပြီး မိတ်ဆက်ရတာပါ ခင်ရယ်၊ ကိုမျိုးကို အတင့်ရဲတယ်လို့ မထင်နဲ့နော်"

မင်းမပျော် ရွှေကျေးလို အေးမြ ကြည်လင်သော အသံဖြင့် လေသံမပြတ် ပြောနေသော မောင်မောင်မျိုးကို မေမေခင်က တော်တော် စကားသွက်တဲ့ လူပဲ ဟူသော အတွေးဖြင့် အငေးသား နားထောင်နေရာမှ ပြန်မေးလိုက်သည်။

"ရှင်က မဆောင်မှာ နေတာလား၊ နေ့ကျောင်းသာလား"

'ရှင်' က ဟူသော မေမေခင် သုံးလိုက်သည့် စကားလုံးကို မနှစ်မြို့က်ဟန်ဖြင့်..

"ကိုမျိုးလား.. "

ဟု မောင်မောင်မျိုးက ပြန်မေး၏။

"ဟုတ်ကဲ့"

မေမေခင်က တည်တည်ပင် ပြန်ဖြေသည်။

"ကိုမျိုးက မြို့သားမဟုတ်ဘူး ခင်ရဲ့.. တောသား၊ ညောင်လေးပင်မြို့ ဟိုဘက်ရွာ တစ်ရွာကပါ၊ တက္ကသိုလ်ရောက်တော့ အဆောင်မှာ နေရတာပေါ့"

မေမေခင်က ရယ်ချင်သောစိတ်ကို ချုပ်ထိန်းထားသည့် အတွင်းက မသိမသာ ပြုံးလိုက်မိသည်။ မေးခွန်းမှု ကိုသာ မဖြေဘဲ အပိုထည့်ဖြေသည့် မောင်မောင်မျိုးကား သောကြာသား ဖြစ်နေသလားဟု တွေးမိ၏။

"ကိုမျိုးက ခင့်ကို အခုလို လာပြီး မိတ်ဖွဲ့တာကိုတော့ ခင် စိတ်မဆိုးဘဲ လက်ခံတယ် မဟုတ်လား ခင်"

မောင်မောင်မျိုးက မေးသည်။

"ဒါ စိတ်ဆိုးစရာမှ မဟုတ်ဘဲ၊ ကျောင်းသူ ကျောင်းသား အချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆွေဖြစ်ချင်တယ်၊ ခင်မင်ချင်တယ် ဆိုတာ ဝမ်းသာစရာပါ ကိုမောင်မောင်မျိုး၊ ခင့်စိတ်ထားက ကျောင်းသူ ကျောင်းသား အချင်းချင်း အပေါ်မှာ မရိုင်းတတ်ပါဘူး" မေမေခင်က ယဉ်ကျေး ဖော်ရွေစွာ ပြန်ပြော သည်။

ဟို သီချင်းဆိုပြတဲ့ နေ့က တွေ့တဲ့ ခင့် သူငယ်ချင်းနှစ်ယောက်ဆိုတာ ကရော၊ ဒီကျောင်းရောက်မှ ခင်ကြ တာလား၊ ကိုမျိုး စပ်စုတတ်တယ် ရယ်လို့တော့ စိတ်မဆိုးနဲ့နော် ခင်"

"မဆိုးပါဘူး ကိုမောင်မောင်မျိုး၊ သူတို့နှစ်ယောက်က တက္ကသိုလ် ရောက်မှ ခင်ကြတာ မဟုတ်ပါဘူး၊ ခင်တို့ တစ်မြို့ထဲ နေလာခဲ့ကြတဲ့ သူသယ်ချင်းတွေပါ၊ တက္ကသိုလ်ဝင်တန်း တစ်နှစ်ထဲ အတူအောင် လာကြ လို့ တစ်ပြိုင်ထဲ ရောက်လာကြသူတွေပါ"

"ဩော်.. သူတို့က ခင့်ဆီအမြဲ လာတတ်ကြတယ် ထင်တယ်"

"ဟုတ်ပါတယ်၊ စနေနေ့တိုင်း သူတို့နှစ်ယောက်က ခင့်ဆီလာကြတယ်၊ သူငယ်ချင်းသုံးယောက် တိုင်ပင်ပြီးမှ အပြင်ထွက်ကြ၊လည်ပတ်ကြပါတယ်"

"တခြားလူနဲ့ဆိုရင် ခင် အပြင်မထွက် ဘူးပေါ့"

"မထွက်ပါဘူး"

"ခင်တို့ သူငယ်ချင်း သုံးယောက် သိပ်ချစ်ကြတာပဲနော်"

"ငယ်သူငယ်ချင်းတွေ တစ်မြို့ထဲနေ တစ်ရေထဲသောက်တွေကိုး"

"ဒီလိုဆိုရင် စနေ တနင်္ဂနွေ အားရက်တွေမှာ ခင် အပြင်ထွက် ချင်ရင် ဟိုသူငယ်ချင်း နှစ်ယောက လိုက်ဖို့ အဆသ်မပြေတဲ့အခါ ကိုမျိုးကို ပြောနော်၊ ခင် စိတ်ချမ်းသာအောင် အားလုံး ကိုမျိုး ကူညီပါရစေ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကိုမောင်မောင်မျိုး"

"အို ခင်ကလဲ ကိုမောင်မောင်မျိုးလို့ ခေါ်နေရတာ မပင်ပန်းဘူးလား၊ လွယ်လွယ်ကူကူ ကိုမျိုးလို့ပဲ ခေါ်လိုက်ပါလားခင်ရယ်"

မေမေခင်က ဤတစ်ကြိမ်မှာ ဟုတ်ကဲ့ မလိုက်ဘဲ မောင်မောင်မျိုး မျက်နှာ ပြန်ကြည့်လိုက်သည်။ ရွှန်းလဲ့တောက်ပြောင်သော မောင်မောင်မျိုး မျက်လုံးများက မေမေခင်၏ ချစ်ချင်စဖွယ် ချောမော လှပ သော မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

မောင်မောင်မျိုး၏ မျက်လုံးအဓိပ္ပာယ်ကို မေမေခင် က ကောင်းစွာရိပ်မိလိုက်၏။

"ခင် မှတ်စုတွေး ကူးနေတာ မပြီးသေးပါဘူး၊ ခွင့်ပြုပါဦး ကိုမောင်မောင်မျိုး၊ နောင် အဆင်ပြေလို့ တွေ့ကြမှ စကား ကြာကြာ ပြောကြတာ ပေါ့နော်"

မေမေခင် က ညှော့နှင်ဂါထာကို လိမ္မာယဉ်ကျေးစွာ ဆိုသည်။

"ဪ ခင့်ကို လာနှောင့်ယှက်သလို ဖြစ်နေတာ ကိုမျိုးကိုလွှတ်ပါနော်၊ နောက်တစ်ခါ အလည်လာရင် အခုလိုပဲ ခင်ခင်မင်မင်စကားပြောပါဦးလို့ ကိုမျိုးပန်ကြားပါရစေ"

"ဟုတ်ကဲ့၊ခင်ကလဲ မိတ်ဆွေသူငယ်ချင်းကို ခင်မင်တတ်ပါတယ်"

မေမေခင်က တုံ့ပြန်ရင်းထိုင်ရာမှ ထသောအခါ မောင်မောင်ကလည်း ထိုင်နေ၍ မဖြစ်တော့သဖြင့် ထလိုက်ရသည်။

"အပတ်စဉ် အင်္ဂါနေ့နဲ့ကြာသပတေးနေ့ ညနေတိုင်း ကိုမျိုးလာပါမယ် ခင်.. "

မောင်မောင်မျိုးက လေးနက်သောအသံဖြင့် ရက်ချိန်းပေးသည်။

"ဟုတ်ကဲ့ အဆင်ပြေရင် စကားပြောနိုင်ပါလိမ့်မယ်"

မေမေခင်က ပြောပြီး သူ့အခန်းရှိရာသို့ ပြန်လာခဲ့သည်။ မောင်မောင်မျိုးသည် သိမ်မွေ့သော ခြေလှမ်းဖြင့် ထွက်ခွာသွားသော

မေမေခင်ကို စံမက်မြတ်နိုးသော မျက်လုံးဖြင့် မျက်စိတစ်ဆုံး စိုက်ကြည့်နေလိုက်သည်။

(၃)

ရိုးသားအေးဆေးသလောက်၊ အနေအထိုင် သိမ်မွေ့နူးညံ့သော မေမေခင်ကို မောင်မင်းဇင်နှင့် မြသွင်အေးက ညှာသည်။ ထို့ကြောင့်သူတို့ရှိရာ လာနေရလျှင် မေမေခင် ပင်ပန်းမည်စိုး၍ မေမေခင် ရှိရာမှာလူစုမည်ဟူ၍ အစီအစဉ် လုပ်ခဲ့သည့်အတိုင်း မောင်မင်းဇင်နှင့် မြသွင်အေးက မပျက်မကွက် လာကြသည်။ မြို့ထဲ သွားလာလည်ပတ်စရာအကြောင်းမရှိလျှင်၊ ကြည့်လိုသော ရုပ်ရှင်ကား မရှိလျှင် အဆောင်ရှေ့ကံ့ကော်ပင်အောက်မှာ အေးအေးလူလူထိုင်ပြီး ရက်သတ္တတစ်ပတ်တိတိ တွေ့ခဲ့၊ မြင်ခဲ့၊ သိခဲ့သည်များကို တစ်ယောက် နှင့် တစ်ယောက်သိပေး ပြောကြားကာ စကားမဆုံး နိုင်အောင် ဖြစ်ကြသည်။

ထိုသို့ မေမေခင်ထံ လာရမည့်နေ့တိုင်းမှာ မောင်မင်းဇင်က မြသွင်အေးကို အမြဲ စောင့်ကြိုခေါ်ငင်ပြီးမှ အတူတူလာကြသည်။ မြသွင်ပေအေးက မေမေခင်လို အဆောင်မှာ မနေချေ။ ဆေးတက္ကသိုလ်နှင့် နီးနီးမှာရင်းချာသော ဆွေမျိုးအိမ် ရှိသည်။ အိမ်သားနည်း၍ အိမ်က ကျယ်ဝန်းသည်။ ဆေးတက္ကသိုလ်နှင့် နီးသည်ဖြစ်၍ ဆေးပညာဘက်လိုက်သောမြသွင်အေးအဖို့ စမ်းသက် စရာ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ စိတ်တိုင်းကျ ချောင်ချိကျယ်ဝန်းစွာ ထားနိုင်မည်ဖြစ်၍ အဆောင်မှာ အနေဘဲ၊ ထိုအိမ်မှာနေသည်။

စနေနေ့တိုင်း၊ တနင်္ဂနွေနေ့တိုင်း မောင်မင်းဇင်က မြသွင်အေးကို သွားခေါ်ပြီးမှ မေမေခင်ထံ အတူလာကြသည်။ သုံးယောက်သား သွားလာ လည်ပတ်ခြင်း ကိစ္စပြီးလျှင် မောင်မင်းဇင်က မြသွင်အေးကို အိမ်အရောက် ပြန်ပို့ပေးသည်။ မောင်မင်းဇင်အဖို့ မြသွင်အေးနှင့် လက်ပွန်းတတီး နေရသောအချိန်က ပိုများသည်။ ထိုအခါ အမြင်များ၍ အကြင်ပွားသော စိတ်မျိုးက ပေါ်လာသည်။

ချိန်းဆိုထားသောနေ့မှာ မိနစ်ပိုင်းမျှပင် နောက်မကျစေရအောင် မောင်မင်းဇင်က အထူးဂရုစိုက်၏။ အလွန့်အလွန် အဆင်မပြေဖြစ်၍ အချိန်အနည်းငယ်မျှ နောက်ကျသွားသည် ဆိုလျှင်ပင် မောင်မင်းဇင်စိတ်ထဲမှာ ပူပန်သောက ဖြစ်ရသည်။

"မြ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်၊ မြ မျှော်နေတာကြာပြီလားဟင်၊ ကျွန်တော့်ကို စိတ်ဆိုးနေသလား မြရယ်"

မောင်မင်းဇင်က မြသွင်အေးမျက်နှာကို ပန်းပွင့်ကလေးလို အရိပ်ကြည့်ရင်း တောင်းပန်မေးမြန်း၏။ ထိုအခါ မြသွင်အေးက ကျီစားသောသဘောဖြင့်...

"ဆိုးတယ် ကိုမင်းဇင်၊ မြ မျှော်နေတာ ကြာပြီ၊ နောက်ထပ်ငါး မိနစ်လောက် စောင့်လို့မှ မလာရင် မြတစ်ယောက်ထဲ ထွက်သွားတော့မယ်လို့.."

ဟု မျက်နှာကို ခပ်မှုန်မှုန်ထားပြီး ပြန်ပြောသောအခါ မောင်မင်းဇင်သည် မျက်နှာပျက်သွားရှာသည်။

"ကျွန်တော်လဲ မြ မျှော်နေလိမ့်မယ်ဆိုတာ သိပါတယ်၊ လာကာနီးမှ လွဲလို့ ရှောင်လို့မဖြစ်တဲ့ ဧည့်သည် ရောက်လာလို့ပါ။ နောက်ဆိုရင် ကျွန်တော် နောက်မကျစေရပါဘူး၊ မြတစ်ယောက်ထဲတော့ ထွက်မသွားပါနဲ့ မြရယ်"

မောင်မင်းဇင်က မျက်နှာငယ်ကလေးဖြင့် တောင်းပန်သည်။ မြသွင်အေးက ရယ်ချင်သောစိတ်ကို ချုပ်တည်းကာ မျက်နှာကို မှုန်မြဲ မှုန်ထားလျက် ဟန်ဆောင်ပြောလိုက်၏။

"တစ်ယောက်ထဲ မသွားစေချင်ရင် အချိန်မှန်မှန်လာ၊ အချိန်ကိုမလေးစားဘူး ဆိုရင်တော့ ကိုမင်းဇင်ကို မြ မုန်းမိလိမ့်မယ်"

တည်တည်မှုန်မှုန်ဖြင့် ပြောသော မြသွင်အေးကို မောင်မင်းဇင်သည် ဝမ်းနည်းညှိုးငယ်သော မျက်နှာ ဖြင့် စိုက်ကြည့်ကာ...

"နောက်တစ်ခါ အချိန်မှန်လာပါမယ် မြရယ်၊ ကျွန်တော့်ကို မုန်းဖို့စိတ်မကူးပါနဲ့၊ အခုလို မြက သုန်သုန်မှုန်မှုန်ကြီး လုပ်နေတော့ ကျွန်တော့်စိတ်ထဲမှာ မကောင်းလိုက်တာ ဘယ်လိုမှန်းမသိဘူး"

ဟု မောင်မင်းဇင်က တောင်းတောင်းပန်ပန် ပြောသောအခါ မြသွင်အေး ဣန္ဒြေမဆည်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်လိုက်မိတော့၏။ မောင်မင်းဇင်က အထိတ်တလန့် ဖြစ်သွားသည်။

သူ့ကိုစိတ်ဆိုးပြီး သရော်ဟားတိုက် ရယ်မောလိုက်လေသလားဟု ထင်မိ၏။

"ဘာကြောင့်ရယ်တာလဲ မြ..ဟင်"

မောင်မင်းဇင်က မဝံ့မရဲ မေး၏။ မြသွင်အေးက ရယ်လျက်ကပင် ပြန်ပြောသည်။

"အောင်မယ်မင်း စုံထောက်ဘက် ရဲဘက်မှာ ဝါသနာပါတယ်၊ လူကဲခတ် ကောင်းတယ်ဆိုတဲ့လူ၊ မြ တကယ် စိတ်ဆိုးတယ်၊ မဆိုးဘူးဆိုတာ အကဲမခတ်တတ်ဘူးလား ကိုမင်းဇင်ရဲ့"

"မြ မျက်နှာမှုန်နေတော့ ကျွန်တော် တကယ်ဝမ်းနည်းတယ်၊ စုံစမ်းဖို့ အကဲခတ်ဖို့ သတိမရတော့ဘူး၊ စိတ်မကောင်းတာတစ်ခုပဲ အာရုံထဲမှာရှိနေတယ်၊ မြ တကယ် စိတ်မဆိုးဘူလား.. "

မောင်မင်းဇင် အသံက ကြည်ရွှင်လန်းဆန်းလာသည်။

"ဒါလောက် ချစ်ခင်နေကြတဲ့ ငယ်သူငယ်ချင်းတွေပဲဟာ၊ မဖြစ်လောက်တာကလေးနဲ့ မြ စိတ်ဆိုးပါ့မလား ကိုမင်းဇင်ရဲ့၊ တမင် ကျီစားတာပါ"

မြသွင်အေးက ရယ်ရယ်မောမောပြောမှ မောင်မင်းဇင်သည် သက်ပြင်း ချလိုက်၏။

"အခုမှ စိတ်ချမ်းသာသွားတယ် မြရယ်၊ အခုတင်က မ တကယ်စိတ်ဆိုးတယ်မှတ်လို့ ကျွန်တော်လေ…ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး"

"အောင်မယ်…ဒါလောက်တောင်ပဲလား"

မြသွင်အေးက အမှတ်မထင် ပေါ့ပေါ့ဆဆပင် ပြောသော်လည်း မောင်မင်းဇင်က လေးလေးနက်နက်ပင် ပြန်ရှင်းသည်။

"တကယ်ပါ မြရယ်…ယုံပါ၊ ကျွန်တော် လေ…အို…စိတ်ထဲမှာ ဘယ်လိုဖြစ် မှန်း မသိဘူးလို့ပဲ ထပ်ပြော ပါရစေ"

မောင်မင်းဇင်၏ လေးနက်လှိုက်လှဲသော အသံကြောင့် မြသွင်အေးက ပေါ့ပေါ့ဆဆ ရယ်မောနေရာမှ မောင်မင်းဇင် မျက်နှာကို ဖျတ်ခနဲစူးစူးစိုက်စိုက် ကြည့်လိုက်သည်။ မောင်မင်းဇင်နှုတ်မှ စိတ်ထဲမှ ဖြစ်နေ သည်ကို တိတိလင်းလင်း ဖွင့်ဟမပြောတတ်သော်လည်း မောင်မင်းဇင်၏ မျက်လုံးများကမူ ရွှန်းလဲ့တောက်ပစွာဖြင့် မြသွင်အေးမျက်နှာကိုကြည့်ရင်း အဓိပ္ပာယ်ဖော်ပြနေကြသည်။ မြသွင်အေးသည် မောင်မင်းဇင် ၏မျက်လုံးကြည့်ပုံကြောင့် ရယ်နေသော မျက်နှာကို မသိမသာ တည်လိုက်သည်။

"ကဲ…သွားကြစို့ ကိုမင်းဇင်၊ ခင်မျှော်လှရော့မယ်"

မြသွင်အေးက စကားလမ်းကြောင်းလွှဲပြီး မောင်မင်းဇင်ရှေ့မှ ထွက်လာခဲ့သည်။ မောင်မင်းဇင်က မြသွင်အေးနှင့် ရင်ပေါင်တန်း

ဖြစ်အောင် ယှဉ်လိုက်လာသည်။ ယခင်ကမူ သူတို့နှစ်ယောက်သည် မေမေခင်ထံလာရင်း လမ်းတလျှောက်လုံး ပါးစပ်ဦးတည့်ရာတွေ တစ်ယောက်တစ်လှည့် ပြောလာခဲ့ ကြသော်လည်း ယခုမှာမူ တစ်ယောက်ကို တစ်ယောက်စိတ်မလုံသလို ဖြစ်နေကြသည်။ ယခင်အခါတွေလောက် စကားမသွက်ကြဘဲ မေးတစ်ခွန်း ပြောတစ်ခွန်းသာ ဖြစ်လာကြသည်။

ကံ့ကော်ပင်ရိပ်အောက်က မျှော်တော်ဇောနှင့် မောနေသော မေမေခင်သည် ထူးခြားသော မျက်နှာထား ကိုယ်စီဖြင့် ခါတိုင်းထက် နောက်ကျပြီး ရောက်လာကြသော မောင်မင်းဇင်နှင့် မြသွင်အေးကို သေသေချာချာ စေ့စေ့ကြည့်နေသည်။

"လာမှ လာကြသေးသကိုး၊ ခင်ဖြင့် စိတ်လျှော့ပြီး အခန်းပြန် အိပ်တော့မယ်တောင် စိတ်ကူးလိုက်မိတယ်၊ နှစ်ယောက်သား ဘာဖြစ်နေကြလို့လဲဟင်... "

မေမေခင်က မောင်မင်းဇင်နှင့် မြသွင်အေးတို့ ကံ့ကော်ပင် အောက်ဝင်လျှင်ဝင်ချင်း မပြုံးတပြုံး မျက်နှာဖြင့် ဆီးပြောလိုက်သည်။

"စောစောမလာနိုင်တောင် အချိန်မီရောက်ဖို့ပဲ ခင်ရေ့၊ ဟောဒီကို မင်းဇင်ပေါ့၊ အချိန်မလေးစားဘူး၊ နောက်ကျမှ ရောက်လာတယ် လေဒါကြောင့်... "

မြသွင်အေးက မေမေခင်အနားမှာ ဝင်ထိုင်ပြီး မောင်မင်းဇင်ကို အပြစ်ဖို့လိုက်၏။ မေမေခင်က သူတို့ရှေ့ တူရူမှာ တင်ပျဉ်ခွေ ထိုင်လိုက်သော မောင်မင်းဇင်၏ ကြည်လင်ပြုံးရွှင်သော မျက်နှာကို ကြည့်ပြီး...

"ဟုတ်လား...ကိုမင်းဇင်က ဘယ်ကျောင်းသူဆီ သွားနေ လို့နောက်ကျ ရတာလဲ၊ မြက လက်မြန်တယ်ဆိုတာ အသိသားနဲ့ အရိုက်ခံချင်ပြန်ပြီထင်တယ်"

ဟုပြောလိုက်၏။ မေမေခင် ဆိုလိုရင်းကား..သူတို့ သူငယ်ချင်း သုံးယောက် စကားစုပြောသည့်အခါ မောင်မင်းဇင် စကားက အပြောင်အရွှတ်တွေ၊ အနောက်အသွား မလွတ်တွေ ဖြစ်နေလျှင် မေမေခင်က ရယ်ရုံ ရယ်နေတတ်သော်လည်း စိတ်ထက် လက်မြန်သော မြသွင်အေးက လက်ထဲရှိပစ္စည်းဖြင့် ရိုက်တတ်သည်ကို ရည်စူးပြောခြင်း ဖြစ်သည်။ မေမေခင်က ရိုးရိုးပြောသော်လည်း အစွန်းအစကလေး ထွက်လာခဲ့ကြသော မောင်မင်းဇင်နှင့် မြသွင်အေးက စိတ်မလုံဘဲ ဖြစ်သွားသည်။ မောင်မင်းဇင်က ရွှတ်သလို နောက်သလိုဖြင့် မေမေခင် စကားကို ပြန်ရှင်းသည်။

"ကျွန်တော်က မြ စိတ်ဆိုးမခံဝံ့ပါဘူးဗျာ၊ မြက လွဲပြီး ဘယ်သူ့ဆီမှလဲ မသွားမိပါဘူး၊ ကျွန်တော့်ဘဝမှာ ဦးစားပေး သွားစရာ မြပဲ ရှိပါတယ်"

"ဟော့... ဟော့ ကိုမင်းဇင် စကားက အဓိပ္ပာယ် သိပ်လေးနက်ပါလား၊ သူ့ဘဝအဖို့ တစ်ယောက်သာ. "

မေမေခင်က အနက်အစိမ်းပွှာယ် အကျယ်ဖွင့်ရန် စကားစ၍ပင် မဆုံးသေးပေ၊ မြသွင်အေးက သူ့လက်ထဲရှိသော လက်ဝါးမျှ ပိုက်ဆံအိတ်ငယ်ဖြင့် မောင်မင်းဇင်ကို ခပ်သာသာ လှမ်းပေါက် လိုက်သည်။ နှုတ်ကလည်းပြောလိုက်သေးသည်။

"ကိုမင်းဇင် ဟာလေ စကားပြောရင် ဘယ်တော့မှ ရှင်းရှင်းမပြောဘူး၊ အခု ခင်က အစိမ်းပွှာယ် ကောက် နေပြီ၊ မြ တကယ်မုန်းမိလိမ့်မယ်နော်"

မုန်းမိလိမ့်မယ်ဟု ပြောသော်လည်း ၊မြသွင်အေး မျက်နှာက မသုန်မှုန်ပေ။ ပြုံးယောင်ပင် မသိမသာ သန်းနေသည်။

"ဟော... မြ ဘာလုပ်တာလဲ၊ အခုထဲက ကိုမင်းဇင်ကို ပိုက်ဆံအိတ် အပ်နေတာလား"

ပျော့ပျော့ ပျော့ပျော့နှင့် မေမေခင်က ချက်ကျအောင် ပြောတတ်သည်။ မြသွင်အေး၏ မျက်နှာကဲကို ခတ်မိသော မောင်မင်းဇင်က ပိုက်ဆံအိတ်ကို တယုတယ ကောက်ယူပြီး..

"ကျွန်တော်တို့ကတော့ ခင် ဘယ်လိုဘဲထင်ထင် စိတ်မဆိုး တတ်ပါဘူးဗျာ၊မြစိတ် ကောက်မှာပဲ စိုးရိမ်မိပါတယ်" ဟုဆို၏။

"တယ် ဟုတ်နေကြပါလား... ဘယ်လိုလဲ မြရဲ့"

မေမေခင်က မြသွင်အေးအား မေးသည်။

"ဟာ ကိုမင်းဇင်နဲ့ ခင့်ကိုတော့ မြ စိတ်ဆိုးချင်လာပြီနော်၊ ဘာမှမဟုတ်ဘူးခင်ရဲ့၊ အလကား အကျီစားသန်တော့ ရန်ဖြစ်ရလိမ့်မယ်နော် ကိုမင်းဇင်"

မြသွင်အေးက မျက်နှာတည်တည်ဖြင့် ပြောသောအခါ၊ မောင်မင်းဇင်နှင့် မေမေခင် တို့က မြသွင်အေး ကို ချစ်စနိုးဖြင့် ရယ်ကြသည်။

အမှန်မှာ မောင်မင်းဇင် စိတ်ထဲမှာ မြသွင်အေးကို ချစ်စိတ်ပေါ် နေသည်မှာ ကြာခဲ့ပြီ။ ငယ်ပေါင်းသူငယ်ချင်းတွေ ဖြစ်နေ၍ ဖွင့်ဟရမည်မှာ သင့်လျော်ပါမည်လားဟု စိုးရွံ့ ငဲ့ညှာ စိတ်ဖြင့် ချစ်သည် ကို မျိုသိပ်ထားခဲ့သည်။ မည်သို့ပင် လျှို့ဝှက်သိုသိပ် ထားသည် ဆိုစေကာမူ မြသွင်အေး မျက်နှာ မှန်လိုက်လျှင် တစ်စွန်းတစ်စ ပွင့်ထွက်လာသည်ချည်းဖြစ်သည်။ မြသွင်အေးကလည်း မောင်မင်းဇင်၏ မျက်နှာထား အမူအရာ၊ မျက်လုံးကြည့်ပုံတွေကို ရိပ်မိနေခဲ့သည်။ သို့သော် မသိချင်ဟန်ဖြင့် အခေါ်အပြောမပျက်၊ ငယ်မူ ငယ်စိတ်အတိုင်း ရဲရဲဝံ့ဝံ့ပင် ပေါင်းသင်းခေါ်ပြောလာ ခဲ့သည်။

သူမျက်နှာမှန်လျှင် မောင်မင်းဇင် မနေတတ်အောင် ဖြစ်သလို၊ သူ့ထံကို မောင်မင်းဇင် အလာ နှောက်ကျလျှင် မြသွင်အေး စိတ်မှာ တစ်မျိုးဖြစ်သွားသည်။

"ဘာကြောင့် နောက်ကျနေသလဲ၊ ငါ့ကို ဂရုမစိုက် မေ့လျော့နေပြီလား၊ တခြားကျောင်း သူ မိတ်ဆွေတွေနဲ့ တွဲနေလို့ ငါ့ဆီလာချိန်မမှန်ဘဲ ဖြစ်နေသလား"

ဟူသော ဝန်တိုစိတ်၊ စိုးရိမ်စိတ်ကလေးက ပေါ်နေခဲ့သည်၊ မြသွင်အေး စိတ်မှာ မောင်မင်းဇင် နည်းတူပင် ငယ်သူငယ်ချင်းတွေဖြစ်၍ မသင့်လျော်သော မမှုအရာမျိုး စိတ်မျိုးမပေါ်ပေါက်စေရန် သတိထား မျိုသိပ်လာခဲ့သည်။

ထိုသို့ နှစ်ယောက်လုံး ထိန်းသိမ်းထားသည့် စိတ်သည်ရင်ထဲ အသည်းနှလုံးမှ အရှိန်အဟုန်ကြီးမားသော ချစ်စိတ်ကြောင့် မကြာခဏ တစ်စွန်းတစ်စ ပေါ်ထွက်လာခဲ့သည်။ ထိုသို့ ပေါ်ထွက်လာသည် ကို မေမေခင်က ဖြစ်စေချင်သော အားပေးအားမြှောက်စိတ်ဖြင့် မထိတထိစပေးတတ်သည်။ ထိုအခါ မစွန်းရင်းရှိသူ မောင်မင်းဇင်နှင့် မြသွင်အေးတို့သည် ကန်စွန်းခင်း ငြိကြရလေ တော့သည်။ သူတို့နှစ်ယောက်ကို အမြဲအကဲခတ်ကြည့်နေသော မေမေခင် က သေချာသလောက် ဖြစ်သည်ကို တွေ့ရသော အခါ၊ ညောင်ညိုပြင်စခန်း လုပ်ထားသော ကံ့ကော်ပင် အောက်သို့ စောစောကြိုရောက်ပြီး သူငယ်ချင်း နှစ်ယောက် လာမည့်လမ်းကို လှမ်းမျှော် ကြည့်ကာ ငံ့လင့်စောင့်စားနေသည်။

မေမေခင်၏ မျက်စိမသာဒ မြင်ကွင်းထဲသို့ မောင်မင်းဇင်နှင့် မြသွင်အေးတို့က ရောက်လာကြသည်။ ကြည်ကြည် နူးနူး

ချစ်ရည်လူး၍ ရွှင်မြူးလန်ဆန်းစွာ ချစ်ပန်းစကားတွေ ခြွေရင်း ကံ့ကော်ပင် အောက် ရောက်လာကာ မမေခင်က မိနစ်မဆိုင်းဘဲ ကောက်ကာငင်ကာ မေးလိုက်သည်။

"မောင်မင်းဇင် နဲ့ မြ တို့ ခင် မျှော်လင့်ထားတဲ့ အတိုင်း ဖြစ်ပြီနဲ့တူတယ် ဟုတ်ကြသလား"

"သူတို့ နှစ်ယောက်လုံး မျက်နှာကို စေ့စေ့ကြည့်ပြီး မေးသော မမေခင်ကို မောင်မင်းဇင်နှင့် မြသွင်အေး က မလုံသော ရယ်ပြုံးခြင်းမျိုးဖြင့် ရယ်ကြပြုံးကြရင်းက..

"ခင်က ဘာသံသယဖြစ်မှန်း မသိတာကို မြက ဘယ်လို ရှင်းပြရမှာလဲ ကိုမင်းဇင်ရဲ့"

နှုတ်သွက် လက်မြန် ဟုတ်ရာမှန်ရာကို ဆတ်ဆတ်ကြဲ ဖွင့်ဟတတ်သော မြသွင်အေးသည် ယခုလို ချစ်ရေး ကြိုက်ရေး ကိစ္စမှာကား မိန်းကလေး သဘာဝ ရှက်တတ်သော စိတ်က ရှိနေ၍ ကောင်းဆိုးတိုင်ပင် ရင်ဖွင့်သူ အချင်းချင်းဖြစ်သော မမေခင်ကိုပင် မောင်မင်းဇင်ကို ရွေ့မှာထားပြီး ပြောရမည်ကို ရုတ်တရက် နှုတ်မှ မထွက်နိုင်သေးချေ။ မောင်မင်းဇင်ကလည်း မြသွင်အေး ရှက်ရွံ့စိတ်ကြောင့် သူ့ကို ပြန်လည် မေခွန်း ထုတ်ကြောင်း သိသည်။ ထို့ကြောင့် မမေခင်ကို လှည့်မေး၏။

"ကဲ... ခင် မျှော်လင့်တယ်ဆိုတာက ဘာလဲ၊ ပွင့်ပွင့်လင်းလင်း မေးစမ်း၊ ခင်က မေးရင်း မြကမဖြေလိုဘူး ဆိုတာတောင် ကျွန်တော်က ဖြေပြမယ်၊ ခင့်မေးခွန်းက မပွင့်လင်းဘဲ ဝေ့လည်ကြောင်ပတ် ဆိုရင်တော့ ကျွန်တော် နဲ့ မြကလဲ ဝေ့လည် ကြောင်ပတ်ပဲ ဖြေနိုင်မယ် ဗျာ။ ဘာကို သိချင်တာလဲ"

"ဒါလောင်တောင် အိပ်ချင်ယောင် ဆောင်နေတဲ့လူတွေ... ခင်က အပ်ထက်ထက်နဲ့ စပ်စပ်ကလေး ဆွ မေးရ မှာပေါ့။ ကိုမင်းဇင်နဲ့ မြတို့ တစ်ယောက်နဲ့ တစ်ယောက် ရိုးရိုးတန်းတန်း သူငယ်ချင်းဘဝက နယ်ကျော်ပြီး အခု အသက်ပေးချစ်တဲ့ သမီးရည်းစားဖြစ် သွားကြပြီ မဟုတ်လား၊ အဲဒီလို ချစ်သူ တွေဖြစ်ပါစေလို့ ခင်မျှော်လင့်ခဲ့တယ်လို့ မေးနေတာ ဝန်ခံကြစမ်း"

မေမေခင် စကားကြောင့် မြသွင်အေးက ဝန်ခံသော အထိန်းအမှတ် အဖြစ်ပြုံးနေသည်။ မောင်မင်းဇင် က မြသွင်အေး မျက်နှာကို ကြည့်လိုက်ပြီး..

"သမီးရည်းစား ဆိုတာတော့ ခင်လွဲပြီ"

ဟု မျက်နှာတည်တည်ဖြင့် ဆိုသည်။

"မဟုတ်ဘူးလား"

မေမေခင်က ပြန်မေးသည်။

"သမီးရည်းစား တော့ မဟုတ်ပါဘူး ခင်ရယ်၊ကျွန်တော်တို့မှာ သမီးမှ မရှိသေးဘဲ၊ ကျွန့်တော့်ရည်းစား မြ၊ မြ ရည်းစား ကျွန်တော်ပါ"

မောင်မင်းဇင်က ပွင့်လင်းဆုံးသော စကားဖြင့် ဖြေလိုက်၏။

"ချီးကျူးပါတယ်၊ဂုဏ်ယူပါတယ်၊ အားပေးပါတယ်၊ဝမ်းသာလိုက်တာ သူငယ်ချင်းတို့ ရယ်၊ အမယ်လေး ခုမှ ခင့်ရင်ထဲ အေးသွားတော့တယ်၊ ခင့်စိတ်ထဲမှာ မြ နဲ့ ကိုမင်းဇင်ကို အခုလို ဖြစ်စေချင်နေတာကြာပြီ၊ ငါ့သူငယ်ချင်း နှစ်ယောက် ဘယ်ယောကျ်ားနဲ့ ဘယ်မိန်းမ လက်ထဲ ပါသွားမှာလဲလို့ စိုးရိမ်နေခဲ့ရတာ၊ အခုမှ စိတ်အေးရတော့တယ်"

မေမေခင်သည် သူ ဖြစ်စေချင်သည့်အတိုင်း သူငယ်ချင်း နှစ်ယောက်က ချောမောစွာ ဖြေလိုက်သဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်နှစ်သိမ့်စွာ အားပါးတရ ပြောနေသည်။ ဝမ်းသာမှု စိတ်အရှိန်ကြောင့် ကြည်ရွှင် လန်းဆန်းနေသော မေမေခင်၏ ချစ်စရာ မျက်နှာလှလှလေးကို ခင်မင်ကြင်နာစွာ စိုက်ကြည့် နေသော မောင်မင်းဇင်နှင့် မြသွင်အေးက မေမေခင် စကားဆုံးသောအခါ သူတို့ တိုင်ပင် လာသည့် ကိစ္စ ကို စတင် အကောင်အထည် ဖော်ကြလေသည်။

"ခင်က ကျွန်တော်တို့ နှစ်ယောက်ကိုတော့ စစ်ဆေးမေးမြန်းပြီး ဝန်ခံခိုင်းနေတယ်၊ခင့် ကိစ္စကျတော့ ဘာကြောင့် မဖွင့်ဟဘဲ လျှို့ဝှက်ထားရသလဲ "

"ဟုတ်တယ် ခင်လဲ အမှန်အတိုင်းပြောစမ်းပါ၊ အဲဒီကိစ္စကို မြတို့ သိချင်နေတာကြာပြီ"

"ဟောတော့၊ ခင့်မှာဝန်ခံရအောင် ဘာတွေဖြစ်နေလို့လဲ ၊ခင်ကချောက်ပြစ်ကင်း သဲလဲစင်နော်"

"ကြည့်စမ်း.. သူ့အလှည့်ကျတော့ သိတတ်လိုက်တာ၊ ပြောရမယ်နော် ခင်"

မြက ဆို၏။

"ဒါဆိုရင် အခုတင်က ကိုမင်းဇင် ပြောသလို ဝေ့လည်ကြောင် ပတ်မမေးနဲ့၊ ပွင့်ပွင့်လင်းလင်းမေး၊ ဒါမှလဲ ဘာကိုသိချင်တယ်ဆိုတာ ခင်သိရမှာပေါ့"

"ကောင်းပြီ၊ ခင်နဲ့ မောင်မောင်မျိုးက ဘယ်လိုလဲဟေ့"

မြသွင်အေးက တည့်တည့်ကြီး မေးသောအခါ မေမေခင်က..

"ဩော်... ဒါလား "

ဟုဆိုကာ ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး..

"သူက လာပြီး မိတ်ဆွေဖွဲ့လို့ ခင်က ရိုးရိုးတန်းတန်း သဘောထားစကားပြောတာက လွဲရင် ခင့်အနေနဲ့ ဘာမှ မဖြစ်သေးပါဘူး သူငယ်ချင်းတို့ရာ၊ ခင် မလိမ်ပါဘူး ယုံပါ" ဟု အမှန်အတိုင်း ပြောသည်။

"အေး.. ခင်က ရိုးရိုးတန်းတန်းပေမယ့် မောင်မောင်မျိုးက ဆန်နေတယ် ခင်ရဲ့ ၊မောင် အဲလေ ယောင်လို့ ၊ ကိုမင်းဇင်က သတင်းကြားလာတာ"

မြသွင်အေးက ချစ်သူ မောင်မင်းဇင်ကို ရိုးရိုးတန်းတန်း သူငယ်ချင်းဘဝက အခေါ်မျိုးမဟုတ်ဘဲ၊ ချစ်သူ တို့ဘာဝ"မောင်" ဟုပြောင်းခေါ်သည့်အတွက် မေမေခင့်ရှေ့မှာ ယောင်မှားပြီး "မောင်" လိုက်မိ သည်။ ထိုသို့ယောင်မိသည်ကို မေမေခင်က လှောင်ပြောင်ကျီ စယ်ခြင်း မပြုတော့ဘဲ သဘောကျ စွာ ပြုံးနေသည်။ ထို့နောက် သူ့ကိစ္စကို ဆက်မေးလိုက်၏။

"အဲဒီ မောင်မောင်မျိုးက ဆန်းနေတယ်ဆိုတာက ဘာကိုဆိုလိုတာလဲ"

"အောင်မာ၊ ခင် ဒါလောက် မအပါဘူး၊ သိရက်နဲ့ မေးနေတာလား" မြသွင်အေးက စိတ်တိုသံဖြင့် ပြောသည်။

"ခင် မအပါဘူး မြရဲ့၊ ဒါပေမဲ့ ဆန်းနေတယ်ဆိုတာက အဓိပ္ပာယ် အမျိုးမျိုးထွက်လာ တယ်လေ၊ ခင်က ရိုးရိုးလက်ခံ စကားပြောတာကို သူက ခင်နဲ့ သူ ချစ်ကြိုက်နေကြပြီလို့ သိက္ခာချပြောနေသလား၊ ခင့်ကို သူချစ်လို့ ကြံစည်နေတယ်လို့ ပြောနေသလား၊ သူလာတာကို ခင်က ယဉ်ကျေးမှုရ လက်ခံ စကား ပြောတာကို ခင်က သူ့ကိုကြိုက်လို့သာ လက်ခံစကားပြောတယ်လို့ လျှောက်ပြော နေသလား၊ အဲဒါ ကွဲကွဲပြားပြား သိချင်လို့ မေးတာပါ မြ ရဲ့"

မေမေခင် ရှင်းပြလိုက်သည်။

"အေး..အေး ဟုတ်တယ် ခင်၊ မြ ကြားတာကတော့ မောင်မောင်မျိုးက ခင့်ကို လာရစ်နေတယ်၊ ခင်က လက်ခံစကားပြောတယ်၊ဒါပေမယ့် ခင့်အနေနဲ့ မောင်မောင်မျိုးလာရင် ကျောင်းဆောင်ဧည့်ခန်းအဝက ခုံရှည်ကလေးပေါ်မှာ ထိုင်စကားပြောတာကလွဲလို့ ဘယ်ကိုမှမ သွားဘူး မထွက်ဘူးဆိုတာလောက်ပဲ ကြားတယ်လေ၊ဒါနဲ့ ကိုမင်းဇင်ကို ပြောပြတော့ ကိုမင်းဇင်က သူလဲ သတင်းကြားတယ်လို့ ပြောတယ်။ သူက ယောက်ျားလေးတွေ အချင်းချင်းဆိုတော့ မြထက် သတင်းပိုစုံတာပေါ့။ ဒါနဲ့ ဒီ မောင်မောင်မျိုး ဆိုသူအကြောင်း ကိုမင်းဇင်က ထောက်လှမ်းရေး ဝါသနာပါသူပီပီ စုံစမ်း ထောက်လှမ်းပြီးပြီလေ၊ မြတို့နှစ်ယောက် ကြားရတဲ့ သတင်းချင်း ဖလှယ်ပြီး ဒီနေ့တော့ ခင့်ကို ဖွင့်မေးမယ်လို့ တိုင်ပင် လာကြတယ်"

မေမေခင်သည် သူငယ်ချင်းနှစ်ယောက်ကို ချစ်ခင်ရင်းစွဲမှာ ကျေးဇူးတင်စိတ်ကပါ ထပ်လောင်းလာသည်။ သူ အေးဆေးသိမ်မွေ့ကြောင်း၊ သည်းခံတတ်ကြောင်း၊ မည်သူနှင့် မဆို အလျှော့ပေးတတ်ကြောင်း သိနေသော မောင်မင်းဇင်နှင့် မြသွင်အေးတို့က သတိ မလစ်ဘဲ သူ့ကို အမြဲစောင့်ရှောက်နေသည်ကို ယခု ထင်ထင်ရှားရှား သိရသောအခါ မောင်နှမအရင်း၊ ညီအစ်မအရင်းလို အားကိုးမိသည်။

"ပြောပါဦး ကိုမင်းဇင်ရယ်၊ ဘာတွေများ ကြားလာသလဲ၊ ခင့်ကို သိက္ခာချ ပြောနေတာဆို ရင် ဒီအကောင် လာတဲ့အခါ မျက်နှာ လက်ညှိုးထိုးပြီး ဖိနပ်နဲ့ကို ရိုက်လွှတ်မယ်"

မေမေခင်က မည်သူ့ကိုမှ ကြိမ်းမောင်းရေရွတ်ခြင်း မလုပ်တတ်ဘဲ၊ ယခု သူ့သိက္ခာ နာမည် နှင့် ပတ်သက်လာသောအခါ ထူးထူးခြားခြား ကြိမ်းမောင်းသဖြင့် မြသွင်အေးနှင့် မောင်မင်းဇင်တို့က သဘောကျ နှစ်ခြိုက်စွာ ရယ်မောကြသည်။

ထို့နောက် မောင်မင်းဇင်က သူ စုံစမ်းသိရသမျှ မောင်မောင်မျိုးအကြောင်း ဖောက်သည် ချသောအခါ မေမေခင်က စူးစူးစိုက်စိုက် နားထောင်ခြင်းဖြင့် မောင်မောင်မျိုးအကြောင်း စုံစုံ လင်လင် သိလိုက်ရသည်။

မောင်မောင်မျိုးမှာ မိဘ မရှိတော့ချေ။ အတော်အသင့် ချမ်းသာကြွယ်ဝသော မောင်မောင်မျိုး၏ မိဘသည် ဖခင်က အရင်ကွယ်လွန်ခဲ့သည်။ မိခင်ဖြစ်သူကမူ လွန်ခဲ့သော နှစ်နှစ်ကျော်ကပင် ကွယ်လွန်သည်။ မိခင်ကြီးသည် ကွယ်လွန်အံ့ဆဲဆဲ၌ နှစ်ယောက် တည်းသာ မွေးထားသော သားအကြီး မောင်အောင်စိုးနှင့် သားငယ် မောင်မောင်မျိုးကို ပစ္စည်းအညီအမျှ အမွေခွဲဝေပေးခဲ့၏။ မိခင် ကွယ်လွန် သောအချိန်က မောင်မောင်မျိုး၏ အစ်ကိုသည် အိမ်ထောင်မရှိသေးချေ။ ဘွဲ့ရပြီးသား အရာရှိ လူပျိုတစ်ယောက် ဖြစ်သည်။ ပညာသင်ကြားဆဲပင်

ရှိသေးသော မောင်မောင်မျိုးက သူ့အတွက် အမွေရသော ပစ္စည်း ဥစ္စာတွေကို သူ ပညာသင်နေစဉ် အချိန်ကာလမှာ အစ်ကိုဖြစ်သူထံ စိတ်ချယုံကြည်စွာ အားလုံး လွှဲအပ်ထားခဲ့သည်။ ဦးအောင်စိုးကလည်း ညီငယ် မောင်မောင်မျိုး ပညာ သင်စရိတ်ကို လစဉ်မှန်မှန် အလုံအလောက် ပို့ပေးခဲ့သည်။ မောင်မောင်မျိုးသည် ပျော့ရမ်း ဆိုးသွမ်းခြင်း မရှိဘဲ၊ ပညာကို ကြိုးစားကာ အေးအေးနေတတ်သူ ဖြစ်သည်။

ဤကား မောင်မင်းဇင်သည် ယောက်ျားလေး အချင်းချင်း စုံစမ်းထောက်လှမ်း မေးမြန်းခြင်း ဖြင့် သိရသော မောင်မောင်မျိုးအကြောင်း ဖြစ်သည်။

"သိရသမျှတော့ ချို့ယွင်းချက် မရှိပါဘူး ခင်၊ အခုဆိုရင် မောင်မောင်မျိုးက ဘီ-အက်စ်-စီ နောက်ဆုံးနှစ် ရောက်နေပြီ"

မောင်မင်းဇင်က ဤစကားဖြင့် သူ့ထောက်လှမ်းရေး သတင်းကို နိဂုံးချုပ်လိုက်သည်။

"ယောက္ခမ ပြဿနာ၊ ဆွေမျိုး ညီအစ်ကို မောင်နှမ ပြဿနာ၊ တာဝန်ယူစရာ ပြဿနာတွေ အတော်ရှင်းတဲ့လူပဲ၊ ခင်က အေးဆေးတဲ့ မိန်းကလေးဆိုတော့ တကယ်လို့ ဟုတ်ခဲ့ရင် တောင် အဆင်ပြေဖို့၊ စိတ်ချမ်းသာဖို့ ရှိပါတယ်ကွယ်"

မြသွင်အေးက သူ့ရှုဒေါင့် သူ့အမြင်မှာ တင်ပြလိုက်သည်။

"အို … မြကလဲ၊ သူတို့နှစ်ယောက် ထင်မြင်ချက်တွေ၊ ထောက်လှမ်းရေး သတင်းတွေ ပြောနေကြတာနဲ့ စကားအစ ပျောက်သွားပြီး၊ ပြောစမ်းပါဦး မောင်မောင်မျိုး ဆန်းလာတဲ့ သတင်းတွေ ကိုမင်းဇင် ကြားလာတယ် ဆိုတာလေ"

မေမေခင်က သူ သိလိုသောအချက်ကို ပြန်လည် ဖော်ထုတ်ပြီး မေးသည်။

"အေး ဟုတ်သားပဲ၊ ခင် သိချင်တာပြောဖို့ မေ့ကျန်ခဲ့တယ်၊ ကျွန်တော် ကြားခဲ့တယ်ဆိုတာ က ခင့်ကို မောင်မောင်မျိုးက သိက္ခာချ ပြောတာတော့ မဟုတ်ပါဘူး၊ သူက ခင့်ကို ချစ်ခင် စွဲလမ်းကြောင်း၊ သူက စတင် မိတ်ဆွေဖွဲ့လို့ သိကျွမ်းရပေမယ့် ခင်က သူ့ကို ဆက်ဆံပုံတာ အင်မတန် တည်ငြိမ်သိမ်မွေ့ကြောင်း၊ အပြင်ခေါ် ထုတ်ရာ လိုက်ဖို့ဝေးလို့ ကျောင်းဆောင် ဧည့်ခန်းရှေ့က ဘယ်မှ မထွက်ခွာကြောင်း၊ အဲဒီလို သိက္ခာကို ထိန်းတာ သိရလေ၊ သူ့စိတ် မှာ ပိုပြီး စုံမက်မြတ်နိုးလေ ဖြစ်ရကြောင်း သူ့အနေနဲ့ မေမေခင်ကသာ မေတ္တာမျှမယ်၊ ချစ်မယ်ဆိုရင် တစ်သက်တာမှာ သစ္စာရှိရှိနဲ့ သူ မြတ်နိုး ချစ်ခင်သွားနိုင်တယ် ဆိုတာတွေ ပေါ့။ သူနဲ့ ခင်မင်ရင်းနှီးရာ သူငယ်ချင်းနှစ်ဦးကို ပြောရာက သတင်းလွင့်ပြီး ကျွန်တော်တို့ ကြားကြရတာပါ။ ခင် စိတ်ဆိုးစရာတော့ မဟုတ်ပါဘူး"

ဝှါအကြောင်း မဟုတ်တာတွေများ ပြောလေမလားဟု မျက်လုံး အဝိုင်းသားဖြင့် နားထောင် နေသော မေမေခင်သည် မောင်မင်းဇင်က

စကားဆုံးသောအခါမှ မျက်နှာ ကြည်ကြည် လင်လင်ဖြင့် သက်ပြင်းချကာ ပြုံးလိုက်သည်။

"ဟင်း တော်ပါသေးရဲ့၊ ခင့်ကို သိက္ခာချပြီး မဟုတ်တာတွေများ လျှောက်ပြောနေသလား လို့"

မေမေခင် က စိတ်သက်သာစွာ ပြောသည်။

"မဟုတ်တာတွေ ပြောရင် ခင်က တကယ် ဖိနပ်နဲ့ ရိုက်မှာလား"

မြသွင်အေးက မေးသည်ကို မေမေခင်က ...

"သိက္ခာထိခိုက်လာရင် တကယ်ရိုက်မှာပေါ့ မြရဲ့"

ဟု ပြန်ပြောလိုက်သည်။

"အခုတော့ မရိုက်ချင်တော့ဘူး ဟုတ်လား"

"မထိခိုက်ရင် ရိုက်စရာ မလိုတော့ဘူးလေ"

"စိတ်ထဲက နည်းနည်းလောက်တော့ မညွှတ်ဘူးလား ခင်ရဲ့"

"အိုကွယ် မြကလဲ ဘာတွေမေးနေတာလဲ၊ အခုနေတော့ သူ့အပေါ်မှာ ဘယ်လိုမှ ခင် သဘောမထားပါဘူး"

"နောက်တော့ ဘယ်လိုသဘောထားမယ် စိတ်ကူးလဲ"

"မြတစ်ယောက်ဟာလေ သူနဲ့ ကိုယ်ချင်းစာပြီ ထင်တယ်၊ ကိုမင်းဇင် ကြည့်ဆုံးမဦးနော်..."

မေမေခင်နှင့် မြတို့ အပြန်အလှန် ပြောနေသောအခါ မောင်မင်းဇင်က လူကြီးဆန်ဆန် စကားကို ဝင်ပြောလိုက်သည်။

"အခုတင်က မြတို့ ပြောသလို မောင်မောင်မျိုးဘက်က ဘာပြဿနာမှ ပေါ်စရာ မရှိသလို၊ ခင့်ဘက်ကလဲ တစ်ဦးတည်းသော သမီးဖြစ်လို့ ဘာပြဿနာမှ ပေါ်စရာ မရှိပါဘူး၊ ဒါပေမဲ့ ခင့်အနေနဲ့က အသိဉာဏ်ကင်းမဲ့သူလဲ မဟုတ်ဘူး၊ မသိ နားမလည်တဲ့ လူမမယ်ကလေးဘဲ မဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ သေသေချာချာ ဝေဖန်စဉ်းစား ဆုံးဖြတ်ပေါ့ ခင်ရယ်၊ ဒီကိစ္စ မျိုးက ကိုယ်ကိုယ်တိုင်က နှစ်သက်သဘောကျမှလဲ စိတ်ချမ်းသာမှု ဖြစ်နိုင်တယ်လေ။ ဘေးလူစကား နားထောင်ပြီး ဖြစ်ရတာမျိုးကတော့ မကောင်းဘူး ခင်ရဲ့၊ အဲ တစ်ခုတော့ ရှိတယ်ပေါ့၊ ခင်ကိုယ်တိုင်က သဘောကျ နှစ်သက်ပြီး ကျွန်တော်တို့ကို သင့်တော်သလား၊ မသင့်တော်ဘူးလားလို့ တိုင်ပင်ရတော့ အခု ကျွန်တော်တို့ သိရတဲ့အတိုင်းဆိုရင် မောင်မောင်မျိုးမှာ ချို့ယွင်းချက် မရှိပါဘူးလို့ပဲ ပြောရမှာပေါ့ ခင်ရယ်"

တည်တည်ငြိမ်ငြိမ် လူကြီးဆန်ဆန် ပြောနေသော မောင်မင်းဇင်စကားကို မေမေခင် လေးလေးစားစားပင် နားထောင်နေသည်။ မောင်မင်းဇင်း စကားဆုံးသောအခါ မြသွင်အေး က သူ့ယူဆချက်ကို ဖြည့်စွက်လိုက်၏။

"ကိုမင်းဇင် ပြောတဲ့ ချို့ယွင်းချက် မရှိပါဘူး ဆိုတာက အခုတက္ကသိုလ်မှာ သူပညာသင်တဲ့ အချိန်အတွင်း သိရသလောက် ပြောတာကခင်ရေ့၊ အခု ကိုမင်းဇင်နဲ့ မြတို့ စုံစမ်းသိရလို့ ဒီနေ့ ဒီအချိန်ထိတော့ ချို့ယွင်းချက် မတွေ့သေးဘူး၊ နက်ဖြန်ခါတော့ မပြောတတ်ဘူးပေါ့"

"ကိုမင်းဇင်နဲ့ မြ စကားတွေ မှတ်လောက်သားလောက်ပါပဲ၊ သို့သော် မောင်မောင်မျိုးကို အခု ခင် စကားပြောနေချိန်အထိ မချစ်မကြိုက်ရသေးပါဘူး သူငယ်ချင်းတို့ရာ"

မေမေခင်က ပြန်ပြောသောအခါ မောင်မင်းဇင်က ရယ်ပြီး ...

"ဒါဖြင့် ခင် ပြောတဲ့အတိုင်း ဒီနေ့ ဒီအချိန်အထိ မချစ်ရသေးဘူးဆိုတော့ နက်ဖြန်ခါကို မသိနိုင်ဘူးပေါ့ ဟုတ်လား ခင်"

ဟု ကျီးစားလိုက်သည်။

"ကဲ ကဲ ... ဒီ မောင်မောင်မျိုး ကိစ္စကြီး ခဏလောက် ဆားနယ်ပြီး သိပ်ထားလိုက်ပါဦး၊ ဒီနေ့ ဘယ်ကိုသွားပြီး ဘာဝယ်စားကြမယ်ဆိုတာ တိုင်ပင်ကြရအောင်လေ"

မေမေခင်က စကားလမ်းကြောင်း လွှဲလိုက်မှ မောင်မောင်မျိုးကိစ္စ ပြတ်သွားလေတော့ သည်။

(၄)

မောင်မင်းဇင် စုံစမ်းထောက်လှမ်း၍ သိခဲ့ရသမျှ မောင်မောင်မျိုး၏ ကိုယ်ရေးရာဇဝင်မှာ ချို့ယွင်းချက် မရှိပေ။ မောင်မောင်မျိုးသည် ခေတ်ကာလ လူပျိုလူရွယ်ကလေးပင် ဖြစ်လင့် ကစား အနေအထိုင် တည်ငြိမ်သည်။ အထူးသဖြင့် မိန်းမနှင့် ပတ်သက်ပြီး ကင်းကင်း ရှင်းရှင်းနေသူ ဖြစ်သည်။ သူ့တစ်သ်တာဝယ် မေမေခင်သည် ပထမဦးဆုံး သူ စိတ်ဝင်စား သော မိန်းမ ဖြစ်၏။ ချိုအေးသာယာသော အသံနှင့် လိုက်ဖက်တင့်မောသည့် ချစ်စဖွယ် ချောမောလှပသော မေမေခင်ကို သူ စိတ်ဝင်စား မိသည် ဆိုလျှင်ပင် ချစ်ခင်ကြင်နာသော မေတ္တာစိတ်၊ မြတ်နိုးစုံမက်သော စွဲလမ်းစိတ်တို့က ကြီးမားစွာ ပေါ်လာ ခဲ့သည်။ ထို့ကြောင့် အရဲစွန့်ပြီး မေမေခင်ကို မိတ်ဆွေဖြစ်အောင် ကြိုးစားခဲ့သည်။

မိတ်ဆွေအဖြစ် မေမေခင်က လက်ခံ၍ ကြည်ဖြူစွာ စကားပြောသောအခါ သူ့ရင်ထဲက အချစ်မေတ္တာကို ဖွင့်ဟရန် အကြိမ်ကြိမ် ကြံရွယ်မိ၏။ သို့သော် သိမ်မွေ့ တည်ကြည်သော မေမေခင်၏ ဣန္ဒြေသိက္ခာ ကို ရှို့မိသည့်အတွက် နှုတ်က မမြွက်ဟရဲဘဲ အသည်းနှလုံးထဲက အဖြစ်ကို မျက်လုံးမှသာ ဖော်ပြနိုင်သည်။

မောင်မောင်မျိုး၏ မျက်လုံးကို မေမေခင်က ကောင်းစွာ ရိပ်မိသော်လည်း ကြာမြင့်ရှိသော မိန်းကလေးဖြစ်၍ အစဖော်ပျိုးပေးသော စကားမျိုး၊ လမ်းခင်းပေးသော စကားမျိုးကို မပြော ဘဲ ရှောင်ကြဉ်နေသည့်အတွက် မောင်မောင်မျိုးမှာ အစခက်နေရှာသည်။ အစခက်၍ ခဲယဉ်းနေလေ စုံမက်မြတ်နိုးသောစိတ်က ကြီးမားလာလေ ဖြစ်သည်။ မောင်မောင်မျိုးနှင့် ခင်မင်ရင်းနှီးသော သူငယ်ချင်းက ရိပ်မိ၍ မေးမြန်း သောအခါ မောင်မောင်မျိုးက အကူအညီ ရလိုရငြား ရင်ဖွင့်ပြလိုက်ရာမှာ တစ်ဆင့်စကား တစ်ဆင့်နား ပျံ့လွင့်ပြီး မောင်မင်းဇင်တို့ ကြားသိသွားရခြင်း ဖြစ်သည်။

ဤသို့နှင့်ပင် မောင်မောင်မျိုးတစ်ယောက် မရေမရာ မသေမချာနှင့်ပင် တစ်နှစ်ကုန်ကာ စာမေးပွဲကြီးပင် စစ်ဆေးဖြေဆိုပြီးခဲ့လေပြီ။

ကျောင်းရက်ရှည်ပိတ်၍ မိမိတို့နေရင်း ဇာတိရပ်ထံ ပြန်ကြတော့မည့်အချိန် ရောက်လာကြ သည်။ ယခင်က ကျောင်းပိတ်လျှင် အိမ်ပြန်ခါနီး၌ မည်သည့်အရာမှ နောက်ဆံမတင်းခဲ့ သော မောင်မောင်မျိုး သည် ယခုတစ်ကြိမ်မှာ မရှုနိုင် မကယ်နိုင်အောင် စိတ်မဖြောင့်ဘဲ နောက်ဆံတင်း နေတော့၏။ ဤနေ့ မေမေခင်ထံ သွားရောက်တွေ့ဆုံလျှင် ဘာပဲဖြစ်ဖြစ် ဖွင့်ဟပြောကြားတော့မည်ဟု စိတ်ကို ရဲရဲတင်းကာ ဆုံးဖြတ်ချက် ချထားလိုက်သည်။

ရောက်နေကြအချိန်မှာ ထုံးစံအတိုင်း မောင်မောင်မျိုးက ရောက်လာသည်။ မေမေခင်က မိဘများ ထံပြန်ရန် ပစ္စည်းသိမ်းနေရာမှ ရောက်လာသော ညှော်သည် မောင်မောင်မျိုးကို ဆင်းတွေ့ စကား ပြော သည်။

"ကျွန်တော် သန်ဘက်ခါ ပြန်တော့မယ် ခင်၊ ခင်ရော ဘယ်နေ့ပြန်မှာလဲ"

"ခင်က နက်ဖြန်ပြန်တော့မှာ"

"ဪ ... အတူပြန်မယ့် အဖော် ဘယ်သူလဲ၊ ဟို ... ခင်တို့ သုံးယောက်ထဲက ကိုမင်းဇင်နဲ့ မြသွင်အေးတို့က ခင်နဲ့ တစ်မြို့ထဲလား"

မေမေခင်ကို မျက်ခြည်မပြတ် တစေ့တစောင်း ကြည့်ခဲ့သော မောင်မောင်မျိုးက မေမေခင်၊ မြသွင်အေး၊ မောင်မင်းဇင်တို့ သုံးယောက်ကို တစ်မြို့ထဲမှ လာသူများဟု ယူဆခဲ့သည်။ ကျောင်းသူ ကျောင်းသား ပီသသော မျက်လုံးများက မောင်မင်းဇင်နှင့် မြသွင်အေးတို့ကို ရိုးရိုးအတွဲမှ ဆန်းဆန်းအတွဲအဖြစ် မြင်ကြ သိကြပြီး ဖြစ်သောကြောင့် မောင်မောင်မျိုးက မေမေခင်နှင့် မောင်မင်းဇင်တို့ သံသယမရှိချေ။ မေမေခင် တစ်ယောက်တည်း ပြန်သည် ထက် အဖော်အဖြစ် မောင်မင်းဇင်ပါလျှင် ပိုမိုလုံခြုံမည် ဟူသော စိတ်ဖြင့် မေးခြင်း ဖြစ် သည်။ မေမေခင်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"လာစဉ်ကတော့ တစ်မြို့ထဲကပါပဲ၊ ဒါပေမဲ့ ကိုမင်းဇင်နဲ့ မြတို့က အစိုးရ အရာရှိ သားသမီး တွေ မဟုတ်လား၊ ခင်တို့မြို့မှာ အတူသွား အတူလာ နေခဲ့ကြပေမယ့် အခု သူတို့နှစ်ဦးလုံး မိဘတွေက မကြာခင်ကပဲ တစ်နေရာစီ ပြောင်းရွှေ့ဖို့ အမိန့်ကျလို့ ပြောင်းသွားကုန်ကြပြီ၊ ခင်တို့မြို့မှာ မရှိတော့ဘူး၊ အဲဒီတော့ ကိုမင်းဇင်နဲ့ မြသွင်အေးကလဲ သူတို့မိဘများရှိရာ မြို့ ကို ပြန်ကြမှာ ကိုမောင်မောင်မျိုး ခင် အပြန်မှာ ကိုမင်းဇင်နဲ့ မြတို့ မဟုတ်ပေမယ့် တစ်မြို့ထဲက လာကြတဲ့ တခြားကျောင်းသူနှစ်ဦး အဖော် ရှိပါတယ်၊ ဘာကြောင့် မေးတာလဲ"

"ဪ ... ခင့်ကို စိတ်မချလို့ပါ၊ တစ်ယောက်ထဲဖြစ်နေရင် ကိုမျိုးလိုက်ပို့ချင်လို့ပါ"

"ကျေးဇူးတင်ပါတယ် ကိုမောင်မောင်မျိုးရယ်၊ ဒုက္ခမရှာပါနဲ့၊ ခင်မကြောက်တတ်ပါဘူး"

မောင်မောင်မျိုး ၏ စိတ်ထားကို သိနေသော မေမေခင်က စကားပိတ် ပြေလိုက်သော်လည်း ဤနေ့မှာ ပြောဖြစ်အောင် ပြောမည်ဟု စိတ်ဆုံးဖြတ်ထားသော မောင်မောင်မျိုးက နောက်မဆုတ်ဘဲ ပြောလိုက် သည်။

"ခင်က သတ္တိကောင်းလို့ မကြောက်တတ်ပေမယ့် ကိုမျိုးက စိတ်မချဘူး ခင်ရဲ့၊ အခုဆိုရင် ကိုမျိုးအဖို့ ဒီတက္ကသိုလ်က နောက်ဆုံးထွက်ခွာ သွားခြင်းပဲ၊ ဘွဲ့ယူဖို့တောင် အဆင်မပြေ လို့

မလာနိုင်ရင် အဝေးရောက်ဘွဲ့ပဲ ယူရတော့မှာ၊ ခင်တစ်ယောက် ကိုမျိုးကို မေ့သွားမှာ သိပ်စိုးရိမ်မိပါတယ် ခင်၊ ကိုမျိုးကို အစဉ်အမြဲ ခင် သတိရနေစေမယ့် သတိပေး နှောင်ကြိုး ကလေးတော့ ခင့်ကို ချည်ထားခဲ့ပါရစေလို့ ကိုမျိုး ပန်ကြားပါတယ် ခင်ရယ်"

မေမေခင်က မောင်မောင်မျိုး မျက်နှာကို ကြည့်လိုက်သည်။ မောင်မောင်မျိုး၏ မျက်နှာမှာ ဝမ်းနည်းခြင်း၊ မျှော်လင့်ခြင်း၊ အရိပ်အရောင်တို့ ထင်ရှားစွာ ပေါ်နေသည်ကို တွေ့ရသည်။ မောင်မောင်မျိုး၏ စကားအဓိပ္ပာယ်ကို မေမေခင်က ကောင်းကောင်း အဓိပ္ပာယ်ပေါက် သည်။ ဘယ်လိုနှောင်ကြိုးမျိုးလဲဟု ပြန်မေးလျှင် အချစ်နှောင်ကြိုးပါဟု မောင်မောင်မျိုးက ပြန်ဖြေမည်ကို ကြိုတင် သိပြီးဖြစ်၍ မေးရန် မသင့်လျော်ချေ။ တုံကို့ဘာဝေ ဆိတ်ဆိတ်နေ လျှင်လည်း မလှုပ် စိတ်တူ တိတ်တိတ်နေ ဝန်ခံသည့် သဘောမျိုး ဖြစ်နေသည်။ ထို့ကြောင့်...

"ပစ္စည်းတွေက သိမ်းစရာ ခပ်များများ ကျန်နေသေးပါတယ် ကိုမောင်မောင်မျိုးရယ်၊ နှောင်ခါမှ အေးအေး ဆေးဆေး စကားပြောကြသေးတာပေ့ါနော်"

ဟု စကားဖြတ် ခွင့်ပန်လိုက်ကာမှ မောင်မောင်မျိုးက တိုးလျှိုး တောင်းပန် တားဆီးလိုက် သည်။

"နေပါဦး ခင်ရယ်၊ ကိုမျိုး ရင်ထဲရှိတာ တစ်ခါထဲ ဖွင့်လိုက်ပါရစေတော့၊ ခင် မသိဟန်ဆောင် မနေပါနဲ့၊ ခင့်ကို ကိုမျိုး သစ္စာရှိရှိ တစ်သက်လုံး ချစ်သွားပါရစေ၊ အဲဒါ ခင်ကလဲ ကိုမျိုး အချစ်ကို တုံ့ပြန်ပါ"

လှည့်ပတ်သွယ်ဝိုက်ပြောနေရန် မဖြစ်တော့ကြောင်း စဉ်းစားမိသော မောင်မောင်မျိုးက တက်သုတ်နှင်ကာ တည့်တည့်ကြီး ဖွင့်ပြောလိုက်သည်။

မေမေခင်က အံ့အားသင့်ခြင်း မဖြစ်တော့ချေ။ မောင်မောင်မျိုးစိတ်ကို သူ သိနေ ရိပ်မိနေ သည်မှာ ကြာခဲ့ပြီ။ တစ်နေ့နေ့မှာ ဖွင့်ပြောကောင်း ပြောမည်ဟူ၍ တွက်ဆခဲ့သည့်အတိုင်း ယခု ဖွင့်ပြောသည်ကို ကြားရ သဖြင့် မအံ့သြတော့ခြင်း ဖြစ်သည်။ မေမေခင်က ပကတိ မျက်နှာထားအတိုင်း ပကတိ လေသံဖြင့်ပင် ပြန်ပြော၏။

"တစ်ယောက်နဲ့ တစ်ယောက် တက္ကသိုလ်ရောက်မှ တွေ့ကြမြင်ကြ သိကြရတာပဲ ကိုမောင်မောင်မျိုးရယ်၊ ခင့် နောက်ကြောင်းရာဇဝင် ဇာတိ ဇစ်မြစ်ကိုလည်း ကိုမောင်မောင်မျိုး စုံလင်အောင်ငြ မသိဘူး၊ ကိုမောင်မောင်မျိုးရဲ့ နောက်ကြောင်းရာဇဝင် ဇာတိဇစ်မြစ်ကိုလဲ ခင်က မသိဘူး၊ အချစ်သည် မျက်စိမရှိဘူးဆိုတဲ့ စိတ်မျိုးနဲ့ ချစ်ကြဖို့ရာ ခင့်အနေနဲ့တော့ ခဲယဉ်းပါတယ်၊ ဒီကိစ္စမျိုးဟာ အင်မတန် စဉ်းစားနိုင်မှာ တော်ရုံကျတယ် ဟုတ်လား ..."

အကြံဉာဏ်ပေးနေသူကို အေးဆေးတည်ငြိမ်စွာ ပြောနေသော မေမေခင်၏ မျက်နှာကို မောင်မောင်မျိုး သည် မြတ်နိုးစုံမက်စွာ စိုက်ကြည့်နားထောင်နေရာမှ မေမေခင် စကားဆုံး သောအခါ ...

"ကိုမျိုးရဲ့ အခြေအနေ မျိုးရိုးဇာတိ ဆွေမျိုး မိဘနဲ့ ပတ်သက်ပြီး ခင် သိထားရအောင် ပြောပြပါမယ်"

ဟု ဆိုကာ မောင်မောင်မျိုးသည် သူ့ကိုယ်ရေးရာဇဝင်ကို စေ့စုံစွာ ပြောပြသည်။ မောင်မောင်မျိုး ပြောပြသော သူ့ကိုယ်ရေးရာဇဝင်က မောင်မင်းဇင်နှင့် မြသွင်အေးတို့ စုံစမ်း ထောက်လှမ်း၍ သိခဲ့ရသည်များနှင့် မကွဲမလွဲ တူညီမှန်ကန်နေသည်။ မောင်မောင်မျိုးက သူနှင့် ပတ်သက်သမျှတွေ အားလုံး ပြောပြပြီးသောအခါ ...

"ခင်နဲ့ ပတ်သက်တာတော့ ကိုမျိုး ဘာမှစုံစမ်းမေးမြန်းလိုစိတ်မှ မရှိဘူး၊ ဘာကြောင့်လဲဆို တော့ ခင့်ကို အကဲခတ် ရတာနဲ့ပဲ ခင်ဟာ ချို့ယွင်းချက် မရှိတဲ့ မိန်းကလေးဆိုတာ ယုံကြည် ပြီးသားပါ၊ နောက်တစ်ချက် ကလဲ ကိုမျိုးရင်ထဲ အသည်းထဲက နှစ်နှစ်ကာကာ လှိုက်လှိုက် လှဲလှဲ ချစ်နေမှတော့ ဘာအပြစ် အနာအဆာ၊ ဘာချို့ယွင်းချက်မှ မရှာဖွေ မစုံစမ်းချင်ဘူး လေ"

ဟု မောင်မောင်မျိုးက ပြောနေစဉ်မှာ မေမေခင်က ဖြတ်မေးလိုက်၏။

"အို ... ခင့်မှာ ချို့ယွင်းချက်တွေ၊ အပြစ်အနာအဆာတွေ ရှိချင်ရှိ မရှိချေနေ ကိုမောင်မောင်မျိုး စုံစမ်းရှာဖွေ တွေ့ရှိသွားမှာ စိုးရိမ်စိတ်လုံးဝ မရှိဘူး၊ ဘာကြောင့်လဲဆို တော့ စိုးရိမ်တယ်ဆိုတာ ချစ်ကြိုက်တဲ့စိတ်ရှိမှ ငါ့အပေါ်မှာ အပြစ်အနာတွေ့သွားမလား၊ မုန်းသွားမလားလို့ စိုးရိမ်နေရတာ၊ ခင့်မှာက ချစ်ကြိုက်စိတ်မှ မရှိသေးဘဲ၊ အဲဒီတော့ စိုးရိမ် စိတ်လဲ လုံးဝမရှိဘူးပေါ့ ..."

မောင်မောင်မျိုး မျက်နှာပျက်ပြီး ငိုတော့မှာလို ဖြစ်သွားသည်။

"ကိုမျိုး ပြောမိတာ စိတ်ဆိုးမလား ... ဟင် ..."

"စိတ်တော့ မဆိုးပါဘူး၊ လိုက်လိုက်လှဲလှဲ ချစ်နေလို့ ဘာချို့ယွင်းချက် အနာအဆာမှ မစုံစမ်းချင်ဘူး ဆိုတဲ့ စကားက ခင့်မှာ ချို့ယွင်းချက် ရှိနေတာတောင် ချစ်စိတ်ကြောင့် မသိချင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး ထွက်နေတာ မခံချင်လို့ပြောတာ"

ထိုအခါမှ မောင်မောင်မျိုး မျက်နှာက ပြန်ကြည်သွားသည်။

"အထင်မလွဲပါနဲ့ ခင်ရာ၊ ကိုမျိုး ဆိုလိုတာက တချို့ယောကျ်ား ကလေးတွေဆိုရင် မိန်းမ တစ်ယောက်ကို ရည်ရွယ်လိုက်တဲ့အခါ ငါနဲ့ လက်ထပ်ပြီး သူ့မှာ ဝင်ငွေရမယ့်အလုပ် ရှိမလား၊ သူ့ဘက်က နောက်လိုက်တွေ တစ်ပြုံတစ်ထွေးကြီးပါလာလို့ ငါက ဒိုင်ခံရှာကျွေးရ မလား၊ ငါ့ဘက်က မိဘဆွေမျိုးနဲ့ တည့်ပါ့မလား၊ သူ့မှာ ပစ္စည်းဘယ်လောက်ချမ်းသာသလဲ ဆိုတာတွေကို စုံစမ်းတတ်ကြတာ

ခင် အသိသား မဟုတ်လား၊ ကိုမျိုးကတော့ ကိုယ် ချစ်ပြီ ဆိုတဲ့နောက် ဖြစ်လာမယ့်အရေးကို အားလုံး ဖြစ်သလို ရင်ဆိုင်မယ်၊ စိတ်ရှုပ်စရာတွေ ကြိုတင် မတွေးဘူး၊ မစုံစမ်းဘူးဆိုတဲ့ အဓိပ္ပာယ်ပါ ခင်ရဲ့"

မောင်မောင်မျိုးက ရေလည်အောင် ရှင်းပြသောအခါ မေမေခင် စိတ်ပြေသွားပြီး မောင်မောင်မျိုးကို သနား သလိုလို ဖြစ်သွားသည်။ ခပ်တွေတွေ ဖြစ်သွားသော မေမေခင် အမူအရာကြောင့် မောင်မောင်မျိုးက အားတက် လာသည်။

"ကိုမျိုး မေတ္တာကို လက်ခံနိုင်မလား ခင် ..."

"ရှေးခေတ်က သုံးနှစ်သုံးမိုး စောင့်ကြည့်ကြတယ် ကိုမောင်မောင်မျိုးရဲ့၊ အခု ခင်နဲ့ ကိုမောင်မောင်မျိုး တွေ့မြင်သိကျွမ်းကြတာက တစ်နှစ်ပဲ ရှိသေးတော့ မစောလွန်း မမြန်လွန်းဘူးလား"

မေမေခင်က ရှေးဆန်ဆန် စကားဖြင့် တုံ့ပြန်သည်။ မေမေခင်စကားက ဆုတ်သာ တက်သာ ဖြစ်သည်။

"ခင့်စိတ် အနှောင့်အယှက် ဖြစ်လာအောင် ကိုမျိုးက အတင်းအကြပ် မတိုက်တွန်းပါဘူး ခင်ရယ်၊ အခု ကိုမျိုး ကျောင်းထွက်ပြီး အလုပ်အကိုင် တည်တည်တံ့တံ့ ရတဲ့အခါ ခင့်ဆီကို မပျက်မကွက် ရောက်အောင် ပြန်လာခဲ့မယ်၊ အဲဒီအချိန်မှာ ခင်တစ်ယောက်

နှောင်ကြိုး ချည်သူမရှိဘဲ လွတ်လပ်စွာနဲ့ ကိုမျိုးကို စောင့်မျှော်နေပါနော်..."

မောင်မောင်မျိုး မျှော်လင့်အားတက်ဟန်ဖြင့် ဆိုသည်။

"ဒါကတော့ ဘယ်သူ အတိအကျ ကတိပေးလိုက်နိုင်မလဲ၊ ကံစီမံသမျှပေါ့၊ နှောင်ကြိုး ဆိုတာက ခင်ကိုယ်တိုင် ချည်လိုတဲ့အချိန်ချည်၊ ဖြေလိုတဲ့အချိန် ဖြေဆိုရင် ခင် အမျိုးကောင်းသမီး ဟုတ်နိုင် ပါတော့ မလား၊ ကံတရားက ချည်ဖို့ ဖြေဖို့ ဖန်တီးလာရင်တော့ ခင့်ကိုယ်ပိုင်ဉာဏ်နှင့် ဝေဖန်သုံးသပ် ဆုံးဖြတ် ရမှာပေါ့ ကိုမောင်မောင်မျိုးရယ်"

"ဘာပဲဖြစ်ဖြစ်လေ ... ကိုမျိုးကတော့ ခင့်ဆီကို ရောက်အောင် ကြိုးစားပြီး ပြန်လာခဲ့မယ်လို့ မြဲမြံသော ကတိ ပေးပါတယ်၊ နိုင်မြဲစွာ ချစ်တဲ့ ကိုမျိုးရဲ့ မေတ္တာအရှိန်အဟုန် ရိုက်ခတ်မှု ကြောင့် ခင့်ထံပါးမှာ ဘယ်နှောင်ကြိုးမှ မရစ်ပတ်နိုင်စေဘဲ ဝေးဝေးက လွင့်သွားပါစေလို့ သဲသဲမဲမဲ ဆုတောင်းရတော့မှာပဲ ခင်ရေ့"

ရင်ထဲအသည်းထဲက ထွက်လာသောအသံဖြင့် ပြောနေသော မောင်မောင်မျိုးကို မေမေခင်က ကြည်လင်သောအပြုံးဖြင့် ...

"ရေစက်ဆုံရင်တော့ ကြုံရမှာပေါ့ ကိုမောင်မောင်မျိုးရယ်၊ စကားကျွံရင် နှုတ်မရတဲ့ အဖြစ်မျိုးကို ခင် ကြောက်လို့ပါ" ဟု ပြောလိုက်သည်။ ကတိတစ်ခုကို လွယ်လွယ်မပေး တတ်သည့် နည်းတူ၊ ပေးပြီးသော

ကတိ ကျိုးပေါက်မည်ကို စိုးရိမ်သည့် မေမေခင်၏ သဘောထားကို မောင်မောင်မျိုးက သဘောပေါက် နားလည် သည်နှင့်အမျှ မေမေခင်ကို ချစ်ခင်မြတ်နိုးသည့်စိတ်တွင် တန်ဖိုးထားသည့် စိတ်ကပ် ထပ်လောင်း လာသောအခါ ပိုမို စုံမက်လာသည်။

"ကိုမျိုး တစ်သက်မှာ ခင် တခြားလူလက်ထဲ မရောက်သမျှ စွဲမြဲတဲ့ မေတ္တာနဲ့ စောင့်စား မျှော်လင့် နေမယ် ဆိုတာ ယုံပါ ခင်"

မောင်မောင်မျိုးက လေးနက်ခိုင်မြဲသော လေသံဖြင့် ပြောလိုက်သည်။

မောင်မောင်မျိုးသည် သူ့ကိုယ်သူ စာမေးပွဲအောင်မည်ကို ဖြေဆိုခဲ့သည့် အခြေအနေပေါ် မူတည်ပြီး စိတ်ချယုံကြည်စွာဖြင့် အစ်ကိုရှိရာ ပြန်လာခဲ့သည်။ အစ်ကိုဖြစ်သော ကိုအောင်စိုးမှာ အလုပ်တာဝန် တစ်ဖက် ဖြစ်နေ၍ မောင်မောင်မျိုး ကျောင်းပိတ်ပြန်လာသောအခါ လာမကြိုနိုင်ဘဲ ဖြစ်သည်က များသည်။ ထို့ကြောင့် ကြိုသူမရှိဘဲ အိမ်ရောက်သွားသော မောင်မောင်မျိုးအဖို့ အဆန်းမဟုတ်ချေ။ သို့သော် အိမ်ပေါ်ရောက်၍ အိမ်ထဲဝင်မိသော မောင်မောင်မျိုးအဖို့ အဆန်းဖြစ်သွားရပြန်သည်။

ယခင်က တစ်ကိုယ်ရေတစ်ကာယ လွတ်လပ်သော လူပျိုဖြစ်၍ တပည့်တစ်ယောက်နှင့် ဖြစ်သလို နေသော သူ့အစ်ကို ကိုအောင်စိုး၏ အိမ်သည် မိန်းမနှင့်တူသော အရာဆိုလျှင် ပြက္ခဒိန်မျက်နှာဖုံး သာ ရှိသည်။ အိမ်ရှေ့ဧည့်ခန်းမှာ စားပွဲကုလားထိုင်တစ်စုံရှိပြီး ကြမ်းပြင်မှာ တံမြက်စည်းလှည်းရုံ လှည်ထားသဖြင့် အမှိုက်စင်ရုံမျှသာရှိပြီး

ဖုန်မှုန်က မပြတ်ချေ။ ယခုမူ ညှော်ခိုင်းသည် သပ်ရပ် သန့်ရှင်းပြီး ကြမ်းပြင်မှာ ပြောင်လက်နေသည်။ နောက်ဖေးဆောင်ဆီမှ သူ့အစ်ကို ကိုအောင်စိုး အသံနှင့် ချိုလွင်သာယာစွာ ရယ်မောလိုက်သော မိန်းမအသံကိုပါ တွဲပြီး ကြားရသည်။ အလုပ် တာဝန် မအားလပ်၍ ညီငယ်ကို ဘူတာရုံ လာမကြိုနိုင်ဟု ထင်ခဲ့သော သူ့အစ်ကိုသည် ယခု အိမ်ထဲမှာ မိန်းမတစ်ယောက်နှင့် အတူရှိနေသည်ကို သိရသော မောင်မောင်မျိုးသည် အသံမပြု သေးဘဲ တိတ်ဆိတ်စွာ နားစွင့်နေလိုက်၏။

"အိုကွယ် ... မောင်ကလဲ"

"မောင် ဘာလုပ်လို့လဲ မိရဲ့ အဟိ ဟိ ... "

"ကြည့်ပါလား ဒီမှာ ဖိတ်ကုန်ပြီ၊ မောင်နော် ဟင် ... "

ဘာတွေလုပ်ပြီး ဘာတွေဖိတ်ကုန်သည်ကိုကား မောင်မောင်စိုး မသိတတ်နိုင်၊ မမြင်စွမ်းနိုင်သော် ငြားလည်း ချိုလွင်သာယာ ကြည်နူးစွာသော ရယ်မောသံတွေနှင့် ညုသံ၊ တာသံ ခရာသံ မာန်ထသံ တွေကိုကား ကြားနေရသည်။ မိန်းမ၏ အသံမှာ ဆွဲဆောင်မှုရှိလှသည့် လေယူလေသိမ်းနှင့် ယောကျ်ားတွေ ကျနိုင်သည့်အသံဖြစ်ကြောင်းကို မောင်မောင်မျိုးက အကဲခတ်မိသည်။ သူ့အစ်ကို ကိုအောင်စိုးသည် လွတ်လပ်သော လူပျိုတစ်ယောက် ဖြစ်သည့်အလျောက် ဇနီးမယား တည်တည် တံ့တံ့ ယူမည်ဆိုလျှင် တိုင်ပင်အသိပေးစရာလူ ဟူ၍ ညီအရင်းအချာ မောင်မောင်မျိုးတစ်ယောက် သာ ရှိပါလျက်၊ အသိမပေး အကြောင်းမကြားဘဲ ယခုလို အိမ်ပေါ်မှာ မိန်းမတစ်ယောက်

ရောက်နေ ခြင်းသည် တည်တည်ငြိမ်ငြိမ်၊ ဣန္ဒြေသိက္ခာရှိသော မိကောင်းဖခင်သမီးမှ ဟုတ်ပါလေရဲ့လား၊ ကြေးစားအပျော် မိန်းမမျိုးပင် ဖြစ်လေသလား၊ အပျော်အပျက် ကြေးတန်းစား မိန်းမမျိုးဖြစ်နေလျှင် မောင်မောင်မျိုးသည် အစ်ကိုဖြစ်သူအား တားဆီး ကန့်ကွက်ရပေမည်။ ထို့ကြောင့် ... မောင်မောင်မျိုးက အသံပေးလိုက်သည်။

"ကိုကို ကျွန်တော် ပြန်ရောက်လာပြီ ကိုကိုရေ့"

မောင်မောင်မျိုး အသံ ထွက်လာသောအခါ နောက်ဖေးဆောင်ဆီမှ တီတီတာတာ ခရာသံ၊ ညှသံ၊ မာန်ဖီသံတွေ ပျောက်သွားပြီး ...

"ဟယ် ညီလေး ပြန်လာပြီလားဟေ့"

ဟူသော ဝမ်းသာအားရ ပြောလိုက်သော အသံနှင့်အတူ ကိုအောင်စိုးက အပြေးအလွှား ထွက်လာ သည်ကို တွေ့ရသည်။ မောင်မောင်မျိုးက အစ်ကိုဖြစ်သူ၏ မျက်နှာကို အကဲခတ် စူးစိုက်ကြည့် လိုက်၏။

မကောင်းသော မိန်းမပျက်ကို အိမ်ပေါ်ခေါ်တင်ပြီး မူမမှန်သော အမူကို ပြုနေလျှင် ကိုအောင်စိုး သည် ညီငယ်ရှေ့မှာ စိတ်မလုံဘဲ အမူအရာ ပျက်ရမည်ဟု မောင်မောင်မျိုးက ယူဆ၏။ ယခုမူ မောင်မောင်မျိုး ထင်သည့်အတိုင်း မဟုတ်ချေ။ ကိုအောင်စိုး အမူအရာက လုံးဝမပျက်၊ ညီငယ် ပြန်ရောက်လာ၍ ဝမ်းသာရွှန်လန်းစွာ ကြိုဆိုသော အမူအရာသာ ရှိသည်။

"ကျွန်တော် ရောက်နေတာ ငါးမိနစ်ကျော်ပြီ၊ နောက်ဖေးဆောင်က စကားပြောသံတွေကြား လို့ ဧည့်သည်များ ရောက်နေသလား ကိုကို … "

အစ်ကို၏ မျက်နှာကို စူးစိုက်ကြည့်ရင်း မောင်မောင်မျိုးက မေးသည်။ ကိုအောင်စိုးက နှစ်ခြိုက် ကြည်နူးစွာ ရယ်ပြီး ဖြေ၏။

"ဟား … ဟား … ဟား … ဟား … ကိုကိုတို့ကို လူမိသွားပြီကိုး၊ အေးကွဲ့ ကိုကို့ဧည့်သည် ရောက်နေတယ်၊ ဧည့်သည်က ခဏတဖြုတ်လာလည်တဲ့ ဧည့်သည်မျိုး မဟုတ်ဘူး၊ ကိုကိုနဲ့ တစ်သက်လုံး မခွဲမခွာ အတူနေမယ့် ဧည့်သည် ညီလေးရ … "

"ရှင်းရှင်းပြောစမ်းပါ ကိုကိုရာ၊ ကိုကို မိန်းမယူထားပြီလား"

မောင်မောင်မျိုးက တိုက်ရိုက်ပင် မေးသည်။

"အေးကွ … ကိုကို မိန်းမ ရနေပြီ"

"ကျွန်တော်လဲ ဘာမှ မသိရပါလား၊ ဘယ်က မိန်းမလဲ ကိုကို … ထိုက်ထိုက်တန်တန်မှ ဟုတ်ရဲ့လား"

ဆိုးတိုင်ပင် ကောင်းတိုင်ပင် နေလာခဲ့သော ညီအစ်ကိုချင်းဖြစ်၍ မောင်မောင်မျိုးက သူ လုံးဝ မသိရဘဲ အစ်ကို မိန်းမရနေသည်ကို စိတ်ထဲမှာ မကြည်မလင် ဖြစ်မိသည်။ သို့သော် နောက်ဖေး ဆောင်ဆီမှ သူ မမြင်ဘူးသေးသော မရီးတော် ကြားမည်စိုး၍ လေသံအုပ်အုပ်ဖြင့် မေး၏။ မောင်မောင်မျိုးက လေသံအုပ်သော်လည်း ကိုအောင်စိုးက မအုပ်ဘဲ ပြောမြဲတိုင်းအသံဖြင့်ပင် ပြန် ပြောသည်။

"ဒါတွေမပြောခင် ညီလေးရဲ့ မရီးတော်ကို မြင်ဖူးတယ်ရှိအောင် ကြည့်ပါဦးလေ၊ မြင်မှ သေသေ ချာချာ ကြည့်ပြီး ညီလေး သိလိုသမျှကို ကိုကို့ကိုမေး ဟုတ်လား"

ကိုအောင်စိုးက ပြောပြီး လေသံတစ်ဆက်တည်းနှင့်ပင် ...

"မိရေ ... မိမိလေး ဟောဒီမှာ မောင့်ညီလေး ရောက်နေပြီ၊ မတ်တော်မောင်ကို ထွက်နှုတ်ဆက်ဦး မိရေ ... "

ဟု ကြည်နူးစွာ လှမ်းခေါ်လိုက်သည်။

"လာပါပြီ မောင် ... "

ချိုလွင်သာယာသောအသံ၏ တုံ့ပြန်ချက်ကို ကြားရပြီး၊ သိမ်မွေ့ညင်သာသော ဟန်မူရာဖြင့် ကိုအောင်စိုး၏မိန်းမ မိ ဆိုသူက ထွက်လာသည်။ မောင်မောင်မျိုးသည် သူ့ကို အသိမပေး မတိုင်ပင် နိုင်အောင်ပင် အဆောတလျင် ယူထားသော အစ်ကို့ဇနီး မရီးတော်ကို ကြည့်လိုက်၏။ မိမိလေးဆို သော မရီးတော်ကို မြင်လိုက်သည်ဆိုလျှင်ပင် မောင်မောင်မျိုးသည် သူ့အစ်ကိုအပေါ် မကျေနပ် သလိုလို၊ မကြည်မလင်လိုလို ဖြစ်နေသော စိတ်သည် တစ်စွန်းတစ်စ မကျန်ရအောင် လွင့်စင် ပျောက်ကွယ်သွားသည်။

မိမိလေးဆိုသူ မိန်းမ၏ ချောမောလှပ၍ ချစ်စရာကောင်းခြင်း၊ စွဲမက်ဖွယ်ကောင်းခြင်း၊ ဆွဲဆောင် သော အမူအရာရှိခြင်းတို့ကို မြင်ရလျှင်ပင် ဤလို ရုပ်ဆင်းရူပာရှိသော မိန်းမမျိုးကို သူ့အစ်ကို ကိုအောင်စိုး လက်ထပ်လိုက်ခြင်းအတွက် မအံ့သြတော့ချေ။ သို့သော် မရီးတော် မိမိလေး၏ မျိုးရိုး ဇာတိကိုကား သိလိုသေးသည်။ ခရီးရောက်မဆိုက် ညီအစ်ကိုချင်း တီးတိုး တီးတိုး သဖန်းပိုးလုပ်

နေပါလျှင် မရီးတော်စိတ်မှာ မပြေမချော အဖုအထစ် ဖြစ်သွားပါက အစ်ကို၏ အိမ်ထောင်ရေးမှာ လည်းကောင်း၊ ညီအစ်ကိုချင်း ဆက်ဆံရေးမှာ လည်းကောင်း၊ အဆင်မပြေ ဖြစ်ကောင်း ဖြစ်လာနိုင်မည်ဟု မောင်မောင်မျိုးက အရှည်မျှော်တွေးကာ အေးအေးဆေးဆေးမှပင် မေးတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ရသည်။

"မိရေ ... ဒါ မောင်ပြောတဲ့ ညီလေး မောင်မောင်မျိုးလေ"

ကိုအောင်စိုး မိတ်ဆက်ပေးသောအခါ မိမိလေးက ကြာမှုပါလှသော ညို့မျက်လုံးဖြင့် မောင်မောင်မျိုးကို ရွှန်းရွှန်းလဲ့လဲ့ကြည့်ကာ စွဲမက်ဖွယ်အပြုံးဖြင့် ချစ်စရာကောင်းလှစွာ ပြုံးလိုက် သည်။

"ဩော် ... မောင့်ညီလေး မျိုးလား၊ မိမိကလေ မောင်ပြောနေသံ ကြားရချိန်ကစပြီး မျိုးကို မမြင်ဘူး ခင်ကပဲ မောင်လေးအရင်းလို ချစ်ခဲ့ရပါတယ် မျိုးရယ်၊ မျိုး အစ်ကိုရင်းကို ချစ်သလို မိမိကိုလဲ အစ်မ အရင်းလိုပဲ ချစ်ပါနော် မျိုး"

ချိုလွင်သာယာ နှစ်သိမ့်ဖွယ်ကောင်းစွာ ပြောလိုက်သော မိမိလေးအသံက မောင်မောင်မျိုးနားထဲမှာ ချိုချိုအေးအေးလေး ဝင်သွားသည်။

"ဟုတ်ကဲ့ မမိ၊ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ထဲ နေရတဲ့ ပျင်းခြောက်ခြောက် ဘဝထဲမှာ မမမိ ရောက်လာတော့

ပျော်ရွှင်ကြည်နူးစရာ ဖြစ်သွားတာပေါ့ခင်ဗျာ၊ ကိုကို့အတွက်လဲ ကျွန်တော် စိတ်အေးသွားရပါပြီ"

မောင်မောင်မျိုးက ဤစကားကို အမှန်အတိုင်း ပြောခြင်း ဖြစ်သည်။ မောင်မောင်မျိုး ကိုယ်တိုင်က အလှကြိုက်သူ ဖြစ်သည့်အလျောက် သူကိုယ်တိုင် ချောမောလှပသော မိန်းမကိုမှ နှစ်သက်သလို၊ သူ့အစ်ကို ယူမည့် မိန်းမကိုလည်း ချောမောလှပသော မိန်းမ ဖြစ်စေချင်သည်။ ယခု သူ ဆန္ဒရှိခဲ့ သည့်အတိုင်း သူ့မရီးတော်က သူ ရွေးချယ်ထားသည့် မေမေခင်ထက်ပင် သာလွန်လှပသည့် အတွက် သူ့စိတ်ထဲမှာ ကျေနပ်သွားသည်။ မိမိလေးကို အကဲခတ်ရခြင်းဖြင့် မျိုးရိုးဇာတိ အခြေ အနေကလည်း အောက်တန်းကျသည့် အတန်းအစားက မဟုတ်နိုင်ဟု ယူဆလိုက်မိသည်။

မောင်မောင်မျိုး၏ စိတ်အေးရပြီ ဟူသော စကားကြောင့် ကိုအောင်စိုးက သဘောကျစွာ ရယ်သည်။

"ကဲပါ မိရယ်၊ မိန့် မောင် ဘယ်လိုစတွေ့တယ်၊ မိတို့ ဘဝအကြောင်းကံက ဘယ်လိုဖြစ်လာခဲ့တယ် ဆိုတာ ညီလေးကို ပြောပြလိုက်စမ်းပါဦး"

ကိုအောင်စိုး၏ တိုက်တွန်းချက်အရ မိမိလေးက ပြောပြသည်။ မိမိလေးမှာ ချမ်းသာသောမိဘက မွေးလာခဲ့သော်လည်း မိမိလေး ငယ်စဉ်ကပင် မိဘများမှာ စီးပွားပျက် သေဆုံးကုန်ကြ၍ ဆွေမျိုး င်းချာတစ်ယောက်အိမ်မှာ နေခဲ့ရကြောင်း၊ မြန်မာစာ

ကိုးတန်းမျှလောက်သာ သင်ကြားခဲ့ရကြောင်း၊ မိမိလေး နေထိုင်ရာ တောမြို့ကလေးသို့ အစိုးရတာဝန်တစ်ခုဖြင့် ကိုအောင်စိုး ရောက်သွားခိုက် ကိုအောင်စိုး တည်းခိုသော ဗိုလ်တဲနှင့် နီးကပ်စွာသော အိမ်မှာ မိမိလေးကို မြင်တွေ့ရသော အစိမ်း အရိုင်းသက်သက် လူပျိုကြီး ကိုအောင်စိုးသည် တားဆီးမရအောင် ချစ်ခင်စုံမက်သောစိတ်ဖြင့် လက်ထပ်ခေါ်ယူလာခဲ့ကြောင်းကို ဘာမှ မထူးခြားသော သာမန် အဖြစ်အပျက်သာလျှင် ဖြစ်သည်။ သို့သော် မိမိလေးက ...

"မိမိအသက်က အခုမှ နှစ်ဆယ့်သုံးနှစ်ပဲ ရှိပါသေးတယ် မျိုးရယ်၊ အရွယ်လေးနဲ့မမျှအောင် ကြုံရတဲ့ ဒုက္ခက မျိုးအစ်ကို ကျေးဇူးကြောင့် အခုလို အခြေအနေ ရောက်လာရတော့ မိမိ စိတ်ထဲမှာလေ မောင့်ကို ချစ်တာရော၊ အားကိုးတာရော၊ ကျေးဇူးတတင်တာရော၊ အိုလေ ... မိမိ ရင်ထဲမှာ ရှိသမျှ ခံစားရသမျှ စုံအောင် မပြောတတ်တော့၊ ရင်ကို ဖွင့်ပြလို့ရရင် ဖွင့်ပြလိုက်ချင်ပါတယ် မျိုးရယ်"

ဟူသော စကားဖြင့် သနားစဖွယ် ပြောလိုက်သောအခါ မောင်မောင်မျိုးသည် မရီးတော်အပေါ်မှာ အတိုင်းမသိသော ကြင်နာခြင်း ဖြစ်ရသည်။

ငါတို့ အပြေးအလွှားရေတွက်မှ ဒီညအစ်ကိုနှစ်ယောက်ထဲ ရှိတာ၊ ငါ့မှာ ဆွေမျိုးရင်းချာရယ်လို့ အားကိုးစရာ ဒီအစ်ကိုပဲရှိတော့ အစ်ကို့မယားကို ငါ့မရီးလို၊ ငါ့အစ်မအရင်းလို ချစ်ခင်ကြင်နာရမှာ

ငှါဝတ္တရားပဲ ဟူသောစိတ်က နလုံးသားတွင် စွဲမြဲနိုင်မှာစွာ တွယ်သွားသည်။

မှန်းချက်နှင့် နမ်းထွက်မကွာ ဆိုသည့်အတိုင်း မောင်မောင်မျိုးသည် သူကြိုတင် စိတ်ချထားသည့် အတိုင်း စာမေးပွဲက အောင်သွားသည်။ စာမေးပွဲအောင်သည်နှင့် တစ်ပြိုင်နက်၊ အစိုးရဌာန တစ်ခုမှ အရာရှိတစ်နေရာ လစ်လပ်သည့်သတင်းကြောင့် ထိုအလုပ်ကို ရရန် ဖိဖိစီးစီး ကြိုးစားသည်။ ကြိုးစားသည့်အတိုင်းပင် အလုပ်က ချောချောမောမော ရလိုက်သည်။

မောင်မောင်မျိုးအနေဖြင့် ဘွဲ့နှင်းသဘင်ကိုပင် သွားမတတ်တော့ချေ။ အဝေးရောက် အဖြစ်ဖြင့်သာ ဘွဲ့ယူကာ၊ အလုပ်နေရာကျရန်သာ ကြိုးစားခဲ့သည်။ အလုပ်အကိုင် လက်ရှိဖြင့် တင့်တယ်သော အခြေအနေ အဆင့်အတန်းမှာ မေမေခင်ကို သူ သွားတွေ့မည်။ မေမေခင့် မေတ္တာကို ရမည် မရမည် အတိအကျ သိရအောင် ကြိုးစားရပေမည်။

မောင်မောင်မျိုး အလုပ်လက်ခံ ရရှိလိုက်သောအခါ တိုက်ဆိုင်သောအကြောင်းက ဖြစ်လာသည်။ မောင်မောင်မျိုးကလည်း သူ တာဝန်ယူရာမြို့သို့ အစ်ကိုနှင့် မရီးကို ခွဲပြီး သွားရပေမည်။ ထိုအချိန် မှာပင် ကိုအောင်စိုးကလည်း ယခု လက်ရှိ တာဝန်ထမ်းဆောင်နေသော မြို့မှ အခြားတစ်မြို့သို့ ရွှေ့ပြောင်းအမှုထမ်းရန် အမိန့်ထွက်လာသည်။ ညီအစ်ကိုနှစ်ယောက်

ရေကြည်ရာ မြက်နုရာဒေသ သို့ တစ်ယောက်တစ်လမ်း ခွဲခွာသွားကြရတော့မည်ဖြစ်ရာ မောင်မောင်မျိုးသည် အစ်ကိုထံတွင် စိတ်ချယုံကြည်စွာ အပ်နှံထားသည့် အမွေပစ္စည်းများကို စဉ်းစားမိလာသည်။ ထို့ကြောင့် အစ်ကိုနှင့် မရီး မျက်နှာစုံညီရှေ့မှာပင် မောင်မောင်မျိုးက မေးကြည့်သည်။

"ကျွန်တော်ကလဲ ရည်ရွယ်ထားတဲ့ မိန်းမ ရှိနေပြီ ကိုကို၊ ကျွန်တော့် ဘဝကို ကျွန်တော် လွတ်လွတ် ကျွတ်ကျွတ် ထူထောင်ချင်ပြီ၊ ဒါကြောင့် ကိုကို့ဆီမှာ အပ်ထားခဲ့တဲ့ ကျွန်တော့်ပစ္စည်းထဲ ကပညာသင်စရိတ်နှုတ်ပြီး ကျန်တာကို ပြန်လိုချင်ပြီ ကိုကို"

ညီ၏ စကားကြောင့် ကိုအောင်စိုးက ချစ်ဇနီး မိမိလေး မျက်နှာကို လှမ်းကြည့်ပြီး ပြန်ပြောသည်။

"အေးကွဲ့ မိမိ ကို လက်ထပ်လိုက်တာ ဒီပစ္စည်းကိစ္စလဲ ပါတယ်၊ ကိုကိုက တာဝန်အရ သွားလာနေရ တော့ နောက်ပိုင်းက စောင့်ရှောက် ထိန်းသိမ်းမယ့်လူ လိုလာတယ် ဟုတ်လား ...၊ ဒါကြောင့် မိမိကို လက်ထပ်ပြီ ညီလေး ပစ္စည်းတွေကိုပါ ထိန်းသိမ်းထားဖို့ မိမိလက် အပ်ထားတယ်၊ အခုဆိုရင် ကိုကိုနဲ့ မိမိ လက်ထပ်တာ တစ်နှစ်နီးပါး ရှိနေပြီ၊ ညီလေးကလဲအတန်းတင် စာမေးပွဲကြီး ပြီးမှချည်း တစ်ခါထဲပြန်လာတတ်တော့ မိမိသိမ်းလာခဲ့ရရာ ကြာပြီပဲ၊ ကဲ မိမိပဲ ရှင်းပြလိုက်ပါ"

ကိုအောင်စိုး က ချစ်ဇနီး မိမိလေးကို အာဏာကုန် လွှဲအပ်လိုက်သည်။

မိမိလေးက ရှင်းပြ၏။ ထိုရှင်းပြသော စာရင်းတွင် မောင်မောင်မျိုး အမွေခံယူရထားသော အတွင်း ပစ္စည်းတွေအကြောင်းကို အဓိကထားပြီး ရှင်းသည်။ သူတို့ညီအစ်ကို အမွေခွဲဝေစဉ်က ငွေသားနှင့် အိမ်ကို ကိုအောင်စိုးက ယူပြီး၊ အတွင်းပစ္စည်း လက်ဝတ်ရတနာတွေကို မောင်မောင်စိုး အမွေဆက် ခံသော အိမ်နှင့် ငွေသားတွေထက် တန်ဖိုးများသည်။ သို့သော် ညီငယ်အပေါ်မှာ ချစ်ခင်ကြင်နာ ငဲ့ညှာသောအားဖြင့် ကိုအောင်စိုးကိုယ်တိုင်ကပင် ...

"ညီလေးပဲ ပိုယူပါကွာ၊ ကိုကို့အနေနဲ့က ပညာရော ရာထူးရော စုံလင်ပြီးမှပဲ၊ ညီလေး စိတ်ညှိုးငယ်မှာသာ ကိုကို စိုးရိမ်ပါတယ်၊ ဘာမှ အားနာမနေနဲ့၊ ကိုကို ကိုယ်တိုင်က ကျေနပ်လို့ လျှော့ယူတာ ... "

ဟု ကြင်နာစွာပြောကာ သူ့သဘောကျ ခွဲဝေပေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် မောင်မောင်မျိုးက အစ်ကိုဖြစ်သူကို အားကိုးခြင်း၊ စိတ်ချယုံကြည်ခြင်းဖြင့် ပစ္စည်းတွေကို အကုန်အစင် အပ်နှံထားခဲ့ ပြီး ကျောင်းသို့ ပြန်သွားခဲ့သည်။

"ညီလေး ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး စိတ်ပင်ပန်းမခံနဲ့၊ ကိုကို အမွေရထားတဲ့ငွေနဲ့ ကိုကို့ လခဟာ ညီလေးကလွဲပြီး ဘယ်သူ့ကိုမှ ပေးကမ်းစရာ မရှိဘူး၊ ညီလေး စိတ်တိုင်းကျသာ ဖြစ်ပါစေ၊ ငွေ လိုသလောက် မှာနော်၊ ဘာမှ စဉ်းစားမနေနဲ့"

ကိုအောင်စိုး၏ ညီလေးအပေါ် ကြီးမားသော မေတ္တာစေတနာဖြင့် ရက်ရောစွာ မှာကြားချက်ကြောင့် တစ်ကြောင်း၊ ပူပန်သောက ဖြစ်စရာအကြောင်း ကင်းမဲ့၍တစ်ကြောင်း မောင်မောင်မျိုးက ငွေ လိုသလောက် မှာကြားသုံးစွဲနေခဲ့သည်။ အစ်ကိုဖြစ်သူ၏ မေတ္တာ စေတနာကို အလွန် အကျူး ကျေးဇူး တင်သည်။ ချစ်ခင်စိတ်တွေ ပိုမိုတိုးပွားလာသည်။ ထို့ကြောင့် ...

"ငါ့ကို မငြိုငြင် ငွေပို့ပေးနေတဲ့ အစ်ကိုကို ငါ အမွေရထားတဲ့ ရတနာတွေထဲက အစ်ကို ကြိုက် သလောက် ပြန်ကန်တော့ လိုက်မယ်"

ဟူသော ရည်ရွယ်ချက်က မောင်မောင်မျိုးမှာ ရှိထားခဲ့သည်။

ယခု မရိုးဖြစ်သူ မိမိလေးက စာရင်းရှင်းပြရာမှာ မောင်မောင်မျိုးအတွက် ကျောင်းစရိတ်ပို့ရန် မောင်မောင်မျိုးပိုင် ရတနာတွေကို ရောင်းချပေးပို့ခဲ့ရကြောင်း၊ မည်သည့် လက်ဝတ်ရတနာကို ရောင်းချရာမှာ ဈေးအနှိမ်ခံရ၍ မည်မျှသာလျှင်ရကြောင်း၊ မည်သည့် လက်ဝတ်ရတနာကိုမူ ဝယ်မည့် သူပင် မရှိ၍ ငွေဖြစ်လျှင်ပြီးရော သဘောမျိုးထား ရောင်းရကြောင်း၊ ထို့ကြောင့် မောင်မောင်မျိုး ပညာသင် စရိတ်၊ အသုံးစရိတ်အတွက် လက်ဝတ်ရတနာတွေ၊ အတွင်းပစ္စည်းတွေ ကို ရောင်းချလာခဲ့ရာမှာ ယခု အချိန်တွင် ဤမျှလောက်သာ ကျန်ရစ်တော့ကြောင်း စသည်ဖြင့် နေ့စွဲ ရက်စွဲ၊ ပစ္စည်း အကောင်အထည် အမျိုးအမည်၊ ရောင်းချရသော ငွေမည်မျှ၊ မောင်မောင်မျိုးထံ ပေးပို့ရသောငွေမည်မျှကို မိမိလေးက

စာရင်း အတိအကျ ပြသောအခါ မောင်မောင်မျိုးပိုင် လက်ဝတ်ရတနာ အတွင်းပစ္စည်းတွေမှာ မူလရရှိထားသော ပစ္စည်း၏ လေးပုံ ပုံလျှင် သုံးပုံကျော် ကုန်ခန်းခဲ့ပြီး အနည်းအကျဉ်းမျှသာ ကျန်တော့ကြောင်း မောင်မောင်မျိုး သိရသည်။

မိမိလေးက စာရင်းရှင်းပြပြီး ဆက်ပြော၏။

"မျိုး အစ်ကိုကလဲ လူပျိုဘဝနဲ့နေတော့ ပစ္စည်း မစုမိဘူးလေ၊ မိမိနဲ့ လက်ထပ်ပြီးမှ မိမိက အားလုံး သိမ်းပြီး စည်းစနစ်ကျအောင် လုပ်ရတာ မျိုးရဲ့၊ မျိုးပစ္စည်းကိုလဲ မိမိက စည်းကမ်းရှိရှိလုပ်လို့ အခု လောက်ကျန်တာ ကျန်သေးတဲ့ ပစ္စည်းကိုလဲ မိမိလက်ထဲမှာ ထားနော်၊ မျိုးက ယောကျ်ားဆိုတော့ သိမ်းတတ်မှာ မဟုတ်ဘူး၊ မျိုး ဘာအားငယ်စရာရှိလဲ၊ မိမိနဲ့ မောင်က ချစ်စရာရယ်လို့ မျိုး တစ်ယောက်သာ ရှိတာပဲ၊ မျိုးတာဝန်ကို မိမိ တို့က တစ်သက်လုံးယူမယ်ဆိုတာ စိတ်ချ ယုံကြည် ထားစမ်းပါမျိုးရယ်"

ချောမောလှပသော မရီးတော် မိမိလေး၏ ချစ်စရာကောင်းလှသော နှုတ်ခမ်းနှစ်လွှာမှ သာယာ ချိုလွင်သော အသံဖြင့် နှစ်သိမ့်ကြည့်နူးဖွယ်သော အားပေးစကား ချစ်ခင်ကြင်နာစကားတွေကို ကြားရသော မောင်မောင်မျိုးသည် နဂိုရ်ကပင် ချစ်လှသော အစ်ကိုပေါ်မှာ စေတနာရှိထားပြီးဖြစ်၍ ယခု မရီးတော်က စာရင်းရှင်းပြ၊ အားပေးနှစ်သိမ့်စကားတွေ ပြောပြသောအခါ မောင်မောင်မျိုး စိတ်ထဲမှ ထူးထူးထွေထွေ မတွေးတော့ချေ၊ အတွင်းပစ္စည်း ရတနာတွေ

အဆမတန် ကုန်သွားသည့် အတွက်လည်း စိတ်မကွက်မိ၊ ဆယ်ရတီရှိသော စိန်နားကပ်ကြီးကို ဘာကြောင့် သုံးထောင်ထဲနှင့် ရောင်းပစ် ရသနည်းဟုလည်း မမေးမိ။ အလားတူပင် မတန်တဆနည်းပါးသော တန်ဖိုးထားပြီး ရတနာများစွာ ရောင်းချပစ် ရသလား ဟူ၍ပင် အပြစ်မတင်မိတော့ဘဲ အစ်ကိုနှင့်မရီးကို ချစ်သော စိတ်တစ်ခုသာ လျှင်ထားပြီး မရီးတော်အား စကားပြန်လိုက်သည်။

" ပစ္စည်းတွေအတွက်ရော၊ ငွေကြေးအတွက်ရော ကျွန်တော်ဘယ်လိုမှ စိတ်ထဲမှာ မရှိပါဘူး မမမိ၊ ကျွန်တော်လိုချင်တာက ငွေကြေးပစ္စည်း ဥစ္စထက် အစ်ကိုနဲ့ အစ်မရဲ့ မေတ္တာကိုသာ လိုချင်ပါတယ်၊ ကျွန်တော်အဖို့ ချစ်စရာဟာ ကိုကိုနဲ့ မမမိဘဲ ရှိတယ် ဟုတ်လား"

" မှန်လိုက်တာ မျိုးရယ်၊ မိမိလေ မျိုးကို မမြင်ဘူးခင်ကပဲ မောင်လေးအရင်းလို ချစ်လာခဲ့ရတာ၊ အခုလိုမျိုးရဲ့ မေတ္တာကို သိရတော့ ရင်ထဲမှာ ကြည်နူးလိုက်ပါဘိနော်..မိမိမှာ ညီအစ်ကို မောင်နှာမ မိဘဆွေမျိုးရယ်လို့ မရတော့ မျိုးတို့ညီအစ်ကိုက အခုလိုထားတဲ့ မေတ္တာကို ခံယူရတဲ့ မိမိဘဝဟာ သေပျော်ပါပြီ မျိုးရယ်၊ သေပျော်ပါပြီ။

ချောမောလှပသူကလေးက ယခုလိုရင်ထဲ အသည်းထဲက ထွက်လာသော လှိုက်လှဲတုန်ရင်သည့် အသံဖြင့် သနားသဖွယ် ပြောသည်ကို ကြားရသောအခါ မောင်မောင်မျိုးသည် မရီးတော်ကို အတိုင်းမသိသော ကြင်နာခြင်းဖြင့် ဤတစ်သက်မှာ ငါ့အစ်ကို ငါ့မရီးကို

ငါတတ်နိုင်သမျှ စိတ်ချမ်းသာမှု ဖြစ်စေရမည် ဟူသောစိတ်ကို ခိုင်မာစွာ ချမှတ်လိုက်သည်။

မတ်တော်သူ၏ စိတ်ဓာတ်ကပင် ဤမျှလောက် ဖြစ်နေပါလျှင် လင်ယောကျ်ားဖြစ်သူ ကိုအောင်စိုး မှာကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။

"ငါ့မယားမှ ငါ့မယား၊ ဒါလောက် ချောမောလှပပြီး ချစ်စရာကြင်နာစရာကောင်းလှတဲ့ ငါ့မယား တစ်သက်တာမှာ သူစိတ်ချမ်းသာမှု ဖြစ်ဖို့ သူစိတ်တိုင်းကျဖြစ်ဖို့ရာ ငါ့တာဝန် မဟုတ်ပါလား"

ဟူသော ကြီးမားသည့် အဓိဋ္ဌာန်ချက်ကြီးကို ဓိဋ္ဌာန်လိုက်လေသည်။

အခန်း (၅)

မောင်မောင်မျိုးက သူတာဝန်ရှိရာမြို့ကို ထွက်ခွာသွားသလို ကိုအောင်စိုးနှင့် မိမိလေးတို့ကလည်း သူတို့တာဝန်ထမ်းဆောင်ရမည့်မြို့သို့ ပြောင်းရွှေ့သွားသည်ဖြစ်ရာ အခိုက်အတန့်အားဖြင့် ညီအစ်ကိုချင်း ဝေးကွာသွားကြပြန်သည်။ သို့သော် ညီအစ်ကိုချင်း အလွန်အမင်း ချစ်ကြသောကြောင့် စာအဆက်အသွယ်ကား မပြတ်ချေ။ လူချင်းခွဲခါနီးတွင် မိမိလေးက..

"မျိုးအနေနဲ့ တစ်မြို့တစ်ရွာကို သွားရတာ အလုပ်လက်ရှိ ဆိုပေမယ့် လက်တလောငွေကြေး လုံးလုံးခဲခဲ လက်ထဲမှာမရှိရင် စိတ်ငယ်နေမယ်၊ မိမိအနေနဲ့ မျိုးကိုချစ်လို့ မုန့်ဖိုးပေးတာကို လက်ခံနော်.. မောင်လေးမျိုးရယ်.. "

ဟုပြောကာ မောင်မောင်မျိုး၏ နဖူးပြင်ကို မခင်က သားငယ်အား နမ်းသလို ယုယုညင်သာစွာ နမ်းပြီးအိတ်ထဲသို့ ငွေငါးရာ ထည့်ပေးလိုက်သည်။ ငါးကြင်းဆီဖြင့် ငါးကြင်းကြော် လိုက်သည်ကိုကား မောင်မောင်မျိုး လေးလေးနက်နက် မတွက်မိ။ မရီးတော်အား ချစ်ခင်ကြင်နာ ရင်းစွဲအပေါ်မှာ ကြည်ညိုစိတ်ကပါ ထပ်လောင်းသွားသည်။

" ငါ့အပေါ်မှာ အစ်မကြီး အမိအရာ ဂုဏ်အင်္ဂါနဲ့ အညီမျှတဲ့ မရီးပါလား.. "

ဟုနှစ်သိမ့်စွာ တွေးမိခြင်း၊ ကျေနပ်ကြည်နူးမိခြင်းကြောင့် သူပိုင်ကျန်နေသမျှ အတွင်းပစ္စည်းတွေ မိမိလေးလက်ထဲမှာ ရှိနေသေးသည်ကို ပြန်တောင်းရန်ပင် သတိမရလိုက်တော့ဘဲ သူတာဝန် ယူရမည့်မြို့သို့ ထွက်ခွာလာခဲ့သည်။

အလုပ်ဝင်ခါဖြစ်၍ တာဝန်ကျေပွန်စေရန်၊ အလုပ်နားလည်စေရန်၊ ပတ်ဝန်းကျင်ကို ရောနှောနိုင်စေရန် ကြိုးစားနေရခြင်းဖြင့် မောင်မောင်မျိုးသည် သူမြတ်နိုးစုံမက် နှစ်သက်ချစ်ခင်လှ သောမေမေခင်ထံကိုပင် သွားရန်အခြေအနေက မရောက်နိုင်ဘဲ

ဖြစ်နေသည်။ လူမရောက်နိုင်ရန် ကောဟူ၍ မောင်မောင်မျိုးက စာရေးမေးမြန်းရန်လည်း စိတ်မကူးချေ။

"ငါအသေအချာ ပြောထားခဲ့သားပဲ၊ သူကလဲ ကံတရားစီမံရာလို့ ပြောလိုက်တယ်၊ စာမရေးဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်လောက်အောင်နေပြီးမှ သွားကြည့်မယ်၊ ငါ့ကိုသူစိတ်ထဲက စွဲလန်းနေရင် နှောင်ကြိုးကမ်းမဲ့တဲ့ အခြေအနေမှာပဲ တွေ့ရမှာ၊ သူ့လို အဖက်ဖက်က ပြည့်စုံပြီးသား မိန်းမတစ်ယောက်အဖို့ နှောင်ကြိုးချည်ချင်တဲ့သူတွေ ပေါပါတယ် ကံကောင်းရင်တော့ သူ့မေတ္တာကို ပိုင်ဆိုင်နိုင်ပါစေလို့သာ ဆုတောင်းရမှာပဲ"

မောင်မောင်မျိုးက မေမေခင်ကို သတိရ လွမ်းဆွတ်စွာဖြင့် ရေရွတ်တမ်းတမိသည်။ သူသည် မေမေခင်ကို ပြောခဲ့သော စကားအတိုင်း မေမေခင် အခြားသူရင်ခွင်ထဲ မရောက်သမျှ ကာလပတ်လုံး စွဲမြဲသော မေတ္တာဖြင့် သူချစ်နေမည်သာ ဖြစ်သည်။

"တကယ်လို့ ခင်တစ်ယောက် နှောင်ကြိုးငင်သူနဲ့ တွေ့သွားမှဖြင့် ငါ့ဘဝအဖို့ ပျော်ရွှင်ကြည်နူးစရာ တွေအားလုံး ဆိတ်သုဉ်းရတော့မယ်၊ ခင့်ကို ငါပိုင်ဆိုင်အောင် ကြိုးစားမယ်၊ အလုပ်တာဝန်ကလဲ တစ်ဖက်နဲ့ ငါဘာလုပ်ရပါမလဲ"

မောင်မောင်မျိုးသည် အလုပ်ကိစ္စမှလွဲလျှင် သူ့စိတ်ထဲမှာ မေမေခင်သာလျှင် ရှိနေသည်။ တပိန်ပိန် တလိန်လိန် စိုးရိမ် စိတ်ပူလျက်က မောင်မောင်မျိုးအဖို့ အလွန်အမင်း ဝမ်းသာစရာ

အကြောင်းက ပေါ်လာသည်။ ထိုအကြောင်းကား အလုပ်တာဝန် ထမ်းဆောင်၍ ရှစ်လခန့်ကြာမြင့်လာသော တစ်နေ့မှာ အလုပ်တာဝန်နှင့်ပတ်သက်၍ ရန်ကုန်သို့သွားရန် ကိစ္စကပေါ်လာသည်။ အကြောင်း

ပြစရာအလို၊ ခွင့်ယူရန်မလိုဘဲ တိုင်းယက်သည့် ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့်ဖြစ်သော မောင်မောင်မျိုးတစ်ယောက် ရန်ကုန်သို့ တက်သုတ်နှင့် ထွက်လာခဲ့သည်။

အလုပ်တာဝန်ကို ဦးစားပေးဆောင်ရွက်၍ ပြီးစီးသည်နှင့် တစ်ပြိုင်နက် ကံ့ကော်မြိုင်သို့ မျှော်လင့်ခြင်းကြီးစွာဖြင့် ရောက်လာခဲ့သည်။

မေမေခင်တို့ သူငယ်ချင်းသုံးယောက် ဆုံတွေ့နေကြ စနေနေ့နှင့် တနင်္ဂနွေနေ့ကိုရှောင်ပြီး ကြားရက်ညနေစောင်းမှာ လာခဲ့သည်။ ရတနာဆောင်သို့ မေးမြန်းစုံစမ်းကြည့်လိုက်လျှင်ပင် ခဲခဲယဉ်းယဉ်း မဖြစ်ဘဲ မေမေခင်ကို ချောချောမောမောပင် တွေ့လိုက်ရ၏။

"ခင် ကိုမျိုးကို မှတ်မိသေးရဲ့လား"

ယခင်ကထက်ပိုပြီးချစ်စရာ ကောင်းနေသည်ဟု သူ့စိတ်မှာထင်သော မေမေခင်ကို မောင်မောင်မျိုး ကမဝနိုင်သော ကြည့်ခြင်းဖြင့် တစိမ့်စိမ့်ကြည့်ရင်း မေးသည်။

"မှတ်မိပါတယ် ကိုမောင်မောင်မျိုး၊ ကြိုးကြိုးစားစား အပင်ပန်းခံပြီး ရောက်အောင်လာတာကို ခင်ကတော်တော်လေး အံ့ဩချီးကျူးမိပါတယ်ရှင်"

မေမေခင်က ဖော်ရွေစွာပင် ပြန်ပြောသည်။ သူပြောသည့်အတိုင်းပင် မေမေခင် စိတ်ထဲမှာ တော်တော်ပင် အံ့ဩမိ၏။ လွန်ခဲ့သောနှစ်က လူချင်းခွဲခါနီးတွင် မောင်မောင်မျိုး ပြောသွားသော စကားကို မမေ့သော်ငြားလည်း ယခုလိုစိတ်မပျက်ဘဲ ပြန်လာလိမ့်မည်ဟု မေမေခင်က မျှော်လင့် မထားချေ။ ယောကျာ်းတစ်ယောက်ပီပီ တွေ့သည်အခိုက်ချွဲနွဲ့၍တို့ပြန်သော မေတ္တာကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနေဝေးလျှင် သွေးအေးပြီး ပေ့ါပေ့ါဆဆ သဘောထားကာ မေ့ပျောက်သွားလိမ့်မည်ဟု ထင်ခဲ့၏။ ယခုမမျှော်လင့်ဘဲ ရောက်လာခြင်းဖြင့် သူပြောသွားသော စကားကို မြဲမြဲစွာထိန်းကြောင်း သိရသည်တွင် မေမေခင်စိတ်မှာ မောင်မောင်မျိုး စိတ်သဘော ထားခိုင်မာတည်ကြည်သူ တစ်ယောက် ဟု မှတ်ယူလိုက်၏။

"လာရမှာပေ့ါ ခင်ရယ်၊ ကိုမျိုး အခုအသက်အရွယ် ရောက်ခဲ့သည့်တိုင် ခင်ကလွဲပြီး ဘယ်မိန်းမ ကိုမှ စိတ်မကူး ခဲ့ဘူး၊ မချစ်ခဲ့ဘူး၊ ခင့်ကိုတော့ စိတ်ထဲမှာ သိပ်စွဲလမ်းမိတယ်၊ အလုပ်တာဝန်ကြောင့် မလာနိုင်ခဲ့တဲ့ အချိန်တွေမှာလေ ခင်တစ်ယောက် နှောင်ကြိုးငင်သူနဲ့များ တွေ့သွားလေပြီလား လို့ စိုးရိမ်ခဲ့ စိတ်ပူခဲ့ရပါတယ်၊ အခုလဲစိတ်ထဲမှာ စိုးရိမ်မှုမကင်းသေးဘူး၊ ခင်အနှောင်အဖွဲ့ မရှိသေးဘူး ဟုတ်လား"

သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း စိုးရိမ်ကြီးစွာ ပြောဆိုမေးမြန်းနေသော မောင်မောင်မျိုးကို မေမေခင်က သနားသလိုလို ရယ်ချင်သလိုလို ဖြစ်လာသည်။ တည်ငြိမ်သော မေမေခင်မျက်နှာမှာ ဝင်းလက်သော အပြုံးက လွှမ်းသွား၏။

ဤအပြုံးကြောင့်ပင် မောင်မောင်မျိုးက လန့်သွားရပြန်သည်။

"ခင့်အပြုံးက ဘယ်လိုလဲ၊ ကိုမျိုးနောက်ကျသွား လက်လွတ်သွားလို့ သရော်ပြုံး ပြုံးတလား၊ ကိုမျိုး ဝမ်းသာစေမယ့် အပြုံးလားဟင်"

မောင်မောင်မျိုးက မဝံ့မရဲ လေသံဖြင့် မေးသည်ကို မေမေခင်က ပြန်မဖြေသေးဘဲ ပြုံးရယ်လျက်က ပင်ပြန်မေးလိုက်၏။

"သြော်.............ကိုမောင်မောင်မျိုးက အလုပ်တာဝန်နဲ့ ဖြစ်နေပြီကိုး အခုခွင့်နဲ့လာတာလား"

"တာဝန်နဲ့လာတာ ခင်၊ ကိစ္စပြီးလို့ ခင့်ဆီမှာ စကားအေးအေး ပြောမယ်လို့လာတာ၊ ကိုမျိုးမေး တာ ဖြေစမ်းပါဦး ခင်..............."

"အခုအချိန်မှာတော့ ခင့်မှာစိတ်ကျဉ်းကျပ်စရာ ကောင်းတဲ့ နှောင်ကြိုးတစ်ပင်မှ မရှိးသေးပါဘူး"

တည်တည်ငြိမ်ငြိမ် ဖြေလိုက်သော မေမေခင့်စကားကြောင့် မောင်မောင်မျိုး မျက်နှာသည် ဝင်းလက် ကြည်လင်သွားသည်။

"ဒါဖြင့်............ဒါဖြင့်........ကိုမျိုးအတွက် မျှော်လင့်ချက်ပေးနိုင်မလား ခင်ရယ်....."

"စဉ်းစားပါဦးမယ် ကိုမောင်မောင်မျိုးရယ်"

မေမေခင်ထံမှ ဤစကားမျှ ရသည်ဆိုလျှင်ပင် မောင်မောင်မျိုးမှာ အလွန်အမင်း ဝမ်းသာသွားရှာ သည်။ နောင်ကြိုးတစ်ပင်မှ မရှိသေးသည့် လွတ်လပ်သော ဘဝဖြင့် သူ့ကိုစိတ်ကူးထဲသည့် စဉ်းစားပါမည် ဟူသောစကားသည်ပင် မောင်မောင်မျိုးကို အားသစ်လောင်းလိုက်ဘိသို့ အမောပြေ သွားရှာသည်။ အညှာခိုင်သော ကြွေရှင် ချို့ယွင်းချက် ကင်းစင်သူကလေးအား မောင်မောင်မျိုး၏ စိတ်တွင် ဆတက်ထမ်းပိုး တိုး၍သာမြတ်နိုးစုံမက်လာသည်၊ တန်ဖိုးထားလာသည်။

"ခင် ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ ခင်ရယ်"

"အခြေအနေအရပေါ့ ကိုမောင်မောင်၊ မြန်ဖို့ ဖြစ်လာရင်လဲ မြန်မြန်၊ နှေးဖို့ဖြစ်လာရင်လဲ နှေးနှေး၊ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ဆိုရင်လဲ"

မေမေခင်စကားမဆုံးမီ.........

"ဟာ....ခင်ရယ် ဘယ်လိုမှမဖြစ်နိုင် ဆိုတာတော့ မကြားပါရစေနဲ့၊ နှေးချင်နှေးပါစေ၊ ခင်ကသာ ကိုမျိုးမေတ္တာကို လက်ခံမယ်ဆိုရင် ဟိုအချုပ်တန်းဆရာဖေ ရေးတဲ့ တေးထပ်လို ကိုမျိုးနေနိုင်ပါ တယ်"

ဟုထိတ်ထိတ်ပျာပျာ မောင်မောင်မျိုးက တောင်းပန်ရှာသော အခါ မေမေခင်က ချစ်စရာအပြုံးဖြင့် ပြန်မေးသည်။

"အချုပ်တန်း ဆရာဖေ တေးထပ်က ဘယ်လိုဆိုထားပါလိမ့်"

မောင်မောင်မျိုးက ဝမ်းသာအားရ ပြန်ပြောသည်။

"တေးထပ်အစက.........သံသရာဆုံးအောင် စောင့်နိုင်ရဲ့၊ ဘုန်းမောင်မောင့်သက်ကို ပြုံးယောင် ယောင် မျက်နှာချိုရယ်၊ ပျက်မပြိုစတမ်းလို့ ချီထားပြီး၊ ဆုံးကာနီးမှာတော့ မင်းမမေ့ရက်ဘူးဆို လျှင် အသက်ကိုလျှော့စွန့်လို့ သေဝံ့ငဲ့ယုံလိုယုံပါ။ ဘုန်းခင်တွယ်တာ.......တဲ့၊ အဲဒီအတိုင်းပဲ ခင်ရေ၊ ကိုမျိုးရင် ခွဲပြလို့ရရင် ခွဲပြနိုင်ပါတယ်"

အားပါတရ အူလှိုက်သဲလှိုက် ပြောနေသော မောင်မောင်မျိုးကို မေမေခင်က ရယ်ချင်စိတ်ပျောက်ပြီး သနားစိတ်က ပိုလာသည်။ ထို့ကြောင့် မောင်မောင်မျိုး မျက်နှာကို ခပ်တွေတွေ စိုက်ကြည့် လိုက်၏။

"ကိုမျိုး မျှော်လင့်ချက် အကျိုးမဲ့တော့ မဖြစ်နိုင်ပါဘူး ခင်ရယ်နော်.........."

မေမေခင် အမူအရာကြောင့် မောင်မောင်မျိုးက အားတက်ဟန် ဖြင့်မေး၏။ မေမေခင်က မသိမသာ သက်ပြင်းချပြီး ပြောသည်။

"ခင်စဉ်းစားဖို့အခြေအနေ ဖြစ်လာရင်တော့ ကိုမောင်မောင်မျိုးကို ဦးဆုံးနေရာက ထားပြီး စဉ်းစားပါမယ်"

"တကယ်နော် ခင်"

"တကယ်ပါ"

"ဒီလိုဆိုရင် ကိုမျိုးစာလဲ မပြတ်ရေးမယ်၊ ရန်ကုန်လာစရာ အကြောင်းရှိလို့ ရောက်တိုင်း ခင့်ဆီကို ရောက်အောင်လာမယ်၊ ခင့်မှာကိုမျိုးနဲ့ ပတ်သက်တဲ့ အကူအညီ၊ ကိုမျိုးဆောင်ရွက်ပေးနိုင်တဲ့ ကိစ္စမျိုးပေါ်ပေါက်လာရင် အချိန်မရွေး အကြောင်းကြားနော် ခင်၊ ဟောဒီမှာ ကိုမျိုးရဲ့ လိပ်စာကတ် ကလေးခင့်ကို ပေးထားခဲ့မယ်"

တက်ကြွရွှန်လန်းသော လေသံဖြင့် ပြောရင်း မောင်မောင်မျိုးက သူ့အကျီအိတ်ထဲမှာ လိုလိုမယ် မယ်ဆောင်ထား လေ့ရှိသော သူ့နာမည်၊ ရာထူးအဆင့်၊ ရုံးလိပ်စာ၊ အိမ်လိပ်စာ ပြည့်ပြည့်စုံစုံ ရိုက်နှိပ် ထားသည့် ကတ်ပြားကလေးကို မေမေခင်က လက်လှမ်းယူပြီ......

"ကိုမောင်မောင်မျိုးကိုတော့ အားနာပါတယ်၊ ခြောက်နာရီ ထိုးတော့မယ်နော်"

ညင်သည်ထွက်ရန် ငါးမိနစ်မျှသာ လိုတော့သဖြင့် အဆောင်စည်းကမ်းကို မေမေခင်က သတိပေး လိုက်သည်။ မောင်မောင်မျိုးက သူ့လက်မှ လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"ဟုတ်တယ် ခင်၊ အချိန်စေ့နေပြီ၊ နက်ဖြန်စောစော ရထားနဲ့ပြန်ရမှာဖြစ်လို့ ကိုမျိုး မလာ နိုင်တော့ဘူး၊ ကဲ သွားမယ်နော် ခင်..."

မောင်မောင်မျိုး က မြတ်နိုးစုံမက်သော မျက်လုံးဖြင့် မေမေခင်ကို ရွှန်းရွှန်းစားစား စိုက်ကြည့် နှုတ်ဆက် ကာ ထွက်ခွာသွားသည်။

မေမေခင်သည် မောင်မောင်မျိုးကို မျက်စိအောက်မှ ပျောက်သွား သည်တိုင် ငေးမော့ကြည့် နေမိသည်။ သူ့စိတ်သည် မောင်မောင်မျိုးသို့ ညွှန့်နေပြီကို သူကိုယ်တိုင်ပင် သတိထားမိ သလို ရှိလာသည်။ မောင်မောင်မျိုး ပေးသွားသော နေရပ်လိပ်စာ ကတ်ပြားလေးကို တယုတယ ဆုပ်ကိုင်၍ သူ့အခန်းသို့ ပြန်လာရင်း စိတ်ထဲမှ..

"ငါ့ပေါ်မှာ သူတကယ် စွဲမြဲတဲ့ မေတ္တာ သစ္စာသာ ရှိမယ်ဆိုရင် အိမ်ထောက်ဘက်အဖြစ် ရွေးသင့်တဲ့ ယောကျ်ား တစ်ဦးပါပဲလေ" ဟု မဲဆန္ဒပေးသော အတွေးမျိုးကို တွေးလာခဲ့မိ သည်။

## (6)

ရှေ့ရေးနောက်ရေး မျှော်တွေးသောစိတ်၊ ဣန္ဒြေသိက္ခာကို စောင့်စည်းသောစိတ်ဖြင့် အခြေ အနေအရပဟူသော ဆုတ်သာတက်သာ စကားကို မောင်မောင်မျိုးအား ပြောခဲ့သော မေမေခင်သည် ယခု သူ ပြောခဲ့သည့် ကံစီမံရာတွေ အခြေအနေတွေကို မမျှော်လင့်ဘဲ တွေ့ကြုံလိုက်ရရှာလေပြီ။

မေမေခင်၏ ဖခင်သည် ကိစ္စတစ်ခုဖြင့် မန္တလေးသို့ သွားရာမှာ သောင်းကျန်းလက်ချက် ကြောင့် ရထားလမ်းပျက်၊ မီးရထားမှောက်ရာမှာ ပါဝင်သေဆုံးသွားရှာသည်။ ကျန်းမာရေး ဓာတ်ခံ မကောင်းသော မေမေခင်၏ မိခင်မှာ ခင်ပွန်းသည်စိတ်ကြောင့် အိပ်ရာပေါ်မှာ လဲခဲ့သည်။ ဒုတိယနှစ်စာမေးပွဲ ဖြေဆို အောင်မြင်ပြီးသော အခါဝယ် မေမေခင်သည် ကျောင်းပြန်မတက်နိုင်တော့ဘဲ၊ မိခင်ကိုသာ ပြုစု နေရတော့သည်။

သို့သော် မေမေခင်၏မိခင်သည် တစ်ဦးတည်းသော ချစ်မငြီးသည့် သမီး မေမေခင်ကို ပြောဆိုမှာကြားစရာရှိသမျှ စုံစေ့စွာ ပြောဆိုမှာကြားခြင်း၊ ပစ္စည်းဥစ္စာအားလုံးကို မကြွင်း မကျန် အပ်နှံခြင်း ကိစ္စများ ပြီးသောအခါ စိတ်ချသွားဟန် တူသည်။ သမီး မေမေခင်ကို ထားရစ်ခဲ့ကာ သူ့ခင်ပွန်းနောက်သို့ ကောက်ကောက် ပါအောင် လိုက်သွားရှာလေတော့၏။

တိုင်ပင်ဖော် တိုင်ပင်ဘက် မောင်မင်းဇင်နှင့် မြသွင်အေးတို့သည် မေမေခင် အပူသောက တွေ့နေချိန်မှာ ကျောင်းရက်ရှည်ပိတ်ချိန်နှင့် တိုက်ဆိုင်သည်အလျောက် သူတို့မိဘများထံ အကျိုးအကြောင်း ရေးသားခွင့်ပန်ကာ မေမေခင်ထံ လာရောက်နေထိုင်ရင်း အားပေးဖြေ သိမ့်ကြသည်။

မေမေခင်မှာ တစ်ဦးတည်းသော သမီးဖြစ်၍ ညီအစ်ကို မောင်နှမ အရင်းအချာ မရှိသော် လည်း မိခင်ဘက် ဖခင်ဘက် ဆွေမျိုးအရင်းအချာများ ရှိသေးသည်။ မိခင်ဘက်မှ ဦးလေးအရင်း တစ်ယောက်၊ အဒေါ်အရင်း တစ်ယောက်ရှိ၍၊ ဖခင်ဘက်မှ ဘကြီးအရင်းနှစ် ယောက်ကြသည်။ သို့သော ထိုဆွေမျိုးရင်း ချာတွေကား ပစ္စည်းဥစ္စာ နှင့် ပတ်သက်လာ လျှင် ထောက်ထား ငဲ့ညှာတတ်သူများ မဟုတ်ကြောင်း မေမေခင်က ရေးမဆွေကပင် သိခဲ့သည်။

ယခု မိမဲ့ဘမဲ့ အပူသောက တွေ့နေရှာသူ မေမေခင်ကို စိတ်ချမ်းသာအောင် ယုယဖြေသိမ့်မှု မပြုကြဘဲ၊ ဘူရောပစ္စည်းပါ သူတို့လက်ထဲ ရောကြလာရန် အလုအယက် ကြိုးစားမဲဆွယ်နေကြသည်။ ဤသည်ကို မောင်မင်;ဇင် နှင့် မြသွင်အေးက အသေအချာ မြင်နေတွေ့နေ ကြားနေရသည်။ ထို့ကြောင့် မမျိုသိပ် နိုင်သော မြသွင်အေးက တစ်နေ့အိမ်မှာ လူရှင်း၍ သူတို့ သူငယ်ချင်းသုံးယောက်တည်း ရှိနေခိုက်မှာ...

"ဟော့..ခင့် ဆွေတော်မျိုးတော်တွေက ဘယ်လိုဟာတွေလဲ၊ အတွင်းပစ္စည်းတွေ ဘယ် လောက်ရှိလဲ၊ ငွေသားတွေ ဘယ်လောက်ရှိလဲ၊ သူနဲ့နေမလား၊ ငါနဲ့နေမလား၊ ဒီအိမ်ပေါ် ပြောင်းတက်လာရမလား ဆိုတာတွေ မေးမြန်းနေကြတာက အပူသည်ကို အားပေးလိုစိတ် အဟုတ်ဘဲ ပစ္စည်းတွေ အပိုင် အုပ်ချင်တဲ့သဘောလို့ မြ ထင်တယ်၊ ခင့်အမျိုးတွေပြောလို့ မြကို စိတ်မဆိုးနဲ့နော်"

ဟု ပွင့်ပွင့်လင်းလင်း ပြောချသည်။ မေမေခင်က တစ်စုံတစ်ရာ ပြန်မပြောမီမှာ မောင်မင်း ဇင်က သူ့ထင်မြင်ချက်ကို ဖွင့်ဟ၏။

"မြ ပြောတာ ဖြစ်နိုင်တယ်၊ ခင့်ပစ္စည်းတွေရော၊ ဒီအိမ်ကြီးရော သူတို့လက်ထဲ အပ်ထားခဲ့၊ ခင် ကျောင်းပြန်နေဖို့ တိုက်တွန်းတဲ့စကားဟာမရိုးဘူး၊ ခင် စဉ်းစားကြည့်စမ်း၊ ပစ္စည်း တွေရော ငွေတွေရော ခင်က ဘဏ်မှာအပ်ထားမယ်၊ ကျောင်းပြန်တက်ပြီး အသုံးစရိတ် ဘဏ်က ထုတ်ယူမယ်လို့ ခင်စီစဉ်တာ ကို သူတို့ အပြင်းအထန် ကန့်ကွက်တယ်လေ၊ သူတို့လက်ထဲသာ အပ်ခဲ့၊ ခင့် အသုံးစရိတ် သူတို့ကြည့်စီစဉ်ပေးမယ်ဆိုတာ ခင်က ကလေးလား၊ အဲဒါ ခင့်ပစ္စည်း၊ ခင် သေသေချာချာ စဉ်းစားစီစဉ်၊ ကျွန်တော် တို့ကတော့ သူငယ်ချင်း ဝတ္တရားအတိုင်း စိတ်ထဲက မကောင်းလို့ သတိပေးမိတာပဲ ခင်"

မြသွင်အေးနှင့် မောင်မင်းဇင် စကားတွေကို မေမေခင်က မပယ်လှန်ချေ၊ သွေးသားအရင်း အချာသော ဘာသော မထောက်မညှာ၊ ပစ္စည်းချိုင်ဖို့လောက်သာ သဘောထားသော သူ့အမျိုးတွေအကြောင်းကို မေမေခင် ကိုယ်တိုင်ကလည်း သိထားပြီး ဖြစ်သည်။

"ကာလလူတွေက ယူတ်မာလာကြပြီ သမီး၊ ပြုထားတဲ့ ကျေးဇူးတရားကို ထောက်ထား တတ်သူလဲ ကွယ်ပြီ၊ သွေးသား အရင်းအချာရယ်လို့ ကြင်နာငဲ့ညှာစိတ်လဲ ကွယ်ပြီ၊ ကိုယ့် အမျိုးအဆွေ အချင်းချင်း တောင်မှ ကိုယ့်ထက်သာရင် မနာလို မရှုစိမ့်နိုင်ကြဘူး၊ သမီး မမေ့မလျော့ သတိပြုရမှာက လူချင်းသာ ဆွေမျိုးရင်းချာနော်..ပစ္စည်းက ဆွေမျိုးရင်း ချာ မဟုတ်ဘူး"

ဟု မိခင်ကြီး မကွယ်လွန်မီက ကကြာခဏ ပြောလေ့ပြောထရှိသော စကားကိုလည်း မေမေခင်က မမေ့ပေ။

မေမေခင်၏ ယခု အခြေအနေမှာ ပစ္စည်းဉစ္စာ မပိုင်စီလိုသော ဆွေမျိုးတွေကို ယုံစား၍ မဖြစ်တော့။ မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုး အခြေအနေမှာ ရောက်နေသည်။ သူငယ်ချင်း နဂါးယောက်က အခိုက်အတန့် အတူလားနေဖော်ရ၍ လတ်တလော အခြေအနေများ အားတက်ရသေးသည်။ စိတ်သက်သာရာရသေးသည်။ ကျောင်းဖွင့်၍ သူငယ်ချင်းနှစ်ယောက် ပြန်သွားလျှင် မေမေခင်အဖို့ မည်သို့နေမည်နည်း။

ငွေနှင့်အတွင်းပစ္စည်းတွေကို ဘယ်ဆွေမျိုးစကားမှ နားမထောင် ဘဲဘကျ်မှာ အပ်ထားလိုက် လျှင် ကိစ္စပြီးနိုင်သောလည်း ကျယ်ဝန်း သာယာသော ဥျခြံကြီးနှင့် လှပခံ့ညားသော ဥျ အိမ်ကြီးကို မည်သို့စီမံမည်နည်း။

အိမ်ငှား တင်ခဲ့လျှင်လည်း အိမ်ငှားက လခလည်းမပေး၊ ဖယ်ရှားပြောင်းရွှေ့ပေးခြင်းလည်း မရှိဘဲ အပိုင်စီးမည်။ ဆွေမျိုးတွေ တင်ခဲ့လျှင်လည်း မေမေခင် လိုချင်သည့်အချိန်မှာ ဖယ် ရှား ပြောင်းရွှေ့ပေးခြင်း မလုပ်ဘဲ ဖွတ်ပေနေလျှင် မေမေခင် ဘာတတ်နိုင်မည်နည်း။ ရောင်းချပစ်ရမည်ကလည်း လောဘသားတို့ ထုံးစံအတိုင်း တန်ရာတန်ဖိုး မပေးဘဲ မတန် တဆ ဈေးနှိမ်ပေးမည်။ တန်ရာတန်ဖိုးရ၍ ရောင်းသည် ထားဦးတော့ အိမ်ကြီးတစ်ခုလုံးမှာ မွမ်းမံပြင်ဆင်ထားသည့် အဖိုးတန် အိမ်ထောင်ပရိဘောဂ ပစ္စည်း အသုံးဆောင်တွေကို သယ်ထုတ်ပြီး ဘယ်နေရာမှာ သွားထားမည်နည်း။ မိဘနှစ်ပါး အမြတ်တနိုး ကို ကွယ်ပူ ဇော်ရာ ဘုရားကျောင်းဆောင်နှင့် ဘိုဘွားများ၏ အကြီးချဲ့ထားသည့် ဓာတ်ပုံကြီးတွေကို ထားသိုနိုင် စရာကပင် တောတော တာဝန်ကြီးနေပေသည်။

မေမေခင်သည် ကြောင်းကြောင်းတွေကိုတွေးကာ ထမင်းပင်မစား နိုင်အောင် ဖြစ်နေသည်။ ထို့ကြောင့် မောင်မင်းဇင်နှင့်

မြသွင်အေးတို့က ကိုယ်တိုင်စျေးသွားကြသည်။ မီးဖိုထဲ ကိုယ်တိုင်ဝင်ကြသည်။ မေမေခင် ခံတွင်းတွေ့ရာတွေ့ကြောင်း စားကောင်းသောက်ဖွယ် ကို သူတို့တတ်သရွေ့ မှတ်သရွေ့ ကြိုးစားချက်ပြုတ်ကာ မေမေခင်ကို တယုတယကျွေး ကြသည်။

မေမေခင်မသည် သူ့အပေါ်မှာ ကြီးမားသော သံယောဇဉ်ဖြင့် ခင်တွယ်ပြုစုကြသော သူငယ်ချင်းနှစ်ယောက်ကို ကျေးဇူးတင်လှသည်။ ကျေးဇူးတင်သည်နှင့်အမျှပင် ခင်မင်အား ကိုးရှာသည်။ သို့သော် ဤသူငယ်ချင်းနှစ်ယောက်က သူ့ထံပါးမှာ မခွဲမခွာ တစ်သက်လုံး နေနိုင်မည်မဟုတ်ချေ။

သူတို့ပညာရေးက ရှိသေးသည်။ ကျောင်းသားဘဝမှာသာ ကျောင်းပိတ်ချိန် လာနေနိုင်သည်ဖြစ်၍ ပညာပြည့်စုံပြီး ကိုယ့်တာဝန်ကိုယ်ယူကာ အလုပ် အကိုင် တာဝန်သတ္တရားနှင့် ဖြစ်လာသောအခါ၌ မြသွင်အေးရော မောင်မင်းဇင်ပါ မေမေခင်ထံသို့ ညအိပ်ညနေ မဆိုထားဘိ၊ နေ့ချင်းပြန် အလည်အပတ် ရောက်ရန်ပင် အလွန့်အလွန် ခဲယဉ်းပေတော့မည်။ တာဝန်ရှိရာ မည်သည့်ဒေသသို့ ရောက်မည်ကို မ တွေးတတ်နိုင်ချေ။

ဤသို့ဖြင့်ပင် လွမ်းတစ်ခါ ဆွေးတစ်လှည့်ဖြင့် ငေးငိုင်တွေဝေ မျက်ရည်စမ်းစမ်း ဖြစ်နေရှာသော မေမေခင်ကို ဖြေသိမ့်ယုယ အားပေးရင်း မြသွင်အေးနှင့် မောင်မင်းဇင်တို့ နေလာခဲ့ကြသည်မှာ

တစ်ရက်ပြီးတစ်ရက် ကုန်လွန်၍ တက္ကသိုလ်တွေ ပြန်ဖွင့်ချိန်ပင် ရောက်လာခဲ့သည်။

"သူငယ်ချင်း.. တို့နှစ်ယောက်လုံး ကျောင်းပြန်သွားရတော့မယ် သူငယ်ချင်း ဘဝရေ့ရေးကို ဘယ်လိုဆုံးဖြတ်ထားလဲ ခင်ရယ်.."

မြသွင်အေးက စိတ်မကောင်းစွာမေးသည်။

"ခင် စိတ်ချမ်းသာမယ် ထင်တာကို ပြောပါ၊ ဘယ်လို စီစဉ်ချင်လဲ.. ကျွန်တော်နဲ့ မြက ကိုယ့်အစွမ်းအစရှိသမျှ အတတ်နိုင်ဆုံး ကူညီမယ်"

မောင်မင်းဇင်က အားပေးသည်။

မေမေခင်သည် ရုတ်တရက် စကားမပြန်ဘဲ စဉ်းစားဟန်ဖြင့် ငြိမ်နေသည်. သူငယ်ချင်းနှစ် ယောက်က နေမဖြစ်သော ပညာရေးကြောင့် သူ့ကိုခွဲကာ ပြန်ကြတော့မည့်အတွက် မေမေခင်မှာ များစွာ အားငယ်ဝမ်းနည်းမိရှာသည်။ သူငယ်ချင်း နှစ်ယောက်က မည်မျှပင် သူ့ကို သံယောဇဉ်တွယ်သည်၊ ချစ်သည်ဆိုသော်လည်း မေမေခင်ကို တစ်သက်တာလုံး ရင်အုပ်မကွာ စောင့်ရှောက်နိုင်မည် မဟုတ်ကြောင်း မေမေခင်က စဉ်းစားမိ၏။ ထို့ကြောင့် သူ့စိတ်ထဲမှာ ရှိသည်များကို မေမေခင်က စဉ်းစားမိ၏။ ထို့ကြောင့်

"ကိုမင်းဇင်နဲ့ မြကို ခင် အသိပေး တိုင်ပင်စရာ ရှိနေပါတယ်၊ သင့်တော်တယ် မသင့်တော် ဘူး ဆိုတာကို အားမနာဘဲ အကြံပေးကြစမ်းပါ"

"အေး... ပြောသာပြော ခင်" ဟူသော စကားနှင့်

"ဘာမှ မထိမ်ချန်နဲ့ ခင်ရေ့..."

ဟူသော စကားနှစ်ခွန်းကို မောင်မင်းဇင်နှင့် မြတို့က ပြိုင်တူ ပြောလိုက်ကြသည်။

ထိုအခါ မေမေခင်က မောင်မောင်မျိုးနှင့် သူ၏ ဆက်ဆံရေးကို မချွင်းမချန် အမှန်အတိုင်း ခရေစေ့တွင်းကျ ပြောပြလိုက်သည်။ ပြော၍ဆုံးသောအခါ...

"ခင့် အနေနဲ့ အားကိုးအားထားရှိမှ ဖြစ်တော့မယ်လို့ ယူဆမိတယ်၊ ဒါကြောင့် ကိုမောင်မောင်မျိုး မေတ္တာကို လက်ခံပြီး အားကိုးအားထား ပြုလိုက်ရရင် သင့်တော် လေမလားလို့ စဉ်းစားမိတာပဲ၊ ခင့်ကို အားမနာဘဲ ပြောသင့်တာကို ပြောကြပါ" ဟု ဆန္ဒတောင်းခံလိုက်၏။

"နောက်ပိုင်း ဆွေမျိုးဇယား ရှုပ်စရာ မရှိတော့ပါဘူး၊ ကျွန်တော်စုံစမ်းသိရသလောက် ဒီလူ မှာ ချို့ယွင်းချက် မရှိခဲ့တာတော့ အမှန်ပါပဲ၊ အခုနောက်ပိုင်း ကျောင်းထွက်ပြီးမှတော့ မသိဘူးလေ၊ ဒါပေမဲ့ ခင့်ဆီကိုလာတွေ့ပြီး ပြောဆိုသွားပုံတွေ ထောက်တော့ သူ့မေတ္တာ ရောသစ္စာရော တည်တံ့စွဲမြဲပုံ ရပါတယ်၊ မြ ဘယ်လိုသဘောရလဲ"

မေမေခင် ပြောပြသည်များကို သေသေချာချာ နားထောင်နေရာမှ မောင်မင်းဇင်က စတင်ပြောကြားကာ မြသွင်အေးကို မေးသည်။

"ပညာရော အလုပ်ရော ပြည့်စုံပြီးသား လူတစ်ယောက်ပဲ၊ သူကသာ သစ္စာရှိရှိ ချစ်တယ်ဆို ရင် ခင့်အနေနဲ့ အားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ စောင့်ရှောက်ကာကွယ်မှုကို လိုအပ်တဲ့အချိန် ဖြစ်နေပြီ၊ ရှေ့က မားမားမတ်မတ် ရပ်တည်နိုင်တဲ့ လင်ယောကျ်ားရှိနေရင် ခင့်ကို ဘယ်သူကမှ နိုင်ထက်စီးနင်း လုပ်ဝံ့မယ် မဟုတ်တော့ဘူးနော် မောင်.."

မြသွင်အေးက စဉ်းစဉ်းစားစား ပြောရာမှ မောင်မင်းဇင်ကို လှည့်ပြီးတိုင်တည်သည်။ မောင်မင်းဇင်က ထောက်ခံသော အထိမ်းအမှတ်ဖြင့် ဦးခေါင်းညိတ်သည်။

"ခင့်မိဘတွေ ဆုံးစဉ်က သူ လာသလား"

မောင်မင်းဇင်က မေး၏။

"သူ့အလုပ်တာဝန်က ခွင့်ယူမဖြစ်လို့ မလာနိုင်ကြောင်း၊ သတင်းစာထဲမှာ တွေ့ရလို့ စိတ်မကောင်းကြောင်း၊ လာနိုင်အောင် ကြိုးစားမယ့်အကြောင်း၊ သူ့ဘက်က မပျက်မကွက် သစ္စာရှိပါမယ်၊ ခင်ကသာ အားကိုးပြုမယ်လို့ ဆုံးဖြတ်ရင် သူ အမြဲ အဆင်သင့်ဖြစ်ကြောင်း တော စာရေးတာ သုံးစောင်ရှိပြီ၊ ခင် စာတစ်စောင်တော့ ပြန်လိုက်ပါတယ်၊ စာကတော့ ခင်သိက္ခာကိုထိမ်းပြီး ရိုးရိုးပဲ ရေးလိုက်ပါတယ်၊ ခင် ကျောင်းပြန်မသွားဘဲ အိမ်မှာပဲ ရှိနေတဲ့ အကြောင်းပေါ့"

မေမေခင် ပြောနေစဉ်မှာ စာတစ်စောင် ရောက်လာသည်။ မေမေခင်က ဖွင့်ဖတ်ပြီး သူငယ် ချင်းနှစ်ယောက်ကို ပြောပြ၏။

"ကိုမောင်မောင်မျိုးဆီက စာပဲ၊ ပြောရင်းဆိုရင်း ရောက်လာတယ်၊ သူ အလုပ်စဝင်ကထဲက တစ်ခါမှ ခွင့်မယူခဲ့လို့ အခု ခွင့်တစ်လ ရတယ်တဲ့၊ ရှေ့လဆန်း တစ်ရက်ကစပြီး ခွင့်ရလို့ သူ လာခဲ့မယ်တဲ့၊ လဆန်းနှစ်ရက်နေ့ အရောက်လာမယ်လို့ စာထဲ ရေးထားတယ်"

မေမေခင် စကားကြောင့် မြသွင်အေးက နံရံမှာ ချိတ်ထားသော ပြက္ခဒိန်ကို မော်ကြည့်သည်။ ထို့နောက် စိတ်သက်သာဟန်ဖြင့် ပြော၏။

"မြတို့က လမကုန်ခင် နှစ်ရက်က ကြိုပြန်ကြရမယ်ဆိုတော့ သန်ဘက်ခါ ပြန်မယ်၊ မြတို့ ပြန်သွားပြီး သုံးလေးရက်အတွင်းမှာ မောင်မောင်မျိုးက ရောက်လာမယ်ဆိုတော့ ခင့်အဖို့ လူဆက် အဖော်ရသွားတာပေါ့၊ မြ စိတ်သက်သာသွားတာ အမှန်ပဲ ခင်ရယ်၊ ခင်တစ်ယောက်ထဲ ဖြစ်နေခဲ့ရမှာ မြဖြင့် တွေးလေ စိတ်မကောင်းလေပဲ၊ သူကသာသစ္စာရှိ တယ်ဆိုရင် ခင် အားကိုးထိုက်ပါကွယ်"

ထိုအခါ မောင်မင်းဇင်က ပြောသည်။

"ဒီလူကို ခင် အားကိုးတော့မယ်လို့ စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးရင် ရက်ဆွဲမနေနဲ့ လက်ထပ်လိုက် ကြားလား ခင်.. ယောက်ျားဆိုတာမျိုးက လူသိရင်ကြား လက်မထပ်မီမှာ

သူတို့ဘက်ပါလာတာ ရက်ကြာတော့ စိတ်ပြောင်းသွားတတ်တယ်၊ ပေါ့ပေါ့ဆဆ သဘော ထားပြီး ရှောင်သွားတတ်တယ်၊ အဲဒီတော့ မယူဘူးလို့ စိတ်ကူးရင် အိမ်မှာရက်ရှည် ညအိပ် လက်မခံနဲ့၊ ယူမယ်လို့ ဆုံးဖြတ်ရင် အမြန်ဆုံးလက်ထပ်လိုက်"

သူငယ်ချင်း ဆိုသော်လည်း နမသားချင်းလို ဖြစ်နေသည်ကြောင့် မောင်မင်းဇင်က အရှည် မျှော်တွေးကာ ပူပန်ကြောင့်ကြစွာ မှာကြားသည်။ မောင်မင်းဇင် ဘာသဘောနှင့် ဤသို့ မှာကြားသည်ကို မေမေခင်က နားလည်သည်။

"စိတ်ချပါ ကိုမင်းဇင်၊ ခင် ဒါလောက် မမိုက်ပါဘူး၊ ကိုမင်းဇင်မှာကြားတာ နားထောင် ဆောင်ရွက်ပါမယ်"

မေမေခင်က သနားစဖွယ် ကျိုးနွံနာခံရှာသည်။

"ဒီမှာ ခင်၊ အခု အိမ်မှာ အဖော်နေတဲ့ မိန်းကလေးက ဆွေမျိုးထဲကလား၊ ငှားထားတာ လား"

မြသွင်အေးက မေးသည်။

"ဆွေမျိုးမဟုတ်ဘူး မြ၊ မေမေ မဆုံးခင်က ငှားထားတာ၊ တစ်လလေးဆယ် ပေးရတယ်၊ အဝတ်အစား တာဝန်ယူရတယ်"

မြသွင်အေးက မေးသည်။

"အေး အဲဒီမိန်းကလေး မထွက်စေနဲ့၊ လခကို တိုးပေးလိုက်၊ အဆင်မပြေရင် ဒီမိန်းကလေး ပဲ တိုးတိုးဖော်ထားရမှာ၊ အကျိုးအကြောင်းကို မြတို့ဆီ စာမပြတ်ရေးနော်၊ မြတို့လဲ ကျောင်းပိတ်ရက်ရရင် အဆင်ပြေအောင် စီစဉ်ပြီး လာခဲ့ကြဦးမယ်.. "

"ခင် သတိတော့ လက်မလွှတ်စေနဲ့၊ တံခါးကိုတော့ အမြဲပိတ်ထား၊ ဆွေမျိုးသော လူစိမ်း သော သံသယဖြစ်ရင် ဖွင့်မပေးနဲ့ ကြားလား"

မြသွင်အေးနှင့် မောင်မင်းဇင်တို့က မေမေခင်ကို စိတ်မချသည့်အလျောက် ပြောဆို မှာ ကြားနေကြ သည်ကို မေမေခင်သည် သူငယ်ချင်းနှစ်ယောက်အား ကျေးဇူးတင် အားကိုစွာ ကြည့်ရင်း စီးကျလာသော မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သိမ်းနေရှာသည်။

မြသွင်အေးက မေမေခင်နှင့် ရောပြီး မျက်ရည်ကျသည်။ မောင်မင်းဇင်က မကြည့်ရက်သ ဖြင့် ညိုမှိုင်းသော မျက်နှာဖြင့် ပြတင်းပေါက်ကို မျက်နှာမူကာ ပြာသော မိုးကောင်းကင်မှာ အဆုပ်လိုက် ရွေ့လျားနေသော တိမ်ဖြူတွေကို အဓိပ္ပါယ်မရှိ စိုက်ကြည့်နေသည်။ မောင်မင်းဇင်နှင့် မြသွင်အေးတို့ နှစ်ယောက်လုံး၏ စိတ်ထဲမှာကား မေမေခင်၏ဘဝ အစစ အရာရာ အဆင်ပြေ၍ စိတ်ချမ်းသာမှု ဖြစ်ပါစေဟု မတိုင်ပင်ဘဲ ပြိုင်တူ ဆုတောင်းနေမိ ကြသည်။

မောင်မောင်မျိုးသည် အားကိုးအားထား ပြုထိုက်သော ယောကျ်ားတစ်ယောက်ဖြစ်၍ သူ ကိုယ်တိုင်ကပင် စိတ်ညှိုတ်နေမိရာတွင် အားကိုးရာမဲ့ စိတ်ငယ်ဝမ်းနည်းနေရသော အခြေ အနေမှာ တည်ကြည် သော ကတိ၊ စွဲမြဲသော မေတ္တာ၊ ခိုင်ခန့်သော သစ္စာဖြင့် သူ့ထံပါးသို့ရောက်လာသော မောင်မောင်မျိုးကို မြင်ရသောအခါ မေမေခင်သည် ပုထုဇဉ် လူသားတို့ စိတ်ထားအတိုင်း မောင်မောင်မျိုးရှေ့မှာ မျက်ရည်ကျ မိသည်။

အသက်တမျှ ချစ်ခင်စွဲလမ်းရသူကလေးက ယခု သနားစဖွယ် အခြေအနေမှာ မျက်ရည်ကျ သည်ကို မြင်ရသည်တွင် မောင်မောင်မျိုးသည် ကြီးမားသော ကြင်နာမှုဖြင့် ယုယကြင်နာစွာ ဖက်ပြီး လက်ကိုင်ပဝါဖြင့် မျက်ရည် တွေ သုတ်မိလျက်သား ဖြစ်နေသည်။

ထို့နောက်မှ မေမေခင်က မောင်မောင်မျိုး လက်ထဲမှ ရုန်းထွက်ပြီး ဆိုဖာပေါ်မှာထိုင်ကာ မျက်ရည်ကို သိမ်းလိုက်သည်။ မောင်မောင်မျိုးက မေမေခင် အနားမှာ ကပ်ထိုင်ပြီး မိခင်ကြီး ကွယ်လွန်သည့် သတင်းနှင့် နေရေးထိုင်ရေးကို မေးမြန်းသောအခါ မေမေခင် သည် သူ့စိတ်ထဲမှာ အပြုအမူ ညီမျှစွာ ကျင့်သုံး၍ စွဲမြဲသော မေတ္တာဖြင့် ချစ်ကြင်နာသော မောင်မောင်မျိုးကို စိတ်ညှိုတ်နေမိရာတွင်၊ ယခုလို အပူသောက တွေ့နေချိန်မှာ သူ့ဘဝ အဖို့ လုံးခြုံသော အကာအကွယ် ပေးနိုင်မည့်

အခြေအနေ၊ သူ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်နိုင်မည့် အခြေအနေဖြင့် သူ့ထံပါးကို မြတ်နိုးကြင်နာ ယုယစွာဖြင့် ရောက်လာသောအခါ သူ့ဘဝပေး အခြေအနေအရ အားကိုးပါတော့မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်ရကား၊ မေမေခင်သည် သူ ကြုံတွေ့နေရသော အခက်အခဲကို မကွယ်မဝှက်တော့ဘဲ မျက်ရည်စမ်းစမ်းဖြင့် သနားစဖွယ် ပြောပြရှာသည်။

နဂိုကပင် ကြီးမားသောမေတ္တာဖြင့် စွဲစွဲလမ်းလမ်း ချစ်လာခဲ့သော မောင်မောင်မျိုးသည် မေမေခင်၏ ကြုံတွေ့နေရသော အခြေအနေကို မျက်မြင်ကိုယ်တွေ့ ကြားနေ မြင်နေရ သောအခါ မေမေခင်အပေါ်မှာ ဆတက်ပိုးတိုး၍ ချစ်မိ သနားမိတော့သည်။ မောင်မောင်မျိုးက သူ့စိတ်ဆန္ဒကို ပွင့်လင်းစွာပင် ထုတ်ဖော် ပြောလိုက်သည်။

"ဆွေရယ် မျိုးရယ်လို့မှ အားမကိုးရတဲ့ လူတွေအနားမှာ ခင် တွယ်ကပ်နေလို့ ဘာအကျိုး ရှိမှာလဲ၊ ကိုမျိုးကို ခင် လက်ထပ်ပါ၊ ဒီအိမ်ရာ အိမ်ထောင်ပရိဘောဂတွေရော ဈေးဆွဲမနေ နဲ့၊ ဝယ်သူရှိရင် အားလုံးရောင်း၊ ရန်ကုန်မှာ ခင် သဘောကျတဲ့ ဘဏ်တိုက်တစ်ခုမှာ အားလုံးခင့်နာမည်နဲ့ အပ်ထားလိုက်၊ ခင်က ကိုမျိုးနဲ့ လိုက်နေပြီပဲ၊ နေထိုင်ရေးစား သောက် ဝတ်ဆင်ရေး ဘာပူစရာလိုတော့လဲ၊ ခင့် ဘဝအဖို့ အေးချမ်းလုံခြုံမယ့်နည်းဟာ ကိုမျိုး စီစဉ်တဲ့နည်းပဲ ရှိတယ်နော် ခင်.. "

မောင်မောင်မျိုး၏ ပြောဆိုစီစဉ်ချက်က လမ်းမှန်ကြောင်း မေမေခင် သိသည်။ မောင်မောင် မျိုး၏ မေတ္တာနှင့် သစ္စာကလည်း ယုံမှားဖွယ်မရှိအောင်ပင် ခိုင်ခန့်မြဲမြံသည်ကို လက်တွေ့ ဖြစ်နေသည်။ ချစ်လှစွာသော သူငယ်ချင်းနစ်ယောက်ကလည်း မောင်မောင်မျိုး၏ မေတ္တာနှင့် သစ္စာကို ယုံကြည် စိတ်ချရလျှင် လက်ခံစေလိုသော ဆန္ဒကို ထုတ်ပြောသွားခဲ့ ကြသည်။ မေမေခင် ကိုယ်တိုင်ကလည်း မောင်မောင်မျိုးကို ယိမ်းယိုင်တိမ်းညွတ်သော စိတ်ဖြင့် တစ်သက်တာအဖို့ အားကိုးပါတော့မည်ဟု စိတ်ကိုဆုံးဖြတ်ထားပြီးဖြစ်၍ မောင် မောင်မျိုး စီစဉ်သည့်အတိုင်း လိုက်နာမည်သာ ဖြစ်သည်။ သို့သော် ပတ်ဝန်းကျင်ကိုငဲ့ သော လူ့သဘာဝအတိုင်း မေမေခင်က ရုတ်တရက် စကားမပြန်ဘဲ စဉ်းစားနေသည်။

"ဘယ်လိုလဲ ခင်၊ ကိုမျိုး အစီအစဉ်ကို လက်မခံနိုင်ဘူးလား"

ငြိမ်သက်တိတ်ဆိတ်နေသော မေမေခင် မျက်နှာကို မောင်မောင်မျိုးက စိုးရိမ်ကြီးစွာ ကြည့် ပြီးမေးသည်။ ရှင့်ကို လက်မထပ်နိုင်ဘူးလို့ ပြောလိုက်ရင် ခက်ရချေရဲ့ဟု ရင်ပူစွာ တွေးနေသည်။ မေမေခင် တိတ်ဆိတ် ငြိမ်သက်နေရာမှ မောင်မောင်မျိုး မျက်နှာကို မော် ကြည့်ပြီး

"ကိုမျိုး အစီအစဉ်ကို ခင် လက်ခံနိုင်ပါတယ်၊ ဒါပေမဲ့.. "

မေမေခင် စကားမဆုံးမီ..

"လက်ခံတယ်..ဟုတ်လား ခင် တကယ်လား.. "

ဟု မောင်မောင်မျိုးက ဝမ်းသာသောစိတ် မယုံမရဲစိတ်ဖြင့် အဆောတလျင် ဖြတ်မေးသည်။

"တကယ်ပါ..ဒါပေမဲ့.. "

မေမေခင်က ညင်သာ သိမ်မွေ့သောအသံဖြင့် သူ့စကားကို ထပ်မံ အတည်ပြုပြောသည်။

"လက်ခံတယ်ဆိုပြီး ဒါပေမဲ့ကြီးက ဘာသဘောလဲ ခင်ရယ်၊ ရှင်းရှင်းပြောစမ်းပါ"

" လက်ခံတယ်.. ဒါပေမဲ့ ရှင့်နောက် မလိုက်နိုင်သေးဘူးလို့ ပြောမလား၊ လက်ထပ်ဖို့ ဆိုင်း ပါဦးလို့ ပြောမလား.. "ဟု မောင်မောင်မျိုးက တွေးသည်။ မေမေခင်က သူ့ ဒါပေမဲ့ကို ရှင်းပြ၏။

"ခင် ပြောတဲ့ ဒါပေမဲ့က မေမေ ဆုံးတာမှ တစ်လကျော်ကျော်လေးရှိသေးတယ်၊ လင်က ယောကျ်ား ယူလိုက်တော့ ပတ်ဝန်းကျင်အမြင်မှာ မိဘ သေမှ စိတ်လွတ် ကိုယ်လွတ် ထင် ရာလုပ်နိုင်တော့ အမေ သေနောက်ကျတယ်လို့ ထင်တဲ့ မိန်းမအမျိုးအစားထဲချပြီး ကဲ့ရဲ့ဝေဖန်လေမလားလို့ တွေးနေမိပါတယ် ကိုမျိုးရယ်၊ အဲဒါ ခင်ရဲ့ ဒါပေမဲ့စကား ဆိုလိုရင်းပါ.. "

မေမေခင် နှုတ်မှ ကိုမျိုးဟု ပြောင်းလဲသုံးနှုန်းသည်ကို ကြားလိုက်ရသောအခါ၊ မောင်မောင် မျိုး၏ ဝမ်းမြောက်မှုကား

အတိုင်းအဆမရှိဖြစ်သွားးတော့သည်။ သူသည် သူ အသက်တမျှ ချစ်သော မေမေခင်၏ နှုတ်မှ ကိုမျိုးဟု ခေါ်သံကြားလိုသည်မှာ ကြာပေပြီ။ ဘယ်အခါ ခေါ်ပါမည်လဲဟု ကြီးစွာသော မျှော်လင့်ချက်ဖြင့် တောင့်တင့်လင့် စောင့်မျှော်နေခဲ့နေပါ မည်နည်း။ မောင်မောင်မျိုး၏ အသံသည်ပင် လန်းဆန်းရွှင်ကြည်လာသည်။ ပေါ့ပါးသွက် လက်လာသည်။

"ဩော်.. ခင်က ပတ်ဝန်းကျင် ကဲ့ရဲ့ဝေဖန်မှာ စိုးရိမ်နေတာလား"

"ဟုတ်တယ် ကိုမျိုးရယ်.. မေမေဆုံးပြီး တစ်လကျော်လောက်မှာ ယောကျ်ားယူတယ်ဆို တော့.. "

မေမေခင်က စကားအစမသပ်ဘဲ ဖြတ်ထားသောအခါ မောင်မောင်မျိုးက ဆက်ပြောသည်။

"ခင့်မှာ အခုလက်ငင်း တွေ့ကြုံနေရတဲ့ အဆင်မပြေမှုတွေ၊ စိတ်ဆင်းရဲမှုတွေ၊ အားကိုးရာမဲ့ မှုတွေကို ခင် ကြောက်ရွံ့စိုးရိမ်နေတဲ့ ပတ်ဝန်းကျင် လူတွေက ဘယ်လိုအကူအညီမျိုး လာ ပေးနိုင်ကြလဲ၊ သူတို့က လိုလေသေးမရှိအောင် ဝိုင်းအုံပြီး ဖြေရှင်းပေးကြ၊ ကူညီပေးကြ၊ အကာအကွယ်ပေးကြရက်နဲ့ ခင်က ယောကျ်ားယူမယ်ဆိုရင် သူတို့ ဝေဖန်ကဲ့ရဲ့မှာကို စိုးရိမ်သင့်တယ်၊ ကြောက်ရွံ့သင့်တယ်၊ အခု ဘယ်သူ့အကူအညီမှ မရလို့ ကိုယ့်ပြဿနာ ကို အဆင်ပြေအောင် ကိုယ်ဘာသာ

အပြစ်ကင်းတဲ့နည်းနဲ့ ဖြေရှင်း တာပဲ၊ သူတို့ကို ကြောက်ရွံ့ စိုးရိမ်စရာလား ခင်ရဲ့"

မောင်မောင်မျိုး ပြောစကားက မှန်နေ၍ မေမေခင်က ငြိမ်ပြီး နားထောင်နေသည်။ မေမေခင် နားဝင်မှန်သိသော မောင်မောင်မျိုးက ဆက်ပြော၏။

"ခင့်မေမေ ဆုံးသွားတာ တစ်လကျော်ကျော်လေးပဲ ရှိသေးလို့ ခင့်အပူတွေ အဆွေးတွေ အရှိန်တက် နေဆဲ ဆိုတာလဲ ကိုမျိုး သိပါတယ် ခင်ရယ်။အရိပ်ခိုရာ ကျေးဇူးရှင် မိဘတွေ ဆုံးလို့ ခံစားရတဲ့ ပူဆွေး သောကကို ကိုမျိုးတို့ကိုကိုယ်တိုင်လဲ ကြုံခဲ့ရလို့ ခင် ဖြစ်ပုံကို ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ခင့်အဖို့ ကူညီသူ ကာကွယ်သူမရှိဘဲ ပူနေ ဆွေးနေ ပတ်ဝန်းကျင်ကို စိုးရွံ့နေလို့ ခင့်မေမေ ပြန်မရှင် လာနိုင်တော့ပါဘူး၊ သွားသူက သူ့ကံအ လျောက် သွားပြီ၊ ကျန်ရစ်သူက ကိုယ်အသက်ရှင် နေထိုင်ရမယ့် လူ့ဘဝ အချိန်ကာလ ကလေးမှာ ဘေးကင်းရန်ကင်း အေးအေးချမ်းချမ်း နေသွားနိုင်ဖို့ အရေးကြီးတယ်ဆိုတာလဲ ခင် စဉ်းစားမိမှာပေါ့၊ ကိုမျိုး ပြောတာတွေ သဘောပေါက်ကဲ့လား ခင်"

"နားလည် ပါတယ် ကိုမျိုး"

"အဲဒီတော့ ခင့်စိတ်ကို နိုင်အောင် ဆုံးဖြတ်ပါ၊ ကိုမျိုး ခွင့်ရခဲ့တာ တစ်လထဲပဲ ခင်ရေ၊ ခင် စိတ်မနိုင်သေးလို့ လက်မထပ်သေးဘူး ဆိုရင်လဲ ကိုမျိုး စောင့်ရုံပေါ့၊ ခင် သူများရင်ခွင်ထဲ မရောက်သမျှ

သစ္စာရှိရှိ ကိုမျိုး စောင့်မယ်ဆိုတာတော့ ခင် ယုံပါလို့ ထပ်လောင်း ကတိပြုပါ တယ် ခင်ရယ်"

မောင်မောင်မျိုး စကားကို စူးစိုက်နားထောင်နေသော မေမေခင်သည် သဘာဝကျသော မောင်မောင်မျိုး စကားကို အကြွင်းမဲ့ လက်ခံသည်။ လင်ငင်းတွေ့ကြုံနေရသော အခြေ အနေနှင့် သူငယ်ချင်း နှစ်ယောက်၏ သတိပေး မှာကြားချက်တွေကိုပါ အပြန်အလှန် စဉ်းစားသည်။ ထို့နောက် စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ကာ ပြတ်ပြတ်သားသားပင် အဖြေပေးလိုက်သည်။

"ကောင်းပါပြီ ကိုမျိုး တစ်ယောက်ထဲနေလို့ မဖြစ်တဲ့ အခြေအနေ ကြုံလာမှ ခင့်တစ်သက် တာ အားကိုးစရာ ကိုမျိုး တစ်ယောက်ပဲလို့ ခင် သတ်မှတ်လိုက်ပါပြီ၊ ကိုမျိုးကို ခင် လက်ထပ်ပါတော့မယ်"

"တကယ်နော်..ခင်"

မောင်မောင်မျိုးက ဝမ်းသာစွာ မေးသည်။

"တကယ်ပါ ကိုမျိုး"

မေမေခင်က တည်ငြိမ်စွာ ဖြေ၏

"ခင် ဘယ်တော့ လက်ထပ်ချင်လဲ၊ လက်ထပ် အခမ်းအနားကို ဘယ်လိုစီစဉ်ချင်လဲ၊ ခင် စိတ်ချမ်းသာသလို ဖြစ်စေရပါမယ် ခင်၊ စိတ်ထဲရှိတာ ပြောသာပြောပါ"

မောင်မောင်မျိုးက အားပါးတရ ဆိုသည်။

"ကြီးကြီးကျယ်ကျယ် ချဲ့ထွင်မလုပ်ချင်တော့ပါဘူး ကိုမျိုးရယ်၊ မေမေတို့ကို ခင် ပိုပြီးလွမ်း မိမှာ"

"အေလေ.. ခင် သဘောကျလုပ်ပါ"

"ဖေဖေနဲ့ ကျောင်းနေဘက် အငြိမ်းစား တရားသူကြီးတစ်ယောက် ဒီမြို့မှာရှိတယ် ကိုမျိုး၊ အဲဒီ တရားသူကြီးရယ်၊ ဝတ်လုံတော်ရကြီးတစ်ဦးရယ်၊ တရိုတသေ အသိပေးသင့်တဲ့ လူကြီးလူကောင်း ဆယ်ယောက် လောက် အိမ်ကိုပင့် ကျွေးမွေး ကန်တော့ပြီး စာချုပ်မှာ လက်မှတ်ထိုး လက်ထပ် လိုက်ကြတာ ပေါ့နော်၊ ဒီအိမ်ကြီးနဲ့က မယူနိုင်တဲ့ အိမ်ထောင်ပရိ ဘောဂတွေကိုပါ ဖေဖေ့ သူငယ်ချင်း တရားသူကြီးထံမှာ အပ်ထားခဲ့မယ်၊ ဝယ်သူရှိရင် ရောင်းပေးဖို့ပေါ့၊ ခင်ကတော့ သျှောင်နောက် ဆံထုံးပါရတော့မှာပေါ့ ကိုမျိုး"

မေမေခင်သည် ပြောရင်းပင် အသံတွေတုန်လာကာ မျက်ရည်ကျရှာသည်။ မေမေခင် အနေဖြင့် ငယ်စဉ် တောင်ကျေး ကလေးဘဝမှစပြီး မိဘများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေလာခဲ့သော ဤဝင်းခြံ ဤအိမ် ဤဇာတိရပ်ရွာကို အပြီးအပိုင် ခွဲခွာရတော့မည်ဖြစ်ရာ အကြောင်းကြောင်းတွေ တွေးပြီး ပူဆွေးသောကဖြင့် မျက်ရည်ကျရှာပေသည်ဟု စဉ်းစားမိ သော မောင်မောင်မျိုးက မေမေခင်ကို သနား ကြင်နာစွာ ဖြင့် ယုယကိုက်ထွေး အားပေးဖြေ သိမ့်ရှာသည်။

မေမေခင်အဖို့ တစ်သက်တာ အားကိုးခင်တွယ်စရာကား.. မောင်မောင်မျိုးသာ ဖြစ်ပေ တော့သည်။

မေမေခင်သည် သူ့အခြေအနေ အရပ်ရပ်ကို စုံစေ့စွာ စာရေးပြီး ချစ်လှသော သူငယ်ချင်း နှစ်ယောက်ထံသို့ ပို့ပေးလိုက်သည်။

မောင်မောင်မျိုး တာဝန်ယူ အမှုထမ်းရာမြို့သို့ လင်ယောကျ်ားကို မယားဝတ္တရား ကျေပွန်စွာ ကျိုးကျိုးနွံနွံ ပြုစုလုပ်ကိုင်ပေးရာသည်။ မောင်မောင်မျိုးအနေဖြင့် နှစ်ရှည်လ များ ဖွဲကြီးကြီးဖြင့် စောင့်စားမျှော်လင့်ကာ စွဲမြဲချစ်ခင်လာရသူ မေမေခင်ကို ကြင်နာသည်၊ ယုယသည်၊ ညှာတာသည်၊ ခင်ယောကျ်ားမှလွဲ၍ အားကိုးရာ မရှိသူကလေး ဟူသောစိတ် ဖြင့် မေမေခင် စိတ်တိုင်းကျဖြစ်အောင်သာ လိုက်လျော ခဲ့သည်ဖြစ်ရာ အတုင်အဖောက်ညီ သော၊ အပေးအယူမျှသော၊ တစ်ယောက်သဘောကို တစ်ယောက် က လိုက်လျောညီထွေ ကျင့်တတ်ပေသေ မောင်မောင်မျိုးနှင့် မေမေခင်တို့ ဇနီးမောင်နှံ၏ အိမ်ထောင်ရေးကား အေးချမ်းသာယာလှပေသည်။

မောင်မောင်မျိုးသည် မေမေခင်နှင့် သူ လက်ထပ်သည့်အကြောင်း၊ မေမေခင်၏ အဆင့်အ တန်း အခြေအနေ အားလုံးကို အစ်ကိုဖြစ်သူကို အောင်စိုးနှင့် မရီးတော် မိမိလေးတို့ထံ စုံလင်စွာ စာရေးကြောင်းကြားပြီး ဖြစ်သည်။ အစ်ကိုနှင့် မရီးထံမှ

အလုပ်တာဝန်များပြား၍ ခွင့်ယူရန် ကစ္စ အဆင်မပြေသည့်အတွက် မလာနိုင်ကြောင်း၊ ညီနှင့် ညီမတို့က လာနိုင် အောင် ကြိုးစားသင့်ကြောင်း စာပြန်ရေးလိုက်သည်။

မောင်မောင်မျိုး အနေဖြင့် ခွင့်ရရန် အဆင်မပြေသည့်အတွက် အစ်ကိုနှင့် မရီးထံ ဆွေပြမျိုး ပြ မသွားနိုင်ချေ။ ညီအစ်ကိုချင်း စာဖြင့်သာ ဆက်သွယ်နေခဲ့ရသည်မှာ တစ်နှစ်နီးပါး ကြာခဲ့ သည်။ တစ်နေ့တွင် ကိုအောင်စိုးထံမှ စာရောက်လေ၏။

သူ့အဖို့ ရှမ်းပြည်နယ်တောင်ပိုင်း တာချီလိတ်သို့ ပြောင်းရွှေ့ရန် အမိန့်ရောက်လာသည် ဖြစ်ရာ ညီငယ်နှင့် ခရီးဝေးစွာ ခွဲခွာရမည်ဖြစ်၍၊ သူတို့မပြောင်းရွှေ့မီ လာရောက်တွေ့ဆုံ ရန် ခွင့်ရအောင် ကြိုးစာလားစေလိုကြောင်း စာရောက်လာသည်။ ထိုစာကို မောင်မောင်မျိုး က မေမေခင်ကို ပြသည်။ ခွင့်ရအောင်ကြိုးစားပြီး သွားမည်ဖြစ်ကြောင်း၊ အဆင်သင့်ပြင် ထားစေလိုကြောင်း ကြိုတင် အသိပေး လိုက်၏။

မေမေခင်သည် သူ တစ်ကြိမ်မှ မမြင်ဘူးသေးသော လင်ဘက်မှအမျိုးကို တွေ့ရမည်ဖြစ်၍ ဝမ်းသာနေသည်။ ညီအစ်ကိုချင်း တစ်ယောက်ကိုတစ်ယောက် မည်မျှ ချစ်ခင်ကြင်နာပုံ တွေ မရီးတော် မိမိလေး မည်မျှချောမောလှပကြောင်း သွက်လက် ချက်ချာ၍ မည်မျှ ခင်မင်နစ်လို ဖွယ်ကောင်းကြောင်း၊ မတ်ကို မတ်ဟူ၍

သဘောမထားဘဲ မောင်အရင်းတစ်ယောက် ကဲ့သို့ ကြင်နာကြောင်း၊ ကိုအောင်စိုးနှင့် မိမိလေးသည် သူတို့ ညီလေး ညီငယ် မောင်ငယ် ဖြစ်သည့် မောင်မောင်မျိုး၏ဇနီး မေမေခင်ကိုတွေ့လျှင် ညီငယ်နှင့် ပတ်သက်၍ ချစ်ခင် ကြင်နာမည်သာ ဖြစ်ကြောင်း၊ ကိုအောင်စိုးနှင့်မိမိလေးတို့ မည်ရွေ့မည်မျှ သဘောထား ကြီးမား မြင့်မြတ်ကြောင်းတွေကို မောင်မောင်မျိုးက အလိုင်းတကြီး ချီးကျူးပြောဆိုသည်ကို ကြားရသောအခါ မိဘဆွေမျိုး ကင်းမဲ့ရှာသူ မေမေခင်သည် သတင်းစကား ကြားရုံမျှဖြင့်ပင် နှစ်သိမ့် ဝမ်းသာနေရှာသည်။

"ငါ့ဘက်က အရင်းအချာ ညီအစ်ကို မောင်နှမ တစ်ယောက်မှမရှိပေမယ့် ကိုမျိုးဘက်က အစ်ကိုရင်း မရီးရင်း ရှိနေတာကိုက တော်တော်အားကိုးလောက်နေပြီ၊ ငါတို့မှာ ချစ်စရာ၊ အားကိုးစရာ ဒါပဲရှိနေတော့ ငါကလဲ လင့်ဘက်ကတော်တဲ့ အမျိုးလို့ သဘောမထားဘဲ ငါ့သွေးသားတွေလို ချစ်မယ် အားကိုးမယ်"

မေမေခင်က သူ့အတွေး သူ့ယူဆချက်ဖြင့် စိတ်ကူးယဉ်ကာ ကြည်နူးနေသည်။ ခရီးသွားဖို့ အတွက် တက်တက်ကြွကြွ ပြင်ဆင်သည်။ ကိုအောင်စိုးနှင့် မိမိလေးတို့အတွက် လက် ဆောင်ပေးရန် သူတို့ကြိုက်တတ်သော ပစ္စည်းကို မောင်မောင်မျိုး ထံမှာ မေးပြီး ဝယ်ယူ ပြင်ဆင်ထားသည်။

ဆောင်ရွက်ဖွယ်ကိစ္စ အားလုံးပြီးသောအခါ မောင်မောင်မျိုးနှင့် မေမေခင်တို့ အစ်ကိုနှင့် မရီးရှိရာ ခရီး ထွက် ခဲ့ကြ၏။

ရထားပေါ်တွင် လိုက်လာခဲ့ရသော ခရီးလမ်းတစ်လျှောက်လုံး မောင်မောင်မျိုးသည် သူ့ အစ်ကိုနှင့် သူ့မရီးအကြောင်း ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်လာသည်။

"ဒီနေရောက်မယ်ဆိုတာ ကိုမျိုး ကြိုတင်အကြောင်းကြားထားရဲ့လား"

မေမေခင်က မေးသည်။

"အကြောင်းမကြားဘဲ ရှိမလားခင်၊ ညီအစ်ကိုချင်း မတွေ့ရတာကြာပြီပဲ။ ဒါကြောင့် ဘူတာရုံ ကို အစ်ကိုရော မမမိရော လာနိုင်အောင် ရုံးပိတ်ရက်နဲ့ချိန်ပြီး ခရီးထွက်ခဲ့တာပဲ။ ဒီနေ့ တနင်္ဂနွေနေ့လေ၊ ဘူတာရုံကို သူတို့ လာကြပါလိမ့်မယ်"

မောင်မောင်မျိုးက အာသွက်လျှာသွက် ဖြေသည်။

ဇနီးမောင်နှံနှစ်ယောက် ကြည်နူးစွာ ဆွေအကြောင်း မျိုးအကြောင်း ပြောကြဆိုကြ၊ စိတ်ကူး ယဉ်ကြရင်းနှင့်ပင် ကိုအောင်စိုး ရှိရာမြို့သို့ ရောက်လာသည်။

"ခင်ရေ ပါလာတဲ့ ပစ္စည်းလေးတွေ မေ့ကျန်ရစ်ဦးမယ်၊ သေသေချာချာစု၊ ကိုမျိုး ရထား အောက်ဆင်းပြီး စောင့်ယူမယ်၊ ခင်က ပြတင်းပေါက်က ချပေနော်"

ဘူတာထဲတွင် ကြိုသူ ပို့သူတွေ ခရီးသည် အတက်အဆင်းတွေဖြင့် ရှုပ်ယှက်ခတ်ဖြစ်နေ ရာ ကိုအောင်စိုးနှင့် မိမိလေးတို့ လာကြိုသလား၊ မကြိုဘူလားဟူ၍ ဂရုစိုက် မကြည့်နိုင် အားတော့ပေ။ ရထားရပ်သည့် အခိုက်အတန့်လေးမှာ ပစ္စည်းရော လူပါ မပျောက်ဆုံး ဘူတာမှာဆင်းဖို့ အရေးကြီး သည့်အလျောက် မောင်မောင်မျိုးနှင့် မေမေခင်တို့ သွက်လက်လျင်မြန်စွာ ပစ္စည်းတွေ ချကြရသည်။ ရပ်တန့်သည့် မိနစ်စေ့၍ ဘူတာထဲမှ ရထားကြီး ထွက်သွားသည်။

ပို့သူတွေ ခရီးသည်တွေ ရှင်းသွားသည်။ မျှော်လင်းခြင်းကြီး စွာဖြင့် ကြည့်လိုက်သော မောင်မောင်မျိုး၏ မျက်လုံးထဲတွင် သူ့အစ်ကို သူ့မရီး၏ အရိပ်အယောင်ကိုပင် မမြင်ရချေ။

"ဘယ်သူမှ မလာဘူလား ကိုမျိုး"

မေမေခင်က မေးသောအခါ မောင်မောင်မျိုးက မျက်နှာပျက်ပျက်ဖြင့် မေမေခင် အမေးကို မဖြေဘဲ..

"ကိုယ့်ပစ္စည်း ကိုယ်ယူ"

ဟု တိုတိုပြတ်ပြတ်ပြောကာ သူကိုယ်တိုင်က လက်ဆွဲသေတ္တာကြီးကိုဆွဲယူပြီး ခြေလှမ်း ကြဲကြီးဖြင့် ဘူတာထဲ မှ ထွက်သွားသည်။ မေမေခင်သည် ရုတ်တရက် ပြောင်းလဲသွားသော မောင်မောင်မျိုး အမူအရာကို အံ့အားသင့်လျက်က မနေသာတော့ဘဲ တိုလီပိုလီထည့်ထား သော လက်ဆွဲအိတ်နှင့် အစ်ကိုနှင့် မရီးအတွက်

လက်ဆောင်ပစ္စည်းများ ထည့်လာသော ခြင်းကို အားစိုက်ဆွဲကာ မောင်မောင်မျိုး ထွက်သွားရာနောက်သို့ မီအောင် လိုက်ခဲ့ရသည်။

ဘူတာ အပြင်ဘက်တွင် မော်ငမောင်မျိုးက အငှားကားတစ်စီးကို ငှားပြီး ပစ္စည်းတွေ တင်ကြသည်။ ထို့နောက် သူတို့တက်ပြီး နေသားတကျဖြစ်သောအခါ မောင်မောင်မျိုးက သူ့အစ်ကို နေထိုင်ရာ အိမ်လိပ်စာအတိုင်း အငှားကားကို မောင်းစေသည်။ ကိုအောင်စိုး နေထိုင်ရာအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါ၏။ အိမ်က တံခါးတွေ ဖွင့်ထားသည်။ လူသူအရိပ်အယောင် မမြင်ရချေ။

မောင်မောင်မျိုး စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။ ပြောင်းသွားနှင့်ကြလေပြီလားဟု တွေးလိုက်မိ၏။ သို့သော် ပစ္စည်းတွေက ပြောင်းရွှေ့ရန်အတွက် ထုပ်ပိုးထားသည်များကို တွေ့မြင်နေရသည်။ ရထားချိန် အမှတ်မှားပြီး ဘူတာအသွား လမ်းမှာလွဲလေသလားဟု မောင်မောင်မျိုးက တွေးရင်း..

"ခဏနေဦး"

ဟု မေမေခင်ကို လှည့်ပြောကာ အိမ်ပေါ်သို့ အသာအယာ တက်သွားသည်။ အိမ်ရှေ့တွင် လူတစ်ယောက်မှ မတွေ့ချေ။ နောက်ဖေးသို့ဝင်သွားသောအခါ အိမ်သာခန်းနှင့်တူသော တံခါးတစ်ချပ် ပွင့်လာပြီး ကိုအောင်စိုး ထွက်လာသည်။

"ကိုကို..ကိုကို"

မောင်မောင်မျိုးက ဝမ်းသာအားရခေါ်ကာ အစ်ကိုဖြစ်သူကို ပြေးဖက်လိုက်သည်။

"ဟင် ညီလေး ရောက်လာပြီနော်"

ကိုအောင်စိုးက ဝမ်းသာစွာပြောရင်း ပြန်ဖက်လိုက်၏။

"ဘူတာကို လာမလားလို့ ကျွန်တော်တို့ စောင့်ကြည့်နေသေးတယ်၊ မတွေ့တာနဲ့ အငှား ကားခေါ်ပြီး လာခဲ့ကြတာ ကိုကို.. မမမိရော"

"မင်း မမမိ ကစ္စရှိလို့ မြို့ထဲသွားတယ်၊ ကိုကိုကလဲ ဝမ်းနှုတ်ဆေးစားထားမိလို့ကွဲ့၊ ညီလေး တစ်ယောက် ထဲလား"

"ကိုကို့ ခယ်မ ပါတယ်၊ ကျွန်တော် သွားခေါ်လိုက်ဦးမယ်"

မောင်မောင်မျိုးက ပြောပြီး လှည့်ဆင်းသွားသည်။ ထို့နောက် ပစ္စည်းတွေနှင့် မေမေခင် အိမ်ပေါ် ရောက်လာသည့် အချိန်တွင်ကား ကိုအောင်စိုးသည် ရေချိုးခန်းထဲမှာ ရေချိုးနေ သည်။

"မမမိက ကိစ္စရှိလို့ မြို့ထဲသွားနေတယ်၊ ကိုကိုက ရေချိုးနေတယ်၊ ခင် ကိုယ့်ဘာသာကိုယ် ပဲ ကြည့်ထိုင်တော့"

မောင်မောင်မျိုးက ပေါ့ပေါ့ဆဆ ပြောပြီး၊ ကုလားထိုင်တစ်လုံးကို ဆွဲထိုင်လိုက်သည်။

အိမ်ရှေ့ခန်းတွင် ပစ္စည်းတွေ အထုပ်အပိုးတွေ ပြန့်ကျဲနေပြီး ကုလားထိုင် လေးငါးလုံးနှင့် စားပွဲတစ်လုံးရှိသည်။ ယခုမှ ဧည့်သည်အဖြစ် ရောက်လာသော မေမေခင်သည် အိမ်ရှင် တွေက ခရီးဦးကြိုခြင်းလည်းမရှိ၊ နေရာလည်းမပေး၊ ခင်ပွန်းဖြစ်သူကလည်း ပေါ့ပေါ့ဆဆ ပြောပြီး သူ့ဘာသာ ကုလားထိုင်တစ်လုံးကို ဆွဲထိုင်လိုက်သောအခါ တစ်ယောက်ထဲ ဘယ်နေရာ ထိုင်ရမှန်းမသိဘဲ ကြောင်းအမ်းအမ်း ဖြစ်သွားသည်။

အိမ်ရှင်တွေ အထုပ်အပိုး နှင့် ရောကုန်မည်စိုး၍ သူ့ပစ္စည်းလေးတွေကို ခပ်ရှင်းရှင်း ထောင့်တစ်ခုမှာ စုပုံထားပြီး ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ခပ်ကုပ်ကုပ် ထိုင်နေလိုက်သည်။ ထိုင်ရာမှ ခင်ပွန်းသည် မောင်မောင်မျိုး မျက်နှာကို လှမ်းကြည့်လိုက်သည်။ မောင်မောင်မျိုးသည် မေမေခင်ကို မကြည့် တစ်ခုခုကို တွေးနေသလို အမူအရာမျိုး တွေ့ရသည်။ မောင်မောင်မျိုး၏ မျက်နှာ သည် ရထားပေါ်မှာ လာကြစဉ်က မျက်နှာမျိုးမဟုတ်တော့ကြောင့် မေမေခင်က သတိထား မိသော်လည်း..

ငါနဲ့ ဘာမှဖြစ်တာ မဟုတ်ဘူး၊ သူ့အစ်ကို သူ့မရီးကို မကျေနပ်တာများ ဖြစ်လေမလား ဟူသောအတွေးဖြင့် တွေဝေမပျက်သာ နေလိုက်သည်။

ရေမိုးသန့်စင်ပြီး အဝတ်အစားလဲပြီးသော ကိုအောင်စိုးက ခပ်တည်တည် အမူအရာ မျက်နှာထားဖြင့် ထွက်လာပြီး မေမေခင်

ရှိရာဘက်ကို မမြင်၍လား၊ ရောက်နေမှန်း ရှိနေမှန်း မသိ၍ပေလား၊ တမင်ပင်ပြုမူလေသလား မသိ။ ယောင်၍ပင် လှည့်မကြည့်ဘဲ ညီနှင့် မျက်နှာချင်းဆိုင်ထိုက်ကာ စကားပြောလိုက်သည်။

"အေးကွာ ကိုကိုကလဲ ဒီနေ့မှ ဝမ်းနှုတ်ဆေး စားထားလိုက်မိတယ် ညီလေးရာ၊ ဒါကြောင့် ညီလေးကို လာမကြိုနိုင်တာ"

ကိုအောင်စိုး ပြောစကားကို မေမေခင်က ပြတ်ပြတ်သားသား ကြားရသည်။ ညီလေးတို့ ဟူသောစကားကို သုံးလျှင် ခယ်မကိုပါ အသိအမှတ်ပြုရာ ကျမည်စိုး၍ ညီလေးဟူ၍သာ သုံးလေသလားဟု မေမေခင်က တွေးမိ၏။

"ဟိုမှာလေ ကိုကို့ညီမ"

မောင်မောင်မျိုးက မေမေခင်ရှိရာ မေးငေါ့ပြပြီး ကိုအောင်စိုးကို ပြောသည်။ ကိုအောင်စိုးက တစ်ချက်မျှ လှည့်ကြည့်၏။ ထို့နောက် ပြုံးရယ်ခြင်း၊ အသိအမှတ်ပြုခြင်း လက္ခဏာတွေ လုံးဝမရှိသော မျက်နှာကို မေမေခင်ထံမှ ပြန်လည်ရုပ်သိမ်းကာ ညီဖြစ်သူကိုသာလျှင် ဝမ်းသာရွှန်းလန်းစွာ မေးမြန်းပြောဆိုနေသည်။ ခယ်မဟူ၍ နှုတ်မဆက်သည်ထားဦး၊

အသိအမှတ်ပြုသည့် အရိပ်အယောင်ပင် မတွေ့ရချေ။

"ဟော့.. ခင် ကိုကိုတို့ဖို့ ယူလာတဲ့ လက်ဆောင်တွေ ထုပ်လေး... "

မောင်မောင်မျိုးက လှမ်းပြောသော လေသံသည် အစ်ကိုရှေ့မှာ ဖြစ်၍လား မသိ၊ နည်းနည်းတော့ မာသည်ဟု မေမေခင်က ထင်သည်။ သို့သော် လူစုံတက်စုံ မတွေ့သေး၊ အစအဆုံး မသိရသေးမီမှာ မေမေခင်က အပြစ်တင် မစောချင်ပေ။ ထို့ကြောင့် မေမေခင်က လက်ဆောင်ပစ္စည်းတွေ ထုတ်နေစဉ်မှာ ကိုအောင်စိုး အသံဖြင့်..

"မင်း မမမိ လာမှ မင်း မမမိကို ပေးပါစေ"

ဟုပြောသံကို ကြားလိုက်ရသည်။

"နေပါစေ ခင် မထုတ်နဲ့ဦး..မမမိ ပြန်လာမှ မမမိ လက်ကိုခင် ကိုယ်တိုင်ပဲ ပေးတော့"

အစ်ကိုလေသံကို တစ်သဝေမတိမ်း နင်းလိုက်သော မောင်မောင်မျိုး၏ ဟန့်တားချက် ကြောင့် မေမေခင်က ပစ္စည်းတွေ ပြန်ထည့်ပြီး မောင်မောင်မျိုးကို လှမ်းကြည့်သည်။

မောင်မောင်မျိုးက အကြည့်နှင့် ဆုံးသွားသောအခါ မေမေခင်က ရေသောက်လိုကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြလိုက်၏။ ခရီးပန်းပြီး ရောက်လာသောသူသည် အမောပြေ ရေအေးအေးလေးကို သောက်လိုက်ချင်သည်သာ ဖြစ်သည်။ မောင်မောင်မျိုးကမူ နောက် ဖေးဆောင်ဝင်စဉ်ကပင် သောက်ခဲ့ပြီးဖြစ်သည်။

"နောက်ဖေး ဝင်းသွား၊ ထမင်းစားခန်းနဲ့ မီးဖိုခန်းအကူးမှာ သောက်ရေအိုးရှိတယ်"

မောင်မောင်မျိုးက ပျာပျာသလဲ ယုယုယယ အမူအရာ မရှိဘဲ ဂရုမစိုက် လေသံမျိုးဖြင့် လှမ်းပြောကာ အစ်ကိုဖြစ်သူနှင့် စကားပြောမြဲတိုင်း ပြောနေသည်။ မေမေခင်သည် မောင်မောင်မျိုး ညွှန်သည့် အတိုင်း နောက်ဖေးဆောင် ဝင်လာခဲ့သည်။ ရေချပ်ကာ အားရပါးရ သောက်ပြီးမှ ထမင်းစားခန်းကိုရော မီးဖိုဆောင်ကိုရော လျှင်မြန်စွာ စူစမ်းကြည့် လိုက်၏။ မီးဖိုဆောင်ထဲတွင်ကား ချက်ပြုတ်စားသောက်သည့် အရိပ် လက္ခဏာ လုံးဝမ တွေ့ရချေ။ အိုးခွက်ပန်းကန် မရှိ၊

ပြောင်စင်နေသည်။ ထမင်းစားခန်း စားပွဲပေါ်တွင်ကား ထမင်းကျန်၊ ဟင်းကျန် အစအနတွေဖြင့် ပေကျံနေသော ဖက်ရွက်တွေ၊ စက္ကူတွေ ပွနေသည်။

"သြော်.. ပြောင်းရွှေ့ရတော့မှာဖြစ်လို့ အိုးခွက်ပန်းကန်တွေအားလုံး သိမ်းထားပြီး ဆိုင်က ဝယ်စားနေကြတာကိုး.. "

ဟု မေမေခင် သဘောပေါက်သွားသည်။ ထို့နောက် မေမေခင်သည် အိမ်သာခန်းဝင်ပြီး ပြန်ထွက်လာသောအခါ ခဲအို ကိုအောင်စိုးက တစ်ချက်မျှ မကြည့်သောလည်း ခင်ပွန်း မောင်မောင်မျိုးက လှမ်းပြောသည်။

"ခင် ကိုကိုတို့က ပြောင်ရွှေ့တော့မှာဖြစ်လို့ ဆိုင်က ထမင်းဟင်းပဲ ဝယ်စားနေကြတယ်၊ ညနေစာအတွက် တရုတ်ဟိုတယ်

ကောင်းကောင်းက အစားအစာ ကောင်းကောင်းပေါ့၊ အားလုံးအတွက် သွားဝယ်ချေ"

မေမေခင်သည် ရင်ထဲမှာ နင့်သွားသည်။ မျက်သွားသည်။ သူလိုအဆင့်အတန်းက မိန်မတစ်ယောက်ကို ဟိုတယ်ဆိုင်လွတ်ပြီး စားစရာဝယ်ခိုင်းသည်မှာ သင့် မသင့်၊ တော် မတော်ကိုပင် မောင်မောင်မျိုး မစဉ်းစား တတ်လေရော့သလား။ အစ်ကို၏ ညွှန်ကြားချက် ဖြစ်ကြောင်း မေမေခင်က ကောင်းကောင်း ရိပ်မိသည်။ လိုက်လာမိပြီးမှတော့ အချိုသပ်ရ ပေတော့မည်။

"ဒီမြို့ကို အခုမှ ခင် ရောက်ဖူးတာပဲ၊ ဘယ်ဟိုတယ်ကို ဘယ်လမ်းက သွားရမယ်ဆိုတာ ခင် မသိဘဲ ဘယ်လိုသွားဝယ်ရမှာလဲ"

မေမေခင်က စိတ်မကောင်းလျက်နှင့် စကားကို အသံမပျက်စေဘဲ ချိုချိုပင် ပြောသည်။

"ဟုတ်ပါတယ်..ခင် မသွားတတ်ဘူးဆိုတာ သိပါတယ်၊ ဟောဟိုအိမ်ရှေ့လမ်းဘေး သစ်ပင်ရိပ်မှာ ကစားနေတဲ့ သူငယ်လေးဟာ ကိုကို့ရုံးက မင်းစေရဲ့ သားကလေး၊ အဲဒီကောင်လေးကို ခေါ်သွား၊ သူသိတယ်"

မောင်မောင်မျိုးက ပြောပြောဆိုဆို လက်ညှိုးညွှန်ပြရာသို့ မေမေခင်က ကြည့်လိုက်သည်။ အသက် ကိုးနှစ် ခန့် ရှိမည်ဟု မေမေခင် မှန်းဆမိသော သူငယ်လေးကို တွေ့ရ၏။

"ဒီကလေးက ဆိုင်ကို သိနေမှပဲ၊ သူ့ကိုပဲ ဝယ်ခိုင်းလိုက်ပါလား ကိုမျိုးရယ်"

မေမေခင်က လျှောက်လဲသည်။

"မဟုတ်ဘူးလေ.. ခင် လိုက်သွားပါ။ မြို့ထဲမှာ သွားတတ်လာတတ် ဖြစ်သွားတာပေါ့၊ ဈေးတန်းတွေ ဆိုင်တွေကို ခင် ရောက်ဖူးအောင်လို့ တမင်သွားခိုင်းတာပါ ခင်ရယ်"

မေမေခင်က မငြင်းတော့ဘဲ ပိုက်ဆံအိတ်ကို ကိုင်လိုက်သည်။ ခြင်းထဲက အထုပ်တွေကို အပြင်ထုတ်ပြီး ခြင်းကို အားနေခိုက်မှာ ကိုအောင်စိုးက သူငယ်လေးကို လက်ခုပ်တီးပြီး ခေါ်၏။ သူငယ်လေး ရောက်လာသောအခါ မေမေခင်ကို လက်ညှိုးထိုးပြပြီး

"အဖော်လိုက်သွား.. ငါတို့ဝယ်စားနေကျ တရုတ် ဟိုတယ်တဆိုင်ကို ပြလိုက်"

ဟု အာဏာသံပါပါနှင့် အမိန့်ပေးသောအခါ သူငယ်လေးသည် ကိုအောင်စိုးကို မကြည့်ညိုသော မျက်နှာမျိုးဖြင့် ခပ်မှုန်မှုန် ခပ်မဲ့မဲ့ ကြည့်လိုက်သည်ကို မေမေခင်က သတိထားလိုက်မိသည်။

ဒီသူငယ်လေးကို ချော့မေးရင် ဒင်းတို့ လင်မယားအကြောင်း သိတန်သလောက် သိရမည် ဟူသောအကြံက လက်ခနဲ ဦးခေါင်းထဲ

ဝင်လာသောအခါ မေမေခင်သည် ပေါ့ပါးသွက် လက်သော ခြေလှမ်းဖြင့် သူငယ်လေးကိုခေါ်ကာ ထွက်လာခဲ့သည်။

လမ်းချိုးအကွယ်သို့ ရောက်သောအခါ သူငယ်လေးကို မေမေခင်က စကားစ၏။

"လာဟေ့ ကလေး.. ဟောဟိုဆိုင်မှာ မလိုင်မုန့်စားကြရအောင်၊ မင်းမလိုင်မုန့် ကြိုက်ကဲ့ လား၊ မကြိုက်ရင် စားချင်တဲ့မုန့်ပြော.. အဒေါ်ဝယ်ကျွေးမယ်"

ကလေး၏ မျက်နှာသည် ဝင်းလက်သွားသည်။

"မလိုင်မုန့် စားချင်တာပေါ့ အဒေါ်.. မလိုင်အစစ်နဲ့ လုပ်ထားတာ သိပ်ကောင်းတယ်လို့ ပြောတယ်၊ ဈေးကြီးတော့ ကျွန်တော်တို့ အစားနိုင်ဘူး၊ အဒေါ် အဟုတ်ဝယ်ကျွေးမှာလား"

ကလေးက ဝမ်းသာအားရ မေးသည်။

"အေး.. အဟုတ် ဝယ်ကျွေးမှာ၊ မင်းဝအောင်သာ စားကွဲ့"

မေမေခင်သည် ကလေး စားနိုင်သမျှ ရက်ရောစွာ ဝယ်ကျွေးသည်။ သူငယ်လေးသည် စားလိုက်လျက်နှင့် ဆင်းရဲချို့ငဲ့၍ မစားနိုင်ခဲ့သော မလိုင်မုန့်ကို ဝတ်ဝတ်ဖြင့် ဖိတွယ်သည်။ စားသောက်ပြီးသောအခါ မေမေခင်က စကားညှစ်လိုက်၏။

"အခုတင်က ဟိုဦးကြီးပြောတော့ ကလေးမျက်နှာ ဘာကြောင့် မဲ့ရွဲ့သွားရတာလဲကွဲ့"

အဖိုးတန် မလိုင်မုန့်တွေကို စိတ်ရှိလက်ရှိ စားထားရ၍ မေမေခင်ကို လိုလားနေသော ကလေးက မေးခွန်းနှင့်တန်ရုံ လိုအပ်သမျှ အဖြေကို မဟုတ်တော့ဘဲ သူ သိသမျှ လျှောက်ပြောလေတော့သည်။

"အလကား လူကြီး၊ ကျွန်တော်တို့ အဖေကိုဖြင့် နိုင်လိုက်တာ အိမ်မှာကို မနေရဘူး၊ အမြဲခေါ်ပြီး ထမင်းဟင်းချက်ခိုင်း အဝတ်လျှော်ခိုင်း၊ တံမြက်လှည်းခိုင်းနဲ့၊ သူ့မယား ဈေးသွားရင်လဲ နောက်က ခြင်းတောင်းကိုင် လိုက်ရတယ်၊ ခိုင်းသာ ခိုင်းတယ်..ပိုက်ဆံလဲ တစ်ပြားမှ မပေးဘူး၊ သဘောမကျရင် လင်မယား နှစ်ယောက်စလုံးက ကြိမ်းမောင်းကြ သေးတယ်၊ အခု သူတို့ ပြောင်းရမယ်လို့ အမိန့်ရောက်တဲ့နေ့ကစပြီး အဖေက သူတို့အိမ်ကိုလဲ မသွားတော့ဘူး၊ ဘာမှလဲ လုပ်မပေးတော့ဘူး၊ အဖေ့ကိုသာ နိုင်သာ၊ သူ့မယားကိုတော့ ကြောက်လိုက်ရတာ ပျာနေတာပဲ အဒေါ်ရဲ့"

သူငယ်လေး၏ စကားအရ သူ့အဖေရုံးစေကြီးသည် ကိုအောင်စိုး ပြောင်းရွှေ့မိန့် ရောက်သည့်နေ့ကစပြီး တော်လှန်ကာ ဩဇာမနာခံ တော့ကြောင်း ထင်ရှားနေသည်။ ထို့ကြောင့်ပင် ကိုအောင်စိုးတို့

လင်မယား ထမင်း ဟင်း မချက်တော့ဘဲ ဆိုင်က ဝယ်စားနေပုံရသည်ကြောင်း မေမေခင်က တွေးမိသည်။

"မင်းအဖေကို ခေါ်ခိုင်းနေတယ်ဆိုတော့ သူ့မိန်းမက ဘာမှ မလုပ်လို့လား"

မေမေခင်က မေးသည်။

"ဘာလုပ်မလဲဗျ၊ သူ့မိန်းမက ဖဲဝိုင်းရှိရာလိုက်ပြီး ဖဲပဲရိုက်နေတာ၊ တစ်ခါတလေများ တစ်ညလုံး အိမ်ပြန်မအိပ်ဘဲ ဖဲရိုက်တယ်လို့ အဖေပြောတယ်"

သူငယ်လေးစကား ကြားရသော မေမေခင်က သက်ပြင်းချမိ၏။

"တကယ့် မိန်းမကောင်းပါလား၊ သူ့မိန်းမအတွက် စိတ်မကြည်လင်လို့ ငါ့ကို စကားမပြော နှုတ်မဆက်တာ ထင်တယ်" ဟု မေမေခင်က ချိုသည်၊ ခါးသည် မသိရသေးသော ခံအိုကို ခွင့်လွှတ်သော အတွေးဖြင့် တွေးသည်။ သူငယ်လေးက ဆက်ပြော၏။

"အဖေက ပြောတယ်၊ တစ်ခါတုန်းက အဖေ အိမ်အောက်မှာ ရှိနေတာ မသိကြဘဲ သူတို့ ပြောနေသံ ကြားလာခဲ့တယ်တဲ့ ... ဖဲရှုံးလို့ ပစ္စည်းတွေ ပေါင်ထားတာ ပြန်မရွေးနိုင်တော့ ဘူး၊ အပြီးရောင်းပစ်မယ်၊ မောင်တစ်ခွန်းမှ ဝင်မပြောနဲ့၊ မောင့်ညီတော်မောင် ပစ္စည်းတွေ ပြန်တောင်းရင် မိဘာသာ ကြည့်လုပ်မယ်၊ မောင် ပါးစပ်မဟနဲ့နော် ...

လို့ ပြောတော့ သူ့ လင်က စကားတစ်ခွန်းမှ မထွက်ဝံ့ဘဲ တိတ်နေရတယ်တဲ့ အဒေါ်ရဲ့"

မောင့်ညီတော်မောင် ပစ္စည်းတွေ ပြန်တောင်းရင် မိဘာသာ ကြည့်လုပ်မယ် ဆိုသော စကားအရ မောင်မောင်မျိုး အပ်နှံထားခဲ့သော ပစ္စည်းများကား ဖဲရှုံး၍ ကုန်ပြီ၊ ပြန်ရရန် လမ်းမရှိတော့ဟု မမမေခင်က နားလည် လိုက်လေပြီ၊ မမေခင်ကို ချစ်မြတ်နိုးသော အားဖြင့် မောင်မောင်မျိုးက သူ အမွေရထားသော ပစ္စည်းတွေနှင့် ပတ်သက်ပြီး စုံလင်စွာ ဖွင့်ဟပြောခဲ့ဖူးသည်။ ပညာသင်စရိတ်အတွက် မည်သည့်ပစ္စည်းကိုရောင်းရာ မည်မျှသာရ ကြောင်း မရီးတော် စကားအတိုင်း မောင်မောင်မျိုး ပြန်ပြော သည်ကို ကြားခဲ့ရသော မမေခင်သည် ထိုစဉ်အခါကပင် မောင်မောင်မျိုး ပစ္စည်းတွေကို ကိုအောင်စိုး နှင့် မိမိလေး တို့ ကလိမ်ကျ ယူနေကြကြောင်း စဉ်းစားမိ သဘောပေါက်မိသော်လည်း မောင်မောင်မျိုး ဘက်က အမွေရထားသော ပစ္စည်းကို မောင်မောင်မျိုးက သူ့အစ်ကိုရင်း မရီးရင်းထံမှာ စိတ်ချယုံကြည်စွာ အပ်နှံ ထားခဲ့သည့် ကိစ္စဖြစ်၍ မမေခင်သည် ဘာမှ ပြောဆို ဝေဖန်ခြင်း မပြုခဲ့ချေ။

ယခု သူတို့လာခဲ့ကြသည်မှာ ဝေးကွာသော ဒေသသို့ ပြောင်းရွှေ့ကြမည့် အစ်ကိုနှင့် မရီးကို တွေ့မြင်လို၍ တစ်ကြောင်း၊ မောင်မောင်မျိုးအနေဖြင့် အပ်နှံထားခဲ့သော ပစ္စည်းများ ပြန် တောင်းယူရန်တစ်ကြောင်း ထွက်လာခဲ့ခြင်းကြောင့် ဖြစ်သည်။ ယခု

သူငယ်လေး စကား အရဆိုသော် ... မောင်မောင်မျိုး ပစ္စည်းများကာ မျှော်လင့်ချက် မရှိတော့ပြီ။

"မုန့်ဝရဲ့လား ကလေး ... စားဦးမလား"

မေမေခင်က မေးသောအခါ သူငယ်လေးက ဖြေ၏။

"ကျွန်တော်ကတော့ ဝပြီ၊ ကျွန်တော့်ညီလေးဖို့ နည်းနည်းဝယ်ပေးပါ"

"အေး ... အေး ... ဝယ်ပေးမယ်"

မေမေခင် ပြောပြီး မုန့်မှာနေစဉ်မှာ ကျေးဇူးတင်လွန်းနေသော သူငယ်လေးက ဆက်ပြော ၏။

"အခု သူ့မိန်းမ အိမ်မှာ မရှိဘူး၊ နေ့တိုင်း မရှိဘူး၊ ဒီအချိန်ဆို ဖဲရိုက်နေပြီဗျ" မေမေခင် က ဘာမှ ထပ်မမေးတော့ပေ မုန့်ထုပ်ကို သူငယ်လေး လက်ထဲထည့်ပြီး သူတို့ညွှန်ကြားသည့်ဟိုတယ်သို့ လာခဲ့သည်၊ ဟိုတယ်ထဲသို့ မေမေခင်က မဝင်ဘဲ လမ်းဘေး သစ်ပင်ရိပ်မှာ ရပ်ပြီး သူငယ်လေး လက်ထဲသို့ ပိုက်ဆံထည့်ပေးလိုက်သည်။

ကလေးရယ်... မင်းဝယ်တတ်တယ် ဟုတ်လား။ သွားဝယ်ချေ အဒေါ်ဒီက စောင့်နေမယ် နော် ဟုပြောသော် သူငယ်လေးက လိုလားကြည်ဖြူစွာဖြင့် ဝယ်တတ်တယ် ဘာတွေ ဝယ်မယ် ဆိုတာသာပြော ဟု ဆိုသဖြင့် မေမေခင် အဖို့ ဟိုတယ်ထဲ

မဝင်ချင်သည်နှင့် အဆင်သင့်သွားသည်၊ ထို့ကြောင့် လိုချင်သော အစားအသောက်ကို မှာကြားကာ သူငယ်လေး ကို လွှတ်လိုက်ပြီး သစ်ပင်ရင်းမှာ ခပ်ကုပ်ကုပ်ထိုင်ချလိုက်သည့် အခိုက်၊ ခပ်လှမ်းလှမ်းမှ ရုပ်ရည်ချောမောလှပသော မိန်းမ တယောက်နှင့် လူတယောက်ကို ထီးတစ်လက်ထဲမှာ ပူးကပ်စွာ ဆောင်းလာကြသည်ကို တွေ့ရ၍ အမှတ် မထင်ကြည့်နေမိသည်၊ ထို မိန်းမချောနှင့် ထိုယောက်ကျား သည် သစ်ပင်ရင်းမှာ ခပ်ကုပ်ကုပ် ထိုင်နေသော မေမေခင်ကို လုံးဝ ဂရုမစိုက်ကြည့်ရှုခြင်းမရှိ သွားကြသည်။ မေမေခင် အနားမှ ဖြတ်သွား ကြသည်။ ဖြတ်လျှောက်သွားစဉ်မှာ မိန်းမချော၏ ရယ်ရယ် မောမောပြောစကားကို မေမေခင် ကြားလိုက် ရသည်။

"ဒီနေ့ သူ့ညီနဲ့ ခယ်မ ရောက်လာမှာ၊ မတ်တော်မောင်က မိမိ ဩဇာ လိုက်ပါတယ်၊ လေးငါးဝိုင်းစာ ဖူလုံ အောင်တော့ နှိုက်ယူထားလိုက်ဦးမယ်"

ဟူသော စကားက မေမေခင်နားထဲသို့ ပြတ်သားစွာ ဝင်လာသည်။

"ကိုမျိုး မရီး ... မိမိလေး ဆိုတာများ ဖြစ်နေမလား"

မေမေခင်က တွေးရင်း မိန်းမချောကို ကြည့်လိုက်မိသည်။ အသားအရေရော၊ ကိုယ်လုံး ကိုယ်ပေါ် က်ရော၊ မျက်နှာရော၊ သွားဟန်လာဟန်ရော ဖြစ်နေပါက မောင်မောင်မျိုး ချီးကျူးသည်မှာ ချီးကျူး ထိုက်ပါပေ သည်ဟု မေမေခင်က တွေးမိသည်။ သူ ကြည့်နေစဉ် မှာ မိန်းမချောက ဆိုက်ကားတစ်စင်းပေါ်တက်ကာ

ထွက်သွားသည်။ သူနှင့် ထီးတစ်စင်း ထဲ ပူးကပ်စွာ ဆောင်းလာသော သူက လမ်းခွဲ ထွက်သွားသည်။

မေမေခင်သည် ထွေရာလေးပါး တွေးနေရာ မည်မျှကြာသည် မသိ၊ စားသောက်ဖွယ် အထုပ်တွေနှင့် သူငယ်လေး အနားရောက်လာမှ တွေးလက်စသပ်ကာ ထိုင်ရာမှ ထလိုက် သည်။

"အခုတင်က အဒေါ့်နားက ဖြတ်သွားတဲ့ မိန်းမ တွေ့လား အဒေါ်"

သူငယ်လေးက မေးသောအခါ မေမေခင်က တွေ့ကြောင်း ဦးခေါင်းလေးညိတ်ပြပြီး ...

"အဲဒီမိန်းမ ဘယ်သူလဲကွဲ့"

ဟု ပြန်မေးသည်။

"အဒေါ် ရောက်နေတဲ့အိမ်က လူရဲ့ မယားပေါ့"

သူငယ်လေးက ဖြေသည်။ ထိုအခါမှ ထိုမိန်းမချောသည် မိမိလေး ဖြစ်ကြောင်း သေချာ သွားတော့သည်။

"သူနဲ့ ထီးဆောင်လာတဲ့လူကွ ဘယ်သူလဲကွဲ့"

"မသိဘူး အဒေါ်၊ သူ ဒီလိုပဲ ဖဲဝိုင်းက ပြန်လာရင် ယောကျ်ားတစ်ယောက် တစ်ယောက် သူနဲ့ အတူတူ လာတတ်တယ်"

"ဩော် ... ယောကျ်ားတစ်ယောက်ထဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

မေမေခင်သည် အထုပ်အပိုးတွေ ထည့်ထားသော ဆွဲခြင်းကို သူငယ်လေးလက်ထဲမှ ဆွဲယူ ပြီး သူငယ်လေး ကို အပိုမုန့်ဖိုးအဖြစ် ငွေတစ်ကျပ် သပ်သပ်ပေးလိုက်သေးသည်။ ထို့နောက် ...

"ကလေး ... အဒေါ်နဲ့ မလိုက်နဲ့တော့၊ အဒေါ် ပြန်တတ်ပြီ၊ မင်းအိမ်ကို ပြန်တော့နော်"

ဟု သူငယ်လေးကို ပြန်လွှတ်လိုက်ပြီး တစ်ယောက်တည်း ခြေလျင်လျှောက် ပြန်လာခဲ့ သည်။

သူတို့ညီအစ်ကိုချင်း သူ့မရီးနဲ့ သူ့မတ် အချင်းချင်း ပစ္စည်းပြဿနာ ဘာဖြစ်ဖြစ် ငါ လွတ်အောင် နေမယ်၊ ငါနဲ့ ဘာမှ မဖြစ်ရင် ပြီးတမ်းပေါ့ဟု မေမေခင်က တွေးကာ စိတ်ရှုပ် စရာကို ဦးနှောက်ထဲ လက်မခံဘဲ သူမရောက်ဘူးသော မြို့အနေအထားကို ကြည့်ရှုရင်း ပြန်လာခဲ့သည်။

ကိုအောင်စိုး နေသောအိမ်မှာ တစ်ထပ်ခြေတံရှည်အိမ် ဖြစ်၍ ညင်သာသော ခြေလှမ်းဖြင့် ဝင်လာပြီး လှေကားရင်းမှာ မေမေခင် ရောက်နေသည်ကို မသိကြသော အိမ်ပေါ်ထပ်မှ ကိုအောင်စိုး၊ မိမိလေးနှင့် မောင်မောင်မျိုး တို့ စကားပြောသံတွေ မင်းမိန်းမ ဟူသော စကားလုံး၊ မေမေခင်ဟူသော စကားလုံးတွေ ပါနေ၍ မေမေခင်က မိန်းမတို့ သဘာဝအတိုင်း တိတ်တဆိတ် နားထောင်နေမိသည်။

မေမေခင် မရောက်မီက ဘာတွေပြောနေသည် မသိသော်လည်း မေမေခင် နားထောင် လိုက်မိသောအခါတွင် ...

"မိမိကို မျိုးကိုယ်တိုင်က ရှိသေမှ နေရာထားမှ မျိုးမိန်းမက ရှိသေမှာ၊ မိမိက အကြီး၊ သူက အငယ်၊ တန်းတူသဘောထား ဆက်ဆံနေရင်တော့ မိမိ စိတ်ကောင်းမှာ မဟုတ်ဘူး မျိုးရယ်"

ဤအသံကို ဟိုတယ်ရှေ့ သစ်ပင်အောက်မှာ ကြားခဲ့ရဖူး၍ မေမေခင်က ကောင်းကောင်း မှတ်မိသည်။ မေမေခင်သည် စိတ်ထဲမှ မျက်သွားမိသည်။ ယောက်ျားတွေနဲ့ ဒူးတင် ပေါင်တင်နေတဲ့ ဖဲသမားက ရှိသေခံချင်လှပါလားဟု မကျေမနပ် တွေးမိသည်။ မောင်မောင် မျိုး အသံက ပေါ်လာ၏။

"ကျွန်တော် သိပါတယ် မမမိ၊ ကျွန်တော့်မရီးဆိုတာ ကျွန်တော့်အစ်မပဲ သူ ရှိသေရမှာပေါ့၊ သူ့မှာ ညီအစ်ကို မောင်နှမ တစ်ယောက်မှ ရှိတာ မဟုတ်ဘူး၊ ကျွန်တော့်အစ်ကို ကျွန်တော့် အစ်မကိုမှ သူ မရှိသေရန် ဘယ်သူ့ ကို ရှိသေစရာ ရှိမှာလဲ၊ မမမိ သဘော ဖြစ်မှာပါ"

ငှါ့လင်က ငှါ့ကို နှိမ်နေပြီ ဟူသော အသိဖြင့် မေမေခင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ စိတ်ကို ချုပ်တီးထားပြီး ဆက်နားထောင်လိုက်သည်။

"မင်းမိန်းမက မာနမသေးဘူးနော် … အခု ငါ့အိမ်ကို ရောက်လာတယ်၊ အစ်ကိုရယ်လို့ ငါ့ကို သူ နှုတ်ဆက်သလား၊ နေပုံ ဘယ်လောက်တင်းသလဲ … တကယ်ဆို သူက အငယ်ကွ၊ ရောက်လာရင် သူက စနှုတ်ဆက်ကပါလား … ငါ အစ်ကိုအကြီးက သူ့ကို ဆီးကြိုဖို့ဆိုတာ မသင့်လျော်ဘူးလေ … အဲဒါ အခု ဈေးဝယ်ပြီး ပြန်ရောက်လာရင် လိမ္မာအောင် သွန်သင်စမ်းကွာ"

"ဟုတ်တယ် မျိုး၊ အကြီးက ဆီးကြို အောက်ကျခံရသလို ဖြစ်နေမှာစိုးလို့ မိမိ မြို့ထဲ ထွက်သွားတာ"

"အို … ကိုကိုနဲ့ မမမိ စိတ်တိုင်းကျ ဖြစ်ရပါစေမယ်၊ မေမေခင် သဘောက ဆိုးလွယ် နာလွယ်ပါ၊ ကျွန်တော် သွန်သင်သလို ဖြစ်ရမှာပေါ့"

"မယားနေစ ကြောင်သေမှတဲ့ကွ ညီလေးရဲ့၊ အစဦးမှာ မနိမ်ရင် နောင်ကို ကျိုးနွံဖို့ ခက်သွားမယ်၊ မယားရစ မဆုံးမ လင်လှတလည် ရန်သူမည်သတဲ့၊ ကိုယ့်မယားကိုချစ်ရင် ကျိုးနွံအောင် ဆုံးမထားရမယ် ညီလေးရေ … အဲဒါမမေ့နဲ့ အမြဲသတိချပ်ထား"

ကြားနေရသော မေမေခင်သည် နှုတ်ခမ်းကို ကိုက်ထားမိသည်။ ငါ လိုက်လာမိတာ မှားပြီ ဟူသော အသိက ရင်ထဲမှာ မသက်မသာ ခံစားနေရသည်။ ယခုမှ နဖူးတွေ့ အစိမ်းတွေ့ တွေ့ရသော သူ့အပေါ်မှာ အဘယ်ကြောင့် မုန်းမာန်ဖွဲ့ နေကြပါသနည်း။

လင်နှင့် မတ်အပေါ်မှာ ဩဇာညောင်းသည်နှင့်အမျှ သူ့ထက် အခြေအနေ အဆင့်အတန်း သာလွန်သော မတ်၏မယားကိုပါ သူ့ဩဇာနာခံစေလိုသောစိတ်၊ လွှမ်းမိုးခြယ်လှယ်လို သောစိတ် ရှိသည်။ နင်ဘယ်လို အဆင့်အတန်းကဖြစ်ဖြစ် နင့်လင်တော်မှာ ငါ့ဩဇာ နာခံရ တာ၊ နင် ဘာကြောင့် မနာခံရမှာလဲ ဟူသော မနာလိုစိတ်ဖြင့် နှိမ်ထားလိုသော ဆန္ဒ မိမိလေးမှာ အပြည့်အဝ ရှိနေသည်ကို မေမေခင် မသိနိုင်။ ငါ့ညီမ ငါ့ညီ၊ ခယ်မကို တစိမ်း ပီပီ ငါ အရေးမလုပ်ဟူသော တစ်ဖက်သတ်စိတ်က ကိုအောင်စိုးမှာ ရှိနေသည်ကို မေမေခင် သဘောမပေါက်သေး။ အစ်ကိုနှင့် မရီး အားရအောင် လေသံပြောင်းနေသော သူ့လင် သဘောထားကိုကား မေမေခင် များစွာ စိတ်မကောင်း ဖြစ်မိသည်။

ယခုအချိန်မှာ မေမေခင်သည် စိတ်မာန်ရှိသလောက် ဒေါသကို လွှတ်ပေး၍ မဖြစ်သေးပေ။ သူတို့က သုံးယောက်၊ မေမေခင်က တစ်ယောက်တည်း ဖြစ်သည်။ ထို့အပြင် အစ်ကိုနှင့် မရီးရှေ့မှာ မယားကို မည်သို့မည်ပုံ နှိမ်နိုင်ကြောင်းဖြင့် မောင်မောင်မျိုးက အစွမ်းပြပေမည်။ နှုတ်စွမ်းပြရုံမျှမှ မထောင်းသာ သော်လည်း လက်စွမ်းပြပါ ပါလာလျှင် အစ်ကိုနှင့် မရီးက မောင်မောင်မျိုးဘက်က ကူညီမည်မှာ သေချာသည်။ လိုက်လာမိမှတော့ အလိမ္မာဖက်ပြီး ကိုယ် မနာအောင်သာ ကြည့်ရှောင်ရပေတော့မည်။ နောင်ကို မည်သည့်ကိစ္စနှင့်မှ ကိုအောင်စိုးနှင့် မိမိလေးတို့ထံ မလာတော့ဟု စိတ်ကူးလိုက်သည်။ ဆက်ပြီး နားထောင်နေ လျှင် စိတ်မချုပ်တည်းနိုင်ဘဲ ဖြစ်တော့မည်ကို တွေးမိသဖြင့် ခြေသံ

ပေးလိုက်သောအခါ အပေါ်ထပ်က စကားသံတွေက လျင်မြန်စွာ အခြားအကြောင်းသို့ ကူးပြောင်းပြောဆိုနေကြ သည်။

"တတ်လဲတတ်နိုင်တဲ့ ဟာတွေပဲ"

ဟု မေမေခင်က စက်ဆုပ်စွာ တွေးပြီး ဣန္ဒြေမပျက် တက်လာသည်။ မိမိလေးက မျက်နှာ တည်တည်ဖြင့် တစ်ချက်မျှ လှမ်းကြည့်ပြီး လုံးဝ ဂရုမစိုက်သည့်ဟန်ဖြင့် ကိုအောင်စိုးဘက် ပြန်လှည့်ကာ စကားပြောမြဲ ပြောနေသည်။ မိမိလေး၏ အဝတ်အစားမှာ ဟိုတယ်ရှေ့ လျှောက်သွားစဉ်က မေမေခင်က မြင်ခဲ့သည့်အတိုင်းပင် ဖြစ်သည်။ ကိုအောင်စိုးကလည်း သူ့ချစ်ဇနီးကဲ့သို့ပင် မျက်နှာတည်သည်။ မောင်မောင်မျိုးက ထိုင်ရာမထဘဲ လှမ်းပြီး စီမံ လိုက်သည်။

"ခင် ... ဘာတွေ ဝယ်လာသလဲ၊ ဒီယူလှဲ့၊ ကိုကိုနဲ့ မမမိကို ပြဦး၊ ဒါ ... ကိုမျိုး အစ်မ မမမိလေ"

မေမေခင်သည် မောင်မောင်မျိုးကို ခပ်စိုက်စိုက် တစ်ချက်ကြည့်လိုက်သည်။ မေမေခင်၏ မျက်လုံးများသည် နှုတ်ကဖွင့်ပြောသည်ထက်ပင် အဓိပ္ပာယ်ပေါ်ကြသည်ဖြစ်ရာ၊ မူမမှန် သော အစီအစဉ် ရှိထားသော မောင်မောင်မျိုးသည် မျက်နှာပျက်သွားသည်။ ကိုအောင်စိုး နှင့် မိမိလေးကမူ ပျက်သွားသော မောင်မောင်မျိုး မျက်နှာကို လှမ်းကြည့်သည်တွင် မောင်မောင်မျိုးသည် ရဲဆေးတင်လိုက်သည်။

"ခင် လာလေ ... ကိုကိုနဲ့ မမမိကို နှုတ်ဆက်ဦး"

"ခင် ဈေးဝယ်ပြီး ပြန်လာတာ မောလွန်းလို့ ကိုမျိုးရယ် ... စားစရာတွေ ပြင်ရဦးမယ် ... စားရင်းသောက်ရင်း အေးအေး ဆေးဆေး ပြောကြတာပေါ့"

မေမေခင်က ပြောပြောဆိုဆို ဆွဲခြင်းကို ထမင်းစားပွဲဆီသို့ ယူသွားသည်။ သူ့အနေဖြင့် စားသောက်ဖွယ်ရာကို ပြင်ဆင်ပေးခြင်း မပြုလျှင် မောင်မောင်မျိုးက အတင်းအကြပ် ခိုင်းမည်ကို သိသည်။ မလုပ်နိုင်ဟု ပေကပ် တင်းခံလျှင် အစ်ကိုနှင့် မရီး အားရအောင် အစွမ်းပြတော့မည်မှာ သေချာသည်။

အစွမ်းပြခြင်း ခံရပြီးမှ လုပ်ကိုင်ပေးရလျှင် မေမေခင် အဖို့ ဦးကျိုးသွားသည့် သဘောမျိုး သက်ရောက်မည် ကို မေမေခင် မခံယူလိုပေ။ မည်သူ့ ဩဇာမှ မဟုတ်ဘဲ ကိုယ့်စိတ်ဆန္ဒအလျောက် ပြုလုပ်ပေးသည့် သဘော မျိုး သက်ရောက်အောင် မေမေခင်က ဆောင်ရွက်လိုက်သည်။ ထမင်းစား စားပွဲမှာ ပွကြဲပေလူး နေသည်များကို ဖယ်ရှားသုတ်သင်ပြီး ပန်းကန်တွေ မရှိသည်အလျောက် ဖက်ထုပ်တွေကို ဖြေကာ နေရာ တကျ ဖြန့်ထားပြီမှ ...

"ကဲ ... ညနေစာ စားရအောင် အားလုံးပြင်ပြီးပြီ"

ဟု ကြည်ကြည်သာသာ လေသံဖြင့်သာ ခေါ်လိုက်သည်။ ဆာလောင်နေကြပြီဖြစ်၍ ကိုအောင်စိုး၊ မိမိလေးနှင့် မောင်မောင်မျိုးတို့ မဆိုင်းမတွ ထလာကြသည်။ ဆာဆာလောင် လောင်ဖြင့် မြိန်ယှက်စွာ စားသောက်နေကြရ၍ စကားပင် မပြောမိကြချေ။ စားသောက်ပြီး၍အားလုံး ပြန်ထွက်သွားကြသောအခါ မေမေခင် တစ်ယောက်ထဲသာလျှင် သိမ်းဆည်း လဲဖယ်ရင်း ကျန်ခဲ့သည်။ ထိုအချိန်အထိ ကိုအောင်စိုးနှင့် မိမိလေးက မေမေခင်ကို လုံးဝ စကားပြောခြင်း မရှိချေ။ မေမေခင်ကလည်း သူတို့နှင့် အတတ်နိုင်ဆုံး ရှောင်နေလိုက် သည်။ ဤအိမ်တွင် ဤလူတွေရှေ့မှာ တစ်နာရီပင် နေလိုစိတ် မရှိတော့ချေ။

"ဟောဒီနေရာမှာ တို့ အိပ်ရမယ်"

ဟု မောင်မောင်မျိုးက ပြထားသောနေရာမှာ ပါလာသော အိပ်ရာလိပ်ကို ဖြေပြီး ပြင်ဆင် ခြင်း၊ ရေချိုးခြင်း စသည်တို့ကို လုပ်ကိုင်နေရင်းနှင့်ပင် ညရှစ်နာရီ ထိုးသွားသည်။ မေမေခင် က ခရီးပန်းသည်ဟုဆိုကာ အပြင်မထွက်တော့ဘဲ အိပ်ရာပေါ်မှာ လှဲနေသည်။ အပြင်ခန်း တွင် သူတို့ သုံးယောက် ခပ်တိုးတိုး လေသံဖြင့် စကားပြောနေသည်ကို ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေရာမှာ တကယ်ပင် ခရီးပန်း မောပန်းနေသော မေမေခင်သည် အိပ် ပျော်သွားလေသည်။

ဤသို့နှင့်ပင် မလွဲသော မကင်းသော မေးတစ်ခွန်း ပြောတစ်ခွန်းဖြင့် နှစ်ရက်မျှကြာသော အခါ ကိုအောင်စိုးတို့သွားရက်က နီးပြီဖြစ်၍ မောင်မောင်မျိုးနှင့် မေမေခင်တို့ ပြန်လာခဲ့ကြသည်။ တစ်လမ်းလုံး မောင်မောင်မျိုး မျက်နှာ မကြည်လင်ချေ။ မည်သည့်အတွက် မောင်မောင်မျိုး မျက်နှာ မကြည်လင်သည်မှာ မေမေခင်က တွေးသည်။ သူ့အစ်ကို သူ့မရီးကို မေမေခင်က ဝတ်ကျေတမ်းကျေ ဆက်ဆံခဲ့ ၍ မကျေနပ်ခြင်း ဖြစ်မည်ဟု တွေး၏။ ဤအချက်ကလည်း မှန် သည်။ အချက်တစ်ချက်က ရှိနေသေး သည်။ ထိုအချက်ကား ခရီးထွက်ရာမှာ အရေးကြုံ လျှင် လိုရ မယ်ရ သဘောမျိုး ယူဆောင် လာသော ငွေတစ်ထောင်ကို မောင်မောင်မျိုး၏ လက်ဆွဲအိတ်ထဲမှ မိမိလေး နှိုက်ယူထား လိုက်သည့် အတွက် ဖြစ်သည်။

မောင်မောင်မျိုးက မေမေခင်ကို အသိမပေးဘဲ မြံပြီး မျက်နှာမကောင်း ဖြစ်လာခဲ့ခြင်းပင်။ သို့သော် ငွေထားရာမှာ ကြည့်၍ မရှိသည်တွင် မေမေခင်က သိခဲ့ပြီး ဖြစ်၏။ မရီးတော်က ငွေတွေ နှိုက်ယူ ထားလိုက်သည်ကို မသင်္ကာ၍ မဟုတ်၊ မောင်မောင်မျိုး အလွန်အမင်း သဒ္ဓါ သည်။ သို့သော် ထိုငွေကို လက်ကိုင် အိတ်ထဲထည့်ပြီး အိမ်ပေါ်က ဆင်းသွားသော ဇနီးကို ကိုအောင်စိုးက တားဆီးမေးမြန်းခြင်း မပြုဘဲ ကြည့်နေခဲ့ခြင်း၊ မိမိလေးကလည်း ငွေကိုသာ နှိုက်ယူသည်၊ ဘာကိစ္စသုံးမည်ဟူ၍ အသိမပေးခြင်း အတွက် မောင်မောင်မျိုး စိတ်ထဲမှာ ထူးဆန်းနေရာမှ ဇနီး မေမေခင်က မေးလျှင် မည်သို့ ဖြေရမည်ကို စဉ်းစားမရတိုင်း မေမေ ခင် မမေးဝံ့အောင် သုန်မှုန်လာခြင်း ဖြစ်သည်။ စိတ်ထဲမှာ မကောင်းခြင်း

ဖြစ်နေသော မေမေခင်ကလည်း ခင်ပွန်းသည်ကို ဘာစကားမှ ပြောဆို မေးမြန်းခြင်း မပြုတော့ဘဲ မျက်နှာ တည်တည် ပင် ထားသည်။

ခရီးမထွက်စဖူး ထွက်ခဲ့ကြသော မောင်မောင်မျိုးနှင့် မေမေခင်တို့၏ ခရီးလမ်းတစ်လျှောက် ကား သာယာကြည်နူးဖွယ် ကောင်းပါဘိ။

အိမ်ပြန်ရောက်လာကြသောအခါမှာလည်း တစ်ယောက်နှင့်တစ်ယောက် မကြည်မလင် ဖြစ်နေရာမှာ သုံးလေးရက် ကြာသောအခါ မောင်မောင်မျိုးကပင် စတင်အလျှော့ပေးကာ ပြန်လည်သင့်တင့်၍ ကြင်ကြင် နာနာ ချစ်ချစ်ခင်ခင် ဖြစ်လာ ကြပြန်သည်။ သို့သော် မေမေခင်၏ စိတ်တွင် ရှင်းလင်းခြင်း မရှိတော့ချေ။ ငွေတစ်ထောင် ကို ပြန်သိမ်းမည် ပြုသောအခါ ရှာမတွေ့တော့၍ မောင်မောင်မျိုးကို မေးသည်။ မောင်မောင်မျိုး က တိကျ ရေရာသော အဖြေကို မပေး။ မေမေခင်ကပင် ယောင်ယောင်မှားမှားဖြင့် မယူခဲ့ဘဲ၊ အိမ်မှာ မေ့နေသယောင်ယောင်။

ပြန်မရတော့မည့်အတူတူ မေမေခင်က ငွေစကား မဆက်တော့ဘဲ ဖြတ်ထားလိုက်သည်။ မိမိလေး နှိုက်ယူထားမည်ဖြစ်ကြောင်း မေမေခင်က အတတ်သိသည်။ ဤအစ်ကို ဤမရီး ၏ ဆိုးဝါးယုတ်ညံ့သော စိတ်သဘောထား၊ အကျင့်စာရိတ္တ၊ ငါ့အစ်ကိုမှ ငါ့အစ်ကို၊ ငါ့မရီးမှ ငါ့မရီး တစ်ဖက်သတ် သဘောထားပြီး အစ်ကိုနှင့် မရီး စကားကို နားဝင်ကာ မယားကို နှိမ်ချင်သော ဆန္ဒရှိသည့် ဤလင်ယောကျ်ားတို့ကြောင့် ဤအိမ်ထောင်ရေးသည် တာရှည်မှ

အေးချမ်းစွာ တည်တံ့နိုင်ပါမည်လောဟု မေမေခင်က တွေးရင်း သွေးသားအရင်းအချာတွေ ရှိပါလျက် အားကိုး၍ မဖြစ်သော သူ့ဘဝကို ဝမ်းနည်းမိရှာသည်။ သို့သော် မောင်မောင်မျိုး အပြုအမူက ယခင်အတိုင်းပင် ကြင်နာယုယသည်ကို တွေ့ရသောအခါ မေမေခင်မှာ စိတ်ဖြေသာ သွားပြန်သည်။

ဤသို့နှင့်ပင် မောင်မောင်မျိုးအဖို့ ရာထူးတစ်ဆင့် တက်ကာ အခြားတစ်မြို့သို့ ပြောင်းရပြန် သည်။ မောင်မောင်မျိုး အနေဖြင့် သူ့အစ်ကိုနှင့် မရီးကို စာအဆက်အသွယ်ရှိ မရှိ၊ မေမေခင်က စိတ်အနှောင့်အယှက်မခံ မမေးတော့ဘဲ သူ့သူငယ်ချင်း နှစ်ယောက်ထံ ကိုသာ အကျိုးအကြောင်း စာမပြတ်ရေးနေခဲ့သည်။

မောင်မင်းဇင်နှင့် မြသွင်းအေးတို့ထံကလည်း စာ အဆက်မပြတ် လာသည်။

တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီး တစ်နှစ် ကုန်လွန်လာခဲ့ရာမှ မောင်မင်းဇင် ဘွဲ့ရပြီး ရဲဘက်တွင် ဝင်ရောက်အမှုထမ်းလိုက်ပြီဖြစ်ကြောင်း၊ မြသွင်အေး ဆရာဝန်ဘွဲ့ယူပြီးမှ လက်ထပ် မည်ဖြစ်ကြောင်း ကို မေမေခင် သိရသည်။ ပညာရေးမှာ ချောမွေ့ဖြောင့်ဖြူးသော ငယ်သူငယ်ချင်း နှစ်ယောက် အတွက် မေမေခင်သည် ဝမ်းမြောက် ကြည်နူးမိပေသည်။

မြသွင်အေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ် ရောက်သည့်အချိန်မှာ မောင်မောင်မျိုးသည် ရာထူးတစ်ဆင့် တက်ပြန်ကာ ရန်ကုန်သို့

ပြောင်းရွှေ့ရလေသည်။ မေမေခင်၏ ဝမ်းမြောက်မှုကား ဆိုဖွယ်မရှိတော့ချေ။

မြသွင်အေးက ရန်ကုန်ဆေးတက္ကသိုလ်မှာ မောင်မင်းဇင်က အင်းစိန် စုံထောက်ဌာနမှာ။

ချစ်ခင်လှသော ငယ်သူငယ်ချင်းနှစ်ယောက်နှင့် ကွဲကွာနေခဲ့သည်မှာ ကြာပေပြီ။ ယခု ပြန်တွေ့ ရပေတော့မည်။ နောက်တစ်ချက်ကလည်း မောင်မောင်မျိုး ပြောင်းရွှေ့အမှုထမ်း ရမည့် ဌာနသည် ရန်ကုန် မြို့ပေါ်မှာ အမြဲတမ်းနေရမည့်ဌာန ဖြစ်ချေသည်။ အဘယ်မှာ လျှင် မေမေခင် ဝမ်းမသာဘဲ နေမည်နည်း။

"ခင်တို့ ရန်ကုန်မှာ ကိုယ်ပိုင်အိမ် ဝယ်နေကြရရင် မကောင်းဘူးလား ကိုမျိုး"

ရန်ကုန်မှာ တိုက်ခန်းငှားနေရသည့်ဒုက္ခကို မေမေခင်က ငြီးငွေ့လာသည်။ မေမေခင်သည် သူ အပျိုဘဝက သူပိုင် ခြံဝင်းနှင့် အိမ်နှင့်နေခဲ့သလို လွတ်လပ်ကျယ်ဝန်းစွာ နေလိုသည်။ မေမေခင်၏ သဘောထားကို မောင်မောင်မျိုးက နားလည်သည်။ မောင်မောင်မျိုး ကိုယ်တိုင်ကပင် ခြံဝင်းနှင့် အိမ်သန့်သန့်နှင့် အေးချမ်းစွာ နေလိုသည်။ ထို့ကြောင့် မေမေခင်ဆန္ဒကို မကန့်ကွက်ချေ။

"ခင် သဘောကျ ရှာကြည့်ပေါ့။ အေးဆေးတိတ်ဆိတ်တဲ့ နေရာမျိုး ကောင်းတယ်နော်"

"ခင်လဲ အဲဒီနေရာမျိုးပဲ သဘောကျပါတယ်၊ ခင် စုံစမ်းရှာဖွေကြည့်မယ်လေ၊ တွေ့ရင် ကိုမျိုးနဲ့ ခင်နဲ့ နှစ်ယောက်သွားကြည့်ပြီး စိတ်တိုင်းကျ ဝယ်တာပေါ့ ဟုတ်လား ..."

"သဘောပါဗျာ၊ ခင့်စိတ်ကြိုက်ဖြစ်ရင် ပြီးတာပါပဲ"

မောင်မောင်မျိုးစိတ်သည် အစ်ကိုနှင့် မရီး ဝေးကွာနေလျှင် ကောင်းသည်။ မေမေခင်ကို ရှေးယခင်အတိုင်း ယုယချစ်ခင်သည်။ အလိုလိုက်သည်။ နှစ်လ တစ်ကြိမ်လောက်၊ သုံးလေးလ တစ်ကြိမ်လောက် အစ်ကိုနှင့် မရီးထံမှ စာရောက်လာလျှင် စာထဲမှာ ဘာတွေ ရေး၍၊ ဘယ်လိုညွှန်ကြားချက်တွေ ပေးထားသည် မသိ။ စာကို မေမေခင်အား မပြဘဲ စာရောက်ပြီး တစ်ပတ်လောက်တော့ မေမေခင်ကို ရန်သူကြီးလို သုန်မှုန် နေတတ်သည်။ အပြစ်ရှာပြီး ရက်ရက်စက်စက် မထောက်မညှာ ပြောတတ်ဆိုတတ်သည်။ တစ်ပတ်ကျော် ဆက်ရက်မျှ ကြာသွားလျှင်ကား သုန်မှုန်ခြင်းများ ပျောက်သွားပြန်သည်။ စိတ်ကောင်း ပြန်ဝင်လာပြန်သည်။ မေမေခင်အနေဖြင့်ကား ဂြိုဟ်မွှေလှသော အစ်ကိုနှင့် မရီးအတွက် စိတ်ဆင်းရဲ သော်လည်း ...

"သူ့ခမျာ အနယ်ထိုင်သွားပြန်တော့လဲ ငါ့ကို သိပ်ယုယ ချစ်ခင်ရှာသားပဲ၊ ငါ့မှာလဲ မြော်မြင် အားကိုစရာဆိုလို့ ဒီယောကျ်ားပဲရှိတာ၊ ဖြေဖျောက်ပြီး အလိုအထိုက်ပဲ နေရတော့မှာပါ ကလား"

တစ်ခါတစ်ရံ မေမေခင်သည် ဝမ်းနည်းမိရှာသည်။ သို့နှင့်ပင် မောင်မောင်မျိုး စိတ်ကောင်း ဝင်ခိုက် တိုင်ပင်ပြီး အိမ်ရှာခဲ့သည်။

မေမေခင် စိတ်ကြိုက် အိမ်တွေ့လေပြီ၊ ကမ္ဘာအေးလမ်းမကြီးမှ အတွင်းဘက်သို့ မြေနီကား လမ်းအတိုင်း ကိုက်တစ်ရာမျှ ဝင်မိလျှင် ကေဝက်ကျော်ကျော် ကျယ်ဝန်း၍ သရက်၊ ပိန္နဲ၊ သော်ကပင်ကြီးများ အုပ်ဆိုင်းသော ခန့်ညားသပ်ရပ်သည့် အိမ်တစ်လုံး ရှိသည်။ ရောင်းရန် အဆင်သင့်ဖြစ်နေသော ထိုခြံကြီးနှင့် အိမ်ကြီးကို မောင်မောင်မျိုးနှင့် မေမေခင်တို့ နှစ်ဦး လုံး သဘောကြိုက်ညီကာ ဝယ်ယူ နေထိုင်ကြ လေသည်။

ထိုအိမ်ကြီးကို ပြောင်းရွှေ့ပြီးမှ မောင်မင်းဇင်နှင့် မြသွင်အေးတို့ မောင်မောင်မျိုး မရှိခိုက်မှာ ရောက်လာကြသည်။

"သူငယ်ချင်းတို့ ရန်ကုန် ရောက်လာတယ်ဆိုတော့ တို့နှစ်ယောက်က ဝမ်းသာအားရ လာခဲ့ ကြတယ် ခင်ရယ်၊ ဒါပေမဲ့ ခင့်ယောက်ျားက ဘယ်လိုဟာလဲ၊ ဖော်ဖော်ရွေရွေလဲ မရှိ၊ နှုတ်လဲ မဆက်၊ အဲဒါ မျက်နှာကြောမတည့်လို့ အခု သူ မရှိခိုက်မှာ လာတာခင်ရေ့"

ပွင့်ပွင့် လင်းလင်း ပြောတတ်သော မြသွင်အေးက သူ့မကျေမနပ်ချက်ကို ဖွင့်ဟသည်။ မေမေခင်က စိတ်မဆိုး ပေ။

"အေးပါ မြရယ် ... ပြောထိုက်ပါတယ်၊ အဲဒီအချိန်မှာ သူက ပယောဂပူးနေတဲ့အချိန် မြရဲ့"

မေမေခင်က ပြောသောအခါ မောင်မင်းဇင်က မေးသည်။

"ဘာပယောဂလဲ ... မယားငယ် ပယောဂလား"

မေမေခင် ရယ်ပြီး အစ်ကို ကိုအောင်စိုးနှင့် မရီးတော် မိမိလေးအကြောင်း စုံစေ့စွာ ပြောပြ လိုက်၏။

"အဲဒီပယောဂပဲ၊ နှစ်လ တစ်ခါလောက်၊ သုံးလေးလ တစ်ခါလောက် စာရောက်လာတိုင်း ဖြစ်တယ်၊ အခု စာရောက်လာကာနီးပြန်ပြီ၊ ခင့်အနေနဲ့ကတော့ စိတ်ဆင်းရဲလိုက် စိတ်ပြေ သွားလိုက်နဲ့၊ ရယ်သာ ရယ်နေတာ ပျော်တယ်တော့ မထင်နဲ့ သူငယ်ချင်းတို့"

"ဒုက္ခပါလား ... ခင်ရယ် ... "

မောင်မင်းဇင်က ညည်းသည်။

မြသွင်အေးကမူ ...

"မြသဘော ပြောရမယ်ဆိုရင် ဒါလောက်ဖြစ်နေတာ သူ့မရီးနဲ့ သူ ဘယ်လိုသဘောလဲလို့ သာ ဖွင့်မေးလိုက်ချင်တယ်"

ဟု ဒေါသသံဖြင့် ဆိုသည်။

"ခင်တော့ ရန်ကုန် ပြောင်းလာခဲ့ရတာ နယ်မှာနေရတာနဲ့ မတူဘူး၊ သူငယ်ချင်းတို့နဲ့ နီးနေလို့ သိပ်အားရှိလာတာပဲ မြရယ်၊ ကိုမင်းဇင်ရော မြရော ခဏခဏ လာကြနော်"

"အေးပါ လာမှာပေါ့ ... ခင်ရေ မြတို့ လာချင်လွန်းလို့သာ လာခဲ့ကြတာ မြက အစုပြန်မယ်၊ နောက်ဆုံးနစ် ဆိုတော့ စာကို ပေါ့လို့မဖြစ်ဘူး၊ ကိုမင်းဇင် နေချင် နေခဲ့၊ မြ ပြန်နှင့်မယ်နော်"

မြသွင်အေး က ပြောပြောဆိုဆို ထွက်သွားသည်။

မေမေခင်နှင့် မောင်မင်းဇင်တို့ ထွေရာ လေးပါး စကားအစပေါ်ရာ ပြောနေကြစဉ်မှာ မောင်မောင်မျိုးက ပြန်ရောက်လာသည်။ မေမေခင်က ဝတ္တရားရှိသည့်အတိုင်း ကားတံခါးကို ဖွင့်ပေးပြီး စာရွက်စာတမ်း ဖိုင်တွဲတွေ ကို ဆီးကြိုယူလိုက်၏။ မောင်မောင်မျိုးက သုန်မှုန်သောမျက်နှာဖြင့် ကားပေါ်မှ ဆင်းလာ သည်ကို မြင်လျှင်ပင် ပယောဂစာလွှာတွေ ရောက်လာပြီဖြစ်ကြောင်း မေမေခင်က သိလိုက်သည်။ မေမေခင်သည် မသက်သာသော စိတ်ဖြင့် သက်ပြင်းချလိုက်ရှာသည်။ ဧည့်ခန်းထဲ မှာ ထိုင်နေသော မောင်မင်းဇင် ကို မြင်လျှင်ပင် သုန်မှုန်သော မောင်မောင်မျိုး မျက်နှာက ရွှာတော့မည်မိုးလို ညိုမှိုင်းသွားသည်။

"ခင့်သူငယ်ချင်း ကိုမင်းဇင်လေ ကိုမျိုး မြင်ဖူးတယ် ဟုတ်လား"

မေမေခင်က မောင်မင်းဇင်ကို လူမိုက်ကြည့် ကြည့်နေသော ခင်ပွန်းသည်အား ပြေရာ ပြေကြောင်း ဖြစ်အောင် မိတ်ဆက်စကားပြောလိုက်ကာမှ ပိုဆိုးသွားတော့သည်။

"တက္ကသိုလ်မှာထဲက မြင်ဖူးပါတယ် ခင်ဗျား၊ ကံ့ကော်ပင်အောက်မှာ ထိုင်နေခဲ့ကြတာ မမေ့ နိုင်လို့ ဒီအိမ်မှာ လူမရှိခိုက် လာထိုင်တာလား"

မောင်မောင်မျိုး၏ စကားကြောင့် ...

"အို ... ကိုမျိုး ဘယ်လိုပြောလိုက်တာလဲ"

ဟု မေမေခင်က ထိတ်လန့်အံ့သြစွာ ဆိုလိုက်၏။ မောင်မင်းဇင်သည် ထိုင်ရာမှ လျင်မြန်စွာ ထလိုက်သည်။

"ဒီမှာ ခင်ဗျားလဲ အစိုးရ အရာရှိတစ်ယောက် ကျွန်တော်လဲ အစိုးရ အရာရှိတစ်ယောက် ခင်ဗျားက ကျွန်တော့် ထက် အသက်ကြီးပါတယ်၊ လူကြီးလူကောင်း ပီသတဲ့ စကား ပြောပါ"

မောင်မင်းဇင်က ပြောသောအခါ ...

"ကျုပ်အိမ်မှာ ကျုပ် ပြောချင်သလို ပြောမယ်"

ဟု မောင်မောင်မျိုးက ရှင်းစိုင်းစွာ ပြောပြီး ခြေသံပြင်းပြင်း နားကာ အတွင်းခန်းဘက်သို့ ဝင်သွားသည်။ အမှန်ကမူ မောင်မောင်မျိုးသည် မေမေခင်နှင့် မောင်မင်းဇင်တို့ မောင်နှမ အရင်းလိုခင်ကြောင်း အသေအချာ သိသည်။ အစ်ကိုနှင့် မရီးထံမှ စိတ်မကောင်းစရာတွေ ဆွပေးမြှောက်ပေးသည့် စကားတွေပါသော စာရှည်ကြီးက ယနေ့ရောက်လာသည်။ ရုံး လိပ်စာနှင့် ရောက်လာသော စာရှည်ကြီးကို ဖတ်ပြီး ယခင်ကလို ရိုးရိုးပယောဂသာ မဟုတ် တော့ဘဲ အစ်ကိုနှင့် မရီးအတွက် စိတ်ဆင်းရဲမှုကြီးကပါ ထပ်လောင်း

လိုက်သောအခါ စိတ်က ပိုပြီးသုန်မှုန်ခက်ထန်လာသည်။ အစ်ကိုနှင့်မရီးအတွက် ဆောင်ရွက် ပေးရမည့် ကိစ္စ ကို မေမေခင်က တားဆီးကန့်ကွက်လျှင် အလျှော့မပေးဘဲ မေမေခင်ကို ပြတ်ပြတ်သားသား နိမ်မည်ဟု စိတ်ကို မောင်းတင်လာသည်ဖြစ်ရာ စစ်ဦးဘီလူးအဖြစ် မေမေခင် ထိတ်လန့် ဝပ်လျိုး သွားအောင် မောင်မင်းဇင်ကို အကြောင်းမဲ့ သက်သက် မိုက်ရိုင်းပြလိုက် ခြင်းဖြစ်သည်။

အိမ်အတွင်းခန်းကို ဝင်သွားသော မောင်မောင်မျိုး၏ ကျောပြင်ကို မောင်မင်းဇင်သည် အရောင်တဖျတ်ဖျတ်ထွက်သော မျက်လုံးဖြင့် လှမ်းကြည့်ပြီး ...

"ခင့်မျက်နှာကို ထောက်လို့ ကျွန်တော် သည်းခံမယ်၊ ခင့်ကို နမသားချင်းအရင်းလို ဖြူဖြူ စင်စင် ခင်မင်ပေမယ့် ပါးစပ်စည်းကမ်းမဲ့သူ၊ သဘောထားသိမ်ဖျင်းသူရဲ့ မိုက်ရိုင်းတဲ့ စကားက လူကြားမကောင်းဘူး၊ ခင့်သိက္ခာကို အများကြီး ထိခိုက်မယ်၊ ပယောဂကောင် တွေအဖို့ ချက်ကောင်း ရသွားမယ်၊ ဒါကြောင့် ခင့်အိမ်ကို ကျွန်တော် မလာတော့ဘူး၊ ကိစ္စ ရှိရင် မြကတစ်ဆင့် ပြောနော် ခင်"

မောင်မင်းဇင်က စကားဆုံးလျှင် အိမ်ထဲမှ ထွက်သွားလေသည်။ မောင်မင်းဇင်၏ စကား တွင် ပယောဂကောင်တွေအဖို့ ချက်ကောင်းရသွားမယ်၊ ဒါကြောင့် ခင့်အိမ်ကို မလာတော့ ဘူး ... ဟု ပြောသွားသော စကားအဓိပ္ပာယ်ကို မေမေခင်က နားလည်သည်။

မောင်မောင် မျိုး ပြန်မလာမီ ကိုအောင်စိုး နှင့် မိမိလေးတို့၏ ပယောဂပါသော စာတွေအကြောင်း သိထား သော မောင်မင်းဇင်က အဓိပ္ပာယ် ရှိရှိ ပြောသွားခြင်း ဖြစ်သည်။

အိမ်ထဲမှ ထွက်သွားသော မောင်မင်းဇင်ကို မေမေခင်သည် ငေးစိုက်ကြည့်ရင်း ဆိုဖာပေါ်မှာ မလှုပ်မယှက် ထိုင်နေမိသည်။ ဤသို့သောနည်းဖြင့် စိတ်ဆင်းရဲအောင် လုပ် သည်။ အကြိမ်ပေါင်းများနေပြီဖြစ်သော ခင်ပွန်းသည်အတွက် မေမေခင် စိတ်ထဲမှာ ခံစား ရသော ဝေဒနာကို ဘယ်လိုအကောင်အထည် ဖော်ရမည် ကိုပင် မေမေခင် မပြောတတ် တော့ချေ။ မောင်မောင်မျိုးကို အင်္ကျီချွတ်ယူပြီး ချိတ်မှာ ချိတ်ပေးခြင်း၊ အိမ်နေဝတ်သည့် အင်္ကျီ လုံချည်ကို လဲလှယ်ပေးခြင်း စသော ပြုမြဲဝတ္တရားတွေကိုပင် ပြုချစ်စိတ် မရှိတော့ ပေ။

သူငယ်ချင်းကို အားနာစိတ်၊ ခင်ပွန်းကို ဒေါသဖြစ်စိတ်၊ အားကိုးပြုစရာ ဆွေမျိုး ကင်းမဲ့သော ကိုယ့်ဘဝကို ဝမ်းနည်းစိတ်ဖြင့် ငိုင်တွေနေမိသည်မှာ မည်မျှကြာသွားသည် မသိ၊ သူ့ရှေ့တည့်တည့်မှာ တင်းမာသော မျက်နှာဖြင့် လာထိုင်သော မောင်မောင်မျိုးကို မြင်ရမှ သက်ပြင်းကြီး တစ်ချက်ချပြီး ထိုင်ရာမှထရန် ပြင်လိုက်သည်။

"ဘယ်ကို ထသွားမှာလဲ"

မောင်မောင်မျိုးက လေသံသမာမာဖြင့် မေး၏။

"ထမင်းပွဲ ပြင်မယ်လို့"

မေမေခင်က လေသံပြတ်ပြတ် ဖြေသည်။

"ကောင်မလေး မရှိဘူးလား"

"ရှိတယ်"

"ကောင်မလေးကို ပြင်ခိုင်း ... ခင် ထိုင်ဦး ပြောစရာ ရှိတယ်"

မေမေခင်က ထမည်ဟန်ပြင်ရာမှ မထသေးဘဲ မောင်မောင်မျိုးမျက်နှာကို ပြန်ကြည့်နေ သည်။ ဘာကိစ္စလဲ၊ ဘာပြောမှာလဲ စသည်ဖြင့် မေးလိုစိတ် မရှိတော့ပေ။ ဤမျက်နှာထား မျိုး၊ ဤလေသံမျိုးဖြင့် ပါးစပ်ဟလိုက်လျှင် မောင်မောင်မျိုး၏ နှုတ်ခံတွင်းမှ "ကိုကို" "မမမိ" ဆိုသော အသံတွေသာ ထွက်လာ တတ်သည်ကို မေမေခင်က သိပြီး ဖြစ်သည်။ ထို့ကြောင့် ဘာမှ ပြန်မမေးဘဲ မတုန်မလှုပ် အေးအေးစက်စက် မျက်နှာ ဖြင့်သာ ခင်ပွန်းသည် မျက်နှာ ကို ကြည့်နေလိုက်၏။

"ကိုကိုနဲ့ မမမိဆီက စာလာတယ်"

မောင်မောင်မျိုးက နိဒါန်းပျို၏။ မေမေခင်က စကားမထွက်ဘဲ ဆိတ်ဆိတ်သာ ကြည့်နေ သည်။ ဤသည်ကို မောင်မောင်မျိုးက မကျေနပ် တကယ်ဆိုလျှင် ...

"ဟုတ်လား ... ကိုကိုနဲ့ မမမိက စာထဲမှာ ဘာတွေရေးလိုက်သလဲ၊ သူတို့ နေကောင်းကြ တယ်တဲ့လား၊ ရန်ကုန် ကို ဘုရားဖူးခေါ်ပါဦးလား"

စသည့်စကားမျိုး မေမေခင်နှုတ်မှ ထွက်စေချင်သည်။ သို့သော် ကိုအောင်စိုးနှင့် မိမိလေးထံ မှ စာရောက်တိုင်း မောင်မောင်မျိုးက အထက်ပါအတိုင်း နိဒါန်းပျိုး၏။ မေမေခင်က အထက် ပါအတိုင်း အေးစက်စက် မတုန်မလှုပ် မျက်နှာဖြင့် ဆိတ်ဆိတ်နေသည်။ အထူးအဆန်း ကား မဟုတ်တော့ချေ။ မကျေနပ်လျက်နှင့်ပင် မောင်မောင်မျိုးက စကားဆက်ပြော၏။

"ကိုကိုနဲ့ မမမိ အလုပ်က ထွက်လိုက်ပြီ၊ ရန်ကုန်ကို အပြီးပြောင်းလာတော့မယ်"

မေမေခင် ဆိတ်ဆိတ်နေ၍ မဖြစ်တော့ပြီ။

"ဘာကြောင့် ထွက်လိုက်တာလဲ"

ဟူသော မေးခွန်းဖြင့် တုံ့ပြန်၏။

"ညီအစ်ကိုနှစ်ယောက် မခွဲချင်လို့၊ အတူနေချင်လို့ ထွက်လိုက်တာ၊ ဒီအိမ်ကြီးက ကျယ်တယ်၊ ကိုကိုနဲ့ မမမိနေဖို့ ဒီအိမ်မှာပဲ အိမ်ဦးဘက်အခန်းတစ်ခန်း အသင့်ပြင်ထားရ မယ်"

မေမေခင်သည် မောင်မောင်မျိုး မျက်နှာ စိုက်ကြည့်လိုက်သည်။ ထို့နောက် စိတ်ကို ခိုင်မာ ပြတ်သားစွာ ဆုံးဖြတ်ထားသောအသံဖြင့် ပြန်ပြော၏။

"ကိုမျိုးအစ်ကိုက အလုပ်ထွက်လိုက်တာ ဟုတ်ကဲ့လား၊ သူ့မိန်းမက ဖဲသမား၊ ဖဲဘိုးရအောင် မှောင်ခိုပစ္စည်း ချသလား၊ လာဘ်စားသလား တစ်ခုခုလို့ အလုပ်ပြုတ်လာ တာ ဖြစ်မှာပေ့ါ"

မောင်မောင်မျိုး မျက်နှာမည်းသွားသည်။ ကိုအောင်စိုးက စာထဲတွင် အလုပ်ပြုတ်သွားပြီ ဖြစ်ကြောင်း၊ ထောင်မကျအောင် ရှိသမျှ ပစ္စည်းအကုန်ခံ ကြိုးစားခဲ့ရ၍ နေစရာ စားစရာ မရှိတော့သည့်အတွက် ညီလေးအိမ်မှာ နေလည်းနေ၊ စားလည်းစားမည် ဖြစ်ကြောင်းကို သာ စာရေးထားသည်။ ယခု မေမေခင်က အလုပ်ပြုတ်လာတာဟု အတတ် ပြောလိုက် သည်။ ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်သွား၏။

"ဟော့ ခင် ကိုကို့အလုပ်ကိစ္စမှာ မမမိန့် ဘာဆိုင်လဲ၊ မမမိသိက္ခာကို အရမ်းမဲ့ ထိခိုက် ပြောတာတော့ ခင် လွန်တယ်နော်"

မောင်မောင်မျိုးက မရီး ထိသောအခါ မချိအောင် နာသွားသည်။ ထိုသို့ မရီးထိ၍ ဆတ်ဆတ်ခါသည်ကို တွေ့ရသော မေမေခင်က ပိုပြီး ကြည့်မရလာသောကြောင့် သူ သိခဲ့ ရသည့်အတိုင်း ပြောလိုက်သည်။

"ကိုမျိုး မရီး အိမ်မှာ ထမင်းဟင်းကောင်း မချက်ဘဲ ဖဲဝိုင်းရှိရာ လိုက်ပြီး ဖဲရိုက်နေလို့ ရုံးစေ ကြီးက ရုံးအလုပ်က မလုပ်ရဘဲ

အိမ်အလုပ်လာလုပ်နေရတယ်ဆိုတာ သူတို့ဆီသွားစဉ်က ခင့်လိုမိန်းမကို ဟိုတယ်ဆိုင် ထမင်းဟင်း ဝယ်ခိုင်းလို့ သတင်းစုံကြားခဲ့ရတယ်လေ"

မောင်မောင်မျိုးက အံ့အားသင့်ဟန် ပေါ်သွားသည်။ မေမေခင်က ဆက်ပြော၏။

"ရှိသမျှပစ္စည်း ကိုမျိုးဆီက လိမ်ယူထားတာတွေရော၊ ကိုမျိုး လူပျိုဘဝ အပ်ထားခဲ့တဲ့ ပစ္စည်းရော ပေါင်ပြီး ဖဲရိုက်တာ အားလုံး ကုန်ပြီလေ၊

ဒါကြောင့် ကိုမျိုးအပ်ထားတဲ့ ပစ္စည်းတွေ ပြန်မရဘဲ အဆုံးခံရတဲ့အပြင် ပါသွားတဲ့ ငွေတစ်ထောင်ကိုတောင် တိတ်တိတ်နှိုက်ယူထားလိုက်တာ ခံခဲ့ရတယ် ဟုတ်လား"

"ဟော့ ... ခင် ... ခင်နော်"

ဤစကားကလွဲပြီး မောင်မောင်မျိုးသည် ပြန်လှန်ချေပရန် ခုခံကာကွယ်ရန် စကားလုံး ရှာမတွေ့တော့ချေ။ ပြောလက်စနှင့် မေမေခင်က မလျှော့ဘဲ ဆက်ပြောသည်။

"သူ့မယားက အိမ်ထောင်ရှင် အလုပ် ဘာမှ မလုပ်ဘဲ ယောကျ်ားတွေနဲ့ ဒူးတင် ပေါင်တင် ဖဲလည်ရိုက်၊ ပစ္စည်းဥစ္စာ ဖြုန်းတီးပစ်တာတော့ အဖိုးတန် မိန်းမမြတ်ကြီး နေရာမှာ ထားတယ်၊ ခင့်ကိုတော့ ဦးကျိုးအောင် နှိမ်ဟဲ့၊ မယားနေစ ကြောင်သေမှတဲ့၊ မမိကို ရှိသေရမယ်ဟဲ့၊ သိပ်တော်တဲ့ အစ်ကိုနဲ့ မရီး"

"ဟော့ ခင် ... တော်ဆို ... တော်နော်"

"မတော်နိုင်ဘူး ကိုမျိုး၊ ဒါတွေကို ခင် မျိုသိပ်သည်းခံလာခဲ့တာ ကြာပြီ၊ အခု ပြတ်ပြတ် သားသား ပြောရမယ့်အချိန် ရောက်လာလို့ ပြောတာ၊ ဆုံးအောင် နားထောင်ဦး"

အေးဆေးတိတ်ဆိတ်စွာ နှုတ်နည်း စကားနည်း နေလာခဲ့သော မေမေခင်က ယခု တင်းမာ ပြတ်သားသော လေသံဖြင့် ချက်ကျကျ ပြောနေသောအခါ ကိုယ့်ဘက်က မှားနေ၊ လွန်နေ သော မောင်မောင်မျိုးသည် ပါးစပ် အဟောင်းသား၊ မျက်လုံးအပြူးသားဖြင့် မေမေခင်ကို ကြည့်နေသည်။ မေမေခင်က ဆက်ပြောသည်။

"ခင့်ကို ကိုယ်ချင်းမစာ၊ နမချင်းမစာ ချိုးနှိမ်ဖို့ ကြိုးစားကြံစည်ထားသူတွေက ခင့်ယောက်ျား နဲ့ပေါင်းပြီး ခင့်အိမ်ပေါ်မှာ တတ်နေမယ်၊ ခင့်ထမင်းကို စားကြမယ်၊ ခင့်ကို စိတ်ဆင်းရဲ အောင် လုပ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့ လာနေကြမှာကို ... ခင် ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ကိုမျိုး ဒီခြံဝင်းနဲ့ ဒီအိမ်ကို ဝယ်တာ ခင့်မိဘလက်ထက်က ကျန်ရစ်တဲ့ အမွေအနှစ်ငွေနဲ့ ဝယ်တာ၊ ခြံရော အိမ်ရော ခင့်နာမည်နဲ့ ဝယ်ထား ကိုမျိုး သိသားပဲ၊ ခင်တစ်ယောက်ထဲပိုင်တဲ့ အိမ်ပေါ်ကို ခင့်လင်ကလွဲပြီး ဘယ်သူ့မှ လက်မခံနိုင်ဘူး"

မေမေခင်က ပြတ်သားတင်းမာစွာ ပြောလာသောအခါ မောင်မောင်မျိုး အနေဖြင့် အစ်ကို နှင့် မရီးကို ဖွတ်ခေါ်တင်ရန် မေမေခင် သွေးပူနေချိန်မှာ မဖြစ်ကြောင်း စဉ်းစားမိသည်။ မေမေခင်သည် သူ့အစ်ကိုနှင့် မရီးကို စိတ်နာနေသည်ဖြစ်ရာ ဖွတ်အတင်း တက်လာလျှင် တရားဥပဒေအရ အရေးယူပါက လူကြား မကောင်း ဖြစ်ပေလိမ့်မည်။ ငါ့အစ်ကိုနဲ့ မရီးကို ဖွတ်ခေါ်တင်ပြီး ဒင်းကို နှိမ်ထားလျှင် မဖြစ်နိုင်ဘူးလားဟု ဆိုစရာ ရှိသော်လည်း၊ မကျေနပ်သော မေမေခင် သူ့အစ်ကို သူ့မရီးအကြောင်း လျှောက်ပြောနေလျှင် မည်မျှ နှိမ်ထားနိုင်စေကာမူ လူတစ်ယောက်ပါးစပ်ကို ပိတ်ထား၍ မရနိုင်ပေ။ သူ့အစ်ကိုနှင့် သူ့မရီး သိက္ခာကျမည်ကို စိုးရိမ်သည်။ မောင်မောင်မျိုး စဉ်းစားနေစဉ်မှာ မေမေခင်က ဆက်ပြော ၏။

"ခင်ဟာ အေးအေးငြိမ်ငြိမ် သိက္ခာရှိရှိ နေတာ ကိုမျိုး သိတယ်၊ ဖဲသမား အိမ်ပေါ်တင်ထား ရင် ဒီအိမ်မှာ ဖဲသမားတွေပဲ ထွက်ကြ ဝင်ကြမှာ ဒါကို ခင်လုံးဝ မလိုက်လျောနိုင်ဘူး ... "

ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်း တည်းဟူသော မေမေခင်၏ သဘောထားကို အသေအချာ သိရသောအခါ မောင်မောင်မျိုးက အချိုသပ်ကြည့်၏။

"ကိုကိုနဲ့ မမမိက အခိုက်အတန့် နေမှာပါ၊ သူတို့ အခြေအနေ အဆင်မပြေခိုက်ကလေးမှာ ထမင်းကျွေးထားရမှာဆိုတော့ နစ်အိုးခွဲစားသလို ဖြစ်နေမှာ အကုန်များမှာပေါ့"

မေမေခင်က လက်ခံလျှင် တော်ပြီ၊ အိမ်ပေါ်တက်မိလျှင် မဆင်းဘဲနေတော့ ဒင်း ဘာတတ် နိုင်မှာလဲ။ ခွင့်မပြုဘဲ ဖွတ်တက်လာလျှင် မေမေခင်ဘက်က ထမင်းချက်ဗွားထားသော မိန်းမနှင့် လက်တိုလက်တောင်း ခိုင်းသော ကောင်မလေး ရှိသည်။ ခြံကို ပြုပြင်စိုက်ပျိုးရန် ဗွားထားသော မာလီ ရှိနေသည်။ တယ်လီဖုန်းဖြင့် မောင်မင်းဇင်နှင့် မြသွင်အေးကို အချိန် မရွေး ခေါ်နိုင်သည်။ အသိုင်းအဝိုင်း အပေါင်းအသင်းလေး ရှိနေ၍ မောင်မောင်မျိုးက အချို့ သပ်နေခြင်း ဖြစ်သည်။

သို့သော် မေမေခင်က ဦးခေါင်းမာသည်။ "ကိုမျိုး အစ်ကိုနဲ့ မရီးကို ကြင်နာရင် သင့်တော်ရာ မှာ နေရာရှာပေး၊ သူတို့ စားဖို့သုံးဖို့ ထောက်ပံ့ချင်ရင် ထောက်ပံ့ပါ၊ ခင်နဲ့ တစ်အိမ်ထဲ အတူ နေဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး ... "

မေမေခင် စကားက တရားလမ်းကျသည်၊ မှန်ကန်သည်။ ထို့ကြောင့် မောင်မောင်မျိုးသည် အစ်ကိုနှင့် မရီးလာလျှင် နေထိုင်ရန် အိမ်ရှာရလေတော့သည်။ အစ်ကိုနှင့် မရီးကို ဝေးလံ စွာသော နေရာမှာ မထားချင်ပေ။ သူ့မှာ မော်တော်ကား ရှိသော်ငြားလည်း အစ်ကိုနှင့် မရီးမှာ မော်တော်ကား မရှိ။ ညီအစ်ကိုချင်း အချိန်မရွေး လာချင်သည့်အချိန်မှာ ခြေကျင် လျှောက်လာနိုင်မည့် ခရီးအကွာအဝေး လောက် မှာသာ အစ်ကိုနှင့်မရီးကို ထားချင်သည်။

ကံအားလျော်စွာပင် မောင်မောင်မျိုး အိမ်နှင့် လေးဖာလုံခန့် အကွာမှာ တောချုံ သစ်ပင် ထူထပ်သော ခြံဝင်းကျယ်ကြီးနှင့် အိမ်အိုကြီးတစ်ဆောင် တွေ့သည်။ အိမ်ငှားခ ဈေးနှုန်း ကလည်း သင့်လျော်သည်။ ထိုခြံနှင့် အိမ်ကြီးကို မောင်မောင်မျိုးက စကားဆိုထား၏။ သူ့မှာ ငွေကြေးအင်အား ပြန်တွက်ကြည့်ပြီး ဝယ်ပေးနိုင်သော အခြေအနေမှာ ရှိလျှင် အစ်ကိုနှင့် မရီအား ဝယ်ပေးမည်ဟု စိတ်ကူးထားသည်။

ကိုအောင်စိုးနှင့် မိမိလေး ရောက်လာသောအခါ မောင်မောင်မျိုးက အိမ်ကြီးနှင့် ခြံကို ပြသည်။ ကိုအောင်စိုးနှင့် မိမိလေးတို့သည် လင်ကိုယ်မယား နှစ်ယောက်ထဲ လာကြသည် မဟုတ်။

သူတို့ ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ပင့်ဆောင်လာသော နောင်ဘုရားဆိုသူ ဆရာတစ်ယောက် လာသည်။ နောင်ဘုရားဆိုသူကား အသက်အရွယ်မှာ ကိုအောင်စိုးနှင့် မတိမ်းမယိမ်း ရှိသည်။ အရပ်အမောင်း ကောင်းကောင်း၊ ချောမောခန့်ညားသော မျက်နှာ၊ အသားလတ်လတ်၊ ရှည်လျားနက်မှောင်သော ဆံပင်ကို သျှောင်တစောင်း ဆံမြိတ်ကွင်း ချထုံးကာ ပန်းနုရောင် ပိုးပဝါကို ပေါင်းထားသည်။ ပန်းရင့်ရောင် လုံချည်၊ နှံ့သာရောင် ပိုးရင်ဖုံးအကျီ၊ ကြံရောင်ကတ္တီပါဖိနပ်တို့ကို ဝတ်ဆင်ထားရာ မြင်ရသူအဖို့ ကြည်ညို အားကိုးဖွယ် ကောင်းလှသော ပုဂ္ဂိုလ်ပင် ဖြစ်ပေသည်။ အိမ်ကြီးနှင့် ခြံကြီးကို မြင်ရ သောအခါ မိမိလေးက နောင်ဘုရား ဆိုသူအား ...

"သဘောတွေ့ပါရဲ့လား နောင်ဘုရား၊ မိမိတို့အနေနဲ့ကတော့ နောင်ဘုရား သဘောကျရာ ပျော်ရာမှာ နေမယ့်လူတွေပါ၊ အားမနာပါနဲ့၊ နောင်ဘုရား စိတ်ထဲမှာ ရှိတဲ့အတိုင်းသာ ပြောပါ"

ဟု ရှိသေလေးစွာ ဆန္ဒတောင်းခံသည်။ နောင်ဘုရားက အိမ်ကြီးရော ခြံကြီးပါ သေချာစွာ ကြည့်ရှုပြီး ...

"အင်း ... ထွက်ရပ်လမ်းကိစ္စ လုပ်ဆောင်ဖို့ အင်မတန် သင့်လျော်တဲ့နေရာပဲ မိမိ၊ သဘော တွေ့ပါတယ်"

ဟု လိုလိုချင်ချင် မိန့်ကြားတော်မူသည်။

"ကဲ ... မျိုးရေ ... နောင်ဘုရား သဘောကျတယ်ဆိုရင် ပြီးတာပဲ၊ မိမိနဲ့ မောင်ကတော့ နောင်ဘုရား တပည့် တွေပဲ၊ နေရေး စားရေးအတွက် လိုအပ်သမျှအားလုံးကို မျိုး တာဝန်ယူ တော့နော် ... "

မိမိလေးက ရွှင်ကြည်သွက်လက်သော အသံဖြင့် ပြောသည်ကို ကိုအောင်စိုးသည် ချစ်လှ စွာသော ဇနီးသည် မိမိလေး၏ ချောမောလှပသော မျက်နှာကို ကြည့်ကာ ပြုံးပြုံးကြီး ဦးခေါင်းညိတ်ခြင်းဖြင့် ဇနီး သဘောအတိုင်း လိုက်လျောသည့် အထိမ်းအမှတ်ကို ပြလိုက် သည်။

(၇)

မြသွင်အေး စာမေးပွဲ အောင်သွားသည်ကို တယ်လီဖုန်းဖြင့် ဝမ်းသာအားရ သတင်းမေးလိုက်ရ သည်။ မြသွင်အေးက တယ်လီဖုန်းထဲမှ နေပြီး သူ့မကျေနပ်ချက်ကို ဖော်လိုက်သည်။

"ဟော့ သူငယ်ချင်း ... မောင်က ပြန်ပြောလို့ မြ သိခဲ့ပြီ ... ခင့် ယောက်ျား သဘောယုတ်လှ ချေလားကွဲ့"

မြသွင်အေး စကားကြောင့် မေမေခင် ရင်ထဲမှာ နင့်သွားရှာသည်။ မြသွင်အေးကို စိတ်ဆိုး၍ကား မဟုတ်။ သူ့ခင်ပွန်း မောင်မျိုး၏ ဆွေမျိုး မာန်တက်၍ မိုက်ရိုင်းစော်ကားမှုကြောင့် မောင်နှမ အရင်းအသွင် ချစ်ခင်သော သူငယ်ချင်း မောင်မင်းဇင်နှင့် အဆက်အသွယ် ပြတ်ရသော အဖြစ်ကို ရင်နင့်သွားရှာခြင်း ဖြစ်သည်။ အကျိုးအကြောင်း စုံလင်အောင် ပြောချင်သည့်အတွက် မြသွင်အေး လာနိုင်လျှင် လာရန် မေမေခင်က ခေါ်သည်။

"ခင့်အိမ်ကလူ မရှိမှ လာချင်တယ်နော် ခင် ... "

မြသွင်အေး ဆန္ဒပြုသည်မှာ မှန်သည်။ မောင်မောင်မျိုး မရှိမှ လွတ်လပ်စွာ ရင်ဖွင့်ပြောကြားနိုင်မည် ဖြစ်၏။ ထို့ကြောင့် မေမေခင်က မောင်မောင်မျိုး ရုံးသွားချိန်၊ ပြန်ချိန်၊ အပြင်ထွက်လည်ပတ်ချိန်၊ အစ်ကိုနှင့် မရီးထံသွားချိန် ပြန်ချိန်ကို တိတိကျကျ စာရင်းပေးသည်။ သို့မှသာ မြသွင်အေးက အဆင်ပြေချိန်မှာ လာနိုင်မည် ဖြစ်၏။

မြသွင်အေးက မေမေခင်ကို သနားကြင်နာသောစိတ်ဖြင့် လာခဲ့သည်။ ခြံဝင်းကြီးမှာ မာလီကြီး၏ ပြုပြင်မှုကြောင့် သန့်ရှင်းသာယာ၍ ပန်းငုံပန်းပွင့်များဖြင့် ဝေဆာနေသည်။ အိမ်ကြီးနှင့် ပေငါးဆယ် ကျော် အကွာလောက်မှာ ရှိနေသော ပိန္နဲပင်ကြီးသည် အခက်အလက်တွေ ဖြိုးဝေစွာဖြင့် ချမ်းမြေ့ သာယာသော အရိပ်အာဝါသကို ပေးနေသည်။ ပိန္နဲပင်ကြီး၏ ပင်စည်တွင်ကား ဖွံ့ဖြိုးကြီးထွားသော ပိန္နဲသီးကြီးများသည် ခွေးငယ်လေးတွေ နို့စို့ဘိသကဲ့သို့ မြေသို့ထက်အောက် ပြွတ်သိပ်စွာ သီးနေ ကြသည်။

မြသွင်အေး ရောက်လာချိန်တွင်ကား မေမေခင်သည် ပြောင်စင်သန့်ရှင်းသော ပိန္နဲပင်အောက်မှာ ဖျာခင်းပြီး စားသောက်ဖွယ်ရာများဖြင့် စောင့်နေသည်ကို တွေ့ရသည်။

"သူငယ်ချင်းရယ်၊ ဒီနေရာလေး အေးလိုက်တာကွယ်"

မြသွင်အေးက ပိန္နဲပင်ရိပ်ကို သဘောကျစွာ ပြောသောအခါ မေမေခင်က ...

"အေး ... ခင်လဲ သဘောကျတယ်၊ ဒါကြောင့် ပူတဲ့ အိုက်တဲ့အခါ ဒီပိန္နဲပင်အောက်မှာပဲ နေတာများ တယ် မြရဲ့၊ ဒါထက် ကိုမင်းဇင်နဲ့ မြတို့ ဘယ်တော့လက်ထပ်ကြမှာလဲ"

ဟု မေမေခင် မေးသည်။

"အစက အစီအစဉ်က တစ်မျိုး၊ အခုတော့ တစ်မျိုးဖြစ်သွားပြန်ပြီ ခင်ရေ ... "

"ဘယ်လိုအမျိုးလဲ"

"မြ ဆရာဝန်ဘွဲ့ရရင် လက်ထပ်ဖို့ပါပဲ၊ ဒါပေမဲ့ အပျို ဆရာဝန်မဘဝနဲ့ ဆေးကုချင်သေးတယ်၊ အခု ရန်ကုန်ဆေးရုံကြီးမှာ အလုပ်သင် ဆရာဝန်အဖြစ် ဝင်ရမယ်၊ အလုပ်သင် ဆရာဝန် နှစ်စေ့ရင် ဘယ်ကို ပြောင်းရမယ် မသိသေးဘူး၊ အဲဒါကြောင့် လက်ထပ်ရေးကို ခဏ ဆိုင်းထားသေးတယ် သူငယ်ချင်း"

"မြတို့အနေနဲ့ကတော့ ခင့်လို အခြေအနေမှ မဟုတ်ဘဲ၊ ဘယ်အချိန်ကျမှ လက်ထပ်မယ်ဆိုတဲ့ ကန့်သတ်ချက် ထားနိုင်တာပေါ့။ ခင့်မှာသာ အခြေအနေက ဖန်တီးလာလို့ ပညာသင်ချင်ရက်နဲ့ လင်ယူလိုက်ရဟာ တွေးမိတိုင်း စိတ်မကောင်းဘူး။ ဒီအထဲ လင်ဘက်က ဆွေမျိုးက ... "

မေမေခင်က စိတ်မချမ်းမြေ့မှုဖြစ်လာ၍ စကား တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်သည်။

"အေး အေး ... အဲဒါ မြ မေးမယ်လို့၊ ဆိုစမ်းပါဦး လင်ဘက်က အမျိုးတွေအကြောင်း အခု သူတို့ ဘယ်မှာလဲ"

"အဲဒါတွေပြောချင်လို့ မြကို ခေါ်တာပေါ့"

မေမေခင်က စကားပလ္လင်ခံပြီး ကိုအောင်စိုး၊ မိမိလေးနှင့် နောင်ဘုရားတို့အကြောင်း စုံလင်စွာ ပြောပြကာ ...

"အခု သူတို့သုံးယောက်နေတဲ့ အိမ်လခရော၊ သုံးယောက်စာ စရိတ်ရော၊ သူ့အစ်ကိုနဲ့ နောင်ဘုရား ဆိုတာကြီး အဂ္ဂိရတ်ထိုးတဲ့ စရိတ်ရော၊ အားလုံး ကိုမောင်မောင်မျိုးက ပခုံးထမ်း တာဝန်ယူထား တယ်လေ"

ဟု စကားအဆုံးသတ်လေ၏။

"ဟော့ ခင်ရဲ့ ... အခု ခင်ပြောတဲ့ စရိတ်က မနည်းဘူးနော်၊ တစ်လဘယ်လောက် ထောက်နေရလဲ"

မြသွင်အေးက မေး၏။

"သူ့လခ အကုန်ပေါ့၊ အားလုံး ဖို့နေရတယ်၊ အိမ်စရိတ် တစ်ပြားမှ မပေးနိုင်ဘူး၊ ခင် ဘဏ်မှာ အပ်ထားတဲ့ ငွေ ထုတ်သုံးနေရတာ မြရဲ့"

"ဟောတော့ ... "

မြသွင်အေးက အလန့်တကြား ရေရွတ်လိုက်၏။

"ကိုယ့်လင် ရှာစာ ဖွေစာ ကိုယ် မစားရဘဲ၊ သူများကို ကျွေးနေရတာပေါ့လေ ... ရှုံးလိုက်တာ ခင်ရယ်"

"အခုမှတော့ ဘာတတ်နိုင်တော့မှာလဲ မြရယ်၊ တည်မိတဲ့ဘုရား လင်းတပဲ နားစေတော့ ဆက်ရှိခိုး ရုံအပြင် ဘာလုပ်နိုင်တော့မှာလဲ၊

နင်တို့ ဒီလို မတရားမလုပ်နဲ့ဟဲ့လို့ ခင့်ဘက်က ရပ်တည်မယ့်လူ တစ်ယောက်မှ မရှိဘူး၊ ဆွေမျိုးရင်းချာတွေ ရှိပါသော်လည်း ခင့်ပစ္စည်းကို လိုချင်ဇောကြောင့် အဆက်ပြတ်ခဲ့ရပြီ ဟုတ်လား၊ အခုလို ခင် တွေ့ကြုံနေရတာ သိကြရင် မှတ်ဟဲ ... ရယ်လို့ ဝမ်းသာ လိုက်ကြမယ့်ဖြစ်ခြင်း"

မေမေခင် အသံက အားငယ်ဝမ်းနည်းသံ ပေါ်နေသည်။ မြသွင်အေးသည် ချစ်လှသော သူငယ်ချင်း အတွက် အမှန်တကယ်ပင် စိတ်မကောင်း ဖြစ်ရသည်။ ခင် ပြောသည့်အတိုင်း ခင့်ဘက်က ရပ်တည်မည့်သူ ဆွေမျိုးရင်းချာဟူ၍ ရှိလျက်နှင့် တစ်ယောက်မှ ကူညီသူမရှိချေ။ မြသွင်အေး အနေဖြင့် ဝင်ရောက်ပြောဆို တားဆီးပိုင်ခွင့် မရှိချေ။ မိမိလေးအကျင့်စာရိတ္တနှင့် လင်နှင့် မတ် အပေါ် လွှမ်းမိုး နိုင်သော အာဏာစက်အရှိန်အဝါကို မေမေခင်က အိတ်သွန်ဖာမှောက် ပြောထားပြီး ဖြစ်ရာ မြသွင်အေး သူငယ်ချင်း အတွက် ခံပြင်းစိတ်သက်သက်ဖြင့် ပြောစေကာမူ ...

"တရားဝင် မယားကြီးကတောင် တားဆီးမရ၊ ရှင်က မယားငယ်ဖြစ်လို့ ဝင်ကန့်ကွက်ရသလား"

ဟူသော ထိရောက်သည့် စကားတစ်ခွန်းတည်းဖြင့် မိမိလေးက ပိတ်ဆို့ပြီး မဟုတ်မတရား သိက္ခာ ချ ပြောတော့မည်မှာ သေချာသည်။ မြသွင်အေးသည် သူငယ်ချင်းကို ယုယကြင်နာစွာ နှစ်သိမ့်ရုံက လွဲပြီး ဘာမှ မတတ်နိုင်သော အခြေအနေမှာ ဖြစ်နေသည်။

"ဒါလောက် တောင် ဖြစ်လှတာ မပေါင်းဘဲ ကွာလိုက်ပါလား"

ဟူသော စကားကို စိတ်လိုက်မာန်ပါ ပြောလိုလှသော်လည်း သူများ လင်မယားအကြားမှာ အိမ်ထောင်ရေး ပြိုကွဲစေမည့် စကားမျိုးကား ပြောကောင်းသောအရာ မဟုတ်ချေ။

"စိတ်ကောင်းကောင်းသာထားပါ သူငယ်ချင်း၊ ခင့်ကို သူ အင်မတန် ချစ်လွန်းလို့ ဖွဲကြီးကြီးနဲ့ စောင့်ပြီး ယူထားတာပဲ၊ မေတ္တာ ပြယ်လွင့်သွားတာတော့ ဟုတ်မယ် မထင်ပါဘူး၊ အခိုက်အတန့်မှာ အစ်ကိုနဲ့ မရီးက အချော့ကောင်းတာလဲ တစ်ကြောင်း၊ အလုပ်ပြုတ် ဒုက္ခဖြစ်လာတော့ သနားစိတ် ကလဲ ဝင်နေတာကြောင့် ဒါလောက်လိုက်လျောနေတာ ဖြစ်မှာပါ။ သူ့အရှိန်နဲ့သူ လိမ့်စမ်းပါစေ၊ အရှိန်ကုန်ရင် ရပ်ပြီး ခင့်ဘက် ပြန်လှည့် လာပါလိမ့်မယ်။

မြသွင်အေးက ပြေရာပြေကြောင်း ဖျောင်းဖျသည်။ မေမေခင်က မြသွင်အေးစကားကို ငေးစိုက် နားထောင် ပြီး စကားဆုံးမှ မေး၏။

"ကိုမင်းဇင်က အထူးစုံစမ်း ထောက်လှမ်းရေးကဆိုတော့ သူတို့ရဲဘက်အချင်းချင်း သတင်းကြား ချင်လဲ ကြားမှာပေါ့၊ သူ့အစ်ကိုနဲ့ မရီးက ဘယ်လိုဖြစ်လာတာလဲ မသိဘူး၊ ရိုးရိုးပဲ အလုပ်က ထွက်လာတာလား၊ အကြောင်း တစ်ခုခုကြောင့် ပြုတ်လာတာလား ခင် သိချင်တယ် မြရယ်"

"အေး … ဒီလိုဆိုရင် ကိုမင်းဇင်ကို မြ မေးမယ်၊ သူကတော့ ခင့်ဆီ မလာချင်ဘူးလို့ ပြောတယ်၊ ဟိုတစ်ခါ ခင့်လင်တော်မောင်နဲ့ ဘုကျလာခဲ့တာတွေ မြကို ပြန်ပြောပြီး တို့ကတော့ ငယ်သူငယ်ချင်း ဖြစ်လို့ တစ်ယောက်မေတ္တာ တစ်ယောက် သိပေမယ့် ဒီသတ္တဝါ လူစိတ်ရှိတာ မဟုတ်တော့ သားပုပ် လေလွင့် ယုတ်ပတ်ပြောနေရင် အားလုံး သိက္ခာကျကုန်မယ်၊ ငါစိတ်မထိန်းနိုင်ရင် လူသတ်မှု ဖြစ်ကုန်မယ်၊ အရေးကြီးတဲ့ကိစ္စ ပေါ်ရင်တော့ အချိန်မရွေး ပြောပါတဲ့၊ သူ တတ်နိုင်သမျှ အကူအညီ ပေးမယ်တဲ့၊ ကိစ္စမရှိဘဲနဲ့တော့ မလာဘူးလို့ မှာလိုက်တယ် ခင်ရဲ့"

မောင်မင်းဇင် စိတ်ထဲမှာ တော်တော်ပင် မကောင်း၍သာ ဤစကားထွက်လာကြောင်း သိရသော ခင်က မျက်နှာညိုး သွားရှာသည်။

"ဒီစကားမျိုး ကိုမင်းဇင် ပြောထိုက်ပါတယ် မြရယ်၊ အပြောတောင် နည်းသေးတယ်"

မေမေခင် အမှန်အတိုင်း ပြန်ပြောသည်။

"ခင့်အိမ်ကို သူတို့ မလာကြဘူးလား"

"နှစ်ပတ် တစ်ခါလောက်တော့ သူ့အစ်ကိုနဲ့ သူ့မရီး လာတယ်၊ ဟို … နောင်ဘုရားဆိုတာကြီးတော့ မပါဘူး"

"နောင်ဘုရားဆိုတာကြီးကို ခင် မြင်ဖူးလား"

မေမေခင်က ဦးခေါင်းရမ်းပြီး ပြောသည်။

"ဟင့်အင်း ... အဲဒီသတ္တဝါကြီး မပါဘူး၊ တစ်ခါမှ မလိုက်လာဘူး၊ သူတို့လင်မယားပဲ လာကြတယ်၊ လာတာကလဲ အကောင်းမဟုတ်ပါဘူး မြရယ်"

"ဘယ်လို အကောင်းမဟုတ်တာလဲ ... "

"သူ့အစ်ကိုနဲ့ သူ့မရီးက ခင့်အိမ်ပေါ်တက်လာပေမယ့် ခင့်ကို လုံးဝ လူရာသွင်းတာ မဟုတ်ဘူး၊ အင်မတန် ကို မလွှဲသာတဲ့ကိစ္စ မေးစရာ ပြောစရာရှိမှ၊ ဥပမာ သူတို့ ဒီမှာ ထမင်းစားမယ်၊ ဘယ်လို ဟင်းမျိုး စားချင်တယ်၊ ဒါလောက်ပဲ စကားပြောတယ်၊ အိမ်ကလူနဲ့သာ ပြုံးကာရယ်ကာနဲ့ သုံးဦး သား ခေါင်းချင်းဆိုင် ပြောလိုက်ကြ၊ တိုးတိုးပြော ကျယ်ကျယ်ပြော အမျိုးမျိုးပေါ့လေ ... "

မေမေခင် စကားမဆုံးမီ မြသွင်းအေးက ခံပြင်းလှစွာ တောက်ခေါက်၏။

"တောက် ... ဒါနဲ့များ ခင်က သူတို့ အမိန့်နာခံပြီး ကျွေးနေရသလား ခင်ရယ်၊ မြ စိတ်ထဲမှာလေ ..."

မြသွင်အေးသည် ခံပြင်းလွန်းသည့်စိတ်ကြောင့် ဘာဆက်ပြောရမှန်းပင် မသိတော့ချေ။

မေမေခင်ကသာ ဆက်ပြော၏။

"ခင် ဘာမှ လုပ်မပေးပါဘူး၊ ခင် ... လူတစ်ဖက်သားအပေါ် ဘယ်လောက် အလျှော့ပေးတယ်၊ သည်းခံတယ်ဆိုတာ မြ အစင်းသိပါ၊

ဒါပေမဲ့ သူတို့လင်မယား နှစ်ယောက်လုံးက ခင့်လင်ရဲပစ္စည်း ခင့်ပစ္စည်းပေါ့လေ အခန့်သား သုံးစားကြတယ်၊ ခင်တို့လင်မယားချင်း မေတ္တာပျက်အောင် စိတ်ဝမ်း ကွဲအောင် အိမ်ထောင်သာယာရေး ပြိုကွဲအောင် တို့ပေး ဆွပေး မြှောက်ပေး ခလောက်ဆန်သမျှ အိမ်ကလူက ကြည်ကြည်ဖြူဖြူ နာခံပြီး ခင့်ကို စိတ်ဆင်းရဲအောင် လုပ်နေတာ ခင် ကျေးမွေးချင်တဲ့ စေတနာ ရှိပါမလား၊ ခင်က လူစိတ် ထားခဲ့ပါသေးတယ်၊

ငါ့ဘက်က ဆွေမျိုးတွေက ပစ်ပယ် ထားတော့ ဒီလင်နဲ့ ဒီအမျိုးပဲ အားကိုးရမယ်ရယ်လို့ အလိုက်အထိုက် နေကြည့်ခဲ့သေးတယ်၊ ဒီလင် ကို မပြတ်ရင် ဒီအမျိုးလဲ ပြတ်နိုင်မယ် မဟုတ်ဘူးလို့ တွေးခဲ့မိလို့ပါ၊ ဒါပေမဲ့ သူတို့က လူပါးဝလာကြ တော့ ခင်က ဘာသိဘာသာ နေလိုက်တော့တယ်လေ၊ သူတို့ ပွဲတော်တည်စရာကို အိမ်မှာ ခင်ငှား ထားတဲ့ ထမင်းချက်နဲ့ အဖော် ကောင်မလေးက ပြုပြင် လုပ်ကိုင်ပေးရတယ်၊ မလုပ်ဘဲ မနေဝံ့လို့ ပေါ့၊ အိမ်ကလူတွေ အစ်ကိုနဲ့ပ မရီး သဘောမကျရင် ထမင်းချက်နဲ့ ကောင်မလေးကို ဆူပူ ကြိမ်းမောင်းတော့ ကြောက်တာနဲ့ လုပ်ပေးနေကြရတယ် ... "

မေမေခင် ပြောပြနေသည်ကို မြသွင်အေးက စိတ်မသက်သာစွာ နားထောင်နေရာမှ မေးလိုက် သည်။

"သူတို့နေတဲ့ အိမ်ကိုရော ခင် မသွားဘူးလား"

"မသွားဘူး မြ၊ အိမ်ကလူက ခဏခဏခေါ်တယ်၊ သူ့အစ်ကို သူ့မရီးကသာ ဒီအိမ်ကို လာရကြောင်း၊ ခင်က တစ်ခါမှ မသွားဘဲနေတာ ဝတ္တရားပျက်ကြောင်း၊ ရှိုင်းကြောင်းတွေပေါ့၊ သူ ဘာပြောပြော ခင်က မလိုက်ပါဘူး"

"အတင်းအဓမ္မ ခေါ်ရင်ကော"

မြသွင်အေး မေးသည်။

"ခင်က ပြောထားပါတယ်၊ သူတို့အိမ်ကို ခင် သွားသင့်သွား ထိုက်တဲ့အကြောင်း၊ မသွားရင် မဖြစ်တဲ့ အကြောင်း ပေါ်လာမှ သွားမယ်လို့ ပြောထားတယ်"

မြသွင်အေးက မေမေခင် မျက်နှာကို စိတ်မကောင်းခြင်း၊ ကြင်နာခြင်းဖြင့် စိုက်ကြည့်ကာ နှစ်ဦးသား အတန်ကြာမျှ နှုတ်ဆိတ်နေကြသည်။ ထို့နောက် မြသွင်အေးက သူ့လက်မှ နာရီကို ငုံ့ကြည့်ပြီး ပြောသည်။

"မြက အခု အလုပ်ဝင်ရတော့မယ် ခင်ရဲ့၊ ဆရာဝန်အလုပ်ဆိုတာ တကယ် အလုပ်လုပ်တဲ့ ဆရာဝန်၊ လူနာအပေါ် တကယ် စေတနာထားတဲ့ ဆရာဝန်အနေနဲ့ အားလပ်ချိန် သိပ်နည်းတယ်၊ ရုံးချိန်အတွင်းမှာ ခင့်ဆီကို မြ လာဖို့ရာ မဖြစ်ဘူး၊ ရုံးဆင်းချိန်နဲ့ ရုံးပိတ်ရက်ဆိုရင်လဲ ခင့်လင်တော် မောင်နဲ့ ဆွေတော်မျိုးတော်တွေကို မျက်နှာချင်း မဆိုင်ချင်ဘူး၊ အင်မတန်စိတ်ရှည်တဲ့ ကိုမင်းဇင် တောင်

စိတ်ချုပ်တည်းသွားရသေးတာ၊ မတော်တဆ မြနဲ့ ဘုကျကြရင် မြက ခြေမြန်လက်မြန် သမား၊ မဖြစ်သင့်တာတွေ ဖြစ်ပြီး ကြားက ခင် စိတ်ဆင်းရဲမှာစိုးတယ်၊ အဲဒီတော့ မြ အလုပ်ဝင်ပြီး တယ်ဆိုရင် မြကို ခေါ်နိုင် စကားပြောနိုင်မယ့် ဖုန်းနံပါတ် ခင့်ကို လှမ်းပြောလိုက်မယ်၊ ခင် ပြောချင် တာ ဖုန်းထဲကပြော၊ ဒါမှမဟုတ် ဒင်းတို့ မရှိချိန် ကြာကြာ စကားပြောဖို့ အခြေအနေရတယ်ဆိုရင် မြကိုခေါ်၊ မြဖြစ်အောင် ကြိုးစားလာခဲ့မယ် ... နော် ခင် ... "

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ် ... ကိုမင်းဇင်ကိုလဲ ပြောပါ၊ အိမ်ကလူ လူစိတ်ပျောက်တာ ဘေးဖယ်ပြီး ခင့်ကို ပစ်ပယ်မထားပါနဲ့လို့"

မြသွင်အေးသည် မေမေခင်ကို သနားကြင်နာစွာဖြင့်ပင် မောင်မောင်မျိုး ပြန်ရောက်လာချိန် နီးပြီ ဖြစ်၍ လူချင်း မဆုံမိစေရန် ပြန်သွားလေတော့သည်။

(၈)

လင်ယောက်ျား၏ လုပ်စာဟူ၍ မမြင်ရ မကိုင်ရ မစားရသည်မှာ မေမေခင်အဖို့ အတော်ပင် ကြာညောင်း ခဲ့လေပြီ။ မောင်မောင်မျိုး အစ်ကိုနှင့် မရီးသည် အိမ်ကိုလာစေကာမူ မေမေခင်ကို တည်တည်မှန်မှန်သာ သေည်။ အရောတဝင် ခင်မင်ရင်းနှီးစွာ မေးမြန်း

ခေါ်ပြော နှုတ်ဆက်ခြင်း မရှိဘဲ၊ ငါ့ညီ ငါ့မတ်ကိုသာ ငါ အရေးလုပ်မည်ဟူသော တစ်ဖက်သတ် စိတ်မျိုး ရှိနေပါလျက်က မေမေခင်အဖို့ မခံချိစရာ ကိစ္စတစ်ခုက ပေါ်လာပြန်သည်။ ထိုကိစ္စကား ကိုအောင်စိုးနှင့် မိမိလေး တို့၏ ညွှန်ကြားချက်ကို နားနစ်ဖက်မှာ မဖိတ်မစင် ထည့်သွင်းလာပြီး၊ နှုတ်ခံတွင်းမှ ထွက်လာသော မောင်မောင်မျိုး၏ စကားများ ဖြစ်သည်။

"ဟေ့ … ဒီမှာ ခင်ရေ ဘယ်သွားနေလဲ၊ မောင့်အနား ခဏလာစမ်းပါဦး ခင်ရယ်"

မောင်မောင်မျိုးနှင့် မျက်နှာချင်းမဆိုင်မိအောင် အတတ်နိုင်ဆုံး ရှောင်နေသော မေမေခင်၏ နားထဲ သို့ မောင်မောင်မျိုး ၏ အသံက သာယာနာပျော်ဖွယ် ချိုအေးစွာ ဝင်လာသဖြင့် မေမေခင်က တော်တော်လေး အံ့အား သင့်သွားသည်။ သို့သော် မောင်မောင်မျိုး၏ ချိုသာပျော့ပျောင်းခြင်း ကား စင်ကြယ်သန့်ရှင်းခြင်း မရှိ ဟူ၍ မေမေခင်က အတတ်တွေး၏။ သူက အလိမ္မာသုံးရင် ငါကလဲ အလိမ္မာသုံးမှ သင့်မည်ဟု စဉ်းစား ကာ …

"ဟုတ်ကဲ့ လာပါပြီ"

ဟု အာဏာတသံ၊ ဒေါသသံ၊ နာကြည်းသံတွေ ကင်းစင်ပြီး ကြည်လင်သော အသံမျိုး ဖြစ်စေလျက် မေမေခင်က ဟန်မပျက်ထူးကာ မကြည်သည့်နှလုံးကို မျက်နှာအပြုံးဖြင့် ဖုံးလွှမ်း၍ မောင်မောင်မျိုး ရှိရာ ရောက်လာ သည်။

"ထိုင်စမ်းပါဦး ခင်ရယ်"

မောင်မောင်မျိုးက သူ့ဘေးမှာကပ်လျက် ထိုင်ခိုင်းသဖြင့် မေမေခင်က ထိုင်လိုက်သည်။ ဘာကိစ္စ ခေါ်တာလဲ၊ ဘာပြောမလို့လဲ စသည့်စကားတွေကို မေမေခင်က စတင်မမေးဘဲ၊ မောင်မောင်မျိုးက မေးလျှင် ပြောသည်။ ခေါ်လျှင် ထူးသည်။ လာခဲ့ပါဦးဆိုလျှင် အနားသို့လာသည်။ အကြောင်းကိစ္စ တစ်ခုခု ပေါ်လျှင် မောင်မောင်မျိုး အလိုကျ ဖြစ်နိုင် မဖြစ်နိုင်ကို ပြတ်သားတိုတောင်းစွာ လိုရင်းကို သာ ပြောသည်။ ဤပုံစံမျိုးဖြင့် မေမေခင် နေလာခဲ့သည်မှာ ကြာပြီဖြစ်၍ ယခုလည်း ဤပုံစံအတိုင်း ပင် ခေါ်၍ ထူးသည်။ လာခဲ့ပါဆို၍ လာသည်၊ ထိုင်ပါဆို၍ ထိုင်သည်။ မေမေခင် နှုတ်မှ စတင်၍ အသံမထွက်ချေ။ မောင်မောင်မျိုး က ဝမ်းသာရွှင်လန်းသောအသံဖြင့် ပြောသည်။

"ကိုမျိုး ရာထူးတက်ပြီး လခတိုးတာ ခင် သိလား"

"ဘယ်သူ့ပြောလို့ ခင် သိရမှာလဲ၊ အခုမှ ကြားရတာ"

"ဟုတ်ပါတယ်လေ၊ အခု ကိုမျိုးက အသိပေးပြီ ဟုတ်လား"

ရာထူးတက်၊ လခ တိုးသွားသည်ကို မေမေခင်က သိပြီးဖြစ်သော်လည်း သူ့ကို အရေးတယူ ပြောခြင်းမရှိ၍ မမေးခဲ့ချေ။ ယခုမှ တယုတယ အနားခေါ်ပြီး အသိပေး ပြောခြင်းသည် အကြောင်းရှိ ရမည်ဟု မေမေခင် က တွေးပြီး ဆိတ်ဆိတ်နေသည်။

"ကိုမျိုး ရာထူးတက်သွားတာ နောင့်ဘုရား တန်ခိုးတော်ကြောင့် ခင်ရဲ့၊ အစက မမမိ ပြောနေတာ ကို ကိုမျိုး မယုံဘူး၊ နောင်ဘုရား စွမ်းတယ်ဆိုတာ အခုတော့ ကိုမျိုး ကိုယ်တွေ့ပဲခင်"

မေမေခင်က နက်နဲသော အဓိပ္ပာယ်ဆောင်သည့်အပြုံးကို ပြုံးသည်။

"ခင် မယုံလို့ ပြုံးတာလား၊ နောင်ဘုရား တကယ်စွမ်းတာနော် မောင်မောင်မျိုးက အားပါးတရ ပြော၏။

"ဆိုပါဦး၊ ဘယ်လိုစွမ်းတာလဲ"

"ခင်က သိပ်လေးနက်ပုံ မရဘူး၊ နောင်ဘုရားနဲ့ မမမိတို့ ဘယ်လို စတွေ့လာတယ်ဆိုတာက ချီပြော မှ ခင် သဘောပေါက် အရည်လည်လာမှာ၊ နားထောင်နော် ... "

မေမေခင်က ဦးခေါင်းညိတ်သည့်. မောင်မောင်မျိုးသည် သူ့အလွန်အမင်း ယုံကြည်ကိုးကွယ်နေ သော နောင်ဘုရားနှင့် သူ ချစ်သော မရီးတော် မိမိလေးတို့ စတင်တွေ့ဆုံရာ ဇာတ်လမ်းကို မိမိလေး ပြောသည့် လေသံ အတိုင်း မျက်စိအာရုံတွင် ရုပ်ပုံထင်လာအောင် ပြောပြလိုက်သည်။

မိမိလေးတို့ တာချီလိတ်မှာ အမှုထမ်းနေစဉ်မှာ တစ်နေ့တွင် မိမိလေးသည် မိတ်ဆွေအိမ်တစ် အိမ်ကို အလည်သွားသည်။ ထိုအိမ်ရှင်မိန်းမနှင့် မိမိလေးသည် အကြောင်းကိစ္စတစ်ခုကို ငြင်းခုံရာ

မှ၊ တော်တော် ပင် အဆင်မပြေဖြစ်ကာ မိမိလေးသည် စိတ်ဆိုး မာန်ဆိုးဖြင့် အိမ်ပြန်လာခဲ့သည်။ ထိုနေ့ည မှာပင် မိမိလေး မှာ ထူးခြားဆန်းကြယ်သော ဝေဒနာတစ်ခုကပ်ရောက်လာခဲ့သည်။

မိမိလေးသည် အိမ်သို့ရောက်ပြီး မကြာမီမှာပင် ဝမ်းဗိုက်ထဲမှ မခံမရပ်နိုင်အောင် နာသည်၊ ပူလောင် သည်၊ ရပ်တည်ခြင်းဌာ မစွမ်းနိုင်တော့ဘဲ ကြမ်းပြင်ပေါ်မှာ မချိမဆန့် လူးလိမ့်နေရတော့၏။

"မောင်ရယ် ... မိကို မကယ်နိုင်တော့ဘူးလား"

မချိမဆန့် ဝေဒနာ ခံစားနေရာမှ မိမိလေးသည် သနားစဖွယ် ပြောရှာသည်။ အန်ထုတ်လိုသည့် လက္ခဏာဖြင့် မကြာခဏ ပျို့သည်။ ပျို့လျက်နှင့် အန်ဖတ်က မထွက်သောအခါ ပိုမိုဆိုးဝါးသော ဝေဒနာ ကို ခံစားရသည်။ ဖြူဝင်းလှပသော မျက်နှာလေးမှာ ပြင်းထန်စွာ ခံစားရသော ဝေဒနာ ကြောင့် နီသွားလိုက်၊ ပြာသွားလိုက် ဖြစ်နေသည်။ ဝင်းထိန်ရှန်းလဲ့သော မျက်လုံးမှ မျက်ရည်ပူများ ဖြိုင်ဖြိုင် စီးကျလာသည်။

"မောင်ရယ်"

လင်ယောကျ်ား ကိုအောင်စိုးကို အားကိုးခြင်းကြီးစွာဖြင့် ခေါ်ရှာသည်။ အသက်တမျှ ချစ်လှသော ဇနီး၏ မချိမဆန့် ဝေဒနာခံစားနေပုံကို မရှုရက် မမြင်ရက်အောင် ဖြစ်နေသည်။ ကိုယ်ခန္ဓာခြင်း လဲပြီး ဝေဒနာခံ လို့ ဖြစ်နိုင်လျှင်လဲ လဲလိုက်ချင်သည်။ ကိုအောင်စိုးသည်

ဦးခေါင်းမီးလောင်သလို ဖြစ်ကာ သွေးရူး သွေးတန်း ထိတ်လန့်စိုးရိမ်ခြင်းကြီးစွားဖြင့် ဘာလုပ်ရမည်မသိ ဖြစ်နေသည်။ ဆေးဆရာ သွားခေါ်ရန်မှာ မိမိလေး ကို တစ်ယောက်တည်း မထားခဲ့ရက်ပေ။ ကိုအောင်စိုးသည် မိမိလေးကို ယုယကြင်နာစွာ ပိုက်ဖက် ထားလျက်ကပင် ...

"လာကြပါဦး ... ကူညီကြပါဦး၊ ကျွန်တော့်မိန်းမ သေရပါတော့မယ် ...

ဟု အိမ်နားနီးချင်းတွေကို ဟစ်ခေါ်လိုက်လေသည်။ ကိုအောင်စိုး ခေါ်သံကြောင့် အိမ်နားနီးချင်းတွေ က ပြေးလာကြသည်။ ဤလူစုထဲမှာ တစ်ယောက်သောသူက ...

"ဟာ ဒါ မရိုးဘူး ပယောဂပဲ၊ ဘယ်ဆေးဆရာမှ မခေါ်နဲ့၊ နောင်ဘုရားကို သွားပင့်မယ်"

ဟု ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းပြေးသည်။ အချို့က ဆရာဝန်ခေါ်ရန် အကြံပေးသည်။ ကိုအောင်စိုး ကား ဘာလုပ်ရမည် မသိ၊ ရင်ခွင်ထဲက ဝေဒနာသည် ချစ်ဇနီးကို မျက်တောင်မတတ် ငုံ့ကြည့်ရင်း ...

"ခင်ဗျားတို့ ကောင်းတယ်ထင်တာသာ လုပ်ကြပါ၊ ကျွန်တော့်ဇနီး အသက်ချမ်းသာဖို့ပဲ အရေးကြီးပါ တယ်"

ဟု အားလုံးကို ပုံအပ်နေသည်။

ဤတွင် ဆရာဝန် ခေါ်လိုသူကလည်း ကပျာကသီ ပြေးဆင်း သွားသည်။ ကိုအောင်စိုး အနေဖြင့် ကား နောင်ဘုရားဖြစ်စေ၊

ဆရာဝန်ဖြစ်စေ ဦးစွာ ရောက်လာသူလက်ထဲ အပ်တော့မည်သာ ဖြစ်၏။ ဆရာဝန် ပင့်သူ ပြန်မလာမီ၊ နောင်ဘုရားဆိုသူက လာပင့်သူနှင့်အတူ ဦးစွာရောက်လာသည်။ မြင်ရ သူအဖို့ အားကိုးကြည်ညိုဖွယ်ရာ၊ ခင်မင်နှစ်လိုဖွယ်ရာ ချောမောလှပ ခံ့ညားသော နောင်ဘုရား သည် မသက်မသာ ညည်းညူနေသော မိမိလေးကို သေချာစွာ ကြည့်ပြီး အေးမြတည်ငြိမ်သော အသံဖြင့် မေးသည်။

"ဘယ်လို ခံစားရလဲ နမကြီး"

"ဝမ်းထဲက ပူတယ်၊ နာတယ်၊ အန်ချင်တယ် ... "

မိမိလေး အသံမှာ ပြောအားပင် မရှိတော့သလို လေသံသဲ့သဲ့သာ ထွက်တော့သည်။

"အစာရှိလား ... "

မိမိလေးက ဦးခေါင်းလှုပ်ရုံမျှ ညိတ်ပြသည်။

"ဘာတွေလဲ ... "

"ဟိုအိမ်က ထမင်းစားခဲ့တယ်၊ ဆိတ်သားဆီပြန်ဟင်း၊ ဆူးပန်းရွက်ချဉ်ရေ၊ နောက်ပြီး ဆိတ်နို့ သောက် အမယ်လေး ... "

လေသံမျှဖြင့် ပြောနေသော မိမိလေးသည် စကားပင် မဆုံးနိုင်ချေ။ ဝမ်းဗိုက်ထဲမှ ဝေဒနာကြောင့် မချိ မဆန့် ညည်းလိုက်သည်။

"တော်ပြီ ဆက်မပြောနဲ့တော့ နောင်ဘုရား သိပြီး၊ နမကြီး ချမ်းသာစေရမှာပေါ့ကွယ်"

နောင်ဘုရားသည် သူ လွယ်လာသော ထူးဆန်းလှပသည့် အညိုရောင် ပိုးလွယ်အိတ်ကြီးထဲမှ ရွှေရေး ယွန်းအစ်ငယ်ကလေးကို ယူထုတ်သည်။ ထို့နောက် ယွန်းအစ်ငယ်ထဲမှ ရွှေရောင်စက္ကူဖြင့် ထုပ်ထားသော အထုပ်ကို လျင်မြန်စွာ ဖြေရင်း ရေသန့်သန့်တစ်ခွက်နှင့် ပန်းကန်လုံးငယ်တစ်လုံး ကို တောင်းသည်။ ပန်းကန်လုံးငယ် ထဲ မှာ ရွှေရောင်စက္ကူထုပ်မှ ဆေးမှုန့်ကို ထည့်သည်။ ရေအနည်း ငယ်နှင့် ဖျော်ပြီး နှုတ်မှ အသံမထွက်ဘဲ လေးငါးခွန်း မန်းမှုတ်ပြီး မိမိလေးကို တိုက်သည်။ မိမိလေး သည် ထိုဆေးကို သောက်ပြီး ခေတ္တမှ ရှုံ့မဲ့ညည်းညူနေရာမှ တစ်ချက်မျှပို့ကာ အားရပါးရ အန်ချ လိုက်လေသည်။

ထို့နောက် သက်သာဟန်ဖြင့် ကိုအောင်စိုး၏ ရင်ခွင်မှာ မှိန်းနေစဉ်၊ နောင်ဘုရားသည် လွယ်အိတ် ထဲမှ သံမဏိ ဓားတစ်ချောင်းကို ထုတ်ယူသည်။ ကိုအောင်စိုးနှင့် မိမိလေးက အထင်ကြီး အားကိုးစွာ ဖြင့် နောင်ဘုရား ကို မော့ကြည့်ကြသည်။ နောင်ဘုရားက လေးနက်တည်ငြိမ်စွာသော အသံဖြင့် ကြားရသူ ကြက်သီး မွေးညင်း ထစေရန် ပြောသည်။

"ကျွန်ုပ်သည် မေတ္တာကမ္ဘဌာန်းကို ပွားများကာ သတ္တဝါများအနက်မှ ကျွန်ုပ် ကယ်ခွင့်ရသူကို ကယ်တင်ရန် ဓိဌာန်ခဲ့သည်၊ ယခုဝေဒနာသည်

နမကြီးကို ကယ်ခွင့်ကြုံသည်၊ မိုက်မဲလှစွာသော စိတ်ဖြင့် တစ်ဖက်သား ကို သေကြေအောင် အစာသွင်းသူအား ကျွန်ုပ် မေတ္တာရှေ့ထား ခွင့်လွှတ် ကာ ဝေဒနာသည်ကိုသာ ကယ်တင် မည်ဖြစ်၍ ဤနမကြီး၏ ဝမ်းဗိုက်ထဲမှာ ကျန်နေသေးသော ဒုက္ခ ပေးမည့် သွေးပုပ်များသည် ကျွန်ုပ် ဓားစကြာတန်ခိုးကို ထိစေသတည်း၊ ကျွန်ုပ်အာဏာကို နာခံစေ သတည်း"

အမိန့်ပြန်ဆို ပြီးဆုံးသောအခါ နောင်ဘုရားသည် သံပရာသီး တစ်လုံးကို တောင်းသည်။ သံပရာသီး ရသောအခါ ကိုအောင်စိုး လက်ထဲထည့်ပြီး မိမိလေး၏ ဝမ်းဗိုက်ပေါ်မှာ သံပရာသီးကို လှိမ့်စေ သည်။

"ဝမ်းထဲမှာ ကျန်နေသေးသရွေ့ ရောဂါများ ဤသံပရာသီးထဲမှာ ဝင်စေ၊ သံပရာသီးကို ကျွန်ုပ် ဓားစကြာ ဖြင့် ခွဲပြမည်၊ ဒုက္ခပေးမည့် သွေးပင်းများကို ကြည့်ကြ ... "

နောင်ဘုရားက ပြောပြောဆိုဆို ကိုအောင်စိုးထံ သံပရာသီး တောင်းသည်။ အလွန်အမင်း ယုံကြည် နေပြီဖြစ်သော ကိုအောင်စိုးက သံပရာသီးကို ရိုသေစွာ လှမ်းပေးသည်။ နောင်ဘုရားသည် လူအများ ရှေ့မှာပင် သံပရာသီးကို သူ့လက်ထဲမှ သံဓားငယ်ဖြင့် ထက်ခြမ်းခွဲလိုက်သောအခါ အတွင်းသားသည် သံပရာသီး အသား မဟုတ်တော့ဘဲ ရဲရဲနီသော သွေးအတိ ဖြစ်နေသည်။ တစ်စက်စက် စီးကျနေသော အရည် များသည် သံသရာရည် မဟုတ်ဘဲ

သွေးရည်များ ဖြစ်နေသည်။ ဝိုင်းအုံကြည့်ရှုနေသော လူစု၏ အံ့ဩသံမှာ တညီတညာတည်း ထွက်လာသည်။

"ရော့ နမကြီး ... ဒီဆေးမှုန့် နည်းနည်းထပ်သောက်လိုက်"

စောစောက ရေဖျော်တိုက်ခဲ့သော ဆေးမှုန့်ကိုပင် ထပ်တိုက်သည်။ မိမိလေးသည် အနည်းငယ် ထပ်မံ အန်ပြီးနောက် မောပန်းနန်းခွေသည်က လွဲပြီး လူကောင်းပကတိ ဖြစ်သွားသည်။ ကိုအောင်စိုးနှင့် မိမိလေး တို့ကား နောင်ဘုရား၏ ခြေအစုံကို ဦးဖြင့်တိုက်ကာ ဦးခိုက် ပူဇော်ကြ သည်။ ထို့နောက်တွင် အသက်သခင် ကျေးဇူးရှင်ဖြစ်သော နောင်ဘုရားကို အိမ်ဦးခန်းတင်ကာ ကိုးကွယ်မှု ပူဇော်ထားရာမှ ယခု ပြောင်းရွှေ့ လာရာမှာ ကိုအောင်စိုးနှင့် မိမိလေးကို သံယောဇဉ် ကြီးလှသော နောင်ဘုရားသည် နီးနီး စောင့်ရှောက် ရန် တစ်ပါတည်း လိုက်လာခဲ့ခြင်း ဖြစ်သည်။

"ဆရာဝန် သွားပင့်တဲ့လူက ဘယ်ရောက်သွားလဲ"

မောင်မောင်မျိုး စကားဆုံးသောအခါ မေမေခင်က ခပ်ပြုံးပြုံး မျက်နှာဖြင့် မေးသည်။

"ဆရာဝန်က ခွဲလက်စ လူနာတစ်ယောက်ကို လက်လွှတ်မရတော့ မလိုက်လာနိုင်တော့ဘူး၊ လိုက်လာလဲ ဘာတတ်နိုင်မှာလဲ၊

နောင်ဘုရား အစွမ်းကြောင့်သာ မမိ အခုထက်တိုင် အသက် ထင်ရှား ရှိနေတာပေါ့"

"ဟား ဟား ဟား ဟား ... "

ဝါးလုံးခွဲသလို ရုတ်တရက် ရယ်ချလိုက်သော မေမေခင်ကို မောင်မောင်မျိုးကို လန့်သွားသည်။ အံ့အားသင့်စွာ မျက်လုံးပြူး ကြည့်နေသည်။ ကိုအောင်စိုးနှင့် မိမိလေးတို့ ရန်ကုန် ရောက်လာသည့် အချိန်ကစပြီး အိမ်ထောင်ရေး စိတ်ဆင်းရဲမှု ကြုံလာခဲ့ရသော မေမေခင်သည် ယခုလို အူလိုက် သည်းလိုက် အသံကျယ်ကျယ် အော်ဟစ်ရယ်မောမည် ဝေးစွ၊ လင်မယားချင်း မျက်နှာချင်း မဆိုင် မိအောင် ကြိုးစားရှောင်ခဲ့သည်။ ယုတ်စွအဆုံး အိပ်ရာဝင်လျှင်ပင် မောင်မောင်မျိုး အိပ်ပျော် လောက်သည့် ဆယ့်တစ်နာရီ လောက်မှ ဝင်အိပ်ပြီး မနက်မိုးမလင်းမီ အိပ်ရာက ထသွားတတ် သည်ကို ကိုမောင်မောင်မျိုး သိခဲ့ပြီး ဖြစ်သည်။ မလွှဲသာ၍ မျက်နှာချင်းဆိုင်ရလျှင်လည်း ရမည်းသင်းစား သီလဝနှင့် မောင်နမ အရင်း တော်သလားဟု ထင်မှားရသော မျက်နှာထားမျိုးသာ မောင်မောင်မျိုး မြင်ခဲ့ရသည်။ ယခုမှ ပထမ ပြုံးသည်။ ထို့နောက် ဝါးလုံးကွဲ ရယ်သည်။ အဘယ် မှာလျှင် မောင်မောင်မျိုး မထိတ်မလန့် ဘဲ နေပါမည်နည်း။

"ခင် ရယ်တာ ... ဘာသဘောလဲ"

မောင်မောင်မျိုးက မေမေခင် မျက်နှာကို အကဲခတ်သလို စေ့စေ့ကြည့်မေးသည်။ မေမေခင်က မျက်နှာကို တည်လိုက်ပြီးမှ ပြော၏။

"နောင်ဘုရား စွမ်းတယ်ဆိုလို့ ရယ်တာပါ"

"မမမိ ယခုထက်တိုင် ကျန်းမာနေတာ စွမ်းတာမဟုတ်လို့ ဘာလဲ၊ ကိုယ် အခု ရာထူးတက် လခတိုး တာ နောင်ဘုရား စွမ်းတာမဟုတ်လို့ ဘာလဲ"

မောင်မောင်မျိုးလေသံက မာလာသည်။

"ဒါလောက် ဘုန်းတန်ခိုးကြီးရက်နဲ့ ရှင့်အစ်ကို အလုပ်ပြုတ်လာတာ မကယ်နိုင်ဘူးလား"

"ခင့်စကားက နောင်ဘုရားကို ယုံကြည်မှုကင်းတဲ့ စကား၊ သရော်ပြောင်လှောင်တဲ့ စကားပဲ၊ ထောင်တန် တဲ့စကား ရယ်ရင်ပေါ့တယ်တဲ့၊ ခင် စကားကို စည်းကမ်းမဲ့ မပြောပါနဲ့"

မောင်မောင်မျိုး လေသံက မာရာမှ စိတ်ဆိုးသံနှောလာသည်။

"ခင် သရော်တာ မဟုတ်ဘူး၊ ရှင်တို့တတွေ နောင်ဘုရားဆိုတာကြီးရဲ့ အလိမ်မိနေကြလို့ ပြောတာ"

စိတ်ထဲက နာကြည်းခံပြင်းချက်တွေကြောင့် မေမေခင်သည် လင်ယောက်ျားကို ကိုမျိုးဟူသော ယုယချစ်ခင်သည့် အသုံးအနှုန်းမျိုး

မသုံးတော့ဘဲ လက်ရမ်းလက်ဆသာ ပြောတော့သည်။ "ရှင်" ဟူသော တစိမ်းဆန်ဆန် စကားလုံးကို အစားထိုး သုံးလာခဲ့သည်။

"ခင်နှော် ... ပြောလေ ကဲလေပါလား၊ ပြောစမ်း ... နောင်ဘုရား ဘယ်လိုလိမ်တယ်ဆိုတာ ပိုင်ပိုင် နိုင်နိုင် ရှိမှပြော၊ ယုတ္တိမရှိဘဲ သိက္ခာချရပြီးရော စိတ်မျိုးနဲ့ အရမ်းစွပ်စွဲရင် ကိုမျိုး သည်းမခံဘူး"

မောင်မောင်မျိုး က ဆတ်ဆတ်ထိမခံ ပြောသည်။

"ကောင်းပါပြီ ... ခင်ကလဲ လိမ်မှန်း သေသေချာချာသိလို့ ပြောတာကို သေသေချာချာ နားထောင်၊ ရှင့်မရီးတော်ကို ကျွေးလွှတ်လိုက်တယ်ဆိုတာက အောက်လမ်းပညာရဲ့ အပင်းသွင်းလွှတ် မဟုတ် ဘူး၊ ဆိတ်သားနဲ့ ဆူးပန်းရွက်ဆိုတာ လုံးဝ မတည့်ဘူး၊ ဆန့်ကျင်ဘက်ဓာတ်တွေ၊ နှစ်ခုရောစားရင် အဆိပ် ဖြစ်လာတယ်၊ ဆိတ်သားဟင်း ဆူးပန်းရွက်ဟင်းရောစားပြီး ဆိတ်နို့ သောက်လာတယ် ဆိုတော့ အဆိပ် မဖြစ်ရင် ခံနိုင်မလား၊ မယုံရင် မြန်မာဆေးပညာကို ကျွမ်းကျင်တဲ့ သမားတော်ကြီး တွေ မေးကြည့်၊ အဲဒါမှ မယုံသေးရင် ရှင်ကိုယ်တိုင် ချက်ပြီးစားကြည့်ပါလား ... အကြောင်းသိရ အောင်"

မောင်မောင်မျိုးက ရုတ်တရက် ဘယ်လိုပြန်ချေရမှန်း မသိဘဲ၊ မေမေခင် မျက်နှာကို ငေးကြည့်နေ ပြီးမှ ပြန်ပြောသည်။

"ဘာပဲဖြစ်ဖြစ် နောင်ဘုရားရဲ့ မန်းမှုတ်ကုသတဲ့ ဆေးက စွမ်းတာ အမှန်တဲ့၊ နောင်ဘုရား ဘယ်လောက် သဘောထားမြင့်မြတ် သလဲဆိုတာ မမမိကို အစာသွင်းလွှတ်တဲ့ အိမ်ရှင်ကို မေတ္တာ ထား ခွင့်လွှတ် ရမယ်လို့ တရားပြတာကြောင့် ကိုကိုနဲ့ မမမိက သည်းခံခဲ့ကြတာ"

"မိပြန်ပြီ တစ်ချက်"

မေမေခင်က ဆို၏။

"ဘာမိတာလဲ"

မောင်မောင်မျိုးက မကျေမနပ် ဆိုသည်။

"အလိမ်မိတာလေ၊ ရှင့်အစ်ကိုနဲ့ မရီးက ထမင်းကျွေးလွှတ်တဲ့ အိမ်ရှင်ကို လက်တုံ့ပြန်ရင် အရေးယူ တိုင်ကြားရင် ရှင့်မရီး စားသောက်လာတဲ့ ဟင်းတွေကို ဓာတုဗေဒက စစ်မှာကိုး၊ အဲဒီတော့ ရောစားလို့ မသင့်တဲ့ အစာရိုးရိုးဖြစ်ကြောင်း ပေါ်လွင်လာမှာပေါ့၊ အဲဒီတော့ သူ့မန်းမှုတ် ဟန်ဆောင် တိုက်တဲ့ ဆေး ဟာ ဘာလဲဆိုတာ လူတွေ သိကုန်မှာကိုး၊ ဒါကြောင့် တရားရေအေး တိုက်ကျွေး တာပေါ့"

"နောင်ဘုရားရဲ့ အစွမ်းထက်တဲ့ဆေးကို ခင်က မရှုတ်ချပါနဲ့၊ သူ မမန်းမမှုတ်ဘဲ စွမ်းမလား"

"အမယ်လေး စွမ်းပါသော်ကောရှင်၊ ဒီမှာ ... ရှင် မြန်မာဖြစ်ရက်နဲ့ မြန်မာ့အဖိုးတန် စာပေတွေကို မဖတ်ဘူး သေးတော့ နောင်ဘုရား

ဆိုတာကြီး လိမ်သမျှ ယုံနေရတာပေါ့၊ ဒီမှာ ... ရတနာကောသ ကျမ်းဆိုတဲ့ ကျမ်းစာအုပ် ကို ရှင် သေသေချာချာ ဖတ်စမ်း၊ ရှင် အလိမ်ခံရတာ သိလာလိမ့်မယ်"

မောင်မောင်မျိုး စိတ်တိုလာသည်။

"ပြောစမ်းပါ ခင့် ကျမ်းစာတော်ကြီးက ဘယ်လိုဆိုထားလို့လဲ"

"ရတနာကောသကျမ်းထဲမှာ အောင်မဲဖြူ၊ အောင်မဲညို၊ အောင်မဲနီ ဆိုတဲ့ အဖိုးတန် ပန်းသုံးမျိုး ရှိတယ်။ ဒီပန်းသုံးမျိုး အခြောက်လှမ်း အမှုန့်ကြိတ် စားသုံးရင် ကိုယ်ခန္ဓာ ယောင်ရမ်းတာ၊ လည်ချောင်းနာတာတွေ ပျောက်တယ်၊ အစားမှားလို့ အဆိပ်ဖြစ်တာကို နိုင်တယ်၊ ရှင့်မရီး အစာ အဆိပ်ဖြစ်တာကို ဒီပန်းခြောက်မှုန့် တိုက်လိုက် တာပေါ့၊ အဆိပ်ဖြစ်နေတဲ့အစာတွေ အကုန်ပြန်အန် ထွက်သွားတယ်၊ ဝမ်းလျှော သွားတယ် ဆိုရင် ဘယ်မှာ သေနိုင်တော့မလဲ"

"ဒါဖြင့် သံပရာသီးထဲက သွေးတွေ ထွက်လာတာကရော"

မေမေခင်က ချက်ကျကျ ပြောနေသည်များ မချေပနိုင်သည့်တွင် မောင်မောင်မျိုးက မေးခွန်းတွေ သာ ထုတ်နေသည်။

"ရှင်ဟာလေ ခေတ်ပညာတတ်တစ်ယောက် ဖြစ်ရက်နဲ့ ဘာကြောင့် မစူးစမ်းဘဲ အရမ်းမဲ့ ယုံနေရ တာလဲ၊ ခေါင်ရန်းပန်း ဆိုတာရော သိလား"

"သိတယ် ... အဲဒါ ဘာဖြစ်လဲ"

"ခေါင်းရန်းပန်းပွင့်က အရောင်မျိုးစုံ ရှိတယ်၊ အနီရောင် ခေါင်ရန်းပွင့်ကို ဓားသွားနှစ်ဘက်လုံးမှာ နေ့တိုင်းတိုက်ပေး၊ အနည်းဆုံး တစ်နေ့ လေးငါးကြိမ်ပေါ့၊ ဖြစ်နိုင်ရင် အကြိမ်များများပေါ့၊ စိတ်ရှည် ဖို့ လိုတယ်၊ စိတ်ရှည်မှလဲ သူများကို ပိပိရိရိ လိမ်နိုင်မှာ မဟုတ်လား၊ သုံးနှစ်လောက် ခေါင်ရန်းပန်း ပွင့်အနီနဲ့ နေ့တိုင်း တိုက်ပေးထားတဲ့ ဓားကို သံပရာသီးလှီးကြည့်၊ သံပရာသီးက သွေးရောင်လို နီ သွားတယ်၊ ဘယ်လိုဓာတ်မျိုး ဝင်သွားတယ်ဆိုတာတော့ ခင် မရှင်းတတ်ဘူး၊ လိမ်ချင်တဲ့ ပယောဂ ဆရာတွေ၊ မျက်လှည့် ဆရာတွေ လက်သုံး အဖိုးတန်နည်းပဲ၊ ရှင့် နောင်ဘုရားဆိုတာကြီးက အဲဒီ နည်းနဲ့လိမ်တာ၊ မယုံရင် သူ့ဓားကို ရအောင်တောင် လာခဲ့၊ ရှင်ကိုယ်တိုင် သံပရာသီး ရွေးကိုင်ပြီး လှီးကြည့်ပါလား"

မောင်မောင်မျိုး ဘာပြန်ပြောရမှန်း မသိတော့ချေ။ မေမေခင် စကား နားဝင်သဘောပေါက်၍ကား မဟုတ်။ သူကိုယ်တိုင်ရော အစ်ကိုရော မရီးရော ယုံကြည်လွန်း၊ ကြည်ညိုလွန်းနေသော နောင်ဘုရား၏ အစွမ်း တွေကို ထိခိုက် ပုခတ် ပြောနေသော မေမေခင်ကို သူ ဘယ်လို နည်းသုံးပြီး နိုင်အောင် ချေပါမည်လဲဟု အချက် ရှာမရဘဲ ဖြစ်နေသည်။

မေမေခင်က စကားပြောရသည်မှာ များသွား၍ မောဟန်ဖြင့် နားနေလိုက်သည်။ မေမေခင် နှုတ်ဆိတ် သွားနေခိုက်မှာ အချိန်ယူ

စဉ်းစားလိုက်ရသော မောင်မောင်မျိုးက အချက်တစ်ခု သတိရလိုက်သည်။

"ကိုမျိုး ရာထူးတက်၊ လခတိုးတဲ့ ကိစ္စကော ဘာပြောချင်သေးလဲ၊ ဒီကိစ္စ အဆိပ်ဖြေနည်းလား၊ ဆေးကျမ်းထဲမှာ ပါလား၊ ခေါင်ရန်းပွင့် လိုသေးလား"

မောင်မောင်မျိုးက ဤတစ်ချက်မှာ မေမေခင် ရှုံးပြီဟု သေချာပေါက် ယူဆကာ ဝင့်ဝင့်ကြွားကြွား ပြန်မေးသည်။ မေမေခင်က ဣန္ဒြေမပျက်ပင် ပြန်လည်မေးခွန်းထုတ်လိုက်၏။

"ရှင်နဲ့ လက်ထပ်တဲ့နေ့က အမှတ်တရ မင်္ဂလာဦး လက်ဆောင်အဖြစ် ခင်ကိုယ်တိုင် ဝတ်ပေးခဲ့တဲ့ မြလက်စွပ် ကြီး ဘယ်ရောက်သွားသလဲ"

ထိုမြလက်စွပ်ကြီးမှာ မေမေခင်တို့ ဘိုးဘွားလက်ထက်ကစပြီး အမြတ်တနိုး သိမ်းဆည်းလာသည့် မိုးကုတ်တွင်းထွက် မြအစစ် ဖြစ်သည်။ မြရတနာသည် အလွန်ဆတ်သော ကျောက်မျိုးဖြစ်၍ အပြစ် အနာအဆာ လွတ်ကင်းသော မြကား ရှားပါးလှသည်။ ယခု မြလက်စွပ်ကား ဆိုစရာ အပြစ်အနာ အဆာဟူ၍ လုံးဝကင်းစင်ပြီး အရည်ကောင်းလှသောကြောင့် ကာလပေါက်ဈေးနှင့်ဖြတ်လျှင် နှစ် သောင်းကျော် တော့ ပစ်စလတ်ခတ် တန်နေသည်။ မန်ကျည်းစေ့ ပမာဏထက်ကြီး၍ မြင်ရသူအဖို့ မျက်စိ အေးလွန်းသဖြင့် မောင်မောင်မျိုးကို မြင်တွေ့သူတိုင်းသည် လက်မှာ ဝတ်ထားသော မြ လက်စွပ်ဆီသို့သာ မျက်လုံးရောက်သွားကြသူချည်း ဖြစ်သည်။ ဤမြလက်စွပ်ကို တစ်သက်တာ အားကိုးခိုလှုံရမည့် ချစ်သော

ခင်ပွန်းအား မေမေခင်က ချစ်လက်ဆောင်အဖြစ် လက်ထပ်သည့်နေ့က အမြတ်တနိုး ကိုယ်တိုင်ဝတ်ပေးခဲ့သည်။ ယခု ထိုမြလက်စွပ် ပျောက်ဆုံးခဲ့လေပြီ။

"လွန်ခဲ့တဲ့ နှစ်လကျော်ကပဲ ပျောက်သွားပါပြီဆိုတာ ခင် သိရက်သားနဲ့၊ ဘာကြောင့် အသစ်လုပ် မေးနေရတာလဲ"

မောင်မောင်မျိုးက ငေါက်ငမ်းသော လေသံဖြင့် ဖြေသည်။

"ဟော့ ... ကိုမျိုး မေးတဲ့မေးခွန်းကို မဖြေဘဲ ဘာဖြစ်လို့ မဆိုင်တာ မေးခွန်းထုတ်နေရတာလဲ"

"ဆိုင်လာပါလိမ့်မယ်၊ မေးတာသာ ဖြေစမ်းပါ။ ခင် မေးတာ မဖြေရင် ရှင် ရာထူးတက်ကာ ရှင့် နှောင်ဘုရားကြီး ကြောင့်ဆိုတာ လုံးဝ လက်မခံဘူး"

"ဘာဆိုင်လဲ ..."

"အို ... ဆိုင်လာလိမ့်မယ်လို့ ပြောတယ် ဟုတ်လား၊ တကယ်ပါ ရှင့်နှောင်ဘုရားကြီးကြောင့် ရာထူး တက်တာ မှန်ပါတယ်၊ မြလက်စွပ်ပျောက်တာနဲ့လဲ ဆိုင်ပါတယ်၊ သိချင်ရင် ခင် မေးတာပြော"

နှောင်ဘုရားကြောင့် ရာထူးတက်တာမှန်ကြောင်း မေမေခင်နှုတ်မှ ဖွင့်ဟလိုက်သောအခါ မောင်မောင်မျိုး ကျေနပ်သွားသည်။ ထို့ကြောင့် သူ မည်ကဲ့သို့ လက်စွပ်ပျောက်ကြောင်း ပြောပြ သည်။

ထိုနေ့က ရုံးပိတ်ရက်ဖြစ်နေ၍ မောင်မောင်မျိုးသည် အစ်ကိုဖြစ်သူကိုအောင်စိုးနေအိမ်မှာ တစ်နေ ကုန်သွားနေသည်။ မောင်မောင်မျိုးအနေဖြင့် အိမ်မှာ ငြီးငွေ့သည်။ သူကိုယ်တိုင်က အစ်ကိုနှင့် မရီးကို ပါးစပ်ထဲငုံထားလုမျှ မြတ်နိုးစုံမက်သော စိတ်ဖြင့် ထိပ်ပေါ်တင်ထားသည်။ အစ်ကိုနှင့် မရီး ဩဇာနာခံပြီး ဇနီးမယားကို ပစ်ပစ်ခါခါ လုပ်သည်။

နိမ်သည်။ အိမ်စရိတ် တစ်ပြားမျှ မပေးတော့ဘဲ လခအားလုံးကို အစ်ကိုနှင့် မရီးလက်အပ်သောအခါ မေမေခင် အနေဖြင့် ဤလင်မျိုးကို မြတ်နိုး ယုယလိုစိတ် ရှိပါတော့မည်လော။ အကြောင်းကြောင်းသော စိတ်ဆင်းရဲမှုတွေကြောင့် လင်နှင့် မယား မကြည်လင် မရွှင်ပျဘဲ ယုယပြုစုမှုတွေ လျော့ပါးလာသောအခါ မောင်မောင်မျိုးသည် သူတို့ဘက်က လွန်ထားသည်ကို ပြန်မတွေးဘဲ မေမေခင်ကို ငြီးငွေ့လာသည်။ ထိုအခါ ချောမောလှပ သော ရုပ်ရည်နှင့် လိုက်ဖက်ညီစွာ ချစ်ခင်ကြင်နာ မြတ်နိုးစရာကောင်းသော စကားတွေကို ပြောတတ်သော၊ ယုယုယယ ဆက်ဆံတတ်သော မရီးတော် မိမိလေးထံမှ စိတ်လက်ရွှင်ကြည်မှုကို ရနေသည်။ မိမိလေးကား ထမင်းဟင်း ချက်စားသည် မဟုတ်၊ နာမည်ကြီး ဟိုတယ်တစ်ခုမှ ကြိုက် သည့် ထမင်းဟင်းကို လပေး မှာစားနေကြခြင်း ဖြစ်သည်။ ထို့ကြောင့်သာလျှင် မောင်မောင်မျိုး ၏ လခတစ်ပြားမကျန် အပ်နေရခြင်း ဖြစ်သည်။

လက်စွပ်ပျောက်သည့်နေ့က ရုံးပိတ်ရက် ဖြစ်သည့်အလျောက် မောင်မောင်မျိုး ရောက်လာ သောအခါ မိမိလေးက ဆီးကြိုပြီး မတ်တော်မောင်ကို ညွှန်ကြားလိုက်သည်။

"မျိုးရေ ... အိမ်အောက်ထပ် နောင်ဘုရား ဖိုထိုးတဲ့အခန်းကို မျိုးနဲ့ မိမိတို့ သန့်ရှင်းရေး လုပ်ကြရ အောင်၊ နောင်ဘုရားနဲ့ မောင်ကတော့ အိမ်ဦးက ဧည့်ခန်းထဲမှာ ကန်တော့ပွဲ ပြင်နေကြလေရဲ့၊ ကန်တော့ပွဲ ပြင်ပြီးရင် သူတို့နှစ်ယောက်လုံး တစ်နေကုန် ဧည့်ခန်းဝင်ကြမှာ၊ အဲဒါကြောင့် သန့်ရှင်း ရေးလုပ်ဖို့ မိမိ တစ်ယောက် ထဲမနိုင်လို့ မျိုးကို စောင့်နေတာ"

မိမိလေးသည် ရုပ်ရည်က ငေးကြည့်လောက်အောင် ချောလှသည်သာ မဟုတ်သေး။ အသံက သာသည်။ လေယူလေသိမ်း ပြောဟန် မျက်နှာပေးတို့က တစ်ဖက်သား နာခံတိမ်းညွှတ်အောင် ဆွဲဆောင်မှု ရှိလှသည်ဖြစ်ရာ စိတ်ဆင်းရဲမှုကြောင့် ကင်းကင်းနေသော မေမေခင်ကို ငြီးငွေ့လေ မောင်မောင်မျိုးအဖို့ မိမိလေး နှင့် ပိုမိုရင်းနှီးလေ ...

"သန့်ရှင်းတာပေါ့၊ ကဲ ... လာ ... မမိ"

မောင်မောင်မျိုးက အိမ်အောက်ထပ် ဝင်ပြီး အဂ္ဂိရတ်ထိုးသော အခန်းကို တံခါးမကြီးကို ပြတင်း ပေါက်တွေရော ဖွင့်လိုက်သည်။

အခန်းတစ်ခန်းလုံးမှာ ခြေချစရာပင် မရှိချေ။ လုံကွဲတွေ၊ ပြာတွေ၊ မီးသွေးမှုန်တွေ၊ ဖိုဆွဲရင်း စားသောက်ထားသော စက္ကူစ၊ ဖက်ရွက်စတွေ၊ ဆေးလိပ်တိုတွေက ပြန့်ကျဲရှုပ်ပွနေသည်။ မီးညှပ်သုံးခုက မြေပေါ်မှာ ကိုးရိုးကားရား ကျနေပြီး ရေထည့်ထားသော စဉ့်အင်တုံထဲမှာ အနည်း အမှိုက် တွေ ကျနေသော နောက်ကျိနေသည့်ရေတွင် ခြင်တွေ အုပ်ဖွဲ့ပေါက်ပွားနေ၏။

"တကတဲတော်၊ ဟိုဆရာတပည့်နှစ်ယောက် လုပ်ထားလိုက်တာ ကြည့်စမ်းပါဦး မျိုးရယ်၊ မိမိက ရွံတတ်တာနဲ့တော့ ခက်နေပါပြီ"

မသက်မသာ ညည်းလိုက်သော မိမိလေး၏ အသံနှင့် မျက်နှာကပင် ချစ်စရာ သနားစရာ ကောင်းနေသည်။ မောင်မောင်မျိုးက မိမိလေးမျက်နှာကို ကြင်နာစွာ ကြည့်ပြီး ...

"မမမိ ဘာမှမလုပ်ပါနဲ့၊ မမမိလက် ဖြူဖြူလှလှလေးတွေ ပေလူးညစ်ပတ်ကုန်ပါမယ်၊ ထိုင်နေ မမမိ ပင်ပန်းမှာကိုလဲ ကျွန်တော် သနားတယ်"

မောင်မောင်မျိုးက ပြောပြောဆိုဆို ဝတ်ထားသော အပေါ်အင်္ကျီကို ချွတ်နေသည်။

"မျိုးကသာ မိမိကို သနားတာပါ၊ မျိုး နောင်တော်က မသနားလို့သာ ဒီအလုပ်ကို မိမိကို ခိုင်းတာ ပေါ့"

မောင်မောင်မျိုးက သူ့အစ်ကိုနှင့် ပတ်သက်ပြီး ဝေဖန်ချက်မပေးဘဲ ပြုံးရုံသာ ပြုံးနေသည်။ ဝတ် ထားသော လုံချည်ကို တိုတိုပြင်ဝတ်လိုက်သည်။ ထို့နောက် မီးသွေးမှုန်တွေကို အမှိုက်တောင်းထဲ ကျုံးထည့်သောအခါ မီးသွေးမှုန် အစအနကလေးတွေက လက်စွပ်မြကျောက်အောက်သို့ ဝင်သွား ကာ အသားကို ခုနေ စူးနေ၍ စလုံးစခုဖြင့် အနေခက်နေသောကြောင့် မောင်မောင်မျိုးက မြလက်စွပ်ကို ချွတ်ကာ နံရံကြွက်လှေကျောက်တန်းပေါ် တင်ထားလိုက်ပြီးမှ သန့်ရှင်းရေးကို ချွေးတလုံး လုံးဖြင့် ပြီးအောင် အားကြိုးမာန်တက် လုပ်နေသည်။

ပေလူးညစ်ပတ် ပွကြဲနေသော အခန်းတစ်ခုလုံး လုံကွဲတွေ အမှိုက်တွေ၊ ပြာတွေ၊ မီးသွေးမှုန်တွေ စင်သွားလေပြီ။ ရေထည့်သော စဉ့်အင်တုံကြီးကို ရေဟောင်းသွန်ပစ် ဆေးကြောကာ ကြည်လင် သန့်စင်သော ရေသစ် ထည့်ပြီးလေပြီ။ ပြာမှုန် မီးသွေးမှုန် ဖုန်မှုန့်တွေ ထုတက်နေသော ဖားဖိုကြီး လည်း သန့်ရှင်းပြောင်စင်သွားလေပြီ။ တုံးလုံးပက်လက်လဲနေသော လုံကောင်းတွေကို ဆေးကြော သုတ်သင်ကာ နေရာတကာ စီတန်းထားပြီးလေပြီ။ ဖိုထိုးလျှင် အဆင်သင့်သုံးနိုင်ရန် မီးသွေးကို အနေတော် ခွဲစိတ်ပြီး တောင်းတစ်လုံးအပြည့် ပြင်ဆင်ထည့်ထားပြီး မောင်မောင်မျိုးသည် ချွေးဒီး ဒီးကျ အောင် မောလေပြီ။

"မျိုးကို မိမိ သနားလိုက်တာ၊ သိပ်မောသွားလားဟင် ... "

ပေလူးနေသော မောင်မောင်မျိုး၏ လက်တစ်ဖက်ကို ယုယချစ်ခင်စွာ ဆုပ်ကိုင်ပြီး မိမိလေးက မေး သည်။

"နည်းနည်းတော့ မောတာပေါ့ မမမိရယ် ... ကိစ္စမရှိပါဘူး"

မောင်မောင်မျိုးက ကျေနပ်စွာ ဖြေသည်။

"ကဲ ... လာ မျိုး ရေချိုးစမ်း ... မိမိကိုယ်တိုင် ရေလောင်းပေးမယ်၊ မျိုး ပင်ပန်းသွားတာ မိမိကြောင့်ပဲ၊ တကယ်ပါ မျိုးကို မိမိ သနားသွားတယ်"

မိမိလေးက ပြောပြောဆိုဆို မောင်မောင်မျိုး၏ လက်မောင်းကို သူ့ရင်ခွင်မှာ ကပ်ပြီး ပိုက်ဖက် ကာ ရေချိုးသည့်နေရာသို့ ခေါ်သွားသည်။ မရိုးတော် မိမိလေး၏ ယုယကြင်နာမှုမှာ သာယာကြည်နူး သွားသော မောင်မောင်မျိုးသည် မိမိလေး ဆွဲခေါ်သွားရာ မငြင်းမဆန်ပါသွားရင်း သူ့စိတ်ထဲမှာ ချွတ်ထားခဲ့သော မြလက်စွပ်ကြီးကို လုံးဝ သတိမရတော့ချေ။ သူ သတိရနေသည်ကား ...

"မမမိက ငါ့ကို သိပ်ကြင်နာယုယတာပဲ၊ တို့မောင်နှမ အခုလို ချစ်ခင်ကြင်နာတာကို အိမ်က အကျင့် ယုတ်မာက အလကား ဝန်တိုစိတ်ပွားပြီး ငါ နားမချမ်းသာအောင်ပဲ ပြောနေတယ်၊ ဟင်း ... မေမေခင်ရယ် မမမိလို ခင် သဘောထားမြင့်မြတ်ရင် ဘယ်လောက် ငါ ပျော်လိုက်မလဲ"

ဟု မနစ်လို မကြည်ဖြူသည့်စိတ်ဖြင့် မေမေခင်ကို သတိရ အပြစ်တင်နေမိသည်။

တစ်နေ့ကုန် ပျော်ရွှင်ကြည်နူးစွာနေပြီး ညနေ အိမ်ပြန်ခါနီးမှ ချွတ်ထားခဲ့သော လက်စွပ်ကို သတိရ သည်။ မောင်မောင်မျိုးက ကပျာကသီ ဖိုဆွဲခန်းထဲ ဆင်းသွား၏။ လက်စွပ်ကား မရှိတော့ချေ။

မောင်မောင်မျိုးသည် တွေတွေကြီး မတ်တတ်ရပ်နေသည်။ တန်ဖိုးမနည်းသော ပစ္စည်းဖြစ်၍ နမြော သည်။ သို့သော် လက်စွပ်ကား အစအန ရှာမရအောင်ပင် ပျောက်သွားလေပြီ။ လက်စွပ်ကို သူကိုယ်တိုင် ချွတ်ပြီး သူကိုယ်တိုင် အခန်းနံရံ ကြွက်လှေကားပေါ်မှာ တင်ထားသည်။ ဤသို့ ချွတ်ပြီး ဤသို့ တင်ထားသည်ကို မိမိလေးကိုပင် သူ မပြောမိ၍ မိမိလေး သိမည် မဟုတ်။ တစ်နေ့ကုန် ကြာမြင့်ခဲ့ပြီး ယခုမှ ပျောက်ကြောင်း သိရသည်မှာ မည်သူ တစ်ဦးတစ်ယောက်မှ ယူငင်ထားမည် မဟုတ်ချေ။

သိက္ခာ သမာဓိရှိ၍ တန်ခိုးအစွမ်းနှင့် ပြည့်စုံသော သူတော်စင် နောင်ဘုရား၊ တမိဝမ်းတွင်း အတူဆင်းလာသည့် အစ်ကိုရင်း ကိုအောင်စိုး၊ သူ့အပေါ်မှာ မောင်ရင်း အသွင် ချစ်ခင်ယုယ ကြင်နာလှသော မမမိ၊ ဤပုဂ္ဂိုလ်သုံးယောက်ကား သူ့လက်စွပ်ကို ယူမည် မဟုတ်ကြောင်း မောင်မောင်မျိုးက အသေအချာ ယုံကြည်သည်သည်။ ယခုလို လက်စွပ်ပျောက် ကြောင်း သိရလျှင် သူတို့သုံးယောက် နေခက်ထိုင်ခက် ဖြစ်ကြတော့မည်။ သူတို့အိမ်မှာ ပစ္စည်း ပျောက်ခြင်းဖြစ်၍ သူတို့ကို သံသယရှိလေမလား ဟူသော

စိတ်ဖြင့် မချမ်းမြေ့မှု၊ စိတ်အနှောင့် အယှက် ရှိမှု ဖြစ်လာလျှင် မကောင်းပေ။ ဤဖိုဆွဲခန်းသို့ နောင်ဘုရားနှင့် ကိုအောင်စိုးက လုံးဝ မဝင်သေး။ မရီးတော် မိမိလေးကလည်း သူနှင့်အတူ ဖိုဆွဲခန်းမှ ထွက်လာပြီး သည့်နောက် ပြန်မဝင်တော့ပေ။

"ကြွက်လျှောက်ပေါ် တင်ထားလို့ ကြွက်ချီသွားတာများ ဖြစ်လေမလား ..."

"မောင်မောင်မျိုးက အားလျော့စွာ တွေးပြီး လက်စွပ်ပျောက်ကြောင်းကို နောင်ဘုရား၊ ကိုအောင်စိုး နှင့် မိမိလေးကို လုံးဝ အသိမပေးတော့ဘဲ မြုံနေလိုက်လေသည်။

မေမေခင်က မေးသောအခါတွင်မှ အကျယ်ချဲ့ မဖြေဘဲ ...

"ရုံးမှာ သတိထားကြည့်မိမှ မြကျောက် မရှိတော့ဘဲ ထွက်ကျပျောက်ဆုံးနေကြောင်း တွေ့ရသည်။ ကျန်ရစ်သော ရွှေကို ပန်းတိမ်မှာ ရွှေသားချည်း လက်စွပ်ရိုးရိုးလုပ်ရန် အပ်နှံထားခဲ့ကြောင်း မှင်သေ သေ ဖြင့် ဖြေကြားခဲ့သည်။ မေမေခင်က လက်စွပ်နှင့် ပတ်သက်၍ နောက်ထပ်တစ်ခွန်းမှ မေးမြန်း ခြင်း မရှိတော့သည့်အတွက် စိတ်အေးလက်အေး မေ့ပျောက်သလောက်ရှိရာမှ ယခု နောင်ဘုရား တန်ခိုးတော်ကြောင့် ရာထူးတက်၊ လခ တိုးလာကြောင်း ပြောမိသည်တွင် မေမေခင်က ပြန်မေး လိုက်ခြင်း ဖြစ်သည်။

"ခင့်ကို ဖြေခဲ့ပြီးပါပြီကော၊ မြကျောက်က ဘယ်အချိန်က ဘယ်နေရာ ကျွတ်ကျရစ်ခဲ့မှန်း မသိပါ ဘူးလို့ ... "

"ဒီမှာ ခင်ပြောတာတွေ ဆုံးအောင် နားထောင်စမ်းပါဦး၊ ရှင့် အစ်မတော် ရှင့်မရီးတော်ပေါ့လေ၊ ဖဲရိုက်လွန်းအားကြီးတော့ ဖဲရှုံးတယ်၊ ဖဲကြွေးတွေ တင်တယ်၊ ဒါကြောင့် ကြွေးရှင်တွေက အရှက်မခွဲ ရအောင် ရှင့်အစ်ကိုက ဖဲကြွေးတွေဆပ်နိုင်ဖို့ လာဘ်စားရတယ်၊ အဲဒီ လာဘ်စားမှုကြောင့် အလုပ် ပြုတ်လာ ... "

အစ်ကို အလုပ်ပြုတ်လာကြောင်းသာ သိသည်။ ဘာကြောင့်ပြုတ်သည်ကို အစ်ကိုက မပြော။ မောင်မောင်မျိုးကလည်း အစ်ကိုနှင့် မရီးစိတ်မကောင်းဖြစ်မည်စိုး၍ မမေးဘဲ စိတ်ချမ်းသာမှုဖြစ် အောင်သာ ဆောင်ရွက်ပေးခဲ့သည်။ ယခု မေမေခင်က တပ်အပ်သေချာ ပြောသောအခါ ...

"ဘယ်သူပြောလဲ ... "

ဟု မောင်မောင်မျိုး မမေးလိုတော့ပေ။ မေးလျှင် သူ့အစ်ကိုနှင့် သူ့မရီး သိက္ခာကျသည်ထက် ကျတော့မည် ကို စဉ်းစားမိသည်။ မေမေခင်ကလည်း သူငယ်ချင်း မောင်မင်းဇင်ထံမှ သိထားသမျှ အားလုံး ပြောတော့ မည်သာ ဖြစ်သည်။ သို့သော် မောင်မောင်မျိုးက လိမ္မာပါးနပ်စွာ ပိတ်လိုက်၏။

"ကဲပါ ခင်ရယ်၊ ကိုကိုတို့ အလုပ်ပြုတ်တဲ့အကြောင်း စိတ်မကောင်းစရာတွေ မပြောပါနဲ့တော့၊ ကိုမျိုး ရာထူးတက်တဲ့ကိစ္စတောင် စကားပြတ်သွားပြီ"

မောင်မောင်မျိုးက ပေါ့ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက် လေးသွားသည်။

"ဟုတ်တယ်၊ အဲဒီအကြောင်း ဖော်ချင်လို့ လက်စွပ်ပျောက်တဲ့ကိစ္စ မေးတာ၊ ရှင့်မရီးက အဲဒီ လက်စွပ်ကို တစ်သောင်းထဲနဲ့ ငွေဖြစ်ပြီးရော ရောင်းလိုက်တာ ရှင် မသိလို့ပဲလား၊ သိရက်နဲ့ မြုံနေ တားလား ... "

"ဟော့ ... ဟော့ ... ခင် ... မမမိကို အရမ်းမစွပ်စွဲနဲ့၊ လက်စွပ်ကျောက်က ရုံးမှာပျောက်တာကွ၊ မမမိနဲ့ ဘာမှ မဆိုင်ဘူး"

မောင်မောင်မျိုးက ပျာပျာသလဲ ကာကွယ်သည်။

မေမေခင်က ဆက်ပြော၏။

"ရှင့်ဘာသာရှင် ဘယ်မှာပဲ ပျောက်စေကာမူ၊ ခင့် မြလက်စွပ်ကို ရှင့်မရီး ရောင်းတာတော့ အမှန်ပဲ၊ နောက်ပြီး ရှင့်နောင်ဘုရားဆိုတာကြီးကို ရှင်တို့အထက် အကြီးဆုံး အရာရှိကြီးရဲ့ မိန်းမက အသေး အလဲ ကြည်ညိုကိုးကွယ်နေတာ၊ အရာရှိကြီးရဲ့ မိန်းမ မွေးနေ့မှာ သူ ကိုးကွယ်တဲ့ နောင်ဘုရားက သိဒ္ဓိ တင်ထား သော

နီလာ လက်စွပ်တစ်ကွင်း လက်ဖွဲ့ကြောင်းကိုကား ရုံးသူရုံးသားများ၏ ပါစပ်း သတင်းအရ မောင်မောင်မျိုး ကြားခဲ့ဖူးသည်။

သူ ရာထူးတကတတာနဲ့ ဒါတွေနဲ့ ဘာဆိုင်သလဲ။ နောင် ဘုရားသည် ဤအရာရှိ ကတော်ကြီးကို ဖြူသည် မဲသည် ဟူ၍ပင် မမြင်ဘူးကြောင်း၊ သူ့သီလ သမာဓိ တန်ခိုးအားဖြင့် အဓိဋ္ဌာန်ပြု မေတ္တာပို့ခြင်းဖြင့်သာ ရာထူးရသည်ဟု မရီးတော် မိမိလေး စကားအရ မောင်မောင်မျိုးက ရိုးသားစွာ နားလည်ထားရှာသည်။

"နားထောင်လို့တော့ အကောင်းသား၊ ဆက်ပြောစမ်းပါဦး ခင်ရဲ့၊ ကိုယ့်မယား ဒဂ္ဂျာရီလုပ်ဇာတ် အပြောကောင်းမှန်း အခုမှ သိရတာ နောက်ကျလိုက်တာ ... "

မောင်မောင်မျိုးက သရော်လှောင်ပြောင်စွာ ပြောသော်လည်း၊ မေမေခင်ကမူ ချက်ကျလက်ကျ အကွက် စေ့စေ့ ဆက်ပြောပြသည်။

"ကွင်းဆက်တွေ ရှင် စဉ်းစားကြည့်လေ၊ မြလက်စွပ်ကို ရှင် ကြည်ကြည်ဖြူဖြူ ချွတ်ပေးခဲ့သလား ...၊ ဘယ်လိုနည်းနဲ့ ရသွားဆိုတာကတော့ ကာယကံရှင်ပဲ သိမှာပေါ့၊ မြလက်စွပ် လာဘ်တံစိုးပေးပြီး ရှင့်ကို ရာထူးတိုးပေးခိုင်းတယ် ဆိုတာလောက်မှ မစဉ်းစားမိဘူးလား၊ လက်စွပ်ရောင်းငွေထဲက တံစိုးပေးပြီး ကျန်ငွေကို

ရှင့်မရီး နာမည်ကြီး တရုတ်တန်းက ဖဲဝိုင်းမှာ ရှုံးတယ်ဆိုတာရော သိပြီးပြီ လား ... "

မောင်မောင်မျိုး မျက်နှာပျက်သွားသည်။

"ဒါတွေ ဘယ်သူက လာအစီရင်ခံထားလဲ၊ ခင့်ဘာသာ လုပ်ကြံဇာတ်ခင်းတာလား ... "

"လူ့သတင်း လူချင်းဆောင်တာလေ"

မေမေခင်က ထောက်လှမ်းခိုင်းသည်မှာ ကိုအောင်စိုးနှင့် မိမိလေးတို့ ဘာကြောင့် အလုပ်ပြုတ် လာသည် ဟူသော အကြောင်းမျှသာ ဖြစ်သည်။ သို့သော် အထူးစုံစမ်းထောက်လှမ်းရေးဌာနမှာ ရှိ နေသော ကိုမင်းဇင်က မေမေခင် စုံစမ်းခိုင်းသည်မျှမကဘဲ သူတို့ သတင်းကြားရသမျှကို သိရသမျှ ကို တယ်လီဖုန်း ဖြင့် စုံလင်အောင် လှမ်းပြောသည်။ ထိုအခါ မြလက်စွပ်ပျောက်ခြင်း၊ မိမိလေးက မြလက်စွပ်ကို ရောင်းခြင်း၊ အရာရှိကတော်ကြီးက နှောင်ဘုရားကို ယုံကြည်ကိုးကွယ်ခြင်း၊ နှောင်ဘုရားက သုံးထောင် တန် သိဒ္ဓိတင်ပြီး နီလာလက်စွပ်ကို အရာရှိကတော်ကြီးအား ခမဲပေး ခြင်း၊ မောင်မောင်မျိုး အမှုထမ်း ဌာနမှာ မောင်မောင်မျိုး တိုးမြှင့်ခန့်ထားခြင်း ခံရသော ရာထူးနေရာ သည် အမှန်ကလည်း တိုးချဲ့ ခန့်ထားရန် သက်ဆိုင်ရာဌာနအနေဖြင့် ရည်ရွယ်ထားရာ ထားပြီး နေရာသာ ဖြစ်ခြင်း၊ တရုတ်တန်းက နာမည်ကြီးဖဲဝိုင်းတွင် မိမိလေး ငွေတွေ ထောင်ချီပြီး ရှုံးခြင်း စသည့် ကွင်းဆက်တွေကို ဆက်လိုက် သောအခါ

မောင်မောင်မျိုး ရာထူးတိုးခြင်းမှာ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ပြီး ရသင့်ထိုက်၍ ရသော ရာထူး သာ ဖြစ်သည်။

ဤအကြောင်းတွေကို မေမေခင်က မောင်မောင်မျိုးကို စုံစေ့စွာ ပြောပြသော်လည်း မောင်မောင်မျိုး က နားမဝင်ပေ။ သူ့မရီး ပြောသည့် နှောင်ဘုရား တန်ခိုးကြောင့် ရာထူးတိုးရသည် ဟူ၍ မရီးသြဇာ နာခံကာ စွဲမြဲစွာ ယုံနေသည်။

"နှောင်ဘုရားဟာ တကယ် သူတော်စင် အစစ်နော်၊ ခင် မပြောကောင်းတာတွေ မပြောနဲ့"

မောင်မောင်မျိုးက လေသံမာမာဖြင့် ဟန့်တားသည်။ မေမေခင်သည် နှောင်ဘုရားအကြောင်း ဆက်မပြောတော့ဘဲ ဆိတ်ဆိတ်နေလိုက်၏။ ဆိတ်ဆိတ်နေလိုက်သော အကြောင်းရင်းကား ...၊ "ဒီလူကို ကျွန်တော်တို့ ခြေရာခံနေတယ်" ဟူသော မောင်မင်းဇင် စကားကို သတိရ၍ ရှေ့ဆက် ပြောလျှင် စကား အများ ပါသွားမည်စိုး ၍ ဆိတ်ဆိတ်နေလိုက်ခြင်း ဖြစ်သည်။

မေမေခင်က သူ့အကြောင်းနှင့်သူ ဆိတ်ဆိတ်နေလိုက်ခြင်းကို မောင်မောင်မျိုး အယူအဆတွင် နှောင်ဘုရားဟာ တကယ် သူတော်စင် အစစ် ဟူသော စကားအား မေမေခင် နားဝင်လက်ခံသွားပြီ ဟု ယုံကြည်လိုက်သည်။ ထို့ကြောင့် စိတ်အားထက်သန်သော အသံဖြင့် တိုက်တွန်းသည်။

"နောင်ဘုရားဆီကို တစ်ခါလောက် ခင် လိုက်ခဲ့စမ်းပါလား၊ သေသေချာချာ အနီးကပ် လေ့လာ ပေါင်းကြည့်ရင် သိပ်ကြည်ညို နှစ်လိုစရာ ကောင်းပါတယ်၊ နောင်ဘုရားကို ခင် တစ်ခါမှ မမြင်ဖူး သေးဘူး နော် ... "

"သူ့ကိုမှ ခင် စိတ်မဝင်စားတာ၊ မမြင်ဖူးချင်ပါဘူး"

မေမေခင်က ဘုကျကျ ဖြေသည်။

"မဟုတ်သေးဘူး ခင်၊ နောင်ဘုရားကတောင် ပြောနေသေးတယ်၊ ခင့်ကို သူ လူကိုယ်တိုင် မမြင်ဘူး ပေမယ့် အာရုံယူကြည့်လို့ မြင်တယ်တဲ့၊ သူ့နှမလေးလို ကရုဏာထား ရှိတယ်၊ တစ်ခါလောက် ခေါ်ခဲ့ပါဦး လို့ ခဏ ခဏ မှာတယ် ... "

မေမေခင်က အခိပ္ပာယ်ပါပါ ပြုံးပြီး ပြောသည်။

"နောင်ဘုရား ဆိုတဲ့လူမျိုးကို ဖဲသမားပဲ ကြည်ညိုကိုးကွယ်မှာ၊ ခင့်လိုလူကတော့ ဝေးဝေးက ရှောင်မယ် ရှင်ရေ့"

"ခင်ဟာ ... ဘယ်လိုပဲ ဘာစကားကိုပဲ ပြောပြော မမမိကိုပဲ ထိခိုက် ပုတ်ခတ်ပြောနေတာပဲ၊ ဘာလဲ မမမိ ကို မလိုဘူးလား ..."

မောင်မောင်မျိုးက စိတ်ဆိုးသံဖြင့် မေး၏။ ထိုအခါ မေမေခင်ကလည်း ပွင့်ပွင့်လင်းလင်း ပြောသည်။

"ခင်က လိမ်လည်ကောက်ကျစ် မပြောတတ်ဘူး ဘွင်းဘွင်းပဲ၊ ဟုတ်တယ် ... ရှင့်မရီးကို မလိုဘူး"

"ခင့်ကို ဘာလုပ်နေလို့လဲ မမမိကို မလိုရတာလဲ"

"ဟင် ... ခင့်ကို ဘာလုပ်နေတာလဲ ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေ၊ ရှင်မို့လို့ မေးရက်ပလေ၊ ရှင့်မရီး က ခင့်လင် ကို ဩဇာပေး ကြိုးကိုင်ခြယ်လှယ်၊ ခင့်လင်လုပ်ဟာကို တစ်ပြားမကျန် ပိုင်စိုးပိုင်နင်း သိမ်းယူပြီး ခင့်ကို စိတ်ဆင်းရဲအောင် လုပ်နေတာ ရှင် မသိဘူးဆိုတော့ ရှင့်ကိုယ်နဲ့ ရှင့်မရီးစိတ်ဖြစ် နေလို့ မသိတာ လား"

"ခင် စကားပြော မရမ်းနဲ့နော်"

"ရမ်းတာ မဟုတ်ဘူး ... တည့်တည့်မှန်အောင် ပြောတာ လင်မယားချင်း စကားပြောရင်း အခြေအနေက တင်းမာလာသည်။ မောင်မောင်မျိုးသည် အစ်ကိုနှင့် မရီးစကား မြေဝယ်မကျ နားထောင်လိုက်နာဖို့သာ တတ်သည်။ မရီးဩဇာ နာခံပြီး နောင်ဘုရားကို ယုံကြည် ကိုးကွယ်ဖို့သာ တတ်သည်။ ချက်ကျကျ ပြောနေသော မေမေခင်၏ စကားကိုကား ပြန်ချေနိုင်စွမ်း မရှိချေ။ ပြန်ချေရအောင်ကလည်း သူ့ဘက်က ဘာအချက် အလက်မှ ခိုင်ခိုင်လုံလုံ မရှိချေ။ သို့သော် သူချစ်သော အစ်ကိုနှင့် မရီးကို ထိခိုက်ပြောသော၊ သူ ယုံကြည်ကိုးကွယ်သည့် နောင်ဘုရားကို အကြည်ညိုမဲ့စွာ ပုတ်ခတ်ပြောသော ဇနီးသည်ကို စိတ်ထဲမှာ မျက်သည် ထက် မျက်လာသည်။ နောင်ဘုရားက ...

"ညီငယ့်ဇနီးကို နောင်ဘုရားထံ ခေါ်ခဲ့ပါဦး၊ သူ့မှာ အမှောင့်ပယောဂ ကပ်နေလို့သာ ညီငယ်တို့ မောင်နှမကို မကောင်းထင်နေတာ၊ နောင်ဘုရား ကယ်ချွတ်ပါ့မယ် ... ရအောင်ခေါ်ခဲ့"

ဟူသော မိန့်ခွန်းတော်သံရိပ်ကို ဦးထိပ်ထက် ရွက်ဆင်ထားသူ ဖြစ်သည်။ သူက နောင်ဘုရားနှင့် မရီးတော်ကို သိက္ခာတင်သမျှ၊ မေမေခင်က အချက်ကျကျ အပုပ်ချသောအခါ စိတ်ထဲတွင် မေမေခင်ကို အကြိတ်အခဲ ကြီးလာသည်။ မေမေခင်ကလည်း နောင်ဘုရား ဆိုသူက ခေါ်ခြင်းမှာ မိမိလေနှင့် တစ်ကိုတ်တည်း တစ်ဉာဏ်တည်း တိုင်ပင်ပြီး ခေါ်ခြင်းသာ ဖြစ်မည်။ ထိုသို့ခေါ်ခြင်း ကလည်း ကောင်းသော ခေါ်ခြင်း မဟုတ်၊ သူတို့သြဇာ နာခံအောင် သွေးဆောင်သိမ်းသွင်းပြီး ပစ္စည်းချူရန် ကြံကြခြင်း သာ ဖြစ်မည်ဟု ကွက်ကျော်မြင်ထားသဖြင့် စိတ်ထဲက ချဉ်ရင်းစွဲ ရှိသည် အလျောက် ဆန့်ကျင်ဘက် စကားတွေချင်း ပြောနေခြင်း ဖြစ်သည်။

မောင်မောင်မျိုးသည် မေမေခင်ကို မျက်ညိုးသောအကြည့်ဖြင့် စူးစူးစိုက်စိုက်ကြည့်ကာ မေမေခင် အပါးမှ သုန်သုန်မှုန်မှုန်ဖြင့် ထွက်သွားလေတော့သည်။

(၉)

စိတ်ဆင်းရဲစရာနှင့် ဒေါသဖြစ်စရာတို့ ထွေးကာ လုံးကာဖြင့်ပင် အချိန်ကုန်မှန်း မသိ ကုန်လာခဲ့ရာမှ ဒေါက်တာမြသွင်အေးသည် အထက်မြန်မာပြည် မြို့တစ်မြို့သို့ လက်ထောက်ဆရာဝန်အဖြစ်ဖြင့် ပြောင်းရွှေ့ သွားရသည်။

"အားမငယ်ပါနဲ့ သူငယ်ချင်း ... ကံကောင်းရင် တစ်နှစ် နှစ်နှစ်လောက်နဲ့ ရန်ကုန်ဆေးရုံတွေကို ပြန်ရောက်ချင် ရောက်လာမှာပါ၊ ကိုမင်းဇင်လဲ ရှိနေသားပဲ၊ တယ်လီဖုန်းနဲ့ အဆက်အသွယ် ရနေ မှာပါ၊ မြကလဲ စာမပြတ်ရေးမယ်၊ ခင်သာ နေကောင်းအောင် ဂရုစိုက်နေနော်"

အားငယ်ရသော မေမေခင်ကို ဒေါက်တာမြသွင်အေးက အားပေးမှာကြားပြီး ပြောင်းရွှေ့သွား သည်။ ကိုမင်းဇင်ကမူ မောင်မောင်မျိုး၏ သိမ်ဖျင်းသော သဘောထားကြောင့် အိမ်ကို မလာဘဲ၊ အဆင်သင့်တိုင်း ဖုန်းဆက်အားပေးသည်။ သို့သော် ကိုမင်းဇင်အနေဖြင့် အလုပ်တာဝန်က ကြီးလေး များပြားသည့် အလျောက် လိုအပ်လျှင် ရက်ရှည်ခရီး ထွက်နေရတတ်သည်ဖြစ်ရာ မေမေခင်က ဖုန်းဆက်သည့်အခါ မတွေ့ရသည်က များသည်။

ဒေါက်တာမြသွင်အေးက အားပေးခဲ့သည့်အတိုင်း မေမေခင်သည် ဒေါက်တာမြသွင်အေး ရန်ကုန် ပြောင်းလာ မည်ကိုသာ မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်မျှော်နေခဲ့ရာသည်။ ဤအတွင်းမှာပင် အခြေအနေက တစ်မျိုး ဖြစ်လာခဲ့လေသည်။

တစ်နေ့တွင် မေမေခင်သည် ကိစ္စတစ်ခုဖြင့် မြို့ထဲ ထွက်သွားရာမှ ပြန်လာသောအခါ ထမင်းချက် အမျိုးသမီးကြီးက မျက်နှာမကောင်းဘဲ ဖြစ်နေသည်။ မေမေခင် အပြင်သွားရာမှ ပြန်လာလျှင် ကြို နေကျ လက်တိုလက်ပောင်း အဖော်ထားသော မိန်းကလေး ထွက်လာသည်ကို မမြင်ရချေ။ အိမ်ရှေ့ခန်း တွင် ကား မောင်မောင်မျိုးသည် အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ကို ဖတ်နေသည်။

ထမင်းချက် အမျိုးသမီးကြီးက မေမေခင် ဝယ်လာသော ပစ္စည်းကို လှမ်းကြိုယူငင်ပြီး မီးဖိုဆောင် ဝင်သွားသောအခါ မေမေခင်က ဝင်လိုက်သွားသည်။

"ကလေးမလေးရော"

မီးဖိုဆောင်ထဲမှ ကလေးမလေးကို မတွေ့၍ မေမေခင်က မေးသောအခါ ထမင်းချက် အမျိုးသမီးက အသံ အုပ်အုပ်ဖြင့် ဖြေသည်။

"မမခင်လဲ အိမ်က ထွက်သွားရော အစ်ကိုက ကောင်မလေးခေါ်ပြီး ဘာမှန်းမသိတဲ့ အထုပ် တစ်ထုပ်ကို ဟို သူ့မရီး အိမ် ပို့ခိုင်းတယ်၊ နောက်ပြီး မှာလိုက်တယ်၊ နင့်အစ်မနဲ့ ငါနဲ့ လာခေါ်မှာ ပြန် ရမယ်၊ နင်တစ်ယောက် ထဲ ပြန်မလာရဘူးလို့ မှာပြီး လွှတ်လိုက်တယ်၊ ကောင်မလေးလဲ ကြောက် ‌ တော့ သွားရတာ ပေါ့ မမခင်"

မေမေခင်သည် မောင်မောင်မျိုး ဘာသဘောနှင့် ဤသို့ပြုမူသည်ကို ချက်ချင်းသိသည်။ သူ့နောင်ဘုရား ဆိုသူကြီး က မေမေခင်ကို ခေါ်၍ မရသည့်အတွက် ကောင်မလေကို အကြောင်းရှာ ခိုင်းလိုက်ခြင်း ဖြစ်သည်။ ကောင်မလေးသည် မေမေခင် လိုက်မခေါ်လျှင် မည်သည့်နည်းနှင့်မှ ပြန်ဝံ့မည် မဟုတ်ချေ။ ကိုအောင်စိုး၊ မိမိလေးနှင့် နောင်ဘုရားတို့က ပြန်လွှတ်မည် မဟုတ်သော ကြောင့် စိတ်ဆင်းရဲစွာ မနေချင်ဘဲ နေရရှာပေတော့မည်။

မေမေခင်သည် အံကြိတ် တောက်ခေါက်လိုက်ပြီး ပိုးပဝါတစ်ထည်ကို လည်မှာစည်းကာ စိတ်မြန် ကိုယ်မြန်ဖြင့် အိမ်ပေါ်မှ ဆင်းလိုက်သည်။ စာဖတ်ဟန်ဆောင်ပြီး မေမေခင် အရိပ်အကဲ ကြည့်နေ သော မောင်မောင်မျိုးက ...

"ခင် ဘယ်သွားမလို့လဲ ... "

ဟု လှမ်းမေးလိုက်၏။

မေမေခင် က လေသံပြတ်ပြတ်ဖြင့် ဖြေသည်။ ထို့နောက် ခြေလှမ်းသွက်သွက်ဖြင့် အိမ်ပေါ်မှ ဆင်း သည်။

"တစ်ယောက် ထဲ မသွားနဲ့လေ၊ ကိုမျိုးပါ လိုက်ခဲ့မယ်"

မောင်မောင်မျိုးက ပြောပြောဆိုဆိုဖြင့် မေမေခင်ကို မီအောင် ခြေလှမ်းသွက်သွက်ဖြင့် လိုက်လာ၏။ တစ်ယောက်ကိုတစ်ယောက်

စကားမပြောကြဘဲ ခရီးတွင်အောင်သာ လာခဲ့ကြရာ ကိုအောင်စိုး၊ မိမိလေး နှင့် နောင်ဘုရားတို့ နေထိုင်ရာ ခြံကြီးသို့ ရောက်လာကြ၏။

မေမေခင် အမြင်မှာ ခြံကြီးတစ်ခြံလုံးတွင် အသုံးကျသော အပင်ဟူ၍ မရှိဘဲ၊ ညောင်ပင်ကြီးတွေ လက်ပံပင်ကြီးတွေ ပေါက်ပင်ကြီးတွေသာ ရှိသည်။ ဤတောစိုး သစ်ပင်ကြီးတွေနှင့် ချုံတွေ မြက်ရိုင်းတွေ ရှုပ်ထွေးနေသော ဤခြံကြီးထဲဝယ် ရှေးဆန်လှသော ကျွန်းသားအိမ်အို အိမ်ဟောင်း ကြီးကို မြင်ရ ကြည့်ရသည်မှာ မေမေခင် စိတ်ထဲတွင် ကြည်လင်ခြင်း မရှိချေ။ လူသံ သူသံဟူ၍ လုံးဝမကြားရ။ သစ်ပင်ကြီးတွေကို လေခတ်၍ တဖျတ်ဖျတ် တရှဲရှဲ မြည်သံသည် အလိုလို စိတ်အားငယ်စေသည်။ ကောင်မလေး ၏ အရိပ်အရောင်ကို မမြင်ရချေ.

"အိမ်ကြီး ကြည့်ရတာ ..."

မေမေခင် အိမ်ကြီးထဲ မဝင်သေးဘဲ အိမ်ရှေ့ရှိ ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှာ ခြေလှမ်းတုံ့ရပ် ကာ ခပ်တိုးတိုး ပြောလိုက်သည်။ မောင်မောင်မျိုးက ခပ်တိုးတိုး ရယ်လိုက်၏။

"ဘာဖြစ်လို့လဲ ခင်၊ အိမ်ကြီးက ဟောင်းနေလို့လား"

မောင်မောင်မျိုးက မေးသည်။

"ဟောင်းတာက အကြောင်း မဟုတ်ပါဘူး၊ တောစိုးသစ်ပင်ကြီးတွေ အုပ်ဆိုင်း မှောင်ရီနေတဲ့ အိမ်အိုကြီးမှာ လူသူ အရိပ်အယောင် အသံ ဘာမှ မကြားရတော့ စိတ်ထဲမှာ တစ်မျိုးပဲ၊ ဒီနေရာ ဒီအိမ်မျိုးမှ ရှင့်အစ်ကိုနဲ့ မရီး က နေတတ်ပလေတယ်"

အိမ်အိုကြီးနှင့် တောကြီးမျက်မည်း ဖြစ်နေသော ခြံကြီးကို ကြည့်ပြီး မေမေခင်က ဖြေသည်။

"ကဲ ... လာ အိမ်ထဲကို အစ်ကိုနဲ့ မမမိကို ခင် လိုက်လာလိမ့်မယ် ဆိုတဲ့အကြောင်း ကောင်မလေး ပြောထား နှင့်ဖို့ မှာလိုက်တယ်၊ အိမ်ထဲမှာ ကောင်မလေး ရှိပါတယ် လာ ..."

"မောင်မောင်မျိုးက ပြောပြီး၊ မေမေခင်ကို ထူးထူးခြားခြား ယုယ ကြင်နာစွာဖြင့် လက်ဆွဲပြီး အိမ်ကြီးထဲ ခေါ်သွားသည်။ မေမေခင်သည် အိမ်ကြီးနှင့် ခြံကြီးကို စိတ်ထဲက မသိုးမသန့် ဖြစ်မိ သော်လည်း ကောင်မလေးကို ပြန်ခေါ်လိုသော စိတ်ဆန္ဒဖြင့် လိုက်လာခဲ့သည်။ အိမ်အိုကြီးကား အပြင်ဘက်မှ ကြည့်ရုံဖြင့် မသိသာပေ၊ အိမ်ထဲရောက်မှ ပိုပြီး စိတ်ချောက်ချားစရာ ကောင်းနေ သည်။ အိမ်တွင်းမှာ သန့်ရှင်း ကြည်လင်မှု ဆိုသည်ဝေးစွ၊ ခြေချရမည်ကိုပင် ရှုံ့စရာကောင်းအောင် ကြမ်းပြင်မှာ ဖုန်တွေ အမှိုက် တွေက ပြန့်ကျဲပေလူးနေသည်။

"ဩော် ... မိမိလေးခမြာ ဖဲရိုက်နေရတာနဲ့ မအားနိုင်အောင် ဖြစ်လို့ အိမ်မှာ တံမြက်စည်းတောင် မလှည်းနိုင်ရှာပါလား"

ဟု မေမေခင်က တွေးမိ၏။

အိမ်ကြီး၏ ပုံစံမှာ ဘယ်လိုစိတ်ကူးနှင့် ဆောက်ထားခဲ့လေသည် မသိ။ အဆောင်ဆောင် အခန်း ခန်းတွေ ထုတ်ထားပြီး၊ ပတ်လည် ဝန်းရံထားသော ဝရန်တာတွေနှင့် အချိုးမကျ ပုံပန်းမကျဘဲ၊ လူသာမန်နေသော အိမ် နှင့်ပင် မတူ။ ဤခြံကြီးနှင့် ဤအိမ်ကြီးကို ကိုအောင်စိုးနှင့် မိမိလေးက တော်တော်၊ နှောင်ဘုရားက အလွန် အမင်း သဘောတွေ့ နှစ်ခြိုက်ခြင်း ဖြစ်ကြောင်း မေမေခင်က သိထားရသည်။

မေမေခင် စိတ်ထဲတွင်ကား ဤအိမ်ကြီးသည် ရှေးယခင်က အလှူရှင် တစ်ဦးတစ်ယောက် ဆောက်လှူ ခဲ့သည့် တောကျောင်းဇရပ်ပေလား၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော ရည်ရွယ်ချက် ဖြင့် အသုံးပြုရန် စိတ်ကူးရှိသလို ဆောက်ထားသော အဆောက်အဦးပေလား၊ စိတ်မနှံ့သူ တစ်ယောက် သူ စိတ်ထင်ရာ မြင်ရာ ပုံသဏ္ဍာန် ဆောက်သွားလေသလားဟု တွေးမိသည်။ အဝင်အထွက် တံခါးပေါက်များမှာ ကျယ်ကျယ် ဝန်းဝန်း မရှိချေ။ ပြတင်းပေါ က်တွေကို အိမ်ကြီး ပမာဏနှင့် မမျှအောင် သေးသေးသည်။ ပြတင်းပေါက် တွေကို စေ့ငှအောင် မဖွင့်သောကြောင့် အိမ်အိုကြီးအတွင်းမှာ အလင်းရောင်က လုံလောက်စွာ မရဘဲ မှိုင်းမှိုင်းမှောင်မှောင် ဖြစ်နေသည်။

မောင်မောင်မျိုးက စကားတစ်ခွန်းမှ မပြောဘဲ မေမေခင့်လက်ကို ဆွဲကာ ကွေ့ကောက်သော အခန်း ကြားလမ်း တွေမှ တစ်ခုသော အခန်းဆီသို့ ဦးတည်ပြီး သွားနေသည်။ တံခါးပိတ်ထားသော အခန်း တစ်ခု ရှေ့သို့ ရောက်သောအခါ မောင်မောင်မျိုးက ရပ်လိုက်၏။ တံခါးကို အသာအယာ တွန်းကြည့်သောအခါ တံခါးက အသံမမြည်ဘဲ ပွင့်သွားသည်။ မောင်မောင်မျိုးက ခြေသံကို ညင်သာစွာနင်းခြင်း၊ အသံမပြုရန် စကားမပြောရန် တီးတိုးလေသံဖြင့် အချက်ပေး သတိပေးခြင်း များပြုပြီး မေမေခင့်လက်ကိုဆွဲကာ အခန်း ထဲ ဝင်သွားသည်။ မေမေခင်က ဘာမှန်းမသိရသေး သဖြင့် မောင်မောင်မျိုး၏ ညွှန်ကြားချက် အတိုင်း လိုက်နာကာ ခြေကို အသာအယာနင်းပြီး ဝင်လိုက် သွားရသည်။

မောင်မောင်မျိုးနောက်မှ ဝင်လိုက်သွားရသော မေမေခင်သည် သူ မြင်ရသော ရှုခင်းကို များစွာ အံ့အားသင့်မိတော့သည်။

အခန်း တစ်နေရာ တွင် စင်မြင့်လိုလို တစ်ပေကျော် အမြင့်ရှိသည့် ပိတ်ဖြူ ပိတ်နီ ခင်းထားသော တန်းပေါ် မှာ အုန်းငှက်ပျောပွဲတွေက စီရရီ ရှိနေသည်။ အလင်းရောင် လုံလောက်စွာ မရသည့် မှောင်တရီခန်းထဲမှာ ပွဲတွေ နှင့်တူ ပူဇော်ထားသော ကျောက်ဖယောင်းတိုင် သုံးတိုင်၏ အရောင်က နီဝါဝါ လင်းနေသည်။ သို့သော် အခန်းတံခါးမကိုလည်း ပိတ်ထားသည်။

ပြတင်း တွေကိုလည်း အစေ့ အငု မဖွင့်ဘဲထားသော ဤအခန်းကျယ်ကြီးအတွင်းမှာ ကျောက်ဖယောင်းတိုင် သုံးတိုင်၏ အရောင်က လျှပ်စစ်မီးရောင်လို မလင်းသဖြင့် မှုန်မှိုင်းမှိုင်းသာ ဖြစ်နေ၏။ ကန်တော့ပွဲတွေ ရှေ့တည့်တည့် အဖိုးတန် ကော်ဇောတစ်ချပ်ပေါ်တွင်ကား အရုပ်ကြီး တစ်ရုပ် ဟု ထင်ရလောက် အောင်ပင် တည်ငြိမ်စွာ ထိုင်နေသော လူတစ်ယောက်ကို တွေ့ရသည်။ မေမေခင် မျက်စိအမြင် တွင် ထိုလူအရွယ်သည် မောင်မောင်မျိုးအစ်ကို ကိုအောင်စိုးနှင့် သက်တူရွယ်တူလောက် ရှိပေမည်။ နီညိုရင့်ရောင် လုံချည်၊ ဆွတ်ဆွတ်ဖြူသော ရှပ်လက်ရှည်အင်္ကျီ၊ ဆံပင်ရှည်ကို သျှောင်တစောင်း ဆံမြိတ်ချထုံးထားပြီး ပန်းရောင် ပိုးပဝါကို မင်းသားပေါင်း ပေါင်းထားသည်။ ထိုလူ ဥပမိရုပ်ကား မဟာဆီ မဟာသွေး မင်းသားကြီးတစ်ပါးကဲ့သို့ ခန့်ညားချောမော၍ မြင်ရသူစိတ်မှာ ကြည်ညို အားကိုးစေသော ရုပ်ရည်မျိုး ဖြစ်သည်။

ထိုပုဂ္ဂိုလ်ကား သူ့လင်တော်မောင်သည် မရီးသြဇာ နာခံပြီး မျက်စိမှိတ် ယုံကြည်နေသော နောင်ဘုရား ဆိုသူ ဖြစ်ပေမည်ဟု မေမေခင်က မြင်လျှင်မြင်ခြင်း သိလိုက်သည်။

နောင်ဘုရားရှေ့ တူရူတွင်ကား ကိုအောင်စိုးနှင့် မိမိလေးတို့သည် အလွန်အမင်း ရှိသေလေးစားစွာ ပုဆစ်ဒူးတုပ်ပြီး ကျုံ့ကျုံ့ယုံ့ယုံ့လေး ထိုင်နေကြသည်။ ထိုထက်ပိုပြီး မေမေခင် အံ့သြရသည်ကား တက္ကသိုလ်ကျောင်းထွက် ဘွဲ့ရပြီးသား ခေတ် ပညာတတ် အရာရှိကြီးဖြစ်သူ မောင်မောင်မျိုးသည် နောင်ဘုရားရှေ့မှ ထိုင်ပြီး

လေးလေးမြတ်မြတ် ကြည်ညိုစွာ ရှိခိုးကန်တော့လိုက်ခြင်းပင် ဖြစ်သည်။

မေမေခင် ကမူ မထိုင်ဘဲ တံခါးဝနားမှာ မတ်တတ်ရပ်လျက်ကပင် သူ့ကောင်မလေးကို ရှာကြည့် သည်။ မိမိလေး၏ နောက်ပါးဝယ် မျက်လုံးလေးဝိုင်းကာ ကြောက်ရွံ့စွာ ထိုင်နေသော ကောင်မလေးအား မေမေခင် က ဦးခေါင်းညိတ် ခေါ်လိုက်သောအခါ အားကိုးရပြီဖြစ်သော ကောင်မလေးက မိမိလေး နောက်ပါး မှာ ထိုင်နေရာမှ လျင်မြန်စွာ ထလာသည်။ မေမေခင်က ကောင်မလေးကို အခန်းပြင်ဘက် တွန်းပို့ လိုက်၏။

တည်ငြိမ်စွာ ထိုင်နေသော နောင်ဘုရားက မေမေခင်ကို မျက်လွှာပင့်ပြီး မျက်လုံးဝင့်ကြည့်လိုက် သည်။ ကောင်မလေး ထသွားသည်ကို သိလိုက်သော ကိုအောင်စိုးနှင့် မိမိလေးက နောင်ဘုရား မျက်လုံးဝင့်ရာကို လှည့်ကြည့် သောအခါ တံခါးဝမှာ မတ်တတ်ရပ်လျက်ပင် ရှိနေသော မေမေခင်ကို မြင်ကြသည်။ ကောင်မလေး ကား အခန်းအပြင်ဘက် ရောက်နေပြီ ဖြစ်သည်။

နောင်ဘုရား ကိုအောင်စိုးနှင့် မိမိလေးတို့က မောင်မောင်မျိုး မျက်နှာကို ပြိုင်တူ ကြည့်လိုက်ကြ၏။ နှုတ်မှ တစ်စုံ တစ်ရာ မပြောကြသော်လည်း ...

ဆူလို အောက်လိုက်တာလေ နှုတ်မဆက်တာမဟုတ်ဘူး မနက်ဖြန် ဖနောရီခွဲ စောင့်နေနော် ဆက်ဆက် လာခဲ့မယ်

"မင်းမယား ဘယ်လိုလဲ၊ နှောင်ဘုရားကို မရှိမသေ မတ်တတ်ကြီး ရပ်နေတာက မယုံဘူး၊ အရေး မလုပ်ဘူး၊ အလကားဟာတွေ ဆိုတဲ့ သဘောနဲ့ ကန့်လန့်တိုက် အရွဲ့တိုက် အမူအရာတွေ လုပ်ပြနေတာလား၊ မင်းမယားကို မင်း နိုင်အောင် မကိုင်နိုင်ဘူးလား ... "

ဟူသော သဘောအဓိပ္ပာယ်ကို သူတို့သုံးယောက်လုံး၏ မျက်နှာနှင့် မျက်လုံးက အသေအချာ ဖော်ပြ နေကြသည်။ ဤသည်ကို မောင်မောင်မျိုးရော မေမေခင်ပါ ကောင်းကောင်း နားလည်လိုက်ကြသည်။ မောင်မောင်မျိုးသည် မေမေခင်၏ အပြုအမူကို မျက်သွားသည်။ မျက်နှာက ပကတိ အမူအရာမှ တင်းသွား သည်။

"ခင် ဘယ်လိုလုပ်နေတာလဲ"

မောင်မောင်မျိုးက မေး၏။

"ခင် ဘာလုပ်နေလို့လဲ ... "

မေမေခင်က ရပ်နေလျက်ကပင် မေးခွန်းကို မဖြေဘဲ ပြန်မေးလိုက်သည်။ မေမေခင် အနေဖြင့်ကား သူ့ကောင်မလေးကို ပြန်ခေါ်ဖို့လာခြင်းသာဖြစ်ရာ၊ ယခု ကောင်မလေးကို ပြန်ရနေပြီဖြစ်၍ ရပ်နေ စရာမလိုဘဲ ပြန်သွားရန်သာ ဖြစ်သည်။ သို့သော် သူတို့ အသက်ပေးယုံကြည်နေသော နှောင်ဘုရား ဆိုတာကြီးကို ထိုင်နေသော ကော်ဇောသည် သူ့မိဘလက်ထက်ကပင် ဝယ်ထားသည့် ရှေးခေတ် တန်ဖိုး တစ်ထောင်ကျော် ပေးရသည့်

သားမွေးအစစ် ကော်ဇောနှင့် တူလှသဖြင့် ကောင်မလေးကို ပို့ခိုင်းသော အထုပ် ဆိုသည်မှာ ဤကောဇောဖြစ်နေမည်လားဟု သိလိုစိတ်ဖြင့် အသေအချာ ကြည့်ချင်သောကြောင့် ရုတ်တရက် မပြန်ခြင်း ဖြစ်သည်။

"ခင် စကားကို သတိထားပြောပါ၊ အခု ထိုင် ... နောင်ဘုရားကို ဦးခိုက်ကန်တော့လိုက်"

မောင်မောင်မျိုးအသံတွေ မာလာသည်။

"ထိုင်လေ မေမေခင် ... နောင်ဘုရားကို ဦးခိုက်ပါ၊ တို့တတွေကို ကောင်းကျိုးချမ်းသာပေးဖို့ ကြွလာတဲ့ နောင်ဘုရား ကို ဦးထိပ်ထား ပူဇော်သင့်ပါတယ်"

တစ်ခါမှ မသုံးဘူးသော လေသံဖြင့် ထူးထူးခြားခြား သာယာပျော့ပျောင်းစွာ မိမိလေးက ပြောသော် လည်း မေမေခင်က မှုန်မှိုင်းမှိုင်း အလင်းရောင်မှာ မြင်နေရသော ကော်ဇောကိုသာ ဂရုစိုက်ကြည့် နေသဖြင့် မိမိလေး စကားကို သတိမထားနိုင်ချေ။ မေမေခင် နောက်ပါးက ကောင်မလေး နံရံကွယ် မှာကပ်ပြီး လက်တစ်ဖက် ထဲသာထွက်ကာ မေမေခင်ကို နောက်ကနေပြီး ဆွဲခေါ်နေသည်။

"မေမေခင် မဟုတ်တဲ့နေရာမှာ ကန့်လန့်တိုက်မနေနဲ့၊ မင်းအပြုအမူက တို့အိမ်ပေါ်တက်လာပြီး တို့ကို စော်ကားရုံ တင် မကဘူး၊

နောင်ဘုရားကိုပါ စော်ကားနေတာ၊ ဒါတင်မကဘူး၊ မောင်မျိုးသြဇာ မနာခံဘူး ဆိုတာလဲ ထင်ထင်ရှားရှာ ပြနေတာ ... ငါ အစ်ကိုတစ်ယောက်လုံးရဲ့ စကားကိုမှ နားမထောင် ဘူး ဆိုရင် မင်း တော်တော်မိုက်ရိုင်းတာပဲလို့ ယူဆရလိမ့်မယ်"

ကိုအောင်စိုး အသံက ချော့တာလိုလို ချောက်တာလိုလို ဆုံးမတာ လိုလို ...။

နောင်ဘုရားကား အရောင်တဖျတ်ဖျတ်ထွက်နေသည့် စူးရှသော မျက်လုံးဖြင့် လည်စည်းပိုးပဝါကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသော မေမေခင်၏ လက်ကို စိုက်ကြည့်နေသည်။ မေမေခင်သည် မည်သူ့ စကားကိုမှ ဂရုစိုက်ခြင်း၊ ပြန်ကြားခြင်း မပြုဘဲ နောင်ဘုရား ထိုင်နေသော ကော်ဇောကို သေချာစွာကြည့်နေရာမှ ပြောလိုက်သည်။

"ဒါ ခင့်ကော်ဇော ... ကောင်မလေးကို ရှင် ပို့နိုင်းတာ ဒီကော်ဇောပေါ်လေ၊ ခင့်မိဘလက်ထက်က ပစ္စည်း ကို ခင် မသိဘဲ ဘာကြောင့် ရှင် ဒီလို လုပ်ရတာလဲ"

သူတို့ မျှော်လင့်သလို ဖြစ်မလာဘဲ၊ မေမေခင်က မောင်မောင်မျိုးကို ကြည့်ပြီး လေသံမာမာ မကျေနပ်စွာ ပြောလိုက်သည်။

ဇနီးဖြစ်သူကို နောင်ဘုရားရှေ့မှောက် ရောက်အောင် ခေါ်ခဲ့ပါမည်။ သူ တကယ်စိတ်ဆိုးလာလျှင် သူ့ဇနီးသည်သည် အတိုက်အခံ မလုပ်ကြောင်း ဟိတ်လုံး ထုတ်ခဲ့သော မောင်မောင်မျိုးသည် သူ့

အပြော နှင့် အလုပ် ညီစေရန် ကြံစည်ခဲ့ရသည်။ ရှေးခေတ်တန်ဖိုး တစ်ထောင်ကျော်၊ ယခုကာ တန်ဖိုး ငါးထောင် ကျော်ပေး၍ပင် ဝယ်မရတော့သော နှုးညံ့ရှားပါးလှသည့် သားမွေးကော်ဇောကို နောင်ဘုရား ထိုင်တော် မူရန် မေမေခင်က ပို့ခိုင်းသယောင်ယောင် လုပ်ပြီး ဤအိမ်သို့ မေမေခင် လိုက်လာအောင် ဉာဏ်နီ ဉာဏ်နက် ဆင်ခဲ့ရသည်။

မေမေခင်ကတော့ ကောင်မလေး အကြောင်းပြု လိုက်လာပါသည်။ ယခု သူ့ကော်ဇောကို တွေ့ရ၍ မကျေနပ်သော စကားကို ပြောင်ပြောင်ပြော သောအခါ နောင်ဘုရား၊ အစ်ကိုနှင့် မရီးရှေ့မှာ မောင်မောင်မျိုး ရှက်ရလေပြီ။ နောက်တစ်ချက် ကလည်း မည်သည့်နည်းနှင့်မဆို မေမေခင် ဤအိမ်သို့ လိုက်လာပြီး နောင်ဘုရားကိုသာ တွေ့ပါ စေ၊ မကြည်ညိုဘဲ နေနိုင်မည်မဟုတ်ဟု မျှော်မှန်းထားချက် ကလည်း တက်တက်စင် လွဲသွားပြီ ဖြစ်သောအခါ မောင်မောင်မျိုး ဒေါသ ဖြစ်လာသည်။ အစ်ကိုနှင့် မရီး၏ အကျိုးသင့် အကြောင်းသင့် စကားကို နားမထောင်ကောင်းလား ဟူသော မခံချင်စိတ်က ပေါ်လာသည်။ သူကိုယ်တိုင် ၏ ဩဇာ မနာခံသောအခါ ဦးကျိုးအောင် နှိမ်လိုသော စိတ်က အတားအဆီးမရှိ ပေါ်လာသည်။ အစ်ကိုနှင့် မရီးက မယားကြောက်ဟု ပြောမည်ကို မခံယူလိုပေ။

"မမခင် ကော်ဇောပြန်ယူရင် ဝိုင်းရိုက်လိုက်ကြလိမ့်မယ်၊ လာပါ ပြန်ကြပါစို့ ... "

ကောင်မလေးက နောက်မှနေပြီး တီးတိုးပြောသည်။

"ဟော့ မေခင် ... ငါ ထိုင်ခိုင်းနေတယ်နော်"

မောင်မောင်မျိုး အသံက ခက်ထန်စွာ ထွက်ပေါ်လာသည်။ ခင် ကိုမျိုး ဟူ၍ သုံးနှုန်းနေရာမှ "မေခင် ငါ" ဟူသော အသွင်သို့ ပြောင်းလာသည်။

မေမေခင်သည် မထိုင်ဘဲ နောက်ဆုတ်သွားလိုက်၏။ လှုပ်ရှားလိုက်သော မေမေခင်၏ ဝဲဘက် လက်ခလယ်မှာ ဝတ်ထားသော လက်စွပ်မှ အရောင်သည် ကျောက်ဖယောင်းတိုင်ကြီး သုံးတိုင်မှ လင်းနေသော နီဝါဝါ မီးရောင်ထဲတွင် အစိမ်းရောင်၊ အညိုရောင်၊ အပြာရောင်နှင့် နက်မှိုင်းမှိုင်း အရောင်တို့က ထူးဆန်းစွာ ယှက်သန်းဖြာထွက်နေသည်။ နောင်ဘုရားသည် မေမေခင်ကို တွေ့ဦး စကပင် သတိထားမိနေသော ဤလက်စွပ်မှ ယခု အရောင်စုံ ဖြာထွက်သွားသောအခါ ဝင်းဝင်း လက်လက် လောဘ ထွက်သော မျက်လုံးဖြင့် လက်စွပ်ကို မျက်တောင်မခတ် စိုက်ကြည့်နေပါ သည်။ နောင်ဘုရား နည်းတူပင် ကိုအောင်စိုး၊ မိမိလေးနှင့် မောင်မောင်မျိုးပါ မေမေခင့်လက်ထဲမှ လက်စွပ်၏ ထူးဆန်းသော အရောင် ကို သတိထားကြည့်မိကြသည်။

အခြားသူတွေက လက်စွပ်ကို စိတ်ဝင်စားနေကြသော်လည်း မောင်မောင်မျိုးက လက်စွပ်ကို စိတ်မဝင်စား နိုင်ပေ။ မေမေခင်အပေါ် သြဇာကိုက်အောင် ချုပ်ကိုင်ရမည်က အရေးကြီးသည်။ သူ့ စကားကို

မနာခံသည့် အပြင် အခန်းပြင် ထွက်သွားသော မေမေခင်ကို ဒေါသဖြစ်စွာဖြင့် ...

"ဟော့ မေခင် ... မင်းက ငါ့ကို အရှက်ခွဲသလား"

ဟု မေးကာ အတင်းအကျပ် ပြန်ဆွဲခေါ်လာပြီး ထိုင်ရှိုးခိုင်းမည် ဟူသော အကြံဖြင့် ထိုင်ရာမှ ထသည်။

"ညီငယ် ... ဒေါသရှေ့မထားနဲ့၊ ထိုင်ပါလေ ..."

ကြည်လင်သောအသံဖြင့် နောင်ဘုရားဆိုသူက အချိန်မီတားလိုက်သောကြောင့် မောင်မောင်မျိုးက ဇနီးသည်ကို အံခဲကြည့်ကာ နောင်ဘုရား အမိန့်ကို ရိုသေနာခံစွာ ပြန်ထိုင်လိုက်သည်။

"ဟိုနမလေးက အခု ပထမဆုံးအကြိမ် ရောက်လာတာဖြစ်တော့ နောင်ဘုရားကို နားမလည်သေး ဘူးလေ၊ ဒါကြောင့် ယုံရခက်၊ မယုံရခက်နဲ့ ဝေခွဲမရဖြစ်ပြီး နောက်ဆုတ်သွားရှာတာပါ၊ နမငယ်လေး အပေါ်မှာ အပြစ်မထားကြနဲ့ ... ခွင့်လွှတ်ကြ ..."

ကြည်လင်သော အသံဖြင့် ဖြည်းဖြည်းလေးပြောသော နောင်ဘုရား၏စကားကို အခန်းပြင် ရောက်သွား ပြီဖြစ်သော မေမေခင်က သဲသဲကွဲကွဲ ကြားလိုက်သည်။

ဘေးကင်းရန်ကင်း အိမ်ကြီးထဲက ထွက်လာနိုင်သော မေမေခင်သည် ခြံဝင်းဝရှိ ကြီးမားသော ပေါက်ပင်ကြီးဝယ်

ကြက်တူရွေးတစ်အုပ်သောသော ညံနေသည်ကို မော့ကြည့်ရင်း ပေါက်ပင်ကြီး အောက်က ဖြတ်လာသည်။ ထိုအခိုက်ဝယ် အပျံသင်စအရွယ် ကြက်တူရွေးလေးတစ်ကောင်သည် သစ်ကိုင်း တစ်ကိုင်း နှင့် တိုက်ကာ မြေပေါ်သို့ ဖုတ်ခနဲ ကျလာသည်။

ထိုသို့ကျလာသော ကြက်တူ ရွေး ပေါက်စလေးကို ကျီးလေးငါးကောင်က ထိုးဆိတ် ဝိုင်းအုံလာသည်။ မပျံနိုင် မပြေးနိုင်ရှာသော ကြက်တူရွေးလေးသည် အာခေါင်နီရဲရဲလေးကိုဖြဲ၍ စီစီညံညံ အော်ရှာသောအခါ မေမေခင်သည် မကြည့်ရက်တော့ချေ။ ကြက်တူရွေးလးရှိရာ ကပျာကသီပြေးပြီး ကျီးတွေကို ခြောက်လိုက်သည်။ ထို့နောက် သူ့လည်မှာ စည်းထားသော ပိုးပဝါကြီးကို ဖြုတ်ပြီး ကြက်တူရွေးလေးကို ရစ်ပတ် ပိုက်ထွေးကာ စိတ်ထိုင်းမှိုင်း နောက်ကျိဖွယ်ကောင်းသော မိမိလေးတို့ စံမြန်းရာ ခြံကြီးမှ ကလေး မလေးနှင့်အတူ ထွက်ခွာသွားသောအချိန်ဝယ် အိမ်ကြီးထဲတွင် မခံချိမခံသာ ကျန်ရစ်ခဲ့သော ကိုအောင်စိုး၊ မိမိလေးနှင့် မောင်မောင်မျိုးကို နောင်ဘုရားက ဩဝါဒပေးနေလေသည်။

"သူ့ကို အတင်းအကျပ် တားဆီးချုပ်တည်းခြင်း မလုပ်နဲ့လို့ ညီငယ်ကို နောင်ဘုရား တားတာက အကြောင်းရှိတယ် ညီငယ် ... "

"ဘယ်လို အကြောင်းပါလဲ နောင်ဘုရား"

မေမေခင် လှုပါးဝသွားသည်ဟူ၍ ခံပြင်းနေသော မောင်မောင်မျိုးက ပြန်မေးသည်။

"ဒီလိုကွယ် ညီငယ်ရယ် ... သူ့ကောင်မလေးက အစအဆုံး မြင်နေကြားနေတယ် ဟုတ်လား၊ ကောင်မလေးက အခန်းအပြင် ရောက်နေပြီဆိုတာ သတိပြုဦးမှပေါ့၊ သူ့သခင်မကို သူ သိပ်ချစ် တယ် ဟုတ်လား၊ ညီငယ်က အနိုင့်အထက်ချုပ်ကိုင်လို့ နမလေးက ရှန်းရင်းကန်ရင်း ထွေးလုံး ရစ်ပတ် ဖြစ်လာရင် ဟောဒီ ညီနဲ့ ညီမကြီးတို့ မနေသာဘဲ ပါဝင်ရတော့မယ်လေ၊ ဒီတော့ ဒီတော့ ... ကောင်မလေး က သူ့သခင်မကို နှိပ်စက်နေပါပြီရယ်လို့ ထွက်ပြေးအော်ဟစ်လုပ်ရင် ခြံနားနီးချင်း တွေ ဘေးလူတွေ သိကြမယ် ဟုတ်လား၊ နောင်ဘုရားက အေးအေးဆေးဆေး အဓိဌာန်ဝင်ပြီး ထွက်ရပ်လမ်း အားထုတ် နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ လူသိသူသိ အရေးအခင်းတွေဖြစ်မှာ မလိုလားဘူး၊ ဒါကြောင့် တားတာကွဲ့"

"နားလည်ပါပြီ နောင်ဘုရား"

"နောင်ဘုရားရဲ့ အဓိဌာန်တန်ခိုးနဲ့ မေတ္တာတန်ခိုး ဘယ်လောက်ထက်မြက်တယ်ဆိုတာ ညီငယ် ယုံကြည် တယ်နော်"

"ယုံပါတယ် နောင်ဘုရား"

မောင်မောင်မျိုးသည် သူ့ကို ရာထူးတိုးတက်အောင် လုပ်ပေးမည်ဆိုသည့်အတိုင်း ရာထူးတက်လာ သည့်အချိန် ကစပြီး

နောင်ဘုရားကို အာရုံလိုက်သည်းလိုက် ယုံကြည်လာသည်ဖြစ်၍ ယုံကြည် ကြောင်းကို အမှန် အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

"နောင်ဘုရား ဆန္ဒရှိတာတစ်ခု ဆောင်ရွက်ပေးစမ်း ညီငယ်"

"အမိန့်ရှိပါ နောင်ဘုရား"

"နမငယ် လက်ထဲက လက်စွပ်ကို မြင်လိုက်လား"

"မြင်လိုက်ပါတယ်"

"ဘာလက်စွပ်လဲ"

"ဒီလက်စွပ် သူ့ဆီမှာ ရှိတာရော၊ သူ ဝတ်တာရော အခုမှ သိရ မြင်ရတာပဲ၊ ဘာလက်စွပ်မှန်း မသိပါ ဘူး နောင်ဘုရား"

"ဒီလက်စွပ်ကျောက်ဟာ ကျောက်ရိုးရိုး မဟုတ်ဘူး၊ အမြုတေတစ်ခုပဲ ညီငယ်"

ထူးဆန်းသောအရောင် ဖြာထွက်သွားသည့် လက်စွပ်ကို သတိထားလိုက်မိသော ကိုအောင်စိုးနှင့် မိမိလေး တို့သည် စိတ်ဝင်စားစွာ နားစိုက်လိုက်ကြသည်။

"ဘယ်လို အမြုတေပါလဲ နောင်ဘုရား"

မိမိလေးက မေး၏။

"အဲဒါကို နောင်ဘုရားက မေးခိုင်းမယ်လို့ပဲ ညီမကြီး ... ညီငယ်က သေသေချာချာ မေးမြန်းပြီး နောင်ဘုရားကို ပြန်ပြောစမ်း၊ ဒီအမြုတေအကြောင်း သိရပြီးရင် နောင်ဘုရား အစီအမံဝင်ကြည့်မယ်၊ ဒီအမြုတေကို ဘယ်လိုသိဒ္ဓိတင်ပြီး ဘယ်လို တန်ခိုးဝင်လာမယ်၊ ညီငယ်တို့ ညီအစ်ကိုနဲ့ ညီမကြီးတို့ သုံးယောက် အနက် ဘယ်သူနဲ့ ထိုက်မယ်ဆိုတာပေါ့၊ အဲဒါ အမြုတေအကြောင်း သေသေချာချာ သိရအောင် စုံစမ်းပြီး ညီငယ်က နောင်ဘုရားလက် ရောက်အောင် ဆောင်ကြဉ်း လာခဲ့နော်"

ကိုအောင်စိုး၊ မိမိလေးနှင့် မောင်မောင်မျိုးတို့ သုံးယောက်သည် မေမေခင့်လက်ထဲမှ ထူးဆန်းသော အမြုတေလက်စွပ်ကို လောဘထွက်လာကြသည်။

"ရအောင် ကြိုးစားခဲ့ပါ့မယ် နောင်ဘုရား ..."

ညနေစောင်းအချိန်တွင် မောင်မောင်မျိုး ပြန်လာသည်။ မျက်နှာထားကမူ သုန်မှုန်ခြင်း၊ စိတ်ဆိုးခြင်း အရိပ်အရောင်ကို မတွေ့ရပေ။ ပကတိ ကြည်ကြည်လင်လင် တွေ့ရသည်။ နောင်ဘုရားက မှာကြား လိုက်သည့်ကိစ္စ အောင်မြင်ရန်မှာ မေမေခင်ကို ယုယချော့မော့မှ ဖြစ်မည်ကို တွေးမိကာ မောင်မောင်မျိုး က စိတ်ဆိုး မျက်ညိုးခြင်း မရှိဘဲ ကြည်ကြည်သာသာ ဖြစ်လာသည့်အတွက်ကိုမူ မေမေခင်က စိတ်ချမ်းသာ မိသည်။

"ထမင်း စားတော့မလား"

မေမေခင်က မေးသည်ကို ...

"စားမှာပေါ့ ခင်ရယ်၊ ကိုကိုနဲ့ မမမိက သူတို့ဆီမှာပဲ ထမင်းစားသွားဆိုတာတောင် ခင် မျှော်နေမှာပဲ လို့ စဉ်းစားမိပြီး ပြန်လာခဲ့တာ ခင်ရေ့"

မောင်မောင်မျိုး အဖြေက အခိုက်အတန့်မှာတော့ မေမေခင်အဖို့ စိတ်ချမ်းသာ နားချမ်းသာ သွားပါ သည်။ ခဲအို လင်မယား ဝင်ပြီး ဇယား ရှုပ်ကြ၊ ခြေထိုးကြ၍ လင်မယားချင်း တဖောင်းစေးနှင့် မျက်ချေး ဖြစ်နေကြ သော်လည်း မေမေခင် ဘဝကား ဤလင်ယောကျ်ားမှလွဲ၍ အားကိုးစရာ မရှိရှာ ချေ။ ယခုလို ခင်ပွန်းက ကြည်ကြည် သာသာ ကြင်နာယုယသော စကားကို ဆိုသံကြားရခိုက်မှာ အမှန်ပင် နားချမ်းသာမိရှာသည်။

ထမင်းစားကြသောအချိန်မှာ မောင်မောင်မျိုးသည် မေမေခင်ကို ယုယကြင်နာစွာ ဟင်းဖတ် ကောင်းနိုးရာရာလေးတွေ ရွေးထည့်ပေးသည်။ အရိုးထွင်ပေးသည်။ မေမေခင် ထမင်းစားသည်ကို အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ ထမင်းစားနေရင်းမှာပင် မောင်မောင်မျိုးက ဇနီးမယားကို ယုယ ကြင်နာရန်၊ ချစ်ချစ်ခင်ခင်နေရန်၊ အရေးအကြောင်းရှိလျှင် ကောင်းတူဆိုးဘက် ဒုက္ခပေါင်းလာ သော ဇနီးသာလျှင် ကိုယ်နှင့်မကွာ ပြုစုမည်ဖြစ်၍ ဇနီးကို မိတ်ဆွေကောင်း၊ နမကောင်း၊ မိခင်း ကောင်းသဖွယ် သဘောထား ဆက်ဆံရန်၊ ညီအစ်ကို မောင်နှမစကားကို နေရာတိုင်းမှာ မနာခံရန် စသည်ဖြင့် နောင်ဘုရားက ဆုံးမ

သွန်သင်လိုက်ကြောင်း၊ ကိုအောင်စိုးနှင့် မိမိလေးတို့ကိုလည်း မေမေခင်အပေါ် ညီမလေးလို သဘောထား ချစ်ခင်ရမည်ဟု နောင်ဘုရားက ဆုံးမကြောင်း စသည် များကို စီကာစဉ်ကာ ပြောပြီး ...

"ကိုကိုနဲ့ မမမိကလဲ နောင်ဘုရား ဆုံးမလို့ တရားကျသွားကြပါပြီ၊ ဒါကြောင့် ကိုမျိုး ထောက်ပံ့မှုကို ဒီတစ်လပဲ လက်ခံယူပြီး သူတို့ဘာသာ လုပ်ကိုင်ရှာဖွေ စားကြတော့မှာပါ၊ လာမယ့် ရှေ့လကစပြီး ခင့်လက်ထဲကို ကိုမျိုးလခ တစ်ပြားမကျန် အပ်မယ်၊ ကိုမျိုးကို ခွင့်လွှမ်မယ် မဟုတ်လား ခင်"

ဟု မောင်မောင်မျိုးက တကယ် နောင်တရသည့်ဟန်ဖြင့် မှင်သေသေ ပြောသည်။ မေမေခင် အနေ ဖြင့် အဘယ်မှာလျှင် ဝမ်းမသာဘဲ ရှိပါတော့မည်နည်း။ ကာလကြာမြင့်စွာ တိမ်ဖုံးသလို ဖြစ်ခဲ့ရှာ သော မျက်နှာလေး သည် မိုးသားကင်းစင် ကြည်လင်သော လမင်းလို ဝင်းဝင်းပပ ဖြစ်လာကာ၊ ချစ်လှသော လင်ယောကျ်ား ကို ကြည်လင်ရွှန်လန်းစွာ ပြုံးပြလိုက်ရှာသည်။

မောင်မောင်မျိုး၏ အမူအရာအချိုးသည် မေမေခင်နှင့် လက်ထပ်ပြီးစက ပုံသဏ္ဍာန်အတိုင်း ပြန်ဖြစ် သွားသည်။ လင်ယောကျ်ား၏ ယုယ မြတ်နိုးမှု၊ ကြင်နာချစ်ခင်မှုကို ခံရသော မိန်းမလောက် စိတ်ချမ်းသာသော မိန်းမ မရှိချေ။ မေမေခင်ကား သူ့ကိုယ်သူ အိပ်မက်ဆိုးကြီး ပျောက်ကွယ်သွား ပြီးဟု ထင်နေရှာသည်။

ထို့ကြောင့် ချစ်ခင် ကြင်နာ ကျေနပ်စွာသော အချိန်က ခေါ်ခဲ့သည့်အတိုင်း ကိုမျိုး ဟူသော စကားလုံးများကို ပြန်လည် သုံးစွဲလာသည်။ ချမ်းမြေ့ပျော်ရွှင်စွာ နေလာခဲ့သော ရက်သတ္တပတ် လုံးလုံး မောင်မောင်မျိုး သည် အစ်ကိုနှင့် မရီးအိမ် မသွားဘဲ မေမေခင် အနားမှာသာ ကပ်နေသည်။ သို့သော် နောင်ဘုရား က သွန်သင်ညွှန်ကြားချက်တွေ ပေးသမျှ နာခံပြီး ပြန်လာခဲ့သော ညနေမှစ၍ မေမေခင် လက်ထဲမှာ အမြဲတေလက်စွပ်ကို မတွေ့တော့ချေ။ ချွတ်ပြီး သိမ်းထားကြောင်း စဉ်းစား မိသည်။

ကြန္တြေမပျက်နေ၍ ရက်သတ္တ တစ်ပတ်မျှ ကြာညောင်းလာသော တစ်နေ့ ဇနီးမောင်နှံ အေးအေး လူလူ စကားပြောနေကြသောအချိန်ဝယ်၊ မောင်မောင်မျိုးက အမှတ်မထင် သဘောမျိုးဖြင့် လက်စွပ်အကြောင်း စကားသည်။

"ဒါနဲ့ ခင်ရယ် ... ဟိုနေ့က ခင် ဝတ်ထားတဲ့ လက်စွပ်ဟာ ဘာလက်စွပ်လဲ"

"ဘယ်လက်စွပ်လဲ၊ ဘယ်နေ့က ဝတ်တာလဲ ကိုမျိုး ..."

မေမေခင်က မမှတ်မိ၍ ပြန်မေး၏။

"ဟို ကိုကိုတို့အိမ် လိုက်လာတဲ့နေ့က ခင် ဝတ်လာတဲ့ လက်စွပ်လေ ... အဲဒီကျောက်အရောင်ဟာ တော်တော် ထူးဆန်းတယ်နော်၊ ကိုယ်တစ်ခါမှ မမြင်ဖူးဘူး၊ ဘာကျောက်လဲ ခင် ..."

ထိုအခါမှ မေမေခင်က သတိရလိုက်သည်။

"အရောင်က ဘယ်လိုထူးဆန်းလို့လဲ ကိုမျိုးရဲ့"

"အို ... စိန်တွေ၊ ပတ္တမြားတွေ၊ နီလာတွေ၊ မြတွေ အရောင်ထွက်တာမျိုး လက်တာမျိုးလဲ မဟုတ်ဘူး ခင်ရဲ့၊ အပြာရောင်၊ အစိမ်းရောင်ရယ်၊ အညိုရောင်ရယ်က အရောင်လွင်လွင်လဲ မဟုတ် ဘဲ ရင့်ရင့်မှိုင်းမှိုင်း ဖြာထွက်လာတဲ့အထဲမှာ မဟူရာရောင်က လာရောနေတော့ ဘယ်လိုရယ် မပြောတတ်ပေမယ့် ထူးဆန်းတာတော့ အမှန်ပဲ ခင်၊ ဖယောင်းတိုင်မီးထဲမှာ ဒီကျောက်အရောင် ထွက်ပုံက ရှိုးရှိုးတွင်းထွက် ကျောက်မျက် ရတနာအရောင်မျိုးမှ မဟုတ်တော့ဘဲ ..."

"ဘာနဲ့ တူနေလို့လဲ ကိုမျိုးရဲ"

မေမေခင်က ခပ်ပြုံးပြုံး မေးလိုက်သည်။ မောင်မောင်မျိုးက စဉ်းစဉ်းစားစား ဖြေ၏။

"ဟိုလေ တန်ခိုးအာနိသင်ကြီးတဲ့ သက်ရှိပုဂ္ဂိုလ်တစ်ယောက်၊ သို့မဟုတ် သတ္တဝါတစ်ကောင်ပေါ့၊ အဲ ... သူတို့မျက်လုံး

တောက်နေသလိုပဲ ခင်ရဲ့၊ ကိုမျိုး မျက်စိအမြင် ဥပမာ ပေးရတာနော်၊ မှားချင် မှားမယ်"

မေမေခင်သည် ရိုးရိုးသားသားဟန် မှင်သေသေ ပြောနေသော ခင်ပွန်းသည်ကို ကြည့်ပြီး အတန် ငယ် စဉ်းစားနေသည်။ ထို့နောက် မောင်မောင်မျိုး အမှန်တကယ်ပင် စိတ်ပြောင်းလာပြီဟု ယူဆ၍ အမှန် အတိုင်း ပြောရန် ဆုံးဖြတ်လိုက်သည်။

"ဒီလက်စွပ်ကို ခင် ဝတ်တာ ကိုမျိုးဒီတစ်ခါပဲ တွေ့ဖူးတာ ပေါ့ ဟုတ်လား"

မေမေခင်က မေးသည်။

"ဒီတစ်ခါပဲတွေ့ဖူးတယ်၊ ဒီလို လက်စွပ်မျိုး ခင့်ဆီမှာ ရှိမှန်းလုံးဝ မသိခဲ့ဘူး၊ အခုမှ မြင်ဖူးတာခင်ရဲ့"

မောင်မောင်မျိုးက အမှန်အတိုင်းပင် ဖြေသည်။

"ကိုမျိုးပြောတာ ဟုတ်ပါတယ်၊ ဒီလက်စွပ်ကို ခင် ဒီတစ်ခါပဲဝတ်ဖူးတာပဲ၊ ဒါလဲ နည်းနည်း အစိုးရိမ်လွန်မိတာနဲ့ ဝတ်သွားတာ"

"ဘယ်လိုကြောင့် အစိုးရိမ်လွန်တာလဲ"

"ခင့်လက်ဝတ်လက်စားတွေကို အိမ်မှာထားရတာ သိမ်းရတာ ဂရုစိုက်ရတာတွေ တာဝန်ကြီးတာလဲ တစ်ကြောင်း၊ ဝတ်ချင်ဆင်ချင်စိတ်လဲ ကုန်ခန်းလို့ ခင့်ငွေတွေထားတဲ့ ဘဏ်မှာ

သွားအပ်တယ်၊ အဲဒီနေ့က လက်ဝတ်လက်စား တနဖိုးက တော်တော်များတော့ လူဆိုးသူဆိုးတွေနဲ့ ကြုံမှာစိုးတာနဲ့ အကာအကွယ် ဒီလက်စွပ်ဝတ်သွားတာ ကိုမျိုးရဲ့၊ ပြန်လာတော့ ကိုမျိုးအစ်ကိုအိမ် ကလေးမလေး လိုက်ခေါ်ချင်ဇောနဲ့ လက်စွပ်ဝတ်ရက် ထွက်လာခဲ့တာ၊ အိမ်ပြန်ရောက်မှ ချွတ်သိမ်းလိုက်ရတယ်. "

"အခု လက်စွပ်က ဘယ်မှာလဲ ခင်"

"သိမ်းထားလိုက်ပြီလို့ ခင် ပြောတာရော ကိုမျိုးရဲ့"

"သေသေချာချာ ကြည့်ချင်တယ် ခင်ရယ်... သွားယူစမ်းပါဦး"

မောင်မောင်မျိုး စကားကို မေမေခင်က အလေးအနက် မပြုဟန်ဖြင့်...

"ဘယ်အခါကြည့်ကြည့် ရပါတယ် ကိုမျိုးရယ်၊ သိမ်းထားပြီးသားဖြစ်နေလို့ နောက်တစ်ခါဝတ်မှ ကြည့်နော်"

ဟုပြော၏။

"နောက်တစ်ခါဆိုတာက ခင် ဘယ်တော့ဝတ်မယ်မှန်းမှ မသိတာ၊ နက်ဖြန်တော့ ပြရမယ်နော် ခင်"

"ကောင်းပါပြီ ကိုမျိုး"

"ဒီလက်စွပ်ကို ခင် ဘယ်ကရလဲ၊ ကျောက်က ဘယ်လိုကျောက်အမျိုးအစားလဲ ခင်ရဲ့"

"ဒီလက်စွပ်အကြောင်း ကိုမျိုး သိချင်ရင် မပျင်းမရိ နားထောင်နိုင်မှ စုံစုံလင်လင် သိရမှာ၊ နောက်ပြီး ယုံတမ်းစကားကို ဖြစ်နေလို့ ခင်ဘယ်သူ့မှ မပြောခဲ့ဘူး၊ အခု ကိုမျိုးက ခင် ချစ်လို့ အားကိုးလို့ ယူထားတဲ့ လင်ယောကျာ်း တစ်ယောက်လုံး ဖြစ်နေတဲ့အတွက် ခင်က စုံစုံလင်လင် ပြောမှာနော်"

မေမေခင် စကားကြောင့် မောင်မောင်မျိုးက အတိုင်းမသိ ဝမ်းသာသွားသည်။ သူကြည်ညိုလွန်းသော နောက်ဘုရားက စုံစုံလင်လင်သိရအောင် ထောက်လှမ်းခိုင်းထားသည်မဟုတ်ပါလား၊

"ကဲ မပျင်းပါဘူးဗျာ၊ ကိုမျိုး စိတ်ဝင်စားတဲ့ လက်စွပ်အကြောင်းသိပ်သိချင်ပါတယ် ခင်ရယ်"

"လက်စွပ်အကြောင်း မပြောခင် ကိုမျိုးကို ပုလဲအကြောင်းမေးရဦးမယ်၊ ပုလဲအမျိုး ဘယ်နှစ်ပါး ရှိလဲဆိုတာ ကိုမျိုးသိလား"

မေမေခင်က မေးခွန်းထုတ်သည်။

"ဟာ ခင်ကလဲ ပေါက်ပေါက်ရှာရှာ၊ ဘာလဲ ခင့်လက်စွပ်ကို ပုလဲနက်လို့ ပြောမလို့လား၊ ပုလဲနက်ကို ကိုမျိုးမြင်ဖူးတယ်၊ ခင့်လက်စွပ်ကျောက်က ပုလဲနက်မဟုတ်ဘူးဆိုတာ သေသေချာချာ ပြောရဲတယ်"

မောင်မောင်မျိုးက စောဒကတက်၏။

"ခင့်လက်စွပ်က ပုလဲနက်တော့ မဟုတ်ပါဘူး၊ ကဲလေ ခင်မေးတာဖြေစမ်းပါဦး"

စိတ်ရှည်ရှည်ထားမှ လိုရင်းသိရမည်ဖြစ်၍ မောင်မောင်မျိုးက လိုက်လျောဖြေဆိုသည်။

"ကိုမျိုး သိတာတော့ မုတ်ကောင်ထဲမှာ သဘာဝဖြစ်လာတဲ့ ပုလဲ၊ သိပ္ပံနည်းနဲ့ မွေးယူတဲ့ ပုလဲ၊ နောက်ပြီး ချိန်ဖူးစစ်ပါတဲ့ တိမ်တိုက်စံလို့ ရှေးသီးချင်းကြီးတွေ ဖွဲ့သီခဲ့တဲ့ အိမ်တောင် တိမ်လိပ်ထဲမှာ ဖြစ်တဲ့ပုလဲ၊ အဲဒီသုံးမျိုးပဲ သိတယ်

မေမေခင်က ရယ်ပြီးပြောသည်။

"သုံးမျိုးမကဘူး၊ ပုလဲမျိုး ရှစ်ပါးရှိတယ် ကိုမျိုးရဲ့"

"နေစမ်းပါဦး ခင်ရဲ့၊ လက်စွပ်က ပုလဲနက် မဟုတ်ဘူးဆိုပြီး ပုလဲ ဋီကာဖွင့်နေတာ ခင့်လက်စွပ်ကျောက်နဲ့ ပုလဲနဲ့ ဘာဆိုင်လို့လဲ"

မောင်မောင်မျိုးသည် တိုလာသောစိတ်ကို မနည်းချုပ်တည်းထားရသည်။ မေမေခင် စကားကြောရှည်ရန် ကောဟု တွေးကာဟန်မပျက် နေလိုက်ရသည်။

"အို.....ကိုမျိုးကလဲ ဆိုင်လို့ ခင်ပြောနေတာပေါ့။ ဒါကြောင့် ဒီလက်စွပ်အကြောင်း သိချင်ရင် မပျင်းမရိ နားထောင်နိုင်မှ စုံစုံလင်လင် သိရမယ်လို့"

"ကောင်းပါပြီဗျာ....ကောင်းပါပြီ၊ ကဲ.....ခင်ပြောပေတော့၊ မောင့်ကိုဘာမှ မေးခွန်းမထုတ်းနဲ့တော့၊ မောင်နားပဲထောင်တော့မယ်"

မေးခွန်းထုတ်း၍ ဖြေရလျှင် စိတ်တိုသံ ပါသွားမည်စိုး၍ မောင်မောင်မျိုးက ကြိုတင်ကြံစည် ကာကွယ်စကား ကို ပြောထားရသည်။

"အခုတင်က ခင်ပြောခဲ့တယ်နော်၊ ပုလဲမျိုးရှစ်ပါး ရှိတယ်လို့"

"အင်း....."

"အဲဒီရှစ်ပါးက ဘာတွေလဲဆိုတော့ ဟတ္ထိကုမ္ဘ- ဆင်ဦးကင်း၌ ဖြစ်သောပုလဲ၊ ဝရာဟဒါဌ- ဝက်စွယ်၌ ဖြစ်သောပုလဲ၊ ဘုဇင်္ဂသီသံ- မြွေဦးခေါင်း၌ ဖြစ်သောပုလဲ၊ ဝလာဟကံ- တိမ်တိုက်၌ ဖြစ်သောပုလဲ၊ မစ္ဆသိ ရေ- ငါးဦးခေါင်း၌ ဖြစ်သောပုလဲ၊ သခေါ်- ခရုသင်း၌ ဖြစ်သောပုလဲ၊ သိပ္ပီ- ယောက်သွား၌ ဖြစ်သောပုလဲ ရယ်လို့ ပုလဲရှစ်မျိုးရှိတယ် ကိုမျိုး၊ အဲဒီရှစ်ပါးထဲက ဘုဇင်္ဂသီသံ မြွေဦးခေါင်း၌ဖြစ်သော ပုလဲတို့သည် နီလဒိဝဏ္ဏာစ အစိမ်းအညို အပြာ အစရှိကုန်သော အဆင်းလည်း ရှိကုန်၏။ သုဝိသုဒ္ဓိစ အလွန်လည်း သန့်ရှင်းစင်ကြယ်ကုန်၏။ ဝဋ္ဋလာစ လုံးလုံးလျောင်းလျောင်း သဏ္ဍာန်ရှိကုန်၏လို့ ဆိုတယ်။ အခုခင့်လက်စွပ်ဟာ မြွေဦးခေါင်းထဲမှာဖြစ်တဲ့ ပုလဲ ကိုမျိုးရဲ့၊ ပုံသဏ္ဍာန်ကလဲ ၃-လိုပဲ၊ အချိန်က ရတီနှစ်ဆယ်ကျော် တယ်လို့ မေမေပြောခဲ့ဖူးတယ်"

မောင်မောင်မျိုး၏ နှုတ်ခမ်းနှစ်လွှာသည် မသိမသာ ဟသွားသည်။ ပုလဲအကြောင်းပြောနေသော မေမေခင် မျက်နှာကို စိုက်ကြည့်နေသည်။ မေမေခင်စကားဆုံးသောအခါ အံ့သြခြင်းကြီးစွာဖြင့်......

"ဟာ.....ခင့်လက်စွပ်က အင်မတန်ရခဲတဲ့ မြွေအမြုတေ ရတနာပဲ၊ ဒီအမြုတေရတနာမျိုးဟာ ကမ္ဘာဖိဒ္ဒိတန်ခိုး နဲ့ပြည့်စုံတဲ့ နဂါးတွေမှာသာ ရှိတတ်တာပဲ၊ နဂါးဆိုတာမျိုးကလဲ အခုလူတွေနဲ့ အမြဲထိတွေ့နေရတဲ့ မြွေတွေလို လူတွေနားမှာ လုံးဝနေတာမဟုတ်ဘူး၊ တန်ခိုးနဲ့ပြည့်စုံတဲ့ နဂါးရဲ့ အမြုတေရတနာ ဆိုတော့ ဒီအမြုတေရဲ့ တန်ခိုးသတ္တိကို စမ်းဖူးသလားဟင်...ဘယ်လိုထူးထူးခြားခြား ဖြစ်ဖူးသလဲ ခင်"

မောင်မောင်မျိုးသည် မက်မောလှသောစိတ်ဖြင့် အသက်ပင်မရှူအားဘဲ စိတ်အားထက်သန်စွာ မေးလိုက် သည်။

"ခင့်လက်ထက်မှာတော့ ခင်ကဝတ်ဆင်တာလဲနည်း၊ နောက်ပြီး လူသိလဲ သိပ်မခံ၊ လူမြင်လဲ မခံ၊ သူ့ကို အမြဲသိမ်းထားခဲ့တော့ ဘာမှထူးခြားမှု မတွေ့ဖူးသေးပါဘူး၊ မေမေနဲ့ ဖေဖေက ပြောတော့ သိပ်စွမ်း တယ်တဲ့ မောင်"

"ဘယ်လိုစွမ်းတာတဲ့လဲ"

"အဆိပ်ရှိတဲ့ကောင် ကိုက်တာဆိုရင် ဒီအမြုတေကို ကိုက်တဲ့နေရာ အပေါ်တည့်တည့်ကထားပြီး ရေလောင်းချလိုက်ရင် ကိုယ်ထဲ ဝင်ပြီးသား အဆိပ်ဟာ လောင်းချတဲ့ရေနဲ့အတူ အကုန်ပြန်ထွက်လာ

တယ် တဲ့၊ ဘယ်လောက်ပဲ အဆိပ်မွှန်နေစေကာမူ၊ ဘယ်လောက်ပဲ အချိန်လွန်နေ" စေကာမူ လူနှာ အသက်ဝိညာဉ် မပြတ်သေးသရွေ့ ကယ်တင်နိုင်စွမ်း ရှိတယ်တဲ့ ဒီအမြစ်တွေကို ဆောင်ထားတဲ့ လူကို ဘယ်လို မြွေမျိုးမှ မကိုက်နိုင် မကိုက်ဝံ့ တဲ့ အပြင် ဒီအမြစ်တွေ ရတနာကိုပြုပြီး အဆိပ်ပြင်းလှပါတယ် ဆိုတဲ့ မြွေဆိုးတွေကို ကိုယ်လိုသလို နိုင်းနိုင်သုံးနိုင် တယ်လို့ ပြောတယ်

နောက်တချက် က ..မေမေခင်က စကားအကုန်မပြောလိုတော့၍ ထိန်းလိုက်ဟန်ဖြင့် ရပ်ထားလိုက်သည် စိတ်ပါဝင်စားလှစွာ နားစိုက် ထောင် နေသော မောင်မောင်မျိုးက ...

ဆိုပါဦး ခင်ရဲ့ ..နောက်တချက်ကဘာလဲ.. ဟုမေးလိုက်၏။

မေမေခင်က မသိမသာ ငိုင်နေပြီးမှ ..

"အဲဒါ ခင် စဉ်းစားနေတာ၊ မေမေပြောခဲ့တာ ကောင်းကောင်းလဲ မသဲကွဲဘူး၊ ခင်လဲ အမှတ်မဲ့နေခဲ့တာနဲ့ သတိမရတော့ဘဲ ဖြစ်သွားတယ်၊ ဘာပါလိမ့်"

မေမေခင်က စကားကို အဆင်ပြေအောင် လျှောချလိုက်သည်။

အကင်းပါးသော မောင်မောင်မျိုးကမူ မေမေခင် စကားအကုန်မပြောဘဲ ထိန်ချန်လိုက်ကြောင်း ကောင်းကောင်း ရိပ်မိသည်။ သို့သော် အချိုသပ်ရန် နောင်ဘုရား၏ တင်းကျပ်စွာ မှာကြားမှုကြောင့် စိတ်ကို ချုပ်တည်းကာ အသံအေး အသံမှန်ဖြင့်သာ ပြန်ပြောလိုက်သည်။

"ဟိုနေ့က ခင်ဝတ်လာတာကို နောင်ဘုရားက မြင်လိုက်တယ်"

"ဩော်... ဟုတ်လား မြင်မှာပေါ့လေ"

မေမေခင်က ပေါ့ပေါ့ဆဆပင် ပြောသည်။

"ခင် ပြန်သွားပြီး နောင်ဘုရားက ပြောနေသေးတယ်"

"သူက ဘယ်လိုပြောလဲ"

"နောင်ဘုရားက ဒီလက်စွပ်အကြောင်းသူ ဘယ်လိုများ သိထားတယ်မသိဘူး၊ ခင့်လက်စွပ် ကျောက်ဟာ သာမန်မဟုတ်ဘူးတဲ့၊ ဒါပေမဲ့ အထားမတတ်လို့ တန်ခိုးမှိန်နေတယ် ပြောတယ်၊ အဲဒါ တန်ခိုး ဒွပါတ်အပြည့် ပြန်ဝင်အောင် သိဒ္ဓိတင်ပေးလိုက်ရင် သိပ်ကောင်းမယ် ပြောတယ်၊ သိဒ္ဓိတင်ပြီးတယ်ဆိုရင် ပင်ရင်း ပိုင်ဆိုင်သူ မဟုတ်တဲ့လူ၊ ဥပမာ ဆိုပါတော့ ခင့်လက်ထဲက တစ်ဦးတစ်ယောက်က ခိုးလို့ဖြစ်စေ၊ နိုင့်ထက်စီးနင်းယူသွားသည် ဖြစ်စေ အဲဒီလူအဖို့ ဘေးဥပါဒ် အကြီးအကျယ် ကြုံတွေ့ပျက်စီးစေမယ်တဲ့၊ စကားကုန်ပြောရမယ်ဆိုရင် ခင်ရယ်... ခင်ချစ်တဲ့ လင်ယောကျ်ား ကိုမျိုးပဲ ဖြစ်စေ ခင်က မကြည်ဖြူဘဲ ဒီလက်စွပ်ကို ယူထားရင် သေကြေပျက်စီးနိုင်တယ်တဲ့၊ ဆိုလိုရင်းက ခင်နဲ့သာ ထိုက်တန်လို့ရထားတဲ့ ခင့်ပစ္စည်း၊ ခင် မပေးဘဲ ယူထားမိသူ ပျက်စီးမယ်ပေါ့၊ အဲဒီတော့ ဒီလက်စွပ်သိဒ္ဓိပြန်တင်လိုက်ရင် မကောင်းဘူးလား၊ ခင့်အဖို့လဲ ပိုစိတ်ချသွားရတာပေါ့"

မောင်မောင်မျိုးက မှင်သေသေဖြင့် ပြောပြီး မေမေခင် လက်ခံပါမည်လားဟု အကဲခတ်သော အကြည့်ဖြင့် မသိမသာ ကြည့်သည်။ မေမေခင်က နားစိုက်ထောင်နေရာမှ...

"ဘယ်သူက သိဒ္ဓိတင်ပေးမှာလဲ"

ဟုမေးလိုက်၏။ မောင်မောင်မျိုးက ပြောအားရှိလာသည်။

"နောင်ဘုရား တင်နိုင်ပါတယ်၊ အခုတင်က ပြောသလို ခင့်ပစ္စည်းကို ခင်ကလွဲပြီး ဘယ်သူမှ မယူဝံ့ပါဘူး၊ သိဒ္ဓိတင်လိုက်ရင် ကောင်းမယ်ခင်၊ အဲဒါ နောင်ဘုရားလက်အရောက် ခင် ကိုယ်တိုင် သွားဆက်မလား၊ ကိုမျိုး ယူသွားပြီး ဆက်ပေးရမလား"

မေမေခင်က အဖြေမပေးဘဲ ဆိတ်ဆိတ်နေသည်။

"ဘာလဲ ... ခင်က မယုံဘူးလား"

မောင်မောင်မျိုး မတုန်မလှုပ်နေသော မေမေခင်ကို စေ့စေ့ကြည့်ပြီး မေး၏။ မေမေခင်က ခပ်ပြုံးပြုံး မျက်နှာဖြင့် ပြန်ပြောသည်။

"သိဒ္ဓိတင်စရာ မလိုပါဘူး မောင်ရယ်၊ နောင်ဘုရား သိဒ္ဓိတင်တတ်တယ်ဆိုရင် ဟောဒီ ခင့်ဆံထုံး မှာ ထိုးထားတဲ့ ပုလဲဆံထိုးကလေးကို တင်ခိုင်းလိုက်ပါ၊ ဒီပုလဲကလဲ အခုကာလ မှတ်ကောင်လို့ ခေါ်နေကြတဲ့ ယောက်သွားကောင်ရဲ့ အမြုတေပါပဲ၊ သိပ္ပံယောက်သွား၌ ဖြစ်သော ပုလဲသည် ပဘာဝိသေသယုတ္တာ၊ အရောင်အဝါ အထူးနှင့် ယှဉ်ကုန်၏။

နာနာကဏ္ဍာနာ၊ အထူးထူးသော သဏ္ဍာန် ရှိကုန်၏လို့ ကျမ်းဂန်ဆိုထားတာပဲ၊ အဲဒီတော့ ဒီပုလဲဆံထိုး ကလေးကိုပဲ သိဒ္ဓိတင် ခိုင်းကြည့်ပါဦး၊ ဒီပုလဲဆံထိုးကလေးမှာ တန်ခိုးက္ကဒ္ဓိပါတ်တွေ ကိန်းအောင်း လာတာမှန်ရင် ခင့်လက်စွပ်ကြီးကို ကိုယ်တိုင်သွားဆက်ပါမယ် ..."

မေမေခင်က အခြေခံ ခိုင်ခိုင်လုံလုံဖြင့် ပြောပြနေသော စကားကို ဆုံးအောင်နားထောင်ပြီးမှ မောင်မောင်မျိုးက ပြောသည်။

"ခင့် စကားတွေကလဲ ပြောင်သလို ပျက်သလိုနဲ့ နောင်ဘုရားကို မရိုမသေ မလုပ်ကောင်းပါဘူး ခင်ရယ်၊ ကဲပါ လက်စွပ်ကို နက်ဖြန်မှ ကြည့်ပါဆိုတာ မဆိုင်းနိုင်တော့ဘူး၊ အခုကို သိပ်ကြည့်ချင်ပါ တယ်၊ ကိုင်ဖူးတယ်ရှိအောင် ကိုင်ကြည့်ပြီး ခင့်ကို ပြန်ပေးပါမယ်၊ ခင် ဆန္ဒမရှိတဲ့ အလုပ်ကို မတိုက်တွန်းတော့ပါဘူး၊ ကိုမျိုး ကြည့်ရုံပဲ ကြည့်ပါတော့မယ် ..."

မောင်မောင်မျိုးက တောင်းတောင်းပန်ပန် ပြောသည်။ နက်ဖြန်အထိ ဆိုင်းလိုက်လျှင် မေမေခင် စိတ်ပြောင်းပြီး ပြလိုတော့မည် မဟုတ်။ ယခု စကားစရခိုက် ပူပူနွေးနွေးအချိန်မှာ ထုတ်ပြကောင်း ပြပေမည်။ လက်စွပ်ကို ထုတ်ပြသည်နှင့် တစ်ပြိုင်နက် မောင်မောင်မျိုးသည် အနိုင်အထက် ယူကာ နောင်ဘုရား ထံ သွားတော့မည် ဖြစ်သည်။ ရခဲကြုံခဲလှသော မြွေအမြုတေ ရတနာ၏ တန်ခိုးအစွမ်း ကို မေမေခင်

ထံမှ ကြားသိရသမျှဖြင့်ပင် မောင်မောင်မျိုးသည် လိုချင်လောဘ တားဆီးမရ ပေါ်လာ ပြီ ဖြစ်သည်။

မေမေခင်သည် စကားပြောရင်းမှာပင် ခင်ပွန်းလင် မောင်မောင်မျိုးကို ယုံကြည်စိတ် ကင်းမဲ့လာ သည်။

ကြည့်ရှုတင်ပါလို့ လိမ်ပြောပြီး ငါထုတ်ပြတဲ့အခါ လက်ရိုးအားကိုးနဲ့ အနိုင်ထက် လုယူသွားရင် ငါဘာတတ်နိုင် မှာလဲ။ ဆွေစဉ်မျိုးဆက် အမြတ်တနိုး ထိန်းသိမ်းလာရတဲ့ ရတနာကို ငါ လက်လွတ် အဆုံးရှုံးခံရတဲ့ အဖြစ်ပဲရောက်လိမ့်မယ်။

လက်စွပ်အကြောင်း ငါ ပြောမိတာမှားပြီ။ ငါ့ယောကျ်ား ချော့တာ အပတ်ထင်မိတာ ငါ့ပျော့ကွက်၊ ငါ့သတိ ချို့ယွင်းချက်ပဲ။ အခုလဲ ဒီလက်စွပ်ကို နောင်လက်လွှပ်ဆုံးရှုံးရလိမ့်မယ်။ ထို့ကြောင့် လက်မလွှန် နှုတ်မလွှန်စေရန် သတိ ကြီးစွာထားပြီးမှစကားပြန်သည်။

"နေရာတကျ သိမ်းထားပြီးဖြစ်နေလို့ နောက်မှ အေးအေးဆေးဆေး ကြည့်ပါတော့ ကိုမျိုးရယ် "...

"ကိုမျိုးကို မယုံလို့လား ခြင်ရယ်... "

မောင်မောင်မျိုးက ညင်သာ ပျော့ပျောင်းသော အသံဖြင့် ပြောသည်။

"ချစ်လို့ယူထားတဲ့ လင်တစ်ယောက်လုံးကို မယုံဘဲ နေပ့ါမလား၊ ဒီလက်စွပ်တန်ခိုးကို ခင်သိသလောက် ပြောခဲ့ပြီပဲ၊ အဆင်သင့်တဲ့နေ့ ထုတ်ယူပြပ့ါမယ်"

"ခင်ရယ် ... ကြည့်ရုံကလေးပါ ဆိုကာမှ ကိုမျိုးကို မယုံတဲ့သဘော ရှိနေလို့သာ ထုတ်မပြတာပေ့ါ၊ ကိုယ်ချစ်တဲ့ မယားကတောင် မယုံကြည်အောင် သိက္ခာကျရတာတော့ ကိုမျိုး ဝမ်းနည်းပါတယ် ခင်၊ လူကြားမှာ တောင် ကိုမျိုး ရှက်မိပါတယ်"

"နက်ဖြန်မှ ကြည့်လို့ ပြောတယ်လေ"

"ဟင့်အင်း ခင်ရယ် ... ကိုမျိုးက အခုကို ကြည့်ချင်တာ၊ ထုတ်ပြပါ ခင်ရယ် ... နော် ... နော် ..."

ကလေးဆိုးကြီး နွဲ့သလို အတင်းကပ်ချွဲနေသောအခါ မေမေခင်က ခပ်ပြုံးပြုံးမျက်နှာဖြင့် ...

"တကတည်းမှပဲ ကိုမျိုး ပြန်ငယ်သွားလိုက်တာ နက်ဖြန်ခါဆိုရင် ပုခက်ထဲ ထည့်သိပ်ရတော့ မယ် ထင်တယ်၊ ကိုမျိုး လက်ကြီးကို ဖယ်စမ်း၊ ခင် သွားယူပြပါတော့မယ်"

ဟု ဆိုမှ မောင်မောင်မျိုးမှာ ပြုံးနိုင် ရယ်နိုင် ရှိလာတော့သည်။ မေမေခင်သည် အခန်းထဲ ဝင်သွား သောအခါ မောင်မောင်မျိုးက

ဝင်လိုက်ရန် ဟန်ပြကာရှိသေး၊ မေမေခင်က လျင်မြန်စွာ ပြန်ထွက်လာသည်။

"ကဲ ... ဟောဒီမှာ လက်စွပ် ... ကြည့်လေ ..."

မေမေခင်က လက်စွပ်ကို ပြပါသည်။ သို့သော် လက်လွတ်စပယ်ပြခြင်း မဟုတ်။ သူ့လက်ဝဲဘက် လက်ခလယ်မှာ ဝတ်ထားပြီး လက်သီးတင်းကျပ်စွာ ဆုပ်ထားလျက်က ပြခြင်း ဖြစ်သည်။ လက်စွပ်ကို လွယ်ကူစွာ ဆွဲချွတ်မရအောင် လက်သီးဆုပ်ထားခြင်း ဖြစ်သည်။

မေမေခင်၏ လက်သီးဆုပ် ကို ကြည့်ပြီး မောင်မောင်မျိုး မထီမဲ့မြင် ပြုံးသည်။ ထို့နောက် ယောကျ်ားတစ်ယောက် ခွန်အားကို မေမေခင်လို သွယ်ပျောင်းနွဲ့နှောင်းသော ကိုယ်လုံးကိုယ်ထည်ရှိသူ မိန်းမသားတစ်ယောက်က တုပြိုင်နိုင်လေမည်လား ဟူသောစိတ်ဖြင့် မေမေခင် ဆုပ်ထာသော လက်သီးဆုပ် ပြေသွားစေရန် လက်ကောက်ဝတ်ကို အားရှိသလောက် ညှစ်ကိုင်ပြီး လိမ်လိုက်မည်၊ လက်သီးဆုပ် ပြေသွားလျှင် လက်စွပ်ကို ချွတ်ယူရန် မခဲယဉ်းတော့ပြီ ဟူသော ရည်ရွယ်ချက်ဖြင့် လိမ်ရန်ပြင်လိုက်သည်တွင် အထူးသတိထား စောင့်ကြည့် အကဲခတ်နေသော မေမေခင်သည် မောင် မောင်မျိုးနှင့် လျင်မြန်စွာ ကိုယ်လုံးချင်း ထိလိုက်သည်။

ထို့နောက် ယာလက်ဖြင့် မောင်မောင်မျိုး၏ လက်မောင်းနှစ်ဘက်နှင့် တကွသော ကိုယ်အထက်ပိုင်းကို သိုင်း၍ တင်းကျပ်စွာဖက်ပြီး ညှစ်လိုက်သည်။

"အမယ်လေး ခင် ... လွှတ် ... လွှတ် ... မောင့်ရင်ထဲမှာ အသက်ရှူလို့ မရတော့ဘူး၊ ခင့်လက်ကြီး က မြွေကြီး ပတ်ထားသလိုပဲ ... လွှတ်ပါ ... လွှတ်ပါ"

မောင်မောင်မျိုးသည် သူ ညှစ်ကိုင်ပြီး လိမ်လိုက်မည်ဟု အားခဲထားသော မေမေခင်လက်ကို လွှတ် လိုက်ရသည်။ ယောကျ်ားတစ်ယောက်၏ ရှိသမျှအားကိုသုံးကာ အမြဲတေရတနာ လက်စွပ်ကို အနိုင်အထက် ချွတ်ယူမည် ဟူသော အစီအစဉ်ကို အကောင်အထည် မဖော်နိုင်တော့ဘဲ၊ မေမေခင် ၏ လက်တစ်ဖက်ထဲပြေဖွဲ့ သိုင်းဖက် ဖျစ်ညှစ်ထားခြင်းကြောင့် အသက်ရှူမှားကာ လူးလွန့်ရုန်းကန် ရင်း အင်အားမရှိသကဲ့သို့ လည်းကောင်း၊ အရိုးတွေ အဆစ်တွေ ပြေလျော့နေသကဲ့သို့ လည်းကောင်း၊ ထူးဆန်းသော ဝေဒနာကို လျှပ်တစ်ပြက် ခံစားလိုက်ရသည်။

မေမေခင်က သိုင်းဖက်ဖျစ်ညှစ်ထားရာမှ လွှတ်ပြီး ဖျတ်ခနဲ နောက်သို့ နှစ်လှမ်းကွာမျှ လျင်မြန်စွာ ဆုတ်လိုက် သည်။ မောင်မောင်မျိုးသည် မျက်လုံးအပြူးသားဖြင့် မေမေခင်ကို စူးစူးဝါးဝါး ကြည့်နေသည်။ မေမေခင် အနားသို့မူ တစ်လက်မမျှ မတိုးဝံ့ချေ။

"မြွေအမြုတေ ဝတ်ထားပြီး မြွေစိတ်ဝင်လာသလား၊ မိန်းမလက်ကြီးက လူလက်လိုကို မဟုတ်တော့ ဘူး၊ ကိုယ့်လင် ကိုယ်ဖက်တဲ့ မယားတစ်ယောက်လက်နဲ့ မတူဘဲ လူအရှင်လတ်လတ်ကို မျိုမယ့် စပါးကြီးမြွေတစ်ကောင် ပတ်ထားတဲ့အတိုင်း၊ နံရိုးတွေ ကျိုးကုန်မလားတောင် ထင်ရတယ်"

ဖြူဖြူဖွေးဖွေး သွယ်သွယ်နွဲ့နွဲ့ကလေး ဖြစ်နေသော မေမေခင်ကို မောင်မောင်မျိုးက မြွေတစ်ကောင်ကို ကြည့်ရသူ မြင်ရသူ၏ စက်ဆုပ်သော မျက်နှာထားမျိုး ပြောသည်။

မေမေခင်က ခပ်ပြုံးပြုံးမျက်နှာဖြင့် အေးအေးလေး ပြန်ပြောသည်။

"ခင်က မိန်းမတစ်ယောက် ခွန်အားပါ ကိုမျိုး၊ ဒါလောက်လဲ မသန်စွမ်းပါဘူး၊ ရှင် ယောကျ်ားကြီး တစ်ယောက်လုံး ဖြစ်ရက်နဲ့ မိန်းမသားက လက်တစ်ဖက်ထဲနဲ့ ဖက်ထားတာကို လွတ်အောင် မရုန်း နိုင်ဘူးဆိုတာ ဟန်ဆောင်နေတာများလား"

မောင်မောင်မျိုးက ဘာမှပြန်မပြောဘဲ မေမေခင်ကို မျက်မှောင်ကုတ်ပြီး ကြည့်နေသည်။ မေမေခင် က ဆက်ပြော၏။

"ခင်က မဖက်ချင် မညှစ်ချင်ပါဘူး၊ ဒါပေမဲ့ ရှင်က ခင့်လက်ကို လိမ်ချိုးပြီး လက်စွပ်ကို လုယူဖို့ ကြံစည်လာမှတော့ ခင်ကလဲ ခွန်အားရှိသလောက် ကာကွယ်ရတာပါ၊ ခင့်ကို စိတ်ဆိုးလား"

အေးအေးဆေးဆေး ပြောဆိုမေးမြန်းနေသော မေမေခင် စကားက မောင်မောင်မျိုးစိတ်ကို ပိုပြီး မခံချိမခံသာ ဖြစ်စေသည်။

"တော်စမ်း"

မောင်မာင်မျိုးက ငေါက်ငန်းဟန့်တားလိုက်၏။ မေမေခင်က စိတ်ဆိုးဟန်မပြဘဲ ရယ်နေသည်။ စစ်ပွဲနိုင်သော စစ်သူကြီး ရယ်နည်းမျိုး ဖြစ်၏။

"ဒီမှာဟော့ ... မေခင် ..."

ဟန်ဆောင်သော အချစ်မေတ္တာ ကရုဏာတွေ၊ အခိုက်အတန့် ပေါ်လာသော မြတ်နိုးကြင်နာမှုတွေ က လွင့်စင်ပျောက်ကွယ်တာ နန်းဇာတိရုပ် ပြန်ပေါ်လာကြသော ဇနီးမောင်နံ ရာသက်ပန်သည် ကိုမျိုး ခင်ဟူသော စကားလုံး အသုံးအနှုန်းတွေ ပျောက်ကုန်ပြီး ရှင် ... မေခင် ... မင်း ဟူသော စကားလုံးတွေ ပြန်ရောက်ကြပြီ ဖြစ်၏။

"မင်းလက်စွပ်ကို ငါ သေသေချာချာ မြင်ဖူးချင်တယ်၊ နောင်ဘုရားက စေတနာနဲ့ သိဒ္ဓိတင်ပေးလို တယ်၊ ဒါကို မင်းက တို့တတွေအပေါ်မှာ အထင်သေး အမြင်သေးနဲ့ အယုံအကြည်ကင်းမဲ့တဲ့ စကား တွေ ပြောတယ်။ မြွေအမြုတေ ဝတ်ထားပြီး မြွေလို အစွမ်းပြတယ်၊ ငါနဲ့ မင်းနဲ့ အင်မတန်ချစ်တဲ့ လင်မယားပါ၊ ငါ စကားတစ်ခွန်း ခိုင်ခိုင်မြဲမြဲ ပြောမယ်၊ မင်းရဲ့ လက်စွပ်နဲ့ မင်းရဲ့ လင်နဲ့ ဘယ်သူက အဖိုးတန်လဲ၊

လက်စွပ်ကို ငါ့သဘောအတိုင်း နှောင်ဘုရားလက်ထဲကို သိဒ္ဓိတင်ဖို့ အပ်မလား၊ ငါနဲ့ လင်မယားလို မနေဘဲ ကင်းကင်းကွာကွာ နေထိုင်မလား ... အဲဒါ မင်း ဆုံးဖြတ်"

သူ့ကလိမ်ကျမှု ဘွင်းဘွင်းပေါ်မှတော့ ပြောင်ပြောင်ပြောတာပဲ ကောင်းသည်ဟု သဘောပိုက်၍ မောင်မောင်မျိုးက နိုင်လုံးကိုင်သည်။ အားကိုးအားထား ကင်းမဲ့သူ မေမေခင်သည် လင်ယောကျ်ား ၏ အရိပ်အကာအကွယ်မရှိဘဲ ရပ်တည်နိုင်စွမ်း ရှိမည်မဟုတ်ဟု မောင်မောင်မျိုးက ပုံသေ့ တွက်ပြီး တင်းမာလိုက်ခြင်း ဖြစ်သည်။

"ရှင့်စကားက ဘာလဲ၊ လက်စွပ်ကို ဟု သူတော်ယောင် သီလကြောင်လက် ..."

မေမေခင် စကားမဆုံးမီ

"ဟေ့. နှောင်ဘုရားကို စော်ကားပြောတာ ငါ့ကို စော်ကားပြောတာနဲ့ အတူတူပဲ မေခင်"

ဟု မောင်မောင်မျိုးက ဒေါသဖြင့် ဖြတ်ပြောလိုက်သည်။

"ကောင်းပါပြီရှင်၊ ဒီလိုလူကို ဘုရားဆိုတဲ့ စကားလုံးကြီးနဲ့ တွဲပြီး မခေါ်ချင်ဘူး၊ ရှင့်နှောင်တော်လို့ပဲ သုံးမယ်"

မောင်မောင်မျိုးက ဆိတ်ဆိတ်နေသည်။

"အဲဒီလူလက်ထဲတော့ လက်စွပ် မအပ်ဘူး၊ လင့်လုပ်စာရယ်လို့ တစ်ပြားမှ မစားရ မသုံးရ မကိုင်ရဘဲ စိတ်ဆင်းရဲအောင် ညှဉ်းဆဲနေတဲ့ လင်ကိုလဲ ကင်းကင်းနေလိုတာကြောင့် ဘယ်နေ့ ကွာချင်သလဲ ပြော ..."

မေမေခင်က နှုတ်မှ မမျှော်လင့်သော ရဲရဲတောက် စကားကို ကြားလိုက်ရသောအခါ ရုတ်တရက် သော် မောင်မောင်မျိုး အံ့သြသွားသည်။ အံ့သြရာက ခံပြင်းသောစိတ် ပေါ်လာသည်။

"ဟား ... ဟား ... ဟား ... ဟား ... မင်းကို ကွာလဲ မကွာဘူး၊ ပေါင်းလဲ မပေါင်းဘူး၊ ဒီအိမ်ပေါ်မှာပဲ နေမယ်၊ ငါ ဘယ်ကိုမှ မဆင်းသွားဘူး၊ ဒီအိမ်ပေါ်မှာ နေမြဲတိုင်းနေပြီး မင်းဖွဲ့ကို ကျွတ်အောင် ချွတ်မယ်၊ အဲဒါ မင်း ကောင်းကောင်း စဉ်းစားပေတော့"

မောင်မောင်မျိုးက လေသံတင်းတင်းမာမာဖြင့် မခန့်လေးစား ပြောနေသော်လည်း မေမေခင်ကို လက်ချည်းသက်သက်ဖြင့် နိုင်ထက်စီးနင်းလုပ်ရန် စိတ်မကူးဝံ့တော့ပေ။ လက်တစ်ဖက်ထဲဖြင့် ဖက်ညှစ်သည်ကိုပင် ခံနိုင်စွမ်းမရှိသော မောင်မောင်မျိုးသည် မေမေခင် လက်နှစ်ဘက်လုံးနှင့် ညှစ်လျှင် မည်သို့ ခံစားရမည်ကို တွေးကြောက်ပြီး ဖြစ်နေသည်။ ထို့ကြောင့် နှုတ်ကသာ ဟန်ရေး ပြပြီး ခြိမ်းခြောက် ပြောဆိုနေသည်။

"ပေါင်းလဲ မပေါင်းဘူး၊ ကွာလဲ မကွာဘူး၊ ဒီအိမ်ပေါ်ကလဲ မဆင်းဘူးဆိုတော့ ရှိပါစေလ ... ရှင့် သဘောအတိုင်း

စိတ်ချမ်းသာသလို နေပေါ့၊ ရှင့်နှောင်တော် ဆိုတာကြီးနဲ့တော့ လူချင်းလဲ မပတ်သတ်ချင်ဘူး၊ ပစ္စည်းလဲ မပတ်သက်ချင်ဘူး၊ အဲဒီတော့ ရှင် အမြင်မှန်ရလာ၊ သတိတရား ရလာတဲ့အထိ စိတ်ရှည်ရှည်ထားပြီး မြင့်မြတ်တဲ့ သဘောထားနဲ့ စောင့်ကြည့်နေမှာပေါ့၊ တစ်ခုတော့ ရှင့်ကို သတိပေးထားမယ်၊ ခင့်အနေနဲ့ ကြိုတင် သတိပေးစကား ပြောရမှာပေါ့ ..."

မေမေခင်က ပြောသောအခါ မောင်မောင်မျိုးက ခပ်မဲ့မဲ့မျက်နှာဖြင့် ...

"အင်း ... သဘောထား မြင့်မြတ်တဲ့ မိန်းမကြီးရဲ့၊ ဘာလဲ ဆိုစမ်းပါဦး"

ဟု ခပ်ရွဲ့ရွဲ့ မေးသည်။

"ဆိုမှာပါ၊ သေသေချာချာသာ နားထောင်၊ ခင့်ကို လက်နက်နဲ့ အနိုင်အထက် နှိပ်စက်သတ်ဖြတ်ပြီး အမြဲတေ ရတနာကို ယူမယ်ကြံရင် ရှင့်အဖို့ သစ္စာရှိတဲ့ ငယ်ပေါင်း အချစ်ဦး ဇနီးမယား ဆုံးမယ်၊ အမြဲတေ ရတနာရော ပစ္စည်းဥစ္စာရော အားလုံး လက်လွှတ်ဆုံးရှုံးမယ်၊ လူသတ်ကောင် ရာဇဝတ် သားအဖြစ်နဲ့ပ အချုပ်ခန်းထဲဝင် ကြိုးစင်ပေါ်တက်ရမယ်၊ ဒီရတနာဟာ ခင့်မေမေရဲ့ အဘိုးနဲ့ ထိုက်တန်လို့ ကံအားလျော်စွာ ရယူ ပိုင်ဆိုင်ခဲ့တယ်၊

ထိုက်တန်သူသာလျှင် ပိုင်ဆိုင်ထိုက်တဲ့ ပစ္စည်း အမွန်အမြတ်ဖြစ်လို့ ခင့်မေမေရဲ့ ဘိုးဘိုးမှာ အမွေခံ သားသမီးတွေ အများအပြား ရှိတဲ့အထဲ က ခင့်မေမေ ဖခင်သာလျှင် ဆက်ခံပိုင်ဆိုင်ခဲ့ရတယ်၊

ခင့်ဘိုးဘိုးမှာ သားသမီး ငါးယောက် ရှိတဲ့ အထဲက ခင့်မေမေနဲ့ ထိုက်လို့သာ မေမေ့လက်ထဲရောက်ပြီ ... အခု ခင် ပိုင်ဆိုင်နေတာ၊ အဲဒီတော့ ခင့်လက်ထဲကနေပြီး ထိုက်တန်သူထံ အလိုအလျောက် ရောက်သွားမယ့် ရတနာကို ခင့်သတ်ပြီး ယူလဲ ရှင်နဲ့မတန်ရင် မရဘဲ ကြိုးစင်တက်ရရုံသာ အဖတ်တင်မယ်ဆိုတာ ခင်က ကြိုတင် သတိပေး ခြင်းပါ"

မေမေခင်က စိတ်ရှည်လက်ရှည် ရှင်းပြသည်ကို မောင်မောင်မျိုးက မယုံရခက် ယုံရခက် မျက်နှာ ဖြင့် မေမေခင်ကို ကြည့်ရှုထားထောင်နေရာမှ ...

"ထိုက်တယ် မထိုက်ဘူးဆိုတာ ဘယ်လို သိရမှာလဲ"

ဟု မျက်နှာတင်းတင်းဖြင့် မေးသည်။

"လက်ရှိပိုင်ဆိုင်တဲ့ ဥစ္စာရှင်က ကြည်ဖြူစွာ ပေးသည်တိုင်အောင် မထိုက်ရင် အလိုအလျောက် ပျောက်သွားတယ်၊ ဒါဟာ ခင် လုပ်ကြံပြောနေတာ မဟုတ်ဘူး၊ ခင့်ဘိုးဘိုး ဆုံးခါနီးမှာ သားအကြီး ဆုံး လက်ထဲ ထည့်တယ်၊ မထိုက်တော့ ပျောက်သွားတယ်၊ ပျောက်ပုံကလဲ ဘယ်လောက် ထူးဆန်းသလဲဆိုရင် အမြဲတေ ရတနာ လက်စွပ်ကို မနက် ဆယ်နာရီလောက်မှာ ဘိုးဘိုးက သားအကြီးဆုံးကို ဝတ်ပေးတယ်၊ အိမ်က ဘယ်မှ မထွက်ရ မသွားရသေးဘဲ နေ့ခင်းမှာ လက်စွပ် ကျွတ်ကျပြီး ပျောက်သွားတယ်၊

အဲဒီမှာတင် ဘိုးဘိုးက အတိအလင်းပြောတာပဲ၊ သားကြီးနဲ့တော့ မထိုက်တာ ထင်ရှားပြီ၊

အငယ်လေးယောက် ဒီအိမ်နဲ့ ဒီခြံဝင်းထဲမှာ ရှာကြစမ်း၊ ထိုက်တန်သူတွေ့ လိမ့်မယ်လို့ ဆိုတဲ့အတိုင်း ရှာကြတာ ခင့်မေမေ့ပဲ တွေ့တယ်၊ ဒါပေမဲ့ ဘိုးဘိုးက အားလုံး ကျေနပ် အောင် တစ်ယောက်ပြီးတစ်ယောက် ဝတ်ပေးတယ်၊ ဒီလိုပဲ ပျောက်ကြတယ်၊ မေမေပဲ ပြန်တွေ့ တယ်၊ အဲဒီတော့မှ ညီအစ်ကို မောင်နှမတွေ အားလုံးက လက်လျှော့လိုက်ကြရလို့ မေမေ ပိုင်ခဲ့ တာ၊ မေမေ့လက်ထဲက ခင်နဲ့ထိုက်တော့ ခင့်ဆီမှာ အခုထက်တိုင် မပျောက်မပျက် ရှိနေတာပေါ့"

ထိုအခါ မောင်မောင်မျိုးက ဉာဏ်နီဉာဏ်နက် ပေါ်လာသည်။

"ဒါဖြင့် ငါနဲ့ ထိုက် မထိုက် သိရအောင် ဝတ်ကြည့်မယ်လေ၊ ပေးစမ်း ..."

မေမေခင်က ရယ်၏။

"ဘာရယ်တာလဲ"

မောင်မောင်မျိုးက မလုံမလဲ မေးသည်။

"ဩော် ... ရှင့်စိတ်ဟာ ဟိုယခင်ကလို ခင့်ကို သစ္စာရှိရှိ ကြင်ကြင်နာနာနဲ့ ချစ်နေမယ်ဆိုရင် ခင် ပေးချင်လှပေါ့ရှင်၊ ထိုက်တာ မထိုက်တာ ဘေးဖယ်ထား၊ ရှင့်အလိုဆန္ဒ ပြည့်ဝအောင် ဝတ်ပေး

လိုက်မှာပဲ၊ အခုတော့ ခင့်အပေါ်အမှာ သစ္စာရော မေတ္တာရော အကြင်နာရော အားလုံးခန်းခြောက် ပြီး ရှင့်အသည်းနှလုံးထဲမှာ ကိုအောင်စိုး၊ မိမိလေးနဲ့ ဟိုကြောင်သူတော်လူသာ ကိန်းအောင်နေတဲ့ အချိန်မှာ ဒါလောက်မြင့်မြတ်တဲ့ ရတနာကို ပုံပေးလိုက်ရင် ခင့်ထက်မိုက်တဲ့လူ ရှိပါတော့မလား၊

နောက်ပြီး ဒီလက်စွပ်ရပြီးတာနဲ့ တစ်ပြိုင်နက် ရှင့်မရီးတော်များရှိရာကို ကဆုန်စိုင်းပြေးတော့မှာ ခင်က ကြိုတင်သိပြီးပါပြီ ... အဲဒီတော့ ရှင့်တို့နဲ့ မထိုက်လို့ ပျောက်သွားဦးတော့ ခင်က ဘယ်နေရာ ကို လိုက်ရှာရမှာလဲ၊ ဒါလောက်တော့ ခင် စဉ်းစားဉာဏ်လေး ရှိပါသေးတယ်"

မောင်မောင်မျိုး၏ အတွင်းသဘောကို အတတ်သိသလို မေမေခင်က ပြောသောအခါ မောင်မောင်မျိုးက မျက်နှာပျက်ပျက် လေသံမာမာဖြင့် ပြန်ပြောသည်။

"မင်းစကား မကုန်သေးဘူး မေခင် ... ငါသိချင်တာ ရှိသေးတယ်"

"ဘာသိချင်သေးလို့လဲ"

"ဒီအမြုတေ ရတနာရဲ့ စွမ်းဆောင်ချက် တန်ခိုးသတ္တိတွေ ပြောစဉ်က၊ နောက်တစ်ချက် ဆိုပြီး မင်း မေ့နေသလိုလိုနဲ့ လျှော့ချလိုက်တဲ့ စကားလေ၊ အဲဒါပြောစမ်း ... အကောင်းဆုံး အစွမ်းသတ္တိ တစ်ခုကို ထိမ်ချန် ထားတာ ထင်တယ်"

မေမေခင်သည် ရယ်ချင်သောစိတ်ကို ချုပ်တည်းလိုက်သည်။ လင်မယားချင်း မေတ္တာ စေတနာ ကြင်နာတရားဟူ၍ လုံးဝခန်းခြောက်ပြီး တစ်ယောက်ကိုတစ်ယောက် မုန်းစိတ်ဝင်နေသည့် အချိန် မှာ ကိုယ့်စိတ်ထဲမှာ ရှိသမျှ သိသမျှကို ကုန်စင်အောင် မည်သူက ပြောချင်တော့မည်နည်း။ ဤမျှ လောက်ကိုမှ မစဉ်းစားနိုင်အောင် မောင်မောင်မျိုးသည် အစ်ကိုမှိုင်း မရီးမှိုင်း နောင်ဘုရားမှိုင်း မိနေ သည်ကို မေမေခင်က ရယ်ချင်သောစိတ် ပေါ်လာခြင်း ဖြစ်သည်။ သို့သော် မျက်နှာတည်တည် မှင်သေသေဖြင့်သာ ပြန်ပြောသည်။

"ခင် ပြောခဲ့တဲ့အတိုင်း တကယ်မေ့နေလို့ပါ၊ ဒါကို ရှင် မယုံဘူးဆိုရင်လဲ ဆရာစားချန်တယ်လို့ပဲ သဘောထား လိုက်ပေတော့ ..."

မောင်မောင်မျိုး စိတ်ဆိုးသည်ထက် ဆိုးသွားသည်။

"မေခင် ... မင်း စကားတွေဟာ ငါ့ကို တော်တော် မထီလေးစား လုပ်ပါလားကွ"

မောင်မောင်မျိုးက ပြောနေစဉ်မှာ ထမင်းစားခန်း အပြင်ဘက် ဝရန်တာတွင် အိမ်ခေါင်မိုးမှ ကြိုးဖြင့် ချိဆွဲ ထားသော လှောင်အိမ်ထဲမှ ကြက်တူရွေးလေးသည်

"ဂွဲ့ ... ဂွဲ့ ..."

ဟု စူးရှသော အသံလေးဖြင့် မြည်လိုက်၏။

"ဟော ... မြသွေးလေး ဆာပြီ ထင်တယ်၊ သူ့ကျွေးထားတဲ့ ငှက်ပျော့သီး ကုန်ပြီလား မသိဘူး"

မေမေခင်က မောင်မောင်မျိုး စကားကို အရေးစိုက် ချေပခြင်း မရှိတော့ဘဲ၊ ကြက်တူရွေး လှောင်အိမ် ရှိရာသို့ ဆောလျင်စွာ ထသွားသည်။ မေမေခင် အပေါ်မှာ ယုံကြည်မှုကင်းသောစိတ်၊ အပြစ်ရှာ လိုသောစိတ်ဖြင့် မေမေခင် လှုပ်ရှားမှုအားလုံးကို မျက်ခြည်မပြတ် ကြည့်နေသော မောင်မောင်မျိုးက မေမေခင် ဘာလုပ်သည်ကို မှတ်သားလိုသောစိတ်ဖြင့် နောက်မှ ထပ်ချပ်မကွာ လိုက်လာသည်။ မေမေခင် သည် ကြက်တူရွေးလေးကို ချစ်ခင်ယုယစွာ အစာကျွေးနေသည်ကို တွေ့ရသောအခါ မကျေနပ်ရင်း စွဲ အခံကြောင့် ကြည့်ရမြင်ရသည်မှာ မျက်စိစပါးမွေး စူးလာသည်။ ကြွက်ကို မနိုင်သောအခါ ကျီကို မီးနှင့် ရှို့လိုသူစိတ်မျိုး ပေါ်လာသည်။ ထို့ကြောင့် မဆီမဆိုင် လက်ပံသားကို ဓားနှင့်ချိုင်သော စကားကို ဆိုလိုက်၏။

"ဒီအကောင်ကို မွေးထားတာလား"

မောင်မောင်မျိုး မေးသည်ကို မေမေခင်က ငှက်ကလေးကို ယုယနေရာမှ လှည့်မကြည့်ဘဲ ဖြေသည်။

"ဟုတ်တယ်"

"ဘယ်က ရထားတာလဲ"

"ရှင့်အစ်ကို အိမ်ကို ကောင်မလေး လိုက်ခေါ်တဲ့နေ့က ခြံဝင်းဝ ပေါက်ပင်ကြီးအောက်က ကောက်ရ လာခဲ့တာ"

မေမေခင် အမူအရာသည် လူပါးဝလွန်းသည်ဟု မောင်မောင်မျိုးက ယူဆ၏။

"တဂွဲဂွဲနဲ့ နားငြီးတယ်၊ စကားတတ်လာရင် တွေ့ကရာ ပေါက်ကရတွေ ရေရွတ်နေမှာ၊ ငါက တိရိစ္ဆာန် ချစ်တတ်တာ မဟုတ်ဘူး၊ နားပူအောင် ဆူဆူညံညံ လုပ်လာရင်တော့ လှောင်အိမ်ထဲက ဆွဲထုတ်ပြီး လည်ပင်းလိမ် သတ်ပစ်မယ်၊ မင်း ကြိုတင်သိထား"

မောင်မောင်မျိုးက အာဃာတသံ ဒေါသသံဖြင့် မေမေခင်ကို ပြောပြီး

"အသံထွက်ရင် သတ်မယ်၊ နားလည်လား"

ဟု ငှက်လှောင်အိမ်ကလေးကို ခပ်ကြမ်းကြမ်း ဆွဲဆောင့်ပြီး ကြိမ်းလိုက်ရာ ကြက်တူရွေးလေး သည် လှောင်အိမ်ထောင့်မှာ အတောင်လေးကုပ်ဝပ်ပြီး မျက်လုံးလေးပြူးကာ မောင်မောင်မျိုးကို ကြောက်ရွံ့စွာ ကြည့်နေသည်။ မေမေခင်က မောင်မောင်မျိုးကို တွန်းဖယ်လိုက်၏။

"ဒီသတ္တဝါလေးက ရှင့်ကို ဘာလုပ်လို့လဲ၊ တိရိစ္ဆာန်နဲ့ ဖက်ရန်ဖြစ်ရသလား ..."

မေမေခင်က ဒေါသဖြစ်စွာ ပြောသည်။ မောင်မောင်မျိုးသည် မေမေခင်ကို ဘာမှမလုပ်ဝံ့သည့် အလျောက် အံကြိတ်ပြီး ကြည့်နေ၏။

မေမေခင်က မောင်မောင်မျိုးကို ဂရုမစိုက်တော့ဘဲ ငှက်ကလေးကို ပြန်ပြီး ယုယ ချော့မော့ အစာကျွေးရင်း ...

"မြသွေး ရွှေတမာရယ်၊ မမ တစ်ယောက်လုံး ရှိပါတယ်ကွယ်၊ မကြောက်နဲ့နော်၊ လာ ငှက်ပျောသီး ချိုချိုလေး စားဦး"

ဟု ပြောနေသောအခါ မောင်မောင်မျိုးက ...

"နားခါးလိုက်တာကွာ၊ လှောင်အိမ်ထဲကငှက် သတိထားနေနော် ... ငါ နားပူအောင် ဆူဆူညံညံ အသံ ထွက်ရင် သေဖို့သာ ပြင်ထား"

ဟု ကြိမ်းမောင်းပြီး ခြေသံပြင်းပြင်း ဆောင့်နင်းကာ အိမ်ပေါ်မှ ဆင်းသွားလေသည်။

(၁၀)

နယ်ဆေးရုံမှာ တာဝန်ယူ အမှုထမ်းနေခဲ့သည်မှာ သုံးနှစ်မျှ ကြာညောင်းလာပြီးသည့်အချိန်ဝယ် ဒေါက်တာမြသွင်အေးသည် ရန်ကုန် ဆေးရုံကြီးသို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ယူရန် အမိန့် ရောက်လာသည်။ မြသွင်အေး အနေဖြင့် အဆင်ပြေမည့် အကြောင်းကြောင်းတွေကို တွေးကာ ဝမ်းမြောက် ဝမ်းသာ ပြန်ရောက်လာခဲ့သည်။ တာဝန်ဝတ္တရားနှင့် ပတ်သက်သည့် ကိစ္စတွေကို နေသားတကျ ဖြစ်အောင် ဆောင်ရွက်နေရသည်မှာ ရက်သတ္တပတ်ကျော်မျှ ကြာခဲ့ပြီးမှ ဒေါက်တာ မြသွင်အေး သည်

မေမေခင် နေထိုင်ရာအိမ်သို့ သူပိုင်ဂျစ်ကားကို သူကိုယ်တိုင်မောင်းပြီး လာခဲ့ သည်။

ဒေါက်တာမြသွင်အေး ရောက်လာသည့်အချိန်မှာ ညနေ နစ်နာရီခန့်မျှ ရှိလေပြီ။

ဒေါက်တာမြသွင်အေးသည် ဟင်းလင်းဖွင့်ထားသော ဝင်းတံခါးမှ ကားမောင်းဝင်လာရင်း သူ့စိတ်ထဲ မှာ မယုံ နိုင်အောင် အံ့ဩမှုဖြစ်သွားသည်။ သူ နယ်သို့ မပြောင်းမီ မေမေခင်နှင့် နောက်ဆုံးတွေ့ဆုံ ခဲ့သည့် လွန်ခဲ့သော သုံးနှစ်ကျော်ခန့်အချိန်က မေမေခင် နေထိုင်ရာ ခြံကြီးသည် သာယာကြည်နူး ဖွယ်ကောင်း လှစွာ စိမ်းစိုဝေဆာ အသီးအပွင့် စုံလင်စွာသော ခြံကြီးသည် သန့်ရှင်းပြန့်ပြူးနေသည်။ အိမ်ကြီးမှာလည်း စိုစို ပြည်ပြည် ကျက်သရေရှိစွာ တွေ့ခဲ့ရသည်။ ယခုမူ အိမ်ကြီးကလည်း လူသံ သူသံ ဟူ၍လည်းကောင်း၊ လှုသူ အရိပ်အယောင်ဟူ၍ လည်းကောင်း မတွေ့ရ မကြားရဘဲ ဆိတ်ငြိမ်ခြောက်သွေ့လှ၏။ ရှေးယခင်က စနစ်တကျ နေရာချ စိုက်ပျိုးထားခဲ့သော မြန်မာနှင်းဆီ အဖြူမျိုး၊ အနီမျိုး ပဒေသာမျိုးတို့ ခူး၍ မနိုင်အောင် မြိုင်ဆိုင်ဝေဆာစွာ ပွင့်ခဲ့သော်လည်း ယခုမူ ပြုပြင်သူကင်းမဲ့စွာ မည်မျှကြာအောင် ပစ်ထားသည် မသိ၊ ဆူးချုံကြီးတွေ ဖြစ်ကာ နှင်းဆီချုံပေါ် တွင် ကင်းပုံကျီးအာနှင့် အမည်မသိ နွယ်ပင်တွေ နွယ်တက်ဖုံးအုပ်ပြီး မသန်မစွမ်း လိုကင်းသော နှင်းဆီပွင့်လေးတွေနှင့် ကျီးအာပွင် ကင်းပုံပွင့်တွေ ရောနေသည်။

သီးစားပင်ကြီးတွေဖြစ်သော မရမ်း ပိန္နဲ နှင်းသပြေ စသော အပင်ကြီးတွေမှာ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ညို့မှိုင်းရီနေသည်။ ဝင်းတံခါးဝမှ အိမ်ဆင်ဝင်အောက်သို့သွားသော ကွန်ကရစ်ခင်းလမ်းသာ သစ်ရွက်ခြောက်အမှိုက် အနည်းအကျဉ်း ရှိသည်ကလွဲပြီး မြက်မပေါက်သော်လည်း ကျယ်ဝန်း သော ခြံကြီးတစ်ခုလုံးမှာ ချုံပင်တွေ၊ နွယ်ပင်တွေ၊ မြက်ပင်တွေ သစ်ပင်ကြီးတွေဖြင့် ဆင်နေ ကျားအောင်း တောကြီးမျက်မည်း ဖြစ်နေသည်။ ဆိတ်ငြိမ် ခြောက်သွေ့သော အိမ်ကြီးနှင့် ခြံကြီးမှာ ကျေးငှက်သံမှလွဲ၍ ဘာသံမှ မကြားရချေ။

မြသွင်အေးသည် ကားကို ဖြည်းလေးစွာ မောင်းဝင်လာခဲ့ပြီး၊ ဆင်ဝင်အောက်မှာ ရပ်လိုက်သည်။ ဂျစ်ကားက အသစ်ဖြစ်ပြီး စက်သံညက်လှသဖြင့် ဖြည်းဖြည်းမောင်းလာသော မော်တော်ကားသံကို ခြေတံရှည် တစ်ထပ်အိမ်ကြီး အပေါ်ထပ်မှာ လူရှိနေလျှင်ပင် သတိမပြုက ကြားမည်၊ သိမည် မဟုတ်ချေ။

ဒေါက်တာမြသွင်အေးသည် ဂျစ်ကားပေါ်မှ ဆင်းကာ အိမ်ပေါ်ထပသို့ နားစွင့်လိုက်၏။ ဆိတ်ငြိမ် ချက် ကောင်းလှသည်။

"ခင် ပြောင်းသွားလေပြီးလား၊ လွန်ခဲ့တဲ့ တစ်လလောက်ကပဲ ငါ့ဆီ စာရောက်လာပါသေးတယ်၊ ပြောင်းမယ်တော့ မထင်ပါဘူး၊ အပြင် ခရီးထွက်သွားတယ် ထင်ရအောင် အိမ်ပေါ်ထပ် ပြတင်း ပေါက်တွေကလဲ ဖွင့်ထားရက်ပါ"

ဒေါက်တာမြသွင်အေးက စဉ်းစားရင်း တောကြီးမျက်မည်းဖြစ်နေသော ခြံကြီးကို မျက်လုံးဝေ့ကြည့် လိုက်သည်။ ထို့နောက် ကားပေါ်တက်ထိုင်ပြီး ကားဟွန်းကို ကျယ်ကျယ်ဆွဲလိုက်၏။ နှုတ်မှလည်း ...

"ခင်ရေ ... ခင်"

ဟု အော်ခေါ်သည်။ ဒေါက်တာမြသွင်အေး အော်ခေါ်လိုက်သံနှင့် တစ်ပြိုင်တည်းလိုပင် အိမ်လှေကားမှ ပြေးဆင်းလာသံကို ကြားပြီး မေမေခင် ပေါ်လာသည်။

"ဟဲ့ ... မိမခင် မြကို တစ္ဆေသရဲများ မှတ်နေလား၊ ကြည့်နေလိုက်တာ မျက်လုံးအပြူးသားနဲ့"

နှုတ်မဆက်ဘဲ မျက်လုံးအကြောင်သား ကြည့်နေသော မေမေခင်ကို တွေ့ရသောအခါ ဒေါက်တာ မြသွင်အေးက ဂျစ်ကားပေါ်မှ ခုန်ဆင်းပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ ထိုအခါမှ မေမေခင်သည် ဒေါက်တာမြသွင်အေးရှိရာ အပြေးအလွှား လာသည်။

"ဟယ် ... မြ မြ ရောက်လာပြီနော် ... အမယ်လေး ... ခင် ဝမ်းသာလိုက်တာ မြရယ်"

မေမေခင်သည် လေးလံထိုင်းမှိုင်းနေရာမှ အားသစ်လောင်းလိုက်ဘိသို့ သွက်လက်ဖျတ်လတ်သွား သည်။ ဒေါက်တာမြသွင်အေးကို ဝမ်းသာအားရဖက်ပြီး ဝမ်းသာဝမ်းနည်း မျက်ရည်တွေ ကျလာသည်။

"အို ... ခင် ဘာလို့ငိုတာလဲကွယ်"

ဒေါက်တာမြသွင်အေးက စိတ်မကောင်းစွာမေးမှ မေမေခင်သည် မျက်ရည်သုတ်ကာ မျက်နှာကို ကြည်ကြည်လင်လင် ပြင်လိုက်၏။

"အေး ... ဟုတ်သားပဲ မြရယ်၊ ခင် ဝမ်းသာလွန်းအားကြီးသွားလို့ပါ၊ ကဲ ... လာ အိမ်ထဲကို"

သူငယ်ချင်းနှစ်ယောက် အိမ်ပေါ်တက်ပြီး ထိုင်မိကြသောအခါမှ ဒေါက်တာမြသွင်အေးက မေး သည်။

"ခင့် မောင်တော်ရော"

ဒေါက်တာမြသွင်အေးက မေးသောအခါ ချစ်လှစွာသော ငယ်သူငယ်ချင်းကို တွေ့ရ၍ တဒင်္ဂဟန်မျှ လန်းဆန်းသွားသော မေမေခင်စိတ်သည် ပြန်လည်နောက်ကျိသွားရှာသည်။

"မြ ... ထမင်းစားခဲ့ပြီးပြီလား"

ဒေါက်တာမြသွင်အေး မေးခွန်းကို မဖြေဘဲ မေမေခင်က ပြန်မေးသည်။

"မစားရသေးဘူးလေ၊ ဆေးရုံက ဒီနေ့ အလုပ်နည်းနည်းပါးလို့ စောစောဆင်းပြီး တန်းလာတာ၊ စနေ့နေကလဲ ဖြစ်နေတယ် ဟုတ်လား၊ ရန်ကုန် ပြန်ပြောင်းလာပြီး အလုပ်တာဝန် လက်ခံယူ၊ လူနာတွေက များနဲ့ ခင့်ဆီကို စိတ်သာရောက်တယ်၊ လူ မရောက်နိုင်ဘူး၊ ဖုန်းဆက်ဖို့တော့ သတိရ ပါတယ်၊ ဒါပေမဲ့ ခင် တစ်ယောက် အံ့အားသင့်သွားအောင် လူကိုယ်တိုင် ကြိုတင်

အသိမပေးဘဲ သွားမယ်လို့ စိတ်ကူတာ တစ်ကြောင်း၊ ဖုန်းဆက်ချိန်မှာ ခင်မရှိဘဲ ခင့်မောင်တော်နဲ့ ပက်ပင်းတိုးနေ မှာစိုးလို့ တစ်ကြောင်း ဒါကြောင့် မဆက်တာ၊ ကိုမင်းဇင်ကလဲ အဲဒါကြောင့် မတော်တဆ ပက်ပင်း တိုးနေရင်း ရန်ဖြစ်မှာစိုးလို့တဲ့၊ ခင်က စဆက်မှ သူ ပြန်စားပြောတယ်လို့ မြကို ပြောပြတယ်"

ဒေါက်တာမြသွင်အေးက ပြည့်ပြည့်စုံစုံ ပြောပြနေသည်။

"ကဲ ... ဒါဖြင့် လာ၊ ခင်လဲ မစားရသေးဘူး၊ တို့သူငယ်ချင်း နှစ်ယောက် စကားပြောရင်း ထမင်း မြိန်မြိန် စာကြတာပေါ့"

မေမေခင်က ပြောပြောဆိုဆို ဒေါက်တာမြသွင်အေး လက်ကိုဆွဲပြီး ထမင်းစားခန်းထဲ ခေါ်သွား သည်။ ထို့နောက် သွက်လက်ဖျတ်လတ်စွာ ထမင်းပွဲပြင်နေသည်ကို ဒေါက်တာမြသွင်အေးက ကူညီ လုပ်ကိုင် ပေးနေရင်းမှ ...

"ခင့် မောင်တော်ကို မစောင့်တော့ဘူးလား"

ဟု မေး၏။

ဒေါက်တာမြသွင်အေး ထမင်းမစားမီမှာ မေမေခင်က ဖြေလိုသော ဆန္ဒ မရှိချေ။ နှစ်ရှည်လများ ကွဲကွာနေသော သူငယ်ချင်းကို အဆင်သင့်၍ ထမင်းကျွေးရသည်အခိုက် စိတ်ချမ်းချမ်းသာသာဖြင့် ထမင်းကို မြိန်ရှက်စွာ စားစေလိုသည်။ ကျွေးသည့်ထမင်းကို စားချင်စိတ် ပျောက်သွားစေမည့် စကား၊ ပါးစပ်ထဲ ရောက်နေသည့် ထမင်းကို

မျိုမကျရက်တော့ဘဲ အိန်ထုတ်ချင်စိတ် ပေါ်လာမည့် စကားများကို ထမင်းစား ပြီးမှ အားပါးတရ ရင်ဖွင့်လိုသည်။ ထို့ကြောင့် ဒေါက်တာမြသွင်အေးကို ထမင်းစား စားပွဲမှာ ထိုင်စေပြီး ...

"ထမင်းသာ မြိန်မြိန်စားစမ်းပါ သူငယ်ချင်းရာ၊ သူ့အကြောင်း ပြောရရင် ရယ်မောနေရတာနဲ့ ထမင်း မစားနိုင်ဘဲ ဖြစ်သွားမယ်၊ အခု သူ ရုံးက ပြန်မလာသေးဘူး၊ တို့သူငယ်ချင်းနှစ်ယောက် လွတ်လွတ် လပ်လပ် နဲ့ ပြောချင်ရာပြောပြီး အားရပါးရ စားရအောင် ..."

ဟု မေမေခင်က ရယ်ရယ်မောမော ရွှင်ပျစွာ ပြောသဖြင့် ဒေါက်တာမြသွင်အေးက မေးခွန်း မထုတ် တော့ဘဲ ထမင်းကိုသာ ဆာဆာဖြင့် အားပါးတရ စားလေတော့သည်။

"မြ နယ်ဆေးရုံမှာ တော်တော်ကြာသွားတယ်နော်"

"အလုပ်တာဝန် ထမ်းဆောင်ရတာ ပျော်ရဲ့လား မြ"

"မပြောပါနဲ့ ခင်ရယ်၊ လူနာစုံ ရောဂါစုံကို အလျဉ်းသင့်သလို ပြုစုနေရတာပဲ၊ ကိုယ် တွေ့ဖူးတဲ့ လူနာတွေမှာ နလုံးရောဂါရှင်တွေ များတယ် ခင်ရဲ့၊ တချို့ကတော့လဲ သွေးနဲ့ကိုယ် ရိုးရိုးတန်းတန်း ဖြစ်တဲ့ နလုံးရောဂါသည်၊ တချို့ကျတော့လဲ အမျိုးမျိုးသော စိတ်ဆင်းရဲမှုတွေကြောင့် ဖြစ်တဲ့ နလုံး ရောဂါသည် အမျိုးမျိုးပေါ့လေ၊ တစ်ခါတစ်လေများ လူနာတွေ များလွန်းအားကြီးလာရင် မြတော့ လူနာတွေ ဝေဒနာခံစားရတာမြင်ပြီး စိတ်မချမ်းသာဘူး၊ ရူးချင်စိတ်တောင် ပေါ်လာတယ် ခင်ရဲ့... "

ဒေါက်တာမြသွင်အေးက စကားလည်း အဆုံးသတ်၊ ထမင်းစားခြင်းလည်း အဆုံးသတ်လိုက်သည်။ မေမေခင်ကလည်း ထမင်းစားလက်စသတ်ကာ ထမင်းပွဲကို သိမ်းရင်းမှ ...

"အေး ... ခင် ပြောမယ့် အကြောင်း ကြားရရင်၊ မြ သိရရင် မြပိုတောင် ရှုးသွားဦးမယ် ..."

ဟု ဆို၏။ ဒေါက်တာမြသွင်အေးက ထမင်းပွဲကို ကူသိမ်းပေးရင်းက မေး၏။

"ဘယ်လိုအကြောင်းများလဲ ခင်ရဲ့၊ စောစောစီးစီး သွေးဆေးလေးဘာလေး ဆောင်ထားရအောင်"

"အမယ် သိပ္ပံပညာရှင် ဆရာဝန်ကြီး တစ်ယောက်လုံးက မြန်မာတိုင်းရင်း သမားတော်တွေ ဖော်တဲ့ သွေးဆေးသုံးမယ် ဆိုပါလား"

မေမေခင်က ရယ်သွမ်းသွေးပြီး မယုံသလို ပြောသည်။

"ယုံပါ ခင်ရယ် ... တို့ သိပ္ပံပညာရှင်၊ နိုင်ငံခြားဆေးပညာ သင်ခဲ့တဲ့ ဆရာဝန်တွေအနက် တချို့ သော ဆရာဝန်တွေဟာ တိုင်းရင်း မြန်မာဆေးကို မပစ်ပယ်ကြပါဘူး၊ မြနဲ့ သိပ်ခင်ပြီး မြရဲ့ အစ်မကြီးလို ဖြစ်နေတဲ့ ဝါရင့် ဆရာဝန်မကြီး တစ်ယောက်ဆိုရင် လူနာတွေ ခေါင်းကိုက်ရင် မူးရင် သွေးတက်ရင် နိုင်ငံခြား ကလာတဲ့ ဆေးတွေထဲက၊ သို့မဟုတ် နိုင်ငံခြားနည်းအရ ဖော်စပ်ထားတဲ့

ပြည်တွင်းဖြစ် ဆေး တွေထဲက ဘာဆေးထိုး၊ ဘာဆေးသောက်နဲ့ ညွှန်ကြားပြီး သူကိုယ်တိုင် ခေါင်းကိုက်တာ မူးတာကို ဘာလုပ်တယ် အောက်မေ့လဲ သူငယ်ချင်း ..."

ဒေါက်တာမြသွင်အေးက စကားဖြတ် မေးသည်။

"ဘာလုပ်သလဲ"

မေမေခင်က ပြန်မေးသောအခါ ဒေါက်တာမြသွင်အေးက ဖြေသည်။

"ကေရာဇ်ပင်ရဲ့အမြစ်ကို သွေးလိမ်းတယ်၊ ရှူတယ်၊ ကေရာဇ်ရွက်နုကို ပြုတ်စားတယ် ကဲ ..."

မေမေခင်က စိတ်မချမ်းမြေ့မှု ဖြစ်သည့်အထဲက ရယ်မိသည်။

ဒေါက်တာမြသွင်အေးက ဆက်ပြော၏။

"တခြားဆရာဝန်တွေလုပ်တာ ရှိသေးတယ်"

"ဆိုပါဦး ..."

"သူများကလေးတွေ နေမကောင်းရင် အအေးမမိစေရဘူး၊ အိပ်ရာထဲမှာ ဘယ်လိုထားရမယ်၊ ဘယ်အချိန် ဆေးတိုက်ရမယ် စသည်ဖြင့် ညွှန်ကြားတယ်၊ သူ့ကလေးတွေ နေမကောင်းတော့ ဘာမှ မလုပ်ဘူး၊ လျှာပွတ်ဆေး တစ်ပုလင်းစီ၊ လျှက်ဆား တစ်ပုလင်းစီ ဝယ်ပေးထားလိုက်တယ်၊ ကလေးတွေဟာ လျှက်ဆား နဲ့ လျှာပွတ်ဆေးကို သွားရည်စာ စားသလို စားရင်းသောက်ရင်း နေပူ

ထွက်လိုက် မိုးရွာလိုက်နဲ့ ကျန်းမာကုန်ကြတာပဲ၊ အောင်မယ် ... သူငယ်ချင်း ဆရာဝန် တစ်ယောက်ကဆိုရင်လေ အိပ်မပျော်ဖို့လူကို ဗီလီယံ သောက်ရမယ်၊ ရလေဇင် သောက်ရမယ် ဘာညာနဲ့ ညွှန်ကြားပြီး သူကိုယ်တိုင်တော့ အိပ်မပျော် တဲ့အခါ လူမသိအောင် သွေးဆေးကို တိတ်တိတ်သောက်တတ်တယ် ခင်ရဲ့"

ထိုအခါ မေမေခင်က ထင်မြင်ချက်ပေး၏။

"ဒါဟာ တို့မြန်မာ တိုင်းရင်းဆေးပညာ အစွမ်းထက်တယ်ဆိုတာ သူတို့သိလို့ပေါ့ မြရဲ့"

"ဟုတ်တယ် ခင်ရဲ့ ... နိုင်ငံခြားပြန် ဆေးပါရဂူဘွဲ့ ရထားတဲ့ ဆရာဝန်ကြီး တစ်ယောက်ကဆိုရင် သူနဲ့သိပ်ခင်တဲ့ လူနာတစ်ယောက် အအေးမိပြီး ချောင်းဆိုးတာကို ဘယ်လိုကုတယ် အောက်မေ့လဲ"

"ဘယ်လိုကုလဲ"

"ကွမ်းရွက်စိမ်းကို ဆားနဲ့နယ်ပြီး အရည်ညှစ်တိုက်တယ် ခင်ရဲ့"

ဒေါက်တာမြသွင်အေးက အားပါးတရ ပြောပြပြီး ...

"ကဲ ... ဆိုစမ်း ... မြ အိတ်ထဲမှာ သွေးဆေးပါတယ်"

ဟု အဆုံးသတ်လိုက်၏။

ဒေါက်တာမြသွင်အေး ပြောစကားတွေကို နားထောင်နေရသော အခိုက်အတန့်မှာ စိတ်မချမ်းမြေ့မှု က သက်သာသလို ဖြစ်နေသော

မေမေခင်သည် ဒေါက်တာမြသွင်အေးက "ဆိုစမ်း"ဟု ပြန်လည် အစဖော် ပေးလိုက်သောအခါ မျက်နှာက ညှိုးသွားသည်။ ဤသို့ မျက်နှာညှိုးသွားသည်ကိုလည်း ဒေါက်တာ မြသွင်အေး က ကောင်းစွာ အကဲခတ်လိုက်မိသည်။

"နေစမ်းပါဦး … ဒီနေ့ပ စနေနေ့၊ လေးနာရီ ထိုးပြီးပြီ၊ ခင့်ယောကျာ်းက အခုထက်တိုင် ရုံးက ပြန်မလာ သေးဘူးဆိုတော့ ဘယ်သွားနေတာလဲ၊ ခင့်ကို ဒီလိုပဲ တစ်ယောက်ထဲ ပစ်ထားနေကြ တာလား"

ဒေါက်တာမြသွင်အေး က မေးသောအခါ မေမေခင်က ဦးခေါင်းညိတ်သည်။

"ဟော့ သူငယ်ချင်း၊ မေးတစ်ခွန်း ပြောတစ်ခွန်းနဲ့ ပုတ်သင်ညိုလို လုပ်မနေနဲ့၊ စုံစုံလင်လင် ပြောစမ်း ပါ"

မေမေခင်သည် သူငယ်ချင်းမျက်နှာကို အတန်ကြာ တွေတွေကြီး စိုက်ကြည့်နေပြီးမှ သက်ပြင်းချ လိုက်သည်။

"ပြောလေ ခင် …"

ဒေါက်တာမြသွင်အေးက တိုက်တွန်းလိုက်သည်။

"ပြောမယ်လေ … မြ စိတ်ဆင်းရဲမှု ဖြစ်သွားတော့မယ်လို့ တွေးနေမိလို့ပါ။ ကဲ … ပြောတော့မယ် စုံအောင်ပဲ ပြောမယ်၊ နားသာထောင်ပေတော့ မြရဲ့၊ သတင်းကောင်းတော့ မဟုတ်ဘူး"

မေမေခင် က စကားအစချီကာ သူတို့ဇနီးမောင်နှံ၏ အိမ်တွင်းရေးမှာ ငွေကြေးကိစ္စ၊ ဆွေမျိုးကိစ္စ၊ နောင်ဘုရား ကိစ္စတွေပါ ဝင်ရှုပ်နေ၍ အခြေအနေ မည်သို့ဖြစ်နေပုံကို တစ်လုံးမကျန် ခရေစေ့တွင်း ကျ ပြောပြ လိုက်သည်။ ပြော၍ ဆုံးသောအခါ ဒေါက်တာမြသွင်အေးက စကားဆက်လိုက်၏။

"သြော် ... ဒါကြောင့် မြဆီကို ခင်ရေးတဲ့ စာတွေထဲမှာ အကြောင်းစုံ ရင်ဖွင့်ချင်တယ်ဆိုလို့ မြကို သိပ်တွေ့ ချင်တယ်လို့ အမြဲတမ်း ရေးထည့်နေတာကိုး"

ဟု သဘောပေါက်စွာ ပြောလိုက်သည်။

"ဟုတ်တယ် မြရယ်၊ ကဲ ... စိတ်ချမ်းသာစရာ တစ်ကွက်မှ မရှိတဲ့ ခင့်အိမ်တွင်းရေးကို သေသေ ချာချာသာ တွေးကြည့်ပေတော့"

ဖြစ်ပုံကို စုံစုံစေ့စေ့ ပြောရ၍ မောသွားဟန်တူသော မေမေခင်က စားပွဲပေါ်ရှိ ရေအေးပုလင်းထဲမှ ရေတစ်ခွက် ငှဲ့ပြီး သောက်လိုက်သည်။ ငြိမ်သက်စွာ နားထောင်နေသော ဒေါက်တာမြသွင်အေးက ထိုအခါ မှ သူ သိလိုသော မေးခွန်းတွေကို တစ်ခုပြီးတစ်ခု မေးလိုက်သည်ကို မေမေခင်က စိတ်ရှည် လက်ရှည် ဖြေနေသည်။

"အခုတင်က ခင်ပြောတဲ့အထဲမှာ ဟိုအိမ်ဝင်းဝ ပေါက်ပင်ကြီးအောက်က ကောက်ရလာတဲ့ ကြက်တူရွေး လေးအကြောင်း ပါတယ်၊ အဲဒီ ကြက်တူရွေးလေးက အခုရှိသေးလား"

"ရှိတယ် သူငယ်ချင်း ဟောဟိုမှာ ... လှောင်အိမ်ထဲမှာ"

မေမေခင် ညွှန်ပြရာသို့ ဒေါက်တာမြသွင်အေးက ကြည့်လိုက်သည်။ ထမင်းစားခန်းနှင့် ဧည့်ခန်းကို ကူးသော စင်္ကြံနေရာတွင် အပြင်ဘက်က ပတ်ပြီး ဝရန်တာ ထုတ်ထားသည်။ ဝရန်တာသို့ ထမင်း စားခန်း ထဲကိုလည်း ကောင်းမွန်စွာ မြင်နိုင်သည်။ ငှက်လှောင်အိမ် ချိတ်ထားသော နေရာအနီး တံခါးပေါက် ဘေးတွင် ကပ်လျက် ထမင်းစား စားပွဲက နေရာချထားသည်ဖြစ်ရာ မေမေခင်က ညွှန်ပြ မှ သတိပြု ကြည့်မိသော ဒေါက်တာမြသွင်အေးသည် သူနှင့် ခြောက်ပေကွာ လှောင်အိမ်နှင့် လှောင် အိမ်တွင်းမှ ငှက်ကလေး ကို ယခုမှ သေသေချာချာ မြင်မိတော့သည်။

"သြော် ... ဟိုမှာကိုး၊ မြက ငှက်လှောင်အိမ်ကို ဘေးတိုက်ထိုင်နေမိတာကြောင့် ခင့်ကိုသာ စိတ်ဝင် စားနေမိတာ နဲ့ အနားနီးနေတဲ့ ငှက်လှောင်အိမ်ကို သတိမထားမိ၊ မမြင်မိတာပဲ ခင်ရေ"

ဒေါက်တာမြသွင်အေးက ပြောပြောဆိုဆို ထိုင်ရာမှထပြီး ငှက်လှောင်အိမ်နားကပ်ကာ ငှက်ကလေး ကို သေသေ ချာချာ အနီးကပ်ကြည့်သည်။ သူ့ကို ရန်မူမည့်လူ မဟုတ်ဟူသော သဘာဝအသိဉာဏ် ကြောင့် ထင်သည်၊ ငှက်ငယ်သည် ကြောက်ရွံ့ထိတ်လန့်ခြင်း အမူအရာပျက်ခြင်း မရှိဘဲ ကြည်လင် သော မျက်လုံး လေးဖြင့် ဒေါက်တာမြသွင်အေးကို စိုက်ကြည့်နေသည်။

"သူငယ်ချင်းက ကြက်တူရွေးလေးလို့ ပြောတာ မဟုတ်ဘူး ခင်ရဲ့၊ သူက ကျေးသားလေး"

"အေး ... ဟုတ်တယ် မြ၊ ခင်က မွေးကာစမှာ ကြက်တူရွေးလေးလို့ ထင်ခဲ့မိတာ၊ တော်တော်လေး ကြီးလာ မှ ကျေးသားမှန်း သိတယ်၊ သိပ်လှတယ်နော် ... အမွေးရောင်က မြအသွေးပဲကွဲ့"

"ကျေးသားပဲ လှတာပေါ့ ခင်ရဲ့၊ ဒီအကောင် ကျေးသားဖြစ်ပြီး နှုတ်ဆိတ်လှချေလား၊ ဘာအသံမှ မထွက်ဘူး"

ဒေါက်တာမြသွင်အေးက သဘောကျစွာ ကြည့်ပြောပြီး ထမင်းစား စားပွဲပေါ်မှ ငှက်ပျောသီးတစ်လုံး ကို လှမ်းယူ အခွံနွှာပြီး လှောင်အိမ်တံခါးပေါက်ကလေးမှ ငှက်ပျောသီးကို လက်လျှိုသွင်းကာ ကျေးသားလေး ကို ယုယကြင်နာစွာ ကျွေးသည်။ နှုတ်မှလည်း ...

"မင်းမဟော်ရွှေကျေး ငှက်ငယ်လေးရေ ... မြကျွေးတဲ့ ငှက်ပျောသီးကို စား၊ မြကိုလဲ မှတ်ထား၊ မင်းကလေး ကို မွေးထားတဲ့ ဟောဒီ ခင်နဲ့ ညီအစ်မလို ချင်တယ်၊ သိရဲ့လား ငှက်ကလေးရယ်"

ဟု ချစ်ခင်စွာ တတွတ်တွတ် ပြောနေသည်။ သူ့ကို ယုယကြင်နာသူ မြအား ကျေးသားလေးသည် စိန်းစိန်း စိုက်ကြည့်နေရာမှ ငှက်ပျောသီးကို စားသည်ဆိုရုံ စားလိုက်သည်။

"သူ အစာဝနေပြီ မြရဲ့၊ မြကျွေးတာကို အသိအမှတ်ပြုတဲ့ သဘောနဲ့ စတိစားပြတာ"

မေမေခင်က လှောင်အိမ်နားထလာပြီး ဒေါက်တာမြသွင်အေးနှင့် ယှဉ်ရပ်၍ ကျေးသားလေးကို ချစ်မြတ်နိုးစွာ ကြည့်ပြီး ဖြေရှင်းပြသည်။

ဒေါက်တာမြသွင်အေးက လျှောင်အိမ်ထဲ သွင်းထားသော လက် ကို ပြန်ရုပ်သိမ်းလိုက်သည်။

"ခင့်အကောင်က ဘယ်လိုလဲ ... အသံလဲ မထွက်ပါလား"

ဒေါက်တာမြသွင်အေးက မေးသည်။

"ဟို ကိုယ်တော်မြတ်က နားပူအောင် ဆူဆူညံညံ အသံပေးနေရင် လည်ပင်းလိမ်သတ်မယ်ချည်း ကြိမ်နေတာ သူကလေး နားလည်နေလား မသိဘူး၊ အဲဒီလိုပဲ တိတ်တိတ်ကလေးပဲ နေရှာတယ်၊ ခင့်အနေ နဲ့ ကတော့ တစ်ယောက်ထဲနေရတာ ငြီးငွေ့တော့ သူကလေး နားလည်တာ မလည်တာ ထည့်မတွက်ဘူး၊ စကားပြောဖော် မရှိတိုင်း သူကလေးကို တိုင်တည်ပြီး ပြောမိ ဆိုမိတယ်၊ တစ်ခါ တစ်လေလဲ မင်းမဟော် ကျေးလေးရယ် ... ခင်သီချင်းဆိုပြမယ်၊ နားထောင်နေလို့ပြောပြီး သူ့လျှောင်အိမ်လေးနားမှာ ကုလားထိုင် တစ်လုံး နဲ့ထိုင်ပြီး ခင် အင်မတန်နှစ်သက်တဲ့ သီချင်းကို ဆိုပြ နေမိတယ် မြရဲ့"

မေမေခင် ပြောစကား ကြားရသောအခါ ...

"ဖြစ်မှဖြစ်ရလေ ခင်ရယ် ... ဘာသီချင်းတွေ ဆိုပြနေလဲကွယ်"

ဟု မြသွင်အေးက စိတ်မကောင်းစွာ မေးသောအခါ မေမေခင်က မချိပြုံး ပြုံးပြီး ပြန်ပြောသည်။

"ခင် အင်မတန် နှစ်သက်တဲ့ သီချင်းလေ၊ ဟို လွန်လေပြီးသောအချိန် ကျောင်းသားဘဝက မြနဲ ကိုမင်းဇင် ကို မကြာခဏ ဆိုပြခဲ့တဲ့ ကျေးစေပတ်ပျိုးပေါ့"

ဒေါက်တာမြသွင်အေးက သတိရသွားသည်။

"အေး ဟုတ်သားပဲ ခင်ရေ၊ မြန်မာဘုရင် လက်ထက်က မင်းကြီးကတော် စာဆိုတော် ခင်ဆုံ ရေးခဲ့တဲ့ ကျေးစပတ်ပျိုးကလေး ဟုတ်လား၊ အေးကွယ် ... ခင့်သီချင်းသံလေး မြတို့ မကြာရတာ ကြာပြီး"

"ဟုတ်တယ် မြရဲ့၊ ရှေးဟောင်းနေ့င်ဖြစ်တွေ တွေးပြီး ဆွေးစိတ်ပေါ်လာရင် ဒီပတ်ပျိုးကလေးကို ကျေးသားလေး အနားမှာပဲ တိုင်တည်တဲ့ သဘောနဲ့ ခင် သွားဆိုတော့တာပဲ ... အဲဒီလို ခင် သီချင်း ဆိုရင်လေ ကျေးသားကလေးက ခင့်မျက်နှာ စေ့စေ့ကြည့်ပြီး ခေါင်းကလေးငဲ့ပြီး နားထောင်နေ တတ်တယ် မြရယ် ..."

မေမေခင်၏ အသံမှာ ဆွေးမြေ့လှိုက်လှဲ ကြေကွဲလှသည်ဟု ဒေါက်တာမြသွင်အေးက ထင်သည်။ ထင်သည့်အတိုင်းလည်း မှန်ပါသည်။ မေမေခင်သည် ငြိုးငွေ့ဖွယ် စိတ်ဆင်းရဲဖွယ် ကောင်းသော သူ့ဘဝကို သူ နာကြည်းကြေကွဲနေသည်။ အားကိုမှီခိုရာဖြစ်မည်ဟူသော မျှော်လင့်ချက်ကြီးဖြင့် ချစ်ခဲ့သော၊ လက်ထပ်ခဲ့သော လူက အတွင်းရန်သူလို ဖြစ်နေသောအခါ ပေါ့စလိုလို့ ကြောင်ရှုံ ဆေးထိုးထား မှ ဆေးအတွက် လေးနေသူလို

ဖြစ်နေရှာသည်။ ဒေါက်တာမြသွင်အေးသည် ချစ်သော သူငယ်ချင်း ကို ကြင်နာစွာ အငေးသားကြည့်နေသည်။ မမေခင်က ဆက်ပြော၏။

"ခင် သီချင်းဆိုပြမယ်၊ ခင့်ကျေးသားလေး သီချင်းနားထောင်ပုံ ဘယ်လောက် ချစ်စရာကောင်း တယ်ဆိုတာ မြ ကြည့်နော် အရမ်းချစ်ပါတယ်ရှင်

ပြောပြောဆိုဆို မမေခင်က ထမင်းစား စားပွဲမှ ကုလားထိုင်နှစ်လုံးကို ဆွဲယူလာသဖြင့် ဒေါက်တာ မြသွင်အေး က ကုလားထိုင်တစ်လုံးကို ကူသယ်ကာ ငှက်လှောင်အိမ်နားမှာ နေရာချပြီး သူငယ်ချင်း နှစ်ယောက် ထိုင်လိုက်ကြသည်။ ထို့နောက် မမေခင်က ရင်ထဲ အသည်းထဲမှ ထွက်လာသည့် လှိုက်လှဲ သောအသံဖြင့် သီချင်းဆိုပြသည်။

လေယဉ်မြန်း ... စေမှန်းရေလျော်၊ ငယ်ယုံပုံဘော်

နန်းစိန်ချိုင့်ပျော် ... ကြင်နာယွင်း ... မြတ်မှာတော်ရင်း

မင်းတင်ချေနော် ... ရွှေညီလာပျော်၊ စိမ်းမူးမေ့သော် ...

ကြင်နယ်ယွင်း ... မြတ်မှာတော်ရင်း ... မင်းတင်ချေနော် ...

လော်သွေးဆယ်နည် ကြိုင်ရည် ပန်းပြည့်ညောင်လယ်

ကြံမျှော်မှန်းဆနောင်ဝယ် ကြင်ညာဘွား ချော့ဖြေဖျား

ပျော်ပါးပေလို့မ်မယ် ...

မေမေခင် သီချင်းဆိုနေသည်ကို နားလည်သည့်အလား၊ လှောင်အိမ်ထဲ့ အမွေးရောင် မြ အလား ငှက်ကျေးသားလေးသည် နားလည်ဘိသကဲ့သို့ ဦးခေါင်းလေးကိုငဲ့ကာ နားကလေးစွင့်ကာ မေမေခင် မျက်နှာ ကို စူးစိုက်ကြည့်ကာ ချစ်စရာအပြုအမူလေးတွေကို ပြနေသည်။ ဒေါက်တာ မြသွင်အေးက ကြည့်နေ ဆဲဝယ် ခပ်ပြင်းပြင်း နင်းလာသော ခြေသံကြောင့် သုန်မှုန်မာန်မူသော မျက်နှာဖြင့် သူတို့အနား ရောက်လာသော မောင်မောင်မျိုးကို တွေ့ရသည်။

ရောက်မဆိုက်ပင် မောင်မောင်မျိုးက ပီယဝါစာ သာယာနာပျော်ဖွယ် ဆိုလိုက်၏။

"ငါ ထင်သားပဲ၊ ဒီသီချင်းသံ ကြားထဲက ဒီသတ္တဝါလေးကို ဖျော်ဖြေနေပြီဆိုတာ"

ထို့နောက် ရှုတင်းတင်းဖြင့် ဒေါက်တာမြသွင်အေးကို လှည့်ကြည့်သည်။

"မောင်မောင်မျိုးနှင့် ဒေါက်တာမြသွင်အေးတို့သည် တစ်ယောက်နှင့်တစ်ယောက် မည်သူမည်ဝါဟု သိပြီးသူချင်း၊ မြင်ဖူးပြီးသူချင်း ဖြစ်ကြ၏။ မောင်မောင်မျိုးသည် မေမေခင့် ယောကျ်ားဖြစ်ကြောင်း ဒေါက်တာမြသွင်အေး က သိသလို၊ ဒေါက်တာမြသွင်အေးသည် မေမေခင်နှင့် အလွန်ချစ်သော

ငယ်သူငယ်ချင်း များ ဖြစ်ကြောင်း မောင်မောင်မျိုးက သိ၏။ သို့သော် အစကပင် ရင်းနှီးခင်မင် ကျွမ်းဝင် ပြောဆိုမှု မရှိခဲ့ကြသည် တစ်ကြောင်း၊ ကြာမြင့်စွာ မတွေ့မမြင်ဘဲနေပြီးမှ ယခု လူချင်းဆုံမိရာတွင် မောင်မောင်မျိုးအနေဖြင့် ဇနီးသည် မေမေခင်နှင့် ပတ်သက်သမျှ သက်ရှိ သက်မဲ့ ရုပ်ဝတ္ထု ပစ္စည်းတို့တွင် မြွေအမြုတေ ရတနာကလွဲ၍ မည်သည်ကိုမှ လိုလားကြည်ဖြူခြင်း မရှိ။

ဒေါက်တာမြသွင်အေးကလည်း သူငယ်ချင်း မေမေခင်က ဇာတ်စုံခင်းထားပြီးဖြစ်၍ သုန်မှုန်ရှုသိုး သော မောင်မောင်မျိုးကို မေတ္တာစေတနာခမ်းသည်အလျောက် နှုတ်ဆက်လိုစိတ် မရှိချေ။

ထို့ကြောင့် ဧည့်သည်နှင့် အိမ်ရှင်သည် တစ်ယောက်ကို တစ်ယောက် တည်တည်းတင်းတင်းပင် မျက်နှာလွှဲနေကြသည်။ မေမေခင်ကိုယ်တိုင်ကလည်း သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးရန်၊ စကားပြောစေရန် မကြိုးစားဘဲ မောင်မောင်မျိုး စကားကိုသာ ပြန်ချေလိုက်သည်။

"ရှင့်အလိုဆန္ဒ မပြည့်ဝတာနဲ့ မယားကို မယားမမှတ် ပစ်ပယ်ထားတော့ ခင့်အနားမှာ ဒီကျေးသား လေးပဲ ရှိနေတာကိုး၊ ဒီတော့ အနားမှာ အမြဲရှိနေတဲ့ ကျေးသားလေးကိုပဲ တိုင်တည်ရတယ်၊ ပြောဆို မှာကြားရတယ်၊ ဟိုတစ်ချိန်က ရှင်ကိုယ်တိုင် သာယာကြည်နူးမိပါတယ်ဆိုတဲ့ ဒီပတ်ပျိုးကို အခုတော့ နားကြားပြင်းကပ်နေပြီဆိုတာ ခင် သိပါတယ်၊ ရှင် နားမထောင်ချင်ရင်

မကြားရတဲ့ နေရာမှာနေ၊ ခင်ကတော့ သစ္စာရှိတဲ့ အဖော်မွန်ကလေးကို ဒီသီချင်းပဲ ဆိုပြနေမှာပဲ၊ ကျေးသား လေးသာ လူစကား တတ်မယ် ဆိုရင် ဒီသီချင်းကို အလွတ်တောင် ရနေလောက်ပြီ ရှင်ရေ"

မေမေခင် က လေရှည် တောက်လျှောက်ကြီး ပြောချလိုက်သောအခါ မောင်မောင်မျိုးသည် ထုံးစံ အတိုင်း မေမေခင် ကို ပြန်လည်ချေပခြင်း မပြုနိုင်သည့်အလျောက် အပြစ်မဲ့ ကျေးသားလေးကို အသားလွတ် လှည့်မဲ့ လိုက်သည်။

"မင်း သတ္တဝါလေး လူစကားမတတ်ဘဲ အသံတိတ်နေတာ ကံကောင်းတယ်မှတ်၊ လူစကားတတ် ပြီး လူလိုပြောနေရင် ငါက နားကြားပြင်းကပ်လာတာနဲ့ကို လည်ပင်းလိမ် သတ်ပစ်မှာ၊ ခွေးမသား ကြက်တူရွေး သတိကောင်းကောင်းထားနေ"

"ကဲပါလေ ... ကျေးသားလေးကိစ္စ ထားပါဦး၊ ရှင် ရုံးဆင်းပြီး အခုအပြီးပြန်လာတာလား"

မောင်မောင်မျိုး ရုံးဆင်းလျှင် တစ်ခါတစ်ရံမှသာ အိမ်ကို ပြန်လာသည်။ သူ့အစ်ကိုအိမ်ကို တန်းသွား သည်က များသည်။ ညအိပ်ချိန်ဆယ်နာရီကျော်လောက်မှ ပြန်လာတတ်သဖြင့် မေမေခင်က ဤမေးခွန်း ကို မေးလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ဘူး၊ ကိုကိုတို့ဆီ သွားမယ်လို့ ဆင်ဝင်အောက်မှာ ဂျစ်ကားရပ်ထားတာ တွေ့တာနဲ့ အိမ်ပေါ် တက်ကြည့်တာ၊ ငါ

နားကလောတဲ့ မင်းရဲ့ ကျေးစေတမန်သီချင်းသံ ကြားရတော့ အိမ်ပေါ် တက်လာမိတာတောင် မှားသွားသေးတယ်"

မောင်မောင်မျိုးက ပြောပြောဆိုဆို ခြေကိုပြင်းပြင်းဆောင့်နင်းပြီး အိမ်ပေါ်မှ ဆင်းထွက်သွားသည်။

"ခင် သီချင်းဆိုနေစဉ်က ကိုမျိုးကလဲ လမ်းလျှောက်လာရင်း ကြားလိုက်တော့ ခြေထောက်တွေ တစ်ခါထဲ ရွှေ့မရတော့ဘဲ ဖြစ်သွားတယ် ခင်၊ ခင့်အသံနဲ့ ဒီသီချင်းဟာလေ သိပ်ပဏာရတာပါပဲ၊ ခင့်အသံကို ကိုမျိုး နားထဲက မထွက်နိုင်အောင်ကို ဖြစ်နေလို့ ခင့်ထံလာခဲ့ရပါတယ်" ဟူသော မြတ်မြတ်နိုးနိုး တန်ဖိုးထားသည့် စကားတွေကို လွှန်ခဲ့သော ဆယ်နှစ်ကျော်အချိန်က ပြောခဲ့သော မောင်မောင်မျိုးသည် ယခု မေမေခင် သီချင်းသံကို နားကြားပြင်းကပ်လှသည်ဟုဆိုကာ မေမေခင့် အပါးမှ ထွက်ခွာသွားလေပြီ။

မေမေခင်သည် ကြေကွဲသောစိတ်၊ ငြီးငွေ့သော အသံဖြင့် ပြောလိုက်၏။

"ခင်တို့ ဇနီးမောင်နှံ ရာသက်ပန်ရဲ့ ဆက်ဆံမှုကတော့ အခု မြ မြင်ရ ကြားရတဲ့ အတိုင်းပဲလေ၊ စိတ်လဲ ဆင်းရဲပါတယ် သူငယ်ချင်းရာ"

"သူ ဒီလိုပဲ လုပ်နေတာ ကြာပြီလား"

ဒေါက်တာမြသွင်အေးက မေး၏။

"ဟို အမြဲတေ ရတနာကို နောင်ဘုရားဆိုတဲ့ လူလိမ်နဲ့ သူ့အစ်ကို သူ့မရီး လက်ထဲ အပ်နိုင်းတာ ခင် ငြင်းဆန်တဲ့နေ့ကစပြီး အိမ်မှာလဲ ထမင်းမစားဘူး၊ သွားချင်တဲ့ဆီ သွား၊ အချိန်မတော်မှ ပြန်လာ၊ စိတ်မချမ်းသာအောင် ပြော၊ ကျေးသားလေးကို သတ်မယ်ကြိမ်း၊ ဒီလောက် ရက်စက်တဲ့ ယောကျ်ားမျိုး လောကမှာ မရှိဘူးလို့ ခင် ထင်မိတယ် မြရယ်"

"ခင်က ဒီလက်စွပ်အကြောင်းကို သာမန် ပေါ့ပေါ့တန်တန် လက်စွပ်လောက် မပြောဘဲ တန်ခိုး အာနိသင်တွေ အကြောင်းပါ ဖွင့်ပြောလိုက်တာ ခင် သိပ်မှားသွားတယ်လို့ မြ ထင်တယ်ကွယ်"

ဒေါက်တာမြသွင်အေးက သူ့ထင်မြင်ချက်ကို ပြောသောအခါ မေမေခင် ဝန်ခံသည်။

"ဟုတ်တယ် မြ၊ ခင်လဲ အမှန်အတိုင်း ဖွင့်ပြောမိတာ မှားသွားတယ်လို့ နောက်မှ စဉ်းစားမိတယ်၊ အေးလေ ... လင်ယောကျ်ားကလွဲပြီး အားကိုးစရာမရှိတဲ့ ခင့်အဖို့ ကိုယ်ချစ်တဲ့လင်က ချော့တော့ လဲ ဟုတ်နိုးထင် ယုံကြည်မိတာနဲ့ ဖွင့်ဟလိုက်မိတာပဲ မြရယ်၊ ခင့်အပေါ်မှာ ဒါလောက် မထောက် မညှာ ရက်စက်ယုတ်မာလိမ့်မယ်လို့လဲ မမျှော်လင့်ခဲ့မိလို့ပဲ ... "

မေမေခင်က နောင်တရစွာ ပြောသောအခါ သူ့အနေဖြင့် ဤအတိုင်း ဖြစ်ရသည့်အတွက် ဒေါက်တာ မြသွင်အေးသည် မေမေခင်ကိုက များစွာ သနားသည်။ ဆက်လက်ပြီး အပြစ်မတင်ရက်ပေ။

"သူ သိလိုတဲ့ နောက်တစ်ချက်ဆိုတဲ့ အစွမ်းသတ္တိတန်ခိုးက ဘာလဲခင်" ဒေါက်တာမြသွင်အေးက စကားလွှဲလိုက်သည်။ မေမေခင်က အသံအုပ်ပြီး ပြော၏။

"အဲဒါက သူကိုယ်တိုင် ခံစားသွားရပြီး သူ မသိဘဲ ဖြစ်နေတာ မြရဲ့၊ ဒီရတနာကို ဆောင်ထားတဲ့ အခိုက် ဘယ်လောက် ခွန်အားကြီးတဲ့ လူကိုဖြစ်စေ ကိုယ့်လက် ကိုယ့်ခြေထောက်နဲ့ လိမ်ထား ဖက်ထား ညှစ်ထားလိုက်ရင် ခံရတဲ့လူက မြွေပတ်ထားတာ ခံရသလိုဖြစ်ပြီး ဘယ်လိုမှ မရုန်းနိုင် မခုခံနိုင်ဘူးလေ၊ ကိုယ့်ကိုလဲ သူတို့က ချုပ်ကိုင်ထားလို့ မရဘူး၊ မြွေတစ်ကောင် ကိုင်ထားရသလို ဖြစ်ပြီး အလိုလို ကြောက်လာတယ်၊ သုံးလေးယောက် ဝိုင်းချုပ်ကိုင်ထားစေကာမူ မြွေတစ်ကောင် ကို လျှောထွက်နိုင် လွတ်မြောက်နိုင်တယ် မြရဲ့၊ သူ သိပ်သိချင်နေတဲ့ အချက်ဟာ ဒါပဲ၊ မယား အပေါ်မှာ ယုတ်မာ ရက်စက်တဲ့ လင်ကို ပြောချင်စိတ်မရှိလို့ မပြောခဲ့တဲ့ လျှို့ဝှက်ချက်ကို ညီအစ်မ ရင်းလို ချစ်တဲ့ မြကို ဖွင့်ပြောတာပဲ၊ သစ္စာရှိရှိ ပေါင်းလာခဲ့ကြတဲ့ ငယ်သူငယ်ချင်းကို ခင် ယုံပါရစေ မြရယ်"

"စိတ်ချပါ သူငယ်ချင်းရယ်၊ ခင့်အပေါ်မှာ အမြဲ နှုတ်လုံမယ်၊ သစ္စာရှိမယ်ဆိုတာ ယုံကြည်စိတ်ချပါ"

ဒေါက်တာ မြသွင်အေးက မေမေခင်ကို သနားကြင်နာစွာဖြင့် ခိုင်မြဲသော ကတိကိုပေးပြီး ဆရာဝန် ပီပီ ပွင့်ပွင့်လင်းလင်း မေးသည်။

"ဇနီးမောင်နှံခြင်း ဒါလောက် အဆင်မပြေ ဖြစ်နေကြမှ၊ တစ်ခန်းထဲ အတူအိပ်နေလို့ ဖြစ်ပါတော့ မလား ခင်ရဲ့"

မေမေခင်က မချိုပြုံး ပြုံးသည်။ ထို့နောက် ခြောက်သွေ့သော အသံဖြင့် ဖြေရှင်းပြ၏။

"သူက ပြောထားတယ် ဟုတ်လား၊ အမြဲတေ ရတနာကို သူတို့လက်ထဲ မအပ်သရွေ့ ဒီဖွဲ့ကို ကျွတ်အောင် ချွတ်မယ်၊ ပေါင်းလဲ မပေါင်းဘူး၊ ဒီအိမ်ပေါ်ကလဲ မဆင်းဘူး၊ ကွာလဲ မကွာဘူးတဲ့ ... အဲဒီ စကားအတိုင်းပဲ၊ အိမ်ရှေ့ဘက်က အခန်းကျယ်ကြီးမှာ နေရာယူထားတယ်၊ အချိန်မတော်မှ ပြန်လာပြီး အဲဒီမှာ အိပ်တယ်၊ တစ်ခါတစ်ရံ သူ့အစ်ကိုနဲ့ မရီး လိုက်လာတတ်တယ်၊ အဲဒီ အခန်းကျယ်ကြီးမှာ စုအိပ်ကြတာပဲ၊ နောင်ဘုရား ဆိုတဲ့ လူကတော့ တစ်ခါထဲ လိုက်လာဖူးတယ်၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘုရားခန်းထဲမှာ စက်တော်ခေါ်တယ် မြရဲ့"

"သူလာချိန် ခင်က တံခါးဖွင့်ပေးဖို့ စောင့်နေရမှာပေ့ါနော်" မေမေခင် ဦးခေါင်းခါသည်။

"မစောင့်ဘူး မြ၊ အိမ်ထဲ အဝင်အထွက် တံခါးမကြီးမှာ တပ်ထားတဲ့ သော့အိမ်က အတွင်းကရော အပြင်ကရော သူ့သော့နဲ့သူ ဖွင့်လို့ ပိတ်လို့ရတယ်၊ သော့ တစ်ယောက်တစ်ချောင်း ယူထားပြီး ခင့်ကတော့ နေဝင်ရင် ရှိသမျှတံခါး အားလုံးပိတ်ပြီး ခင့်အိပ်ခန်းထဲ ဝင်နေ တံခါးပိတ်ထားလိုက် တယ်၊ သူတို့ လာချင်တဲ့အချိန် သူတို့ဘာသာ

တံခါးဖွင့် ဝင်အိပ်ကြ၊ မနက်လင်းရင် သူတို့ဆင်းသွား မှ ခင့်အခန်းဖွင့်ပြီး ခင် ထွက်တာ"

"သူတို့ ပြန်မဆင်းဘဲ တိတ်တိတ်ပုန်းနေပြီး ခင် အထွက်ကို စောင့်နေကြရင်ကော"

ဒေါက်တာမြသွင်အေးက စဉ်းစဉ်းစားစား မေးသည်။

"ဒါလောက်တော့ ခင် သတိရှိပါတယ် မြရယ် ... အခန်းထဲက သူတို့ကို ချောင်းကြည့် မြင်နိုင်အောင် လုပ်ထားတဲ့နေရာ ရှိပါတယ်"

"ခင်က ဘယ်အခန်းမှာ အိပ်လဲ"

"ဟောဒီ ကျေးသားလှောင်အိမ်လေးနဲ့ တွဲတဲ့အခန်းပေါ့၊ ခင်က ကျေးသားလေးကို ပစ်မထားဘူး၊ မျက်ခြည်ပြတ်မခံဘူး၊ အခု မြရှိနေလို့သာ ခင်တစ်ယောက်ထဲဆိုရင် သူ ရုံးဆင်းချိန်မရောက်မီ ကြိုတင်ပြီး ကျေးသားလေးကို ခင့်အခန်းထဲ ထည့်သိမ်းပြီး အခန်းကို သော့ခတ်ထားလိုက်တယ်၊ ညတိုင်း ခင့်အခန်းထဲမှာ သိပ်တယ်"

"ဒုက္ခများလိုက်တာ ခင်ရယ်၊ လှောင်အိမ်ဖွင့် လွှတ်လိုက်ပါလား၊ သူ့အတောင်တွေမှ မညှပ်ထားဘဲ၊ သူ ကောင်းကောင်းပျံနိုင်တာ ဘေးကင်းရာ သွားပါစေတော့လား ခင်ရယ်"

ဒေါက်တာမြသွင်အေး အကြံပေးသည်ကို မေမေခင်က ဦးခေါင်းခါသည်။

"မြ မသိပါဘူး ... ခင့်မှာ တိုင်ပင်ဖော် တိုင်ပင်ဘက် အဖော်ဆိုလို့ ဒီကျေးသားလေးပဲ ရှိတာ၊ သူ့ကို သိပ်ပြီးသံယောဇဉ် ဖြစ်နေပြီ၊ မခွဲရက်ဘူး မြရယ် ... နောက်တစ်ချက်ကလဲ လူက မွေးထားပြီးလို့ ကြာရှည်လေးမြင့် လူနဲ့ အတူနေသွားတဲ့ ကျေးတို့ ကြက်တူရွေးတို့ သာလိကာတို့ ရှဉ့်တို့ မျောက်တို့ ဆိုတာ မွေးလက်စနဲ့ ဆက်သာမွေးပေတော့၊ လွှတ်ပေးလိုက်ရင် သူတို့ မျိုးတူတွေက လက်မခံ တော့ဘူး၊ ဝိုင်းဆိတ်ကြ ကိုက်ကြ ဒုက္ခရောက်ကုန် သေကုန်ကြတတ်တယ်၊ ဒါကြောင့် သနားပေ မယ့် လွှတ်လို့ မဖြစ်ဘူးလေး၊ အခုတော့ ခင် ဆိုပြခဲ့တဲ့ သီချင်းလို ဟောဒီ ကျေးသားဟာ ခင်ရဲ့ ငယ်ယုံပူဘော် ဖြစ်နေပါပြီ မြရယ်"

"ဒီအကောင်ကို စကားမသင်ဘူးလား ခင်"

အထူးသင်စရာ လိုသေးသလား မြရယ် ... နေ့ရှိသရွေ့ သူနဲ့ ခင်နှစ်ယောက်ထဲ သူ့ကို စကားပြော လိုက်၊ သီချင်းဆိုပြလိုက် လုပ်နေတာ၊ အဲ ... ဟိုလူက အသံထွက်ရင် လည်ပင်းလိမ်သတ်မယ် ချည်း ကြိမ်းနေတာ၊ သူကလေး နားလည်နေလို့လား မသိဘူး၊ အခုအတိုင်းပဲ တိတ်တိတ် ဆိတ်ဆိတ်ပဲ နေတယ်"

သူငယ်ချင်းနှစ်ယောက် အတန်ကြာ နှုတ်ဆိတ်နေကြပြီးမှ ဒေါက်တာ မြသွင်အေးက သူ သိလို သည်ကို မေးပြန်သည်။

"ဒီ အမြဲတေ ရတနာကို သူငယ်ချင်း ဘိုးအေက ဘယ်လိုရတာလဲကွယ်"

ထိုအခါ မေမေခင်က သူ့မိခင် ပြောပြခဲ့ဖူးသော ဘိုးအေ၏ အတ္ထုပ္ပတ္တိကို သူ မှတ်သားထားသမျှ သူငယ်ချင်းအား ဖောက်သည်ချလိုက်သည်။

မြန်မာတို့၏ နောက်ဆုံးဘုရင်ဖြစ်သော သီပေါမင်းကို နယ်ချဲ့မျက်နှာဖြူယူဆောင် နန်းချလိုက်၍ မြန်မာပြည် တစ်ပြည်လုံး ထီးကျိုးစည်ပေါက် ကျွန်သဘောက်ဘဝ ကျရောက်ရသည်ကို မချိတင်ကဲ ဖြစ်လှသော မြင်းတပ်မှူး ဘုရင်ကျော်ခေါင်သည် သူ့လက်အောက်ခံ တပ်သားများကို စုဆောင်း သိမ်းယူကာ မျိုးချစ်လှတွေ မှန်သမျှ အားလုံးပေါင်းစည်းပြီး အလောင်းဘုရား၏ ဇာတိချက်ကြွေ အောင်မြေ အဖြစ် သတ်မှတ်ရာ ရွှေဘိုနယ်ကို ခြေကုန်ယူပြီး နယ်ချဲ့တွေကို အချိန်ကြာမြင့်စွာပင် တွန်းလှန် တိုက်ခိုက် နေခဲ့သည်။ သို့သော် လူအင်အား လက်နက်အင်အားကလည်း မမျှ၊ နယ်ချဲ့ မျက်နှာဖြူများ၏ သွေးဆောင် မြှူခေါ်ချက်ဖြစ်သော ဆုငွေကို ရာထူးတွေကို မက်မောစိတ်ပေါ်လာ သည့် တပည့်ငယ်သား တွေက စိတ်ဓာတ်ကျ သစ္စာဖောက်လာကြသောအခါ ဘုရင်ကျော်ခေါင် သည် သူ့အသက် ဘေးရန် အတွက် ပင် စိတ်မအေးရသော အခြေအနေသို့ ရောက်လာသည်။

ဤအချိန်တွင် မြန်မာဘုရင် ရှိစဉ်ကပင် တစ်နှစ်တစ်ကြိမ် ရွှေမြို့တော်သို့ ရောက်လာလေ့ရှိသော ချင်းတောင် မှ ဆယ့်နှစ်ရွာအုပ်ချင်း သူကြီး ခါကျင်ခိုင်က ဘုရင်ကျော်ခေါင်နှင့် ခင်မင်ရင်းနှီးရင်းစွဲ ရှိသည့် အလျောက် သစ္စာဖောက်တို့လက်ချက်ဖြင့်

အသက်အသေမခံစေလို၊ သူနေရာ ချင်းတောင်း သို့ လိုက်လာပြီး ဘေးကင်းရန်ကင်း အေးဆေးစွာ နေထိုင်ပါ။ သူ့တစ်သက်တာမှာ သစ္စာရှိရှိ စောင့်ရှောက် ကာကွယ် သွားပါမည်ဟု လာရောက်ခေါ်ဆောင်သည်။ မည်ကဲ့သို့မှ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်ရန် အခြေအနေ မရှိတော့သော ဘုရင်ကျော်ခေါင်သည် အားမတန် မာန်လျှော့ကာ ခါကျင်ခိုင် ခေါ်ဆောင်ရာ ချင်းတောင်သို့ လိုက်ပါသွားသည်ကို သစ္စာဖောက် ငယ်သားများက သိလိုက်ကြသည်။

သို့သော် ဘုရင်ကျော်ခေါင်သည် ချင်းတောင်ရောက်အောင် လိုက်မသွားချေ။ နောက်က မီးခိုး ကြွက်လျှောက် လိုက်လာရန်မှုကြမည့်ဘေးကို တွေးမိသည့်အလျောက် ချင်းတောင်ဘက်သို့ ခြေယောင်ပြကာ လမ်းခုလတ်မှ ဖဲ့ထွက်ပြီး အောက်သို့ စုန်လာခဲ့သည်။ ရခိုင်ရိုးမတောင်ကို ပင်ပန်း ခဲယဉ်းစွာ ဖြတ်ကျော်ပြီး ရခိုင်ပြည်နယ်ထဲမှ ခိုဝင်ဇာတ်မြှုပ်နေလိုက်သည်။ ထိုအချိန်က ဘုရင် ကျော်ခေါင်၏ အသက်အရွယ်သည် သုံးဆယ်က နှစ်နှစ်စွန်းရုံမျှ ရှိသေး၍ သန်တုန်း မြန်တုန်း အရွယ်ကောင်းတုန်းပင် ဖြစ်သည်။

ရခိုင်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းမှ လူသိနည်း ချောင်ကျသော ရွာငယ်တစ်ရွာမှာ မထင်မရှား နေပြီး တံငါအလုပ်ဖြင့် အသက်မွေးနေထိုင်ခဲ့သော ဘုရင်ကျော်ခေါင်သည် တစ်နေ့သောအခါဝယ် ငါးဖမ်းလှေတစ်စင်းဖြင့် ပင်လယ်ဘက်ကို

ထွက်လာခဲ့သည်။ ပင်လယ်ပြင် ရောက်ပြီး မကြာမီမှာ ပင်သာယာကြည်လင်သော မိုးကောင်းကင်မှ အရိပ်လက္ခဏာပင် မမြင်လိုက်ရဘဲ ရုတ်တရက် မိုးသက်မုန်းတိုင်း ကျလာခဲ့သည်။ ဘုရင်ကျော်ခေါင် စီးလာသော လှေမှာ လေမုန်းတိုင်းဒဏ် လှိုင်းဒဏ်ကို မခံနိုင်ဘဲ ပင်လယ်ထဲ လွင့်မြောသွားရာမှ ကျောက်ဆောင်ကြီးတစ်ခုနှင့် ပြင်းထန်စွာ ရိုက်မိကာ လှေကွဲပျက်သွားသည်။ ဘုရင်ကျော်ခေါင်ကား ရေထဲကို စင်ကျသွားပြီးမှ သတိထား၍ ကျောက်ဆောင်ရှိရာ ပြန်ကူးလာပြီး ကျောက်ဆောင်ပေါ် တွယ်တက်လိုက်ရသည်။

မိုးသက်မုန်းတိုင်းစဲ၍ ကြည်လင်သာယာလာသောအခါမှ ဘုရင်ကျော်ခေါင်သည် သူရောက်နေရာ ကျောက်ဆောင်ထက်မှ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ထိုအခါ သူ ရောက်နေသော နေရာသည် ကျောက်ဆောင် ထူထပ်သော သေးငယ်သည့် ကျွန်းကလေးတစ်ကျွန်း ဖြစ်နေသည်ကို တွေ့ရ သည်။ ကျွန်းပေါ်တွင်ကား ကြီးမားသော ကျောက်တုံးကြီးများ ပြန့်ကျဲနေပြီး အမျိုးအမည် မသိရ သော လက်ပံပင် နှင့် ဆင်ဆင်တူသည့် အလွန်အမင်း ကြီးမားလှသော သစ်ပင်ကြီးတွေမှလွဲ၍ သစ်ပင်ငယ် ချုံငယ်ဟူ၍ မရှိချေ။ အောက်ခြေ ရှင်းနေသည်။

မေမေခင်စကား ဤနေရာ ရောက်သောအခါ ဒေါက်တာမြသွင်အေးက..

"ဘာပင်ကြီးတွေပါလိမ့်"

ဟု ဖြတ်ပြောလိုက်၏။

"မသိဘူး မြရဲ့၊ ဘိုးအေလဲ ကျွန်းမြေပေါ်တက်ပြီး ကမ်းခြေနဲ့ အနီးဆုံး သစ်ပင်ကြီး တစ်ပင်အောက်မှာ အရိပ်ခို အနားယူမယ် စိတ်ကူးနဲ့ သွားလိုက်တာ၊ သစ်ပင်နားလဲရောက်ရော ချက်ချင်း နောက်ပြန် ဆုတ်ပြေး မိတာပဲတဲ့ မြရယ်… "

"ဘာတွေ တွေ့လိုလဲဟော့"

"အပိုင်းပိုင်း အတစ်တစ်ပြတ်နေတဲ့ မြွေသေတွေတဲ့"

"ကြံ့ကြံ့ စည်စည်ဟာ၊ မြွေတွေ ဘယ်သူက သတ်ထားပါလိမ့်"

"အေး… အံ့သြစရာပဲတဲ့၊ ကျွန်းပေါ်မှာလဲ လူရိပ်လူခြေ လုံးဝမမြင်ရ၊ လူသံသူသံလဲ လုံးဝမကြားရဘဲ ဒီသစ်ပင် အောက်မှာ မြွေသေတွေ တင်းကျမ်းပြည့်နေတာ ဘိုးအေက စဉ်းစားမရအောင် ဖြစ်နေတယ်၊ တချို့ မြွေတွေဆိုရင် နေရာက မရွှေ့နိုင်ပေမယ့် မသေမရှင်တွေတဲ့"

"အမယ်လေး.. ကြက်သီးထလိုက်တာ ခင်ရယ်"

"အဲဒီလိုနေရင်နဲ့ မကြာခင်မှာ လေတိုက်သံလိုလို ကြားလာတော့ ဘိုးအေလဲ ဘာမှန်းမသိရတဲ့နေ ရာမှာ ငါ ပုန်းကွယ်နေတာ ကောင်းပါတယ်လို့ စိတ်ကူးပြီး ကျောက်တုံးကြီးတွေကြားက ပုန်းပြီး ချောင်းကြည့် နေတော့ လေတိုက်သံလိုလို အသံဟာ ပိုပြီး ပြင်းထန်ကျယ်လောင်လာတာကိုး၊ ဒါနဲ့ ဘိုးအေက အသံ ကြားရာ

ကောင်းကင်ကို မော့ကြည့်လိုက်တော့ ငှက်ကြီးတစ်ကောင် ပြန်လာတာ တွေ့ရတယ်၊ တဖြည်းဖြည်း နီးလာလေ ငှက်ကြီးက ကြီးမားလာလေနဲ့၊ အဲဒါနဲ့ တော်တော်ကိုကြီး တဲ့ ငှက်ကြီး တစ်ကောင် ဟာ ဘိုးအေစိတ်ထင် လူတစ်ယောက် ကောင်းကောင်းစီးနိုင်အောင်ကိုကြီး တဲ့ ငှက်ကြီးပေါ့၊ အောက်မှာ မြွေသေတွေ တင်းကျမ်းပြည့်နေတဲ့ သစ်ပင်ကြီးက ပင်လယ်ဘက် ထွက်နေတဲ့ သစ်ကိုင်းပေါ် မှာ နားလိုက်တာ ဘိုးအေက ကောင်းကောင်းမြင်ရတယ်၊

ငှက်ကြီးဟာ သစ်ကိုင်းပေါ်မှာနားပြီး ပင်လယ်ဘက်ကို လည်ဆန့်မျှော်ကြည့်နေတာ တွေ့ရတော့ ဘိုးအေကလဲ ငှက်ကြီးကြည့်ရာကို လိုက်ကြည့်မိတယ်၊ ကွမ်းတစ်ရာညက်လောက်ကြာရင်ပဲ ဒီရေ တက် သလို တက်လာတဲ့ ပင်လယ်လှိုင်းလုံးတွေက ကျွန်းငယ်ကမ်းခြေကို လာရိုက်တာတွေ့ရပြီး ငှက်ကြီးလဲ သစ်ကိုင်း ပေါ်က အတောင်ကိုစုပြီး လှိုင်းလုံးရှိရာ တဟုန်းထိုး စိုက်ဆင်းသွားတယ်၊ ငှက်ကြီး ပျံတက် လာတဲ့ အခါမှာတော့ ငှက်ခြေသည်းကြားမှာ တွန့်လိမ်ပြီးပါလာတဲ့ မြွေကြီးတစ်ကောင်ကို တွေ့ရတာပဲ"

"ထူးဆန်းလိုက်တာ ခင်ရယ်၊ ငှက်ကြီးက ဂဠုန်ဖြစ်ပြီး မြွေက ရေနဂါးတွေများလားနော်.. "

မေမေခင်က ဦးခေါင်းညိတ်သည်။ ဒေါက်တာမြသွင်အေး ထောက်ပြောလိုက်၏။

"ငှက်ကြီး က အဲဒီလိုဖမ်းပြီး သစ်ကိုင်းပေါ်မှာစား၊ ကျန်တဲ့ အစိတ်အပိုင်းတွေ အောက်ပစ်ချ ထားလို့သာ သစ်ပင်အောက်မှာ မြွေသေတွေ ပြန့်ကျဲနေတာ ဖြစ်မယ်"

မေမေခင် ပြောရမည့် စကားအတိုင်းပင် ဒေါက်တာမြသွင်အေးက ထင်မြင်ချက်ပေးသောအခါ မေမေခင် အပြောသက်သာ အမောသက်သာသွားသည်။

"ငှက်ကြီးက သူ မဝမချင်း တစ်ကောင်ပြီးတစ်ကောင် ဖမ်းစားနေမှာပေါ့နော်..ခင်"

မေမေခင်က ဦးခေါင်းညိတ်ပြပြန်သည်။

"ကဲ.. အမောပြေရင် ဆက်ပြောဦး ခင်ရဲ့၊ နားအရသာပျက်သွားပြီ"

ဒေါက်တာမြသွင်အေးက တိုက်တွန်းသောအခါ မေမေခင်က ဆက်ပြောသည်။

"အဲဒီလိုနဲ့ ငှက်ကြီး ဖမ်းစားတာ မြွေနစ်ကောင် ရှိသွားပြီ၊ ငှက်ကြီးက မြွေကို အကုန်စားတာ မဟုတ်ဘူး တဲ့၊ ဗိုက်ကိုဖောက်ပြီး ဝမ်းပျဉ်းသား အဆီနေရာလောက်သာ စားတာတဲ့၊ တတိယ မြောက် ဆင်းဖမ်း လိုက်တဲ့အခါ အဲဒီမြွေကြီးဟာ ငှက်ကြီးခြေသည်းကြားထဲ ပါလာလိုက် ပြန်လွတ်ကျသွားလိုက် လွတ်သွားလိုက် နဲ့ ဖြစ်နေတာ ဘိုးအေကလဲ

ကြည့်ကောင်းတာနဲ့ သေသေချာချာ ကြည့်နေတယ်တဲ့၊ မြွေကြီး က ပင်လယ်ရေထဲ ဆင်းပြေးပေမယ့် ငှက်ကြီးက သိပ်မြန်တာတဲ့၊

ရေနက်ထဲ မရောက်ခင် ပြန်မိလာတာပဲတဲ့၊ ဒါပေမဲ့ မြဲအောင် မကုတ်နိုင်ဘဲ ဖမ်းတိုင်း ပြန်လွတ်နေတယ်၊ မြွေကြီး ကိုယ်လုံးမှာလဲ ငှက်ကြီး ကုတ်ဖဲ့ထိုးဆိတ်ထားလို့ ဒဏ်ရာတွေဖြစ်ပြီး နာနေပြီ၊ နောက်ဆုံးတစ်ခါ ဖမ်းလာတော့ ပင်လယ်ကမ်းစပ်နဲ့ ခပ်လှမ်းလှမ်း ဘိုးအေ ပုန်းနေတဲ့ ကျောက်တုံးတွေနား အရောက်မှာ ငှက်ကြီးဟာ အလှမ်းဝေးသွားတဲ့ ပင်လယ်ကမ်းခြေဘက် မပြေးတော့ဘဲ ဘိုးအေ ပုန်းနေတဲ့ ကျောက်တုံးကြား ဝင်ပြေးလာတော့ ဘိုးအေလဲ ငါ့ မြွေကိုက်သေတော့မှာပဲလို့ တွေးပြီး သိပ်ကြောက် သွားတယ်၊ အပြင်ဘက် ထွက်ပြေးပြန်ရင်လဲ ငှက်ကြီးက အစာမှတ်လို့ ထိုးသုတ်ပြီး ဗိုက်ဖောက်စားရင် ခက်ရချေရဲ့ လို့ တွေးပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်၊ ဒါပေမဲ့ မြွေကြီးဟာ ဘိုးအေရှိရာ ရောက်အောင် မလာနိုင် ရှာတော့ပါဘူး၊ ငှက်ကြီးထိုးသုတ်လို့ မဖြစ်နိုင်ရှဲ ကျောက်တုံးနှစ်ခုကြားမှာဝင်ပြီး ခိုအောင်းနေ လိုက်တယ်၊ ဘိုးအေကလဲ ဘေးကင်းရန်ကင်းဖြစ်အောင် မြွေကြီးကိုရော ငှက်ကြီးကိုရော မေတ္တာပို့ နေရတယ်တဲ့"

"စိတ်ဝင်စားစရာကောင်းလိုက်တာ ခင်ရယ်"

ဒေါက်တာမြသွင်အေးက သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြည့်လိုစိတ်ပေါ်ပြီး ပြောလိုက်သည်။

"အေးပေါ့မြရယ်.. မေမေ ပြောပြခဲ့တာ နားထောင်နေရစဉ်က ခင်စိတ်ထဲမှာ မြွေကြီးကို သနားနေတယ်"

မေမေခင် က ထောက်ခံသည်။

"ဒါနဲ့ ဘယ်လိုဖြစ်သွားလဲ ခင်ရဲ့၊ ဆက်ပြောပါဦး"

"အေး... ငှက်ကြီးလဲ ခဲရာခဲဆစ်ဖြစ်နေတဲ့ ကျောက်တုံးကြားက ဒဏ်ရာတွေနဲ့ လွတ်သွားတဲ့ မြွေကြီးကို မဖမ်းတော့ဘဲ ရေလှိုင်းအလိမ့်မှာ ပါလာတဲ့ မြွေတွေ တစ်ကောင်ပြီးတစ်ကောင် ဖမ်းစား၊ ဝမ်းဝတော့ ပျံထွက် သွားရောတဲ့"

"ဘယ်ကိုပျံသွားလဲ"

"အဲဒါ ဘိုးအေကလဲ သိချင်လို့ ကျောက်တုံးကြားက ထွက်ကြည့်တာပဲ၊ ကောင်းကင်ကို အမြင့်ကြီး ပျံတက်ပြီး မိုးတိမ်တွေကြားထဲဝင် ပျောက်သွားတယ်တဲ့ မြရဲ့"

"ခင့်စကား ကြားရတော့ မြ ရထားဖူးတဲ့ လေးချိုးလေးတစ်ပုဒ်ကို သွားသတိရတယ် ခင်ရယ်"

"ဆိုပြစမ်းပါဦး"

မြ အသံကတော့ မကောင်းဘူး၊ ဒါပေမဲ့ ဆိုပြမယ်လေ နားထောင်"

ဒေါက်တာမြသွင်အေးက ပြောကာ အောက်ပါလေးချိုးကလေးကို သံနေသံထားဖြင့် ဆိုပြသည်။

"ငှက်ကြီးရယ်တဲ့ လင်းယုန်၊ ကျောက်တောင်ဖျား

နေနားကာ ခြေစုံကုတ်တယ်၊ ဆင်းရုပ်တပုံ။ မိုးတိမ်တွင်း

နေမင်းရှိရာဆီက အပြီးပ တိတ်ဆိတ်ကြုံ နေပုံတော့

ဟန်ဘိခြင်း။ အောက်ပင်လယ် ကမ်းခြေရစ်သွယ်လို့..

ထိုးသုတ်ဖွယ် အစာမြင်တော့၊ ဘာမထင် စက်ရှိန်ကျိုးသလို

မိုးကသက်ဆင်း.. "

ဒေါက်တာမြသွင်အေး ဆိုပြ၍ ဆုံးသောအခါ မေမေခင်က -

"ဟုတ်တယ်ပေ့ ဘိုးအေ မြင်ခဲ့တာနဲ့ မြသီချင်းလေးက အံကိုက်ဟပ်မိနေတာပဲနော်.. "

ဟု ချီးကျူးထောက်ခံလိုက်သည်။

"ခင် အမောပြေအောင် မြက ကြုံရတာ၊ ကဲ ဆက်ပြောပေတော့"

ဒေါက်တာမြသွင်အေး က တိုက်တွန်းသောအခါ မေမေခင်က ဆက်ပြောသည်။

"ငှက်ကြီးကို မျက်စိပသာဒက ပျောက်သွားတော့ ဘိုးအေလဲ မြွေကြီး ပြန်သတိရလိုက်တယ်၊ မြွေကြီးဟာ ပင်လယ်ထဲ ပြန်ဆင်းဖို့ ကြိုးစားသလား မသိဘူးတဲ့၊ ကျောက်တုံးကြားထဲက ထွက်သွားတယ်တဲ့.. "

"ဩော်.. သနားစရာဟယ်"

"ဟုတ်တယ် မြ၊ ငုက်ကြီး ပျံထွက်သွားတာသိလို့ ကျောက်တုံးကြားက ထွက်လာတာ ထင်တယ်နော်၊ ဘိုးအေက အနားကပ်ကြည့်တော့ ငုက်ကြီး ထိုးဆိတ်ကုတ်ဖဲ့ထားတဲ့ ဒဏ်ရာဒဏ်ချက်တွေကလဲ တစ်ကိုယ်လုံး ရစရာမရှိဘူး၊ အဲဒီဒဏ်ရာနဲ့ သေတာပေါ့၊ ဘိုးအေလဲ မြွေသေကြီး ဂရုမစိုက်တော့ဘဲ ဒီကျွန်းပေါ် မှာ ဘယ်လိုနေထိုင်ရပါ့မလဲလို့ တွေးပြီးစိတ်ညစ်တာ တစ်မျိုး၊ ဆာလောင်တာက တစ်မျိုး၊ ရေငတ်တာက တစ်မျိုး သောကတွေများပြီး ကျွန်းကလေးပေါ် လျှောက်ကြည့်ရှုရာဖွေတော့ ကျောက်တုံး တွေကြားမှာ ရေအိုင်လေးတစ်အိုင် တွေ့တော့မှ ဝမ်းသာအားရ ရေအဝသောက်ပြီး တော်တော်မြင့်တဲ့ ကျောက်တုံးကြီး တစ်တုံးပေါ်တက်ပြီး၊ ကယ်သူကို တွေ့လိုတွေ့ငြား အရပ်လေးမျက်နှာ မျှော်ကြည့်ရင်း မိုးချုပ်သွားရောတဲ့"

"ဘယ်လောက်ဆာမလဲ မသိဘူးနော်.. "

"ဆာမှာပေါ့၊ မိုးချုပ်သွားပြီဆိုပေမယ့် လဆန်းရက် ဖြစ်နေတော့ ကြယ်ရောင် လရောင်နဲ့ ကျွန်းကလေးပေါ်မှာ လင်းနေတယ်၊ ကမ်းစပ်သဲသောင်ပြင် ဖွေးဖွေးမှာ စိမ်းရောင်လိုလို ပြာရောင်လိုလို ဝင်းဝင်းလက်လက် တစ်ခုကို ကျောက်တုံးပေါ်ထိုင်နေတဲ့ ဘိုးအေက မြင်တော့ ဘာရယ်လဲသိရအောင် သွားကြည့်တာကိုး၊ သွားကြည့်တော့ နေ့ခင်းက သေနေတဲ့ မြွေကြီး ဦးခေါင်းက အရောင်ထွက်နေတာ သိရတယ်။ ဒါနဲ့ ဘိုးအေကလဲ မြွေသေကြီးဦးခေါင်းက ဘာ့ကြောင့်

အရောင်ထွက်နေသလဲလို့ စူးစမ်းချင်တာ နဲ့ ကျောက်ခဲခပ်ကြီးကြီးတစ်ခုနဲ့ ကောက်ထုလိုက်တော့.. မြွေဦးခေါင်းကွဲပြီးအထဲက အမြုတေ ထွက်လာတာကိုး။

ဘိုးအေက ကောက်ယူပြီး ကြည့်လိုက်တော့ မြွေအမြုတေမှန်းလဲသိရော ဝမ်းသာလိုက်တာတဲ့လေ၊ ဆာလောင်တာတွေတောင် မေ့သွားတယ်ဆိုပဲ.. "

"အဘိုးကြီးက မြွေ အမြုတေမှန်း ချက်ချင်းသိတာပဲလား"

"အဘိုးကြီးက ကျမ်းဂန်စာပေ နှံ့စပ်ထားပြီးသားဆိုတော့ အမြုတေမှန်း သိတယ်၊ အစွမ်းသတ္တိလဲ သိတယ်၊ နေ့လယ်က ငှက်ကြီး ဖမ်းမရဘဲ လွတ်ထွက်နေတာ ဒီအမြုတေကြောင့်ပဲဆိုတာ ဘိုးအေက စဉ်းစား မိတာပေါ့"

"မြွေကြီး ပုံသဏ္ဍာန် အရောင်အဆင်းက ဘယ်လိုနေလဲ၊ အခုမြတို့ ခင်တို့မြင်တွေ့နေရတဲ့ နဂါးရုပ်တွေလို အချွန်အတက် အမောက်တွေ အထွင့်တွေပါလား"

ဒေါက်တာမြသွင်အေးက စဉ်းစဉ်းစားစား မေးသောအခါ မေမေခင်က လိုအပ်သမျှ ဖြေ၏။

"ခင်က အဲဒီဘိုးအေကြီးရဲ့ မြစ်ဆိုတော့ မေမေ ပြောသမျှသာ မှတ်ခဲ့ရတာပဲ၊ မြွေကြီးရဲ့ ပုံသဏ္ဍာန် အဆင်းအရောင်၊ ငှက်ကြီးရဲ့

ပုံသဏ္ဌာန် အဆင်းအရောင်ကို မေမေက ပြောဖို့ မေ့သွားတာလား ဆိုတာ တော့ ခင်လဲ အသေအချာ မသိဘူး မြရဲ့"

"ကဲ.. ကဲ.. ထားပါတော့၊ ဆက်သာပြောပါ ခင်ရယ်"

"ဘိုးအေလဲ မြွေအမြုတေရပြီး နောက်တစ်နေ့မှာပဲ သဘော်တစ်စင်းကတွေ့လို့ ကယ်လာတာ ပေါ့။ ရခိုင်ပြည်နယ် ပင်လယ်ကမ်းရိုးတန်း တံငါရွာက ငါးဖမ်းလှေနဲ့ ပင်လယ်ထဲ မြောသွားလို့ သဘော်တစ်စင်းက ကယ်လာခဲ့ရတဲ့ တံငါသည်ကြီးဟာ မြန်မာပြည် အထက်ပိုင်း ရွှေဘိုနယ်ကို အောင်မြေနင်းပြီး နယ်ချဲ့ကို တော်လှန်ခဲ့တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီး တပ်မှူးဘုရင်ကျော်ခေါင်ရယ်လို့ ဘယ်သူက သိတော့မှာလဲ၊ နောက်ပြီး နယ်ချဲ့တွေ ရထားတဲ့သတင်းက ချင်းတောင်တွေဘက် ရောက်သွားပြီ ဆိုတာကိုး... ဘိုးအေက ချင်းတောင်ဘက် ခြေရောင်ပြပြီး ရခိုင်ပြည်နယ်ထဲ ရောက်နေတာက ခြောက်နှစ်တောင် ကျော်နေမှပဲ၊ ဘယ်သူမှလဲ မမှတ်မိတော့ဘူးလေ.. "

"အဲဒီအချိန်က ခင့်ဘိုးအေကြီး အသက် လေးဆယ်လောက် ရှိရောပေါ့"

"လေးဆယ် မပြည့်သေးဘူး၊ သုံးဆယ်ရှစ်နှစ်ပဲ ရှိသေးတယ်"

"တကယ့်အရွယ်ကောင်းပဲ"

"အေးပေါ့.. ဒါနဲ့ မြန်မာပြည်ထဲ ပြန်ရောက်လာ၊ ရိုးရိုးကုပ်ကုပ် လုပ်ကိုင်စားရင်း ဇာတ်မြုတ်နေရာ က ဘွားအေကြီး နဲ့ အကြောင်းပါ၊ ကုသိုလ်က ပေးလာတော့ တဖြည်းဖြည်း စီးပွားဖြစ် ချမ်းသာလာ ခဲ့တာပေါ့ မြရယ်.. "

"ဒီရတနာမျိုးဟာ လူ့လောကမှာ ပြောလို့မယုံနိုင်အောင် အင်မတန်ရှားပါးတဲ့ ရတနာပဲ ခင်ရဲ့၊ ကြောင် အမြုတေ ရထားတဲ့လူက ကြောင်အစွမ်းရှိသလို ပေါ့ပါးတယ်၊ ခုန်ပေါက် ပြေးလွှားနိုင်တယ်၊ အမြင့်က ကျလဲ နာကျင်မှု မရှိဘူး၊ လူတွေတက်ဖို့ သွားဖို့ မဖြစ်နိုင်တဲ့ ကပ်သီးကပ်သပ် ခဲခဲယဉ်းယဉ်း နေရာတွေကို တက်နိုင်သွားနိုင်တယ်၊ ချိုးအမြုတေ ဥဒေါင်း အမြုတေဆိုရင် အိမ်မှာထားရင် မီးမလောင်နိုင်ဘူးတဲ့၊ လာဘ်လာဘ ရွှင်တယ်တဲ့၊ အမြုတေ ရတနာ အမျိုးမျိုးရှိ သလို သူတို့ရဲ့ တန်ခိုးသတ္တိကလဲ တစ်မျိုး စီပဲနော်"

"အပေါ်ဆုံး အမြုတေကတော့ ယောက်သွား သို့မဟုတ် မုတ်ခွံထဲက ရတဲ့ အမြုတေပဲ၊ ပုလဲပေါ့ မြရယ်"

"အေး.. ပုလဲတွေထဲမှာ တိမ်တိုက်ပုလဲကလွဲရင် မုတ်ခွံပုလဲကတော့ လူတိုင်းလိုလို ရှိကြတာပဲ မြရဲ့၊ အမယ် သူကလဲ တန်ခိုးသတ္တိလေးနဲ့၊ နလုံးရောဂါသမားဆိုရင် ပုလဲနဲ့ သိပ်တည့်တယ် ဆိုပါလား"

"မြက ဆရာဝန် ဆိုတော့ သိမှာပေါ့"

"ထိုက်တန် တဲ့ လူဆိုတော့ အမြုတေ ရတနာက အလိုလိုရောက်လာတာပေါ့လေ၊ ဘယ်မှာလဲ မြကို ပြစမ်းပါဦး၊ မြင်ဖူးတယ်ရှိအောင် ကြည့်ချင်တယ်"

ဒေါက်တာမြသွင်အေးက ဆိုသဖြင့် မေမေခင်က ထုတ်ပြသည်။

ဒေါက်တာမြသွင်အေးက သေသေချာချာကြည့်ပြီး အကြံပေး၏။

"ဒီရတနာကို လိုချင်လို့ ခင့်ကို ရန်ရှာနေကြတာ ခင် သိပြီးသားပဲ၊ အလစ်မှာ ခင့်ကို အနိုင်အထက် ချုပ်ကိုင် ညှဉ်းဆဲနေမှာစိုးရတယ်၊ အဲဒီတော့ ခင့်အနေနဲ့ ဒီရတနာကို ကိုယ်နဲ့မကွာ အမြဲဆောင် ထားစေချင်တယ် ခင်ရယ်၊ လက်စွပ် အနေနဲ့ လက်ထဲမှာ ဝတ်ထားတာ လူမြင်မှာစိုးရင် ရွှေကြိုးနဲ့ ခိုင်ခိုင်ချည်ပြီး လည်ပင်း မှာဆွဲထား၊ ဆွဲကြိုးကို အင်္ကျီအောက်ဘက် သွင်းထားပေါ့၊ ဒါမှ ခင့်ကို သူတို့ မချုပ်နိုင် မဖမ်းနိုင်ဘဲ ခင် ဘေးကင်းရန်ကင်း ဖြစ်နိုင်မယ်၊ မြ အကြံပေးသလို မလုပ်နိုင်ဘူးလား ခင်"

စောစောက သူငယ်ချင်းနှစ်ယောက် အမြုတေ ရတနာ၏ ရာဇဝင်ကို ဇာတ်စုံခင်းနေရသဖြင့် စိတ်ဆင်းရဲမှု တွေ အခိုက်အတန့် ပြေပျောက်နေခဲ့သော မေမေခင်သည် ယခု စိတ်ဆင်းရဲမှု ပင်းရင်းဌာနသို့ ပြန်ရောက် သွားရှာသည်။

"ခင်လဲ အဲဒီလို ဆောင်ထားမယ်လို့ အစီအစဉ် ရှိပါတယ်၊ မြပေးတဲ့အကြံနဲ့ အံကိုက်ပါပဲ၊ နောက်ဆုံး မှာလေ ခင့်ကို

တစ်နည်းနည်းနဲ့ အသေသတ်နိုင်တယ် ဆိုဦးတော့၊ ဒီရတနာကတော့ ယုတ်မာသ ူတွေ လက်ထဲမှာ မတည်မြဲပါဘူး၊ ပျောက်ကွယ်မှာ သေချာပါတယ်၊ ဒီရတနာအကြောင်း ခင် သေသေချာချာ သိပါတယ်"

မေမေခင်က မျက်နှာညှိုးညှိုးဖြင့် ပြောသည်။

"ခင့် အတွင်းပစ္စည်းတွေရော"

အိမ်မှာ တစ်ခုမှ မထားဘူ မြ.. အားလုံးဘဏ်မှာ အပ်ထားတယ်၊ ဒါတွေအတွက်လဲ အားလုံး ခင် စီစဉ် ပြီးပြီ"

"ဘယ်လိုစီစဉ်ထားလဲ ခင်"

"ဝတ်လုံတော်ရ တစ်ဦးနဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်း သက်သေရှေ့မှာ စာချုပ်ထားခဲ့တယ်၊ ခင်ဟာ ဘယ်လိုနည်းနဲ့ဖြစ်စေ သေဆုံးသွားသည်ရှိသော် ဘဏ်မှာ အပ်နှံထားခဲ့တဲ့ ခင့်မိဘ ဘိုးဘွားပိုင် ခင့်ဘက် က အမွေအနှစ် ခင် တစ်ဦးတည်းပိုင် ပစ္စည်းတွေဖြစ်၍ စိန်ရွှေရတနာတွေနဲ့ ငွေတွေကို မိဘမဲ့ ကလေး တွေ၊ ခိုကိုးရာမဲ့ အမျိုးသမီးတွေ၊ ဘိုးဘွားရိပ်သာတွေကို အချိုးကျ ခွဲဝေလှူဖို့ အားလုံးစီစဉ်ထားပြီးပြီ မြ"

ဒေါက်တာမြသွင်အေးသည် အားကိုးရာမဲ့ရှိသော မေမေခင်၏ မျက်နှာကို စိုက်ကြည့်ကာ ရင်ထဲမှာ ဆို့လာသည်။ ငါ ဘယ်လို အကူအညီ ပေးရပါမည်လဲဟု တွေးနေရာမှ သူ သိချင်စရာ မကုန်သေး၍ မေးလိုက်၏။

"ဩော်... မြ မေးချင်တာ တစ်ခုကျန်သေးတယ်၊ အခု ခင် နေတာ အိမ်ဖော်လဲ မရှိ၊ မာလီလဲ မရှိ၊ မြံကြီးတစ်ခြံလုံးလဲ တောကြီးမျက်မည်းဖြစ်နေပြီ၊ အိမ်ဖော် မာလီ ရှိနေရင် ခင့်အဖို့ အတော်အသင့် အားကိုးရမှာပေါ့၊ ဘာကြောင့် အဖော်မထားဘဲ တစ်ယောက်ထဲ နေရတာလဲ"

မေမေခင်က မသက်မသာ သက်ပြင်းချပြီး ဖြေ၏။

"အိမ်ဖော်နဲ့ မာလီတွေ မရှိတော့တာက အိမ်က ကိုယ်တော်မြတ်ကောင်းမှုပေါ့၊ အမြဲတေရတနာ ကစ္စ ဖြစ်ပြီး ကထဲက သူကြိမ်းထားတဲ့စကား ရှိတယ် ဟုတ်လား.. ဒီအိမ်ပေါ်က မဆင်းဘဲ ဒီဖွဲ့ကို ကျွတ်အောင် ချွတ်မယ် ဆိုတာလေ၊ အဲဒီစကားကို အကောင်အထည် ဖော်တဲ့သဘောနဲ့ စိတ်ဆင်းရဲအောင် နည်းမျိုးစုံ အသုံးပြုနေတာပဲ၊ ရှိရင်စွဲ အိမ်ဖော်နဲ့ မာလီကို မြန်မြန်ပြေးအောင် မဟုတ်မတရား စွပ်စွဲတယ်၊ နားကြည်းအောင်ရက်အောင် ချိုးချိုးဖဲ့ဖဲ့ ပြောတယ်၊ ဆဲဆိုရိုက်နက် လုပ်တယ်၊ ကုန်ကုန်ပြောရရင် မြရယ်.. မိန်မအိမ်ဖော်ကို ခိုးတယ် ဝှက်တယ်လို့ စွပ်စွဲပြီး လင်မယားချင်း တဆူဆူ တကျက်ကျက်ဖြစ်တော့ အစွပ်စွဲ ခံရတဲ့ အိမ်ဖော်တွေ မာလီတွေဟာ နေလို့ဖြစ်တော့မလား၊ ခင်က တောင်းပန်တယ်၊ လခ ပို ပေးတယ်၊ ဒါပေမဲ့ သူ့ယုတ်မာတဲ့ဒဏ် မခံနိုင်ကြတော့ ပြေးကြတာပေါ့ မြရယ်... အခုတော့ အိမ် နာမည်ပျက်ပြီး ဘယ်သူ့မှ ငှားလို့ မရတော့ဘူး၊ ခင်ကိုယ်တိုင်ကလဲ ငှားရမှာ ရှက်နေပြီ၊ အိမ်မှာ ခင် တစ်ယောက် ထဲရှိမှ သူ လွတ်လွတ်လပ်လပ် ညှဉ်းဆဲနိုင်မယ်ဆိုတဲ့ သဘောပေါ့"

မေမေခင်က စကားဖြစ်ပြီး ငြိမ်နေသလို ဒေါက်တာမြသွင်အေးက စဉ်းစားသလို ငြိမ်နေသည်။ အတန်ကြာ မှ ဒေါက်တာမြသွင်အေးက စကားစပြော၏။

"ခင့်အိမ်မှာ မြနဲ့ ကိုမင်းဇင် လာနေမယ် ဆိုရင်ကော"

မေမေခင်သည် သူ့နားကိုပင် မယုံနိုင်အောင် ဖြစ်သွားသည်။

"ဘာ.. မြ ခင့် ဆီမှာ မြတို့လာနေမယ်... ဟုတ်လား"

မေမေခင် အသံမှာ ဝမ်းသာလွန်းသဖြင့် တုန်နေသည်။

"နေမယ်လို့ စိတ်ကူးမိတယ် ခင်"

"တကယ်ပြောနေတာလား မြရယ်... ခင်က လာနေပါလို့ ပြောမယ် စိတ်ကူးမိပါတယ် မြရယ် ယုံပါ.. ဒါပေမဲ့ မြအနေနဲ့ ဖြစ်နိုင်ပါ့မလား၊ ကိုမင်းဇင်နဲ့ လက်ထပ်ဖို့က ရှိနေတော့ စိတ်အေးချမ်း သာနေချင်တဲ့ ညားကာစ လင်မယားက စိတ်ဆင်းရဲစရာကောင်းလှတဲ့ ခင့်အိမ်လိုနေရာမျိုးကို ခေါ်ဖို့သင့်ပါ့မလား ဆိုတဲ့ စိတ် ကြောင့် ခင် မပြောဘဲ နေတာပါ၊ မြတို့ တကယ်လာနေနိုင် မလား..ဟင်.. "

မေမေခင်သည် ဝမ်းမြောက်အားတက်စွာ ပြန်မေးသည်။ ဒေါက်တာမြသွင်အေးက ရေလည်စွာ ပြန် ပြောပြ ၏။

"လာနေမယ်... ခင်လဲ လုံခြုံမှု ရသွားအောင်ပေါ့ ဒါပေမဲ့ ခင် ဆယ့်ငါးရက်လောက်ကတော့ ဆိုင်းဦး၊ ဘာကြောင့်လဲ ဆိုတော့ မြက နက်ဖြန်ခါ ကွင်းဆင်းမယ့် ဆရာဝန်အုပ်စုမှာ ပါနေတော့ အဲဒါက တစ်ပတ်ကျော် ရှစ်ရက် ကိုးရက်လောက်တော့ ကြာမယ်၊ ကွင်းဆင်းရာက ပြန်လာပြီး လက်ထပ် ရေး စီစဉ် ရမယ်၊ အကျယ်ချဲ့မှာတော့ မဟုတ်ပါဘူး၊ မြရော ကိုမင်းဇင်ရော ငွေ အချည်းနှီးကုန်မယ့် ပကာသန မင်္ဂလာ ဆောင်နည်း မကြိုက်ဘူး၊ ရုံးတက် လက်မှတ်ထိုးကြမှာပါ၊ လက်ထပ်ပြီးမှ ရွှေ့လာနေကြမယ်လေ၊ ဒါမှ ခင့်မော်တော်လဲ မြကို မယုတ်မာနိုင်ဘူး ကိုမင်းဇင်နဲ့လဲ ခင့်ကို မစွပ်စွဲနိုင်တော့ဘူး.. ဟုတ်လား ခင်ရဲ့"

ဒေါက်တာမြသွင်အေး အစီအစဉ်က များစွာ မှန်ကန်သင့်လျော်သဖြင့် မေမေခင်သည မျာစွာဝမ်း သာသွားသည်။

"မြ သဘောပါ.. ကိုမင်းဇင်နဲ့ မြ သဘောကျသလိုသာ စီစဉ်၊ ခင်ကတော့ မြတို့ လာနေမယ်ဆိုတာ ကိုပဲ စိတ်ချမ်းသာပြီး ဝမ်းသာလိုက်တာ မြရယ်၊ အခန်းကျယ်ကြီးတစ်ခန်းကို ခင် ရှင်းထားလိုက် မယ်၊ မြတို့ ကစ္စ မြန်မြန်ပြီးအောင် လုပ်နော်၊ ခင် မျှော်နေမယ်နော် မြ၊ ခင် ဘာလုပ်ထားရဦး မလဲဟင်" မေမေခင်သည် ဆွေ့ဆွေ့ခုန်မျှ ဝမ်းသာနေရှာသည်။

"ဘာမှ လုပ်ထားစရာ မလိုပါဘူး ခင်၊ တစ်ခုတော့ ခင် သတိထားနော်"

"ဘာလဲ မြ ပြော ... ခင် အားလုံး နားထောင်မယ်"

"မြတို့ ပြောင်းလာနေမယ်ဆိုတာကို ခင့်မောင်တော် လုံးဝမသိစေနဲ့၊ ကြိုတင် သိနေရင် သူတို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ပြီး အခြေအနေတစ်မျိုးဖြစ်သွားအောင် ခင့်ကို ဒုက္ခပေးနေဦးမယ်"

ဒေါက်တာ မြသွင်အေးက နှုတ်ပိတ်သတိပေးသည်။

"ဟုတ်တယ် မြ၊ စိတ်ချနေ ခင် လေသံတောင် မဟဘူး"

မေမေခင်က ကတိပေးပြီး ဆက်ပြောသည်။

"အခုလို မြတို့ လာနေမယ်ဆိုတာ ခင် ကျေးဇူးတင်၊ ဝမ်းလဲသာပဲ၊ အဖော်ခေါ်ရမလောက်တဲ့ အခြေအနေ ဖြစ်နေတော့ ခင် ဘယ်လောက်အထိ စဉ်းစားတယ်ထင်လဲ မြ"

"ဘယ်လိုစဉ်းစားလဲ ခင် ..."

"ရှိသမျှ ပစ္စည်းတွေအားလုံး ရောင်းပစ်ပြီး လွတ်ရာလွတ်ကြောင်း ထွက်သွားဖို့တောင် စိတ်ကူးမိ တယ်၊ ဒါပေမဲ့ ဒင်းက ဒီအိမ်ပေါ်က မဆင်းဘဲ ပေနေရင် ဝယ်တဲ့လူက နောက်ဆုတ်သွားမယ်ဆို တာ တွေးမိလို့ လူသိမခံတော့ဘဲ ကြိတ်မှိတ်နေခဲ့တာ ... "

"ဟုတ်တယ် ခင်ရဲ့၊ အိမ်ဝယ်ပြီး နေတဲ့လူက ဆင်းမပေးရင် စိတ်ဆင်းရဲစရာကောင်းလို့ အိမ်ဝယ် သူတွေကလဲ အဲဒီအချက်ကို သိပ်ဂရုစိုက်ကြတာ"

သူငယ်ချင်းနှစ်ယောက် စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်နေရာကြရာ နေဝင်ပြီး မှောင်ရိပ် လွှမ်းလာသည်ကိုပင်

သတိမထားမိကြချေ။ ညှော်ခန်းထဲရှိ သံစုံတိုင်ကပ်နာရီကြီးမှ ခြောက်နာရီထိုး သံ ထွက်လာသည်။

"ဟယ် ... အချိန် ကုန်မှန်းမသိ ကုန်သွားလိုက်တာ မှောင်စပျိုးလာပါပြီကော၊ တို့နှစ်ယောက်က ဝရန်တာမှာ ထွက်ထိုင်နေကြတော့ မှောင်မှန်းမသိဘဲ ဖြစ်နေတယ်"

နာရီထိုးသံကြား၍ ဒေါက်တာမြသွင်အေးက ပြောမှ မေမေခင်

"ဟုတ်သားပဲ မြရေ ..."

ဟု ဆိုကာ ထိုင်ရာကထပြီး မီးတွေဖွင့်လိုက်သဖြင့် အိမ်ထဲမှာ လင်းသွားသည်။

"ကြည့်စမ်း ခင်ရယ် ... တို့နှစ်ယောက် စကားကောင်းနေလို့ ကျေးသားလေးကို မကြည့်မိဘူး၊ ခု နေဝင်လို့ မှောင်နေပြီ၊ သူ မအိပ်သေးဘူးနော်၊ မြနဲ့ ခင် စကားပြောတာကို နားထောင်နေတယ် ထင်တယ်၊ ကျေးသားလေးက မြမျက်နှာကိုရော အသံကိုရော ကောင်းကောင်းမှတ်မိမယ် ထင်တယ်"

မေမေခင်က လှောင်အိမ်ကို ဖြုတ်ယူနေရာမှ ...

"သူကလေး သိပ်လိမ္မာတယ်၊ ညအချိန်မှာလေ ခင် ခြင်ထောင်ချ မီးငြိမ်းပြီး အိပ်ရာထဲ ဝင်လာတဲ့ အထိ သူ မအိပ်ဘူး၊ လှောင်အိမ်ထဲက နေပြီး ခင့်ကိုပဲ ကြည့်နေတယ်"

မေမေခင်က ပြောပြီး ငှက်လှောင်အိမ်ကို အိပ်ခန်းထဲ ယူသွားသောအခါ ဒေါက်တာမြသွင်အေးက မေမေခင့် အခန်းထဲ လိုက်လာပြီး ကြည့်သည်။ သပ်ရပ်သန့်ရှင်းသော အခန်းထဲတွင် အိပ်ရာပြင်ထား သော တစ်ယောက်အိပ် ခုတင်တစ်လုံး၊ အဝတ်ဗီရို၊ သောက်ရေအိုးနှင့် ငှက်လှောင်အိမ် တင်သော စားပွဲ တစ်လုံး ရှိနေသည်။

ဒေါက်တာမြသွင်အေးသည် မေမေခင် အဖြစ်ကို သနားကြင်နာလျက်နှင့်ပင် မပြန်မဖြစ်၍ ပြန်ရပေ တော့မည်။

"စိတ်ချမ်းသာအောင်နေ ... မကြာပါဘူး ခင်ရယ်၊ ဆယ့်ငါးရက်ထဲပါ။ မြတို့ ရောက်လာတော့မှာပါ၊ ဒီရက် အတွင်း သတိမလစ်စေနဲ့ ... ကဲ မြ ပြန်ဦးမယ်"

ဒေါက်တာမြသွင်အေးက ပြောပြောဆိုဆို ထိုင်ရာက ထသောအခါ မေမေခင်၏ မျက်နှာသည် အားငယ်ဝမ်းနည်းသွားသော အရိပ်ကြောင့် ညှိုးသွားရှာသည်။

"မြ သတိပေးတဲ့အတိုင်း ခင် နေပါမယ်"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ပြီး အိမ်အောက်ဆင်းလာကြ သည်။ ဆင်ဝင်အောက်တွင် ဖွင့်ထားသော လျှပ်စစ်မီးရောင်ကြောင့် ဒေါက်တာမြသွင်အေး၏ မော်တော်ကား ရပ်ထားသည့် နေရာမှာ လင်းနေသည်။

"ကဲ မြသွားမယ် ... ခင် အိမ်ပေါ်ပြန်တက်၊ တံခါး သော့ခတ်လိုက်တော့"

ဒေါက်တာမြသွင်အေးက မော်တော်ကားပေါ် ပြန်တက် စက်နှိုးပြီး ပြောသည်။ မေမေခင် အိမ်ပေါ် ပြန်တက်သွားပြီး တံခါးသော့ခတ်လိုက်မှ ဒေါက်တာမြသွင်အေးက စိတ်မကောင်းစွာ ကားကို မောင်းထွက် လာခဲ့သည်။

ကိုအောင်စိုး၊ မိမိလေးနှင့် နောင်ဘုရားတို့သည် ခေါင်းချင်းဆိုင်ကာ အကြိတ်အခဲကြီးစွာဖြင့် တီးတိုး တိုင်ပင်နေကြသည်။ မြွေ အမြုတေ ရတနာ၏ တန်ခိုးအစွမ်းသတ္တိကို ချစ်သောလင်ကို ယုံကြည် စတ်ဖြင့် ဖွင့်ဟပြောမိသော မေမေခင်၏ စကားအားလုံး မောင်မောင်မျိုးက တစ်လုံးမကျန် ပြန် လည် အစီရင်ခံထား၍ ကြားရသော သူတို့သုံးယောက်သည် အမြုတေ ရတနာကို များစွာ မက်မောနေကြသည်။ လိုချင် လောဘကြီးလှစွာဖြင့် မည်ကဲ့သို့သောနည်းဖြင့် ရနိုင်မည်ဟု ကြံစည် ကြသည်။ တွေးကြသည်။ မောင်မောင်မျိုး အနေဖြင့်ကား မေမေခင်ကို ကိုယ်ထိလက်ရောက် ချုပ်ကိုင်လုယူရန် အရေးကို မည်သည့်နည်းနှင့်မှ မလုပ်ဝံ့ကြောင်း အတိအလင်း ဖွင့်ဟပြောကြား ထားပြီးလေပြီ။ မောင်မောင်မျိုးက သူကိုယ်တိုင် ခံစားလာခဲ့ရသော ကိုယ်တွေ့အဖြစ်ကို တိတိ ကျကျ ပြောသဖြင့် ကိုအောင်စိုး၊ မိမိလေးနှင့် နောင်ဘုရားတို့က မေမေခင်ကို ချုပ်ကိုင်နိုင်ရန် အရေး အမျိုးမျိုး ကြံစည်တွေးကြသည်။

သူတို့အဖို့ ခက်သည်က မေမေခင်၏အိမ်သည် တစ်ထပ်ခြေတံရှည် အိမ်အမြင့် ဖြစ်သည်။ နောက်ဖေး လှေကားထိပ်တံခါးသည် မည်သည့်အခါမှ မဖွင့်ဘဲ အတွင်း အမြဲ မင်းတုပ်ချပိတ်ထား သည်။ အိမ်ရှေ့လှေကားထိပ်တံခါး၏ သော့သည် မောင်မောင်းမျိုးထံမှ သော့တစ်ချောင်း ရှိနေ၍ အချိန်မရွေး ဖွင့်နိုင် ဝင်နိုင်သည် ဆိုသော်လည်း အိမ်ပေါ်အမြင့်က စီးကြည့်နေသော မေမေခင် သည် သူတို့လာသည်ကို ကြိုတင် မြင်နေသည်ဖြစ်၍ သူတို့အိမ်ပေါ်ရောက်သည့်အခါမှာ မေမေခင် နှင့် ကျေးသားလေးက အခန်းထဲရောက်နှင့်ပြီး တံခါးကို သော့ခတ်ပိတ်ထားပြီးသား ဖြစ်နေသည်။ မေမေခင် ယူထားသော အခန်းထဲမှာ ရေချိုးခန်း၊ အိမ်သာ အစုံအလင် ရှိသည်။ တယ်လီဖုန်းကို မေမေခင်က သူ့အခန်းထဲ ရွှေ့သွင်းထားသည်။

သူတို့လူစု လာအိပ်သည့်အခါ မေမေခင် အခန်းထဲက မီးပိတ်ထား၍ မှောင်နေသည်။ အသံဟူ၍ လုံးဝ မကြားရချေ။ သူတို့က အပြင်ဘက်မှ ခေါ်ပြောနှုတ်ဆက်သော်လည်း မေမေခင်ထံမှ တုံ့ပြန် ချက် လုံးဝမရ။ အိပ်ပျော်ခြင်း မဟုတ်ဘဲ မြုံနေကြောင်း သူတို့ သေသေချာချာ သိကြသည်။

သူတို့အဖို့ မရှုနိုင် မကယ်နိုင်ဖြစ်အောင် အကြံရ ကြပ်နေသည်မှာ မေမေခင်ကို အသက်သေအောင် သတ်လျှင် မြေအမြဲတော ရတာနာ

ရှာမတွေ့ဘဲ ဆုံးရှုံးမည်။ မေမေခင်ကို ချော့မော့သိမ်းသွင်းပြီး အကြည်အသာ တောင်းယူရအောင်ကလည်း သူတို့လူစုကို မေမေခင်က လုံးဝ စကားလက်ခံ ပြောဆိုခြင်း မပြုဘဲ ဖြစ်နေသည်။ ထိုအခါ ကိုအောင်စိုး၊ မိမိလေးနှင့် နောင်ဘုရားသည် မောင်မောင်မျိုး မလိမ္မာ၍၊ အကိုင်အတွယ် မတတ်၍၊ စကားပြော မဆင်ခြင်၍သာ မေမေခင် ရိပ်မိ သွားခြင်းဖြင့် အမြုတေ ရတနာကို ရယူရန် ခဲယဉ်းသွားပြီဟု မှတ်ချက်ချကာ မောင်မောင်မျိုးကို အပြစ်တင်ကြသည်။ မောင်မောင်မျိုးသည် သူ ယုံကြည်လွန်း ကြည်ညိုလွန်းသော နောင်ဘုရား၊ သူချစ်သော အစ်ကို၊ သူချစ်သော မရီးတို့မှ မျက်နှာကောင်း မရဘဲ အပြစ်တင်ခံရသောအခါ မေမေခင်ကို မုန်းသည်ထက် မုန်းလာသည်။

"ငါ လင်ယောက်ျား တစ်ယောက်လုံးကို ဒင်းကို မယုံမကြည်နဲ့ လူပါးဝလိုက်တဲ့ မိန်းမ၊ ဒီမြွေအမြုတေ ရတနာကို ငါ့လက်ထဲ ရော်ကလာအောင် ဘယ်နည်းနဲ့ဖြစ်ဖြစ် ငါ ကြံမယ် ..."

မောင်မောင်မျိုးသည် သူတို့ဘက်က ဆိုးယုတ် ရက်စက်စွာ ပြုမူထားသည်များကို မမြင်မတွေးဘဲ မေမေခင် ကိုသာ မုန်းတီးစွာ အပြစ်ဖို့ နေသည်။

"မျိုး ဘာကိုပဲဖြစ်ဖြစ် မိမိတို့နဲ့ တိုင်ပင်ပါ"

လေသံအေးအေးဖြင့် မိမိလေးက မှာကြားသည်။

"ညီလေးရာ မင်း ရှေ့လောကြီးပြီး မဆင်မခြင်လုပ်လို့ အခုလောက် နောက်နေးသွားရတာ၊ မင်းသာ လိမ္မာပါးနပ်ရင် ဒီရတနာဟာ အခုဆိုရင် တို့လူစုထဲက တစ်ယောက်ယောက် ပိုင်နေပြီ၊ ညီလေး သိပ်လို သွားတယ်ကွာ"

ကိုအောင်စိုးက မချင့်မရဲ အပြစ်တင်သည်။

နောင်ဘုရားက စဉ်းစားသလို ငြိမ်နေရာမှ ပြောလိုက်၏။

"အချိန်သိပ်ဆွဲနေလို့ မဖြစ်တော့ဘူး၊ ကိစ္စတစ်ခုဟာ ဆောင်ရွက်စရာရှိတာကို မြန်မြန်ဆောင်ရွက်မှ ကောင်းမယ်၊ အဲဒီတော့ နမငယ် အသက်ကို ရန်မရှာဘဲ ရတနာကို လက်ဝယ်ရတဲ့နည်း နောင်ဘုရား အကြံပေးမယ်၊ နောင်ဘုရား အစီအစဉ်အတိုင်း လိုက်နာကြ"

"နောင်ဘုရား မိန့်ကြားချက်တွေကို မြေဝယ်မကျ နားထောင်ခဲ့ကြသူတွေပါ။ နောင်ဘုရား အစီအစဉ်ကိုသာ မိန့်ကြားပါ ..."

မိမိလေးက ကျိုးနွံနာခံစွာ ပြောသည်ကို ကိုအောင်စိုးနှင့် မောင်မောင်မျိုးတို့ ညီအစ်ကိုက သဘောကျ ကျေနပ် ဟန်ဖြင့် စောဒက မတက်ကြဘဲ နောင်ဘုရား မျက်နှာကို ယုံကြည်အားကိုးစွာ ကြည့် နေကြ လေသည်။

ဒေါက်တာမြသွင်အေးသည် မေမေခင်ထံမှ ပြန်လာခဲ့ပြီး ခရီးမထွက်မီ ရသမျှ အချိန်လေးမှာ ချစ်သူ မောင်မင်းဇင်နှင့် တွေ့ဆုံကာ သူနှင့် မေမေခင် တိုင်ပင်လာသည့် အစီအစဉ်ကို ပြောပြသည်။ မောင်မင်းဇင်က ဒေါက်တာမြသွင်အေး စကားကို မပယ်ရှားချေ။

"အစကထဲက မြကို ကြောက်နေရတာပဲ၊ မြ သဘောကျ စီစဉ်လာတာ မောင်လဲ သဘောကျပါ တယ်"

"မောင်နော် ... ဘာလဲ စကားက ခနဲ့သလိုလိုနဲ့"

"အမယ်လေး ... မခနဲ့ပါဘူးဗျာ ... မြကို ချစ်လွန်းလို့ မြ သဘောကျ ဆိုင်းဦး စောင့်ဦးဆိုလို့ စိတ်ရှည်ရှည် သစ္စာရှိရှိ စောင့်နေခဲ့တာ ဆယ်နှစ်က နည်းနည်းတောင် ကျော်နေပြီ၊ အပျိုကြီး လူပျို ကြီးဘဝရောက်မှ လက်ထပ်ရတော့မှာဆိုတော့ စိတ်က ပိုပြီး အလျှော့ပေးချင်သေးတယ် မြရယ်"

"မြ စီစဉ်ခဲ့တာကလဲ နှစ်ဦးနှစ်ဘက် ကောင်းပေါ့၊ မောင့်မိဘရော မြမိဘရော နယ်မှာ ရှိနေကြတယ် ဟုတ်လား၊ မောင်နဲ့မြ အိမ်ငှားနေရမယ့်အတူတူ ခင့်ကို လုံခြုံမှုလဲ ပေးနိုင်အောင်လို့ အတူပေါင်း နေရအောင် စီစဉ်ခဲ့တာပါ။ ခင့်အခြေအနေကို မောင်က မမြင်ရလို့၊ တကယ်ပဲ သိပ်သနားဖို့ ကောင်းတယ် မောင်"

ဒေါက်တာမြသွင်အေး စကားကို မောင်မင်းဇင်က ထောက်ခံပြောသည်။

"မောင် မမြင်ရပေမယ့် မောင် သိတယ်၊ သူ့ယောက်ျား ယုတ်မာလွန်း သဘောထား သေးလွန်းလို့ နှစ်ဦးနှစ်ဘက် သိက္ခာပျက်မှာ တွေးပြီး မောင် မသွားဘဲနေခဲ့တာ၊ တယ်လီဖုန်းနဲ့တော့ အဆက် အသွယ် ရနေပါတယ်၊ ဒါတောင် မောင် တယ်လီဖုန်း မဆက်တာ ကြာပြီ၊ ခင့်ဆီကလဲ တစ်ခါတစ်ရံ သာ သူ သိချင်တာကလေး လှမ်းမေးတတ်တယ်"

"မောင်က လူကိုယ်တိုင် မသွားနိုင်တာ တယ်လီဖုန်းတော့ မကြာခဏ ဆက်ဖို့ ကောင်းပါတယ်၊ ဘာကြောင့် မဆက်တာလဲ"

"ဩော် ... မောင်ကလဲ အမှုကိစ္စနဲ့ မကြာခဏ ခရီးထွက်နေရတတ်တယ် ဟုတ်လား၊ ဟိုတစ်ခါ ဖုန်းဆက်လိုက်တော့ ချိန်းထားတာကမှ လွဲလိမ့်ဦးမယ် သူ့ယောက်ျားနဲ့ တန်းတန်းမတ်မတ် သွားတိုးတာပဲ၊ မင်းဇင်မှန်းလဲသိ ခင့်ကို စကားပြောဆိုလိုကြောင်းလဲသိရော ဘယ်လောက် မိုက်ရိုင်းလဲဆိုတာ လူကို မမြင်ရတော့ အသံလေး ကြားချင်နေတာလား၊ ဒီအခြေအနေအထိ ဖြစ်နေကြပြီလားတဲ့ မြရယ် ... မောင်လဲ စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ အနားမှာ ရှိနေရင် တစ်ခုခုလုပ်မိမယ်တောင် ထင်တယ်၊ ဖုန်းကို ပစ်ချလိုက်တယ်၊

နောက်တော့ မောင် တစ်ခါမှ မဆက်တော့ဘူး ... ဒီအကောင်နဲ့ ခဏခဏ တိုးမိနေရင် မကောင်းတော့ဘူးလေ"

"ခင့်ယောက်ျားကတော့ လူထဲကလူ မဟုတ်တော့ပါဘူး မောင်၊ ဒါကြောင့်လဲ ခင့်ကို စောင့်ရှောက် ရာလဲ ရောက်အောင် မြတို့ သွားနေမယ် စီစဉ်ခဲ့တာပေါ့၊ အခု တယ်လီဖုန်းကို ခင်က သူ့အိပ်ခန်းထဲ ရွှေ့ထားလိုက်ပြီ၊ မြ ခရီးထွက်နေခိုက် မောင် မကြာခဏ ဖုန်းဆက်ပြီး အခြေအနေကို မေးကြည့် ပါ"

"မြ ဘယ်နှစ်ရက်လောက် ကြာမလဲ"

"တစ်ပတ်ကျော်မယ် ထင်တယ်၊ ပြန်လာရင် လက်ထပ်ဖို့ကိစ္စ မြန်မြန်ပြီးအောင် မောင်က တရား သူကြီး သက်သေ စာချုပ် အားလုံး အဆင်သင့်လုပ်ထားနော်"

"စိတ်ချပါ မြ၊ မှာကြားတာတွေအားလုံး အဆင်ပြေအောင် မောင် လုပ်ထားပါမယ်"

"ခင့်ဆီ ဖုန်းဆက်ဖို့လဲ မမေ့နဲ့နော်"

"မမေ့ပါဘူး၊ တယ်လီဖုန်းမှာ ဘေးရန် မရှိဘူးဆိုရင် မောင်တစ်ရက်ခြားလောက် ဆက်ကြည့်မယ်"

"ကဲ ... မြ စိတ်ချလက်ချ ခရီးထွက်တော့မယ် မောင်ရေ့"

ဒေါက်တာမြသွင်အေးတို့အဖွဲ့သည် ကွင်းဆင်းပြီး ကြည့်ရှုစစ်ဆေးကုသခဲ့ကြသည်မှာ ဆယ့်နှစ်ရက် ရက်တိတိ

ကြာသွားသည်။ ဤရက်အတွင်းမှာ ဒေါက်တာမြသွင်အေးအဖို့ တာဝန်ကို အမှားအယွင်း မရှိရအောင် ထမ်းဆောင်နေရသော်လည်း နောက်ပိုင်း စိတ်မဖြောင့်ရှာပေ။ အခြားသူများလို ဆွေမျိုး ညီအစ်ကို မောင်နှမ မိဘအတွက်လည်း ပူပန်စရာ မရှိ၊ လင်ယောကျ်ား သားသမီးကိစ္စ ဟူ၍လည်း ကင်းရှင်းနေသေးသူ ဖြစ်လျက်၊ ငယ်သူငယ်ချင်းဖြစ်သူ မေမေခင်အတွက် စိတ်မဖြောင့် နိုင်အောင် ဖြစ်နေမိသည်။

တောရွာ ကျေးလက်ဒေသသို့ ရောက်နေသည်ဖြစ်ရာ စိမ်းစိုညိုမှိုင်းသော တောတန်း သစ်ပင်များ ဆီမှ တသုန်သုန် တဖြူးဖြူး ဆော်မြူးတိုက်ခတ်လာသော လေပြည်တွင် ချိုလွင်သာယာ၊ မာဂဓတေး ဟစ်ကြွေးထူးခေါ် မြူးပျော်ရွှင်ချို လူလိုသဘော သံစုံနော၍ သောသောညံစီ၊ ငှက်ပေါင်း စုံတို့၏ တေးသီသံတွေ လွင့်ပျံလာသည်များကို ကြားရသောအခါ ဒေါက်တာမြသွင်အေး၏ မျက်စိ အာရုံတွင် ညှိုးငယ်သော မေမေခင်၏ မျက်နှာကလေးကို မြင်ယောင်လာသည်။ ထိုအခါ စိတ်မချမ်း မြေ့သော အရှိန်ကြောင့် လှိုက်လှိုက်လှဲလှဲ အသည်းနှလုံးထဲမှ ထွက်လာသောအသံဖြင့် သီဆိုပြရှာသည်။

"ခင်တစ်ယောက် ဘယ်လိုအခြေအနေမျိုး ရောက်နေပါလိမ့် နှောင်ဘုရား ဆိုတာကြီးနဲ့ သူ့အစ်ကို သူ့မရီးတွေများ အိမ်ပေါ်ရောက်နေကုန်ကြပြီလား ခင် အငိုက်မိခံရရင်တော့ သက်သာမှာ မဟုတ်ဘူး ဘယ်လောက် အားငယ်နေရှာမလဲ ငါ့ကို မျှော်နေရှာပေလိမ့်မယ်"

ဟု တွေးမိသောအခါ စိတ်က အလုပ်တာဝန်ထဲမှ အခိုက်အတန့် လွတ်ထွက်ကာ မေမေခင်ထံ ရောက်သွားတတ်သည်။ ထိုအခါ ငိုင်ငိုင်ငေးငေး ဖြစ်သွားသော ဒေါက်တာမြသွင်အေးကို ...

"ဒေါက်တာ ဒေါ်မြသွင်အေး ... ဘယ်လိုလဲ မှိုင်လှချေလား၊ လွမ်းစရာ ဆွေးစရာတွေ ရှိလာပြီ ထင်တယ်၊ အပျိုကြီး တွေ အဲဒါခက်တာပဲ၊ လူသိမှာ ရှက်ပြီး ကြိတ်ဆွေး မြုံဆွေး တော်တော်ကြာ အနာဆွေးကြီး ဖြစ်လို့ ဆရာဝန်အချင်းချင်းတောင် မကုတတ်ဘဲ ဖြစ်နေမယ်နော် ..."

ဟု အဖွဲ့ထဲမှာပါသည့် ဆရာဝန်တွေထဲက ခင်မင်ရင်းနှီးသူများက နောက်ပြောင်ကျီစယ်ကြသည်ကို ပင် ခံနေရသည်။

"ဒေါက်တာတို့ မသိပါဘူး၊ မြအပူက ထောင့်ငါးရာအပူ မဟုတ်ဘူးရှင့်၊ ငါးရာနှစ်ဆယ့်ရှစ် အပူမျိုး၊ အင်မတန် သန့်ရှင်းစင်ကြယ်တဲ့ အပူမျိုး ..."

ဟု စိတ်မကောင်းသည့်အထဲက သူ့ကို လင်တရှူး ရည်းစားပူမိသူဟု ထင်မှာစိုး၍ ဒေါက်တာ မြသွင်အေးက ပြန်ချေတတ်သည်။

သို့နှင့်ပင် တာဝန်ကုန်ဆုံး၍ ရန်ကုန်သို့ ပြန်ရောက်လာကြသည်။ ရန်ကုန်သို့ မနက် ဆယ်နာရီ လောက် ရောက်လာသောနေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ ဒေါက်တာမြသွင်အေးသည် အထုပ်အပိုးကို ပစ်ချကာ ကပျာကသီ ရေချိုး၊ ထမင်းစား၊ အဝတ်လဲပြီး ဂျစ်ကားကို

ခပ်သွက်သွက်မောင်းပြီး မေမေခင်အိမ်သို့ လာခဲ့သည်။ ခရီးဝေးက ပြန်လာသော ဒေါက်တာမြသွင်အေးအဖို့ အသက်တမျှ ချစ်သောသူ လက်ထပ်မည့် ဆဲဆဲ မောင်မင်းဇင်ကို သွားတွေ့ရန် စိတ်မကူးနိုင်အားပဲ အားကိုးရာမဲ့ ရှာသူ သူငယ်ချင်း မေမေခင် ကို ဦးစားပေးတွေးကာ မေမေခင် အိမ်သို့ လာခဲ့သည်။

မေမေခင့် အိမ်ကြီးမှာ သူ နောက်ဆုံး ထွက်ခွာလာစဉ်ကလို ခြောက်သွေ့ဆိတ်ငြိမ်နေခြင်း မရှိ တော့ချေ။ အိမ်ပေါ် မှ စကားပြောသံ ရယ်မောသံတွေကို စိုစိုပြည်ပြည် ဝေဝေဆာဆာ ကြားနေရ သည်။ ဒေါက်တာမြသွင်အေး ၏ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ဒီအချိန်ဆိုရင် ခင်က သူတစ်ယောက်ထဲ နေရတယ်လို့ ပြောပါတယ်။ သူ့ယောက်ျားနဲ့ ပြန်လည် သင့်မြတ်နေကြပြီလား၊ သူ့ခဲအိုတို့ လူသိုက် ရောက်နေကြတာလား"

ဒေါက်တာမြသွင်အေးက တွေးရင်း ဂျစ်ကားကို ဆင်ဝင်အောက်မှာ စက်သပ်ပြီးရပ်ကာ ဂျစ်ကား ပေါ်မှ ဆင်း လိုက်သည်။

"ဘာကိစ္စ ရှိလို့ပါလဲ ခင်ဗျာ ..."

သိမ်မွေ့ယဉ်ကျေးစွာ မေးလိုက်သော မောင်မောင်မျိုး၏ အသံက အိမ်ပေါ်မှ လွင့်လာသည်။ ဒေါက်တာမြသွင်အေးက အသံလာရာသို့ မော့ကြည့်လိုက်သောအခါ အိမ်ပေါ် ဆင်ဝင်အောက် ပြတင်းပေါက် မှ

သူ့ကို ငုံ့ကြည့်နေသော မောင်မောင်မျိုးကို တွေ့ရ၏။ မောင်မောင်မျိုးနှင့် ယှဉ်လျက် ချောမော လှပသော အမျိုးသမီးတစ်ယောက်က မောင်မောင်မျိုးနည်းတူ ဒေါက်တာမြသွင်အေးကို ငုံ့ကြည့် နေသည်။

"မေမေခင်နဲ့ တွေ့ချင်လို့ပါ"

ဒေါက်တာမြသွင်အေးက ဖြေရင်း မောင်မောင်မျိုးနှင့် ကိုယ်လုံးချင်း ထိလုနီးပါး ပူးကပ်လှဉ်တွဲနေ သော မိန်းမချောကို ကြည့်လိုက်သည်။ အမျိုးသမီးကား ချောမောလှပသော ရုပ်ရည်အပြင် အသား အရောင်က ကြည့်ရသူအဖို့ စွဲမက်စရာ ကောင်းလှသည်။ အမျိုးသမီး၏ အသားရောင်သည် အဖြူ သက်သက် မဟုတ်ဘဲ၊ ဝါဝင်းသော အရောင်ဖြင့် နုညက်စင်ကြယ်လှသည်။ ဝင်းဝင်းပပ မြင်ရပြီး ထိတွေ့သူအဖို့ နူးညံ့ အိစက် မည့် အတွေ့ကို ပေးမည့် အသားအရေ အရောင်အဆင်း ဖြစ်သည်။ မေမေခင်ကို မတွေ့ရဘဲ ဤမိန်းမချောနှင့် မောင်မောင်မျိုးတို့ ထိလုနီးမျှ ယှဉ်တွဲနေဟန်ကို ကြည့်ရင်း ဒေါက်တာမြသွင်အေး စိတ်ထဲ မှာ မသန့်မရှင်း ဖြစ်လာသည်။ မေမေခင် ပြောခဲ့ဖူးသော စကားတစ်ခွန်းကို သတိရလိုက်မိသည်။

"နာမည်က မိမိလေးတဲ့၊ ရုပ်ရည်ကတော့ မိန်းမအချင်းချင်းတောင် ငေးကြည့်ရအောင် လှတယ်၊ အခြေအနေ မရှိတဲ့ အတန်းအစားထဲကပါပဲ၊ လည်လိုက်တာလဲ မွတ်လို့၊ ဖဲရိုက်လိုက်တာလဲ သဲကြီး မဲကြီး၊ လင်ကို ရော မတ်ကိုရော သူ

ကြိုးကိုင် ခြယ်လှယ်နေတာ၊ အခု နှောင်ဘုရားဆိုတဲ့ လူလိမ် ကို သူပဲ ကြည်ညိုပြီး အသက်သခင်ဆိုပြီး အိမ်ဦးခန်းတင် ကိုးကွယ်ရာက လင်ရော မတ်ရော ပါတီဝင် ဖြစ်သွား တာသာ ကြည့်တော့ ..."

ဟူသော မေမေခင် စကားကို ပြန်လည် သတိရလိုက်သည်တွင် ဤမိန်းမချောသည် မိမိလေးဆိုသူ ပင် ဖြစ်ရမည် ဟု အတတ်တွေးလိုက်၏။

"မေမေခင် မရှိပါဘူး"

မောင်မောင်မျိုးက ဖြေသည်။

"ဘယ်ကိုသွားပါသလဲ ..."

"မသိပါဘူး"

"ဘယ်အချိန်လောက် ပြန်ရောက်လဲ"

"မသိပါဘူး"

စိတ်ဝင်စားဟန် လုံးဝမရှိဘဲ ဖြေနေသော မောင်မောင်မျိုး၏ လေသံကို ဒေါက်တာမြသွင်အေးက မနှစ်မြို့ လျက် နှင့် စိတ်ကိုချုပ်တည်းပြီး ကောင်းကောင်းမွန်မွန်ပင် မေးရပြန်သည်။

"ဘယ်အချိန်လောက်က ထွက်သွားပါသလဲ"

မောင်မောင်မျိုးကလည်း ကောင်းကောင်းမွန်မွန်ပင် ပြန်ဖြေသည်။

"ဟုတ်ကဲ့ ... သူ့မိတ်တွေ ဆိုတာတွေကမေးလို့ ကျွန်တော်လဲ ထပ်တလဲလဲ ဖြေနေရတာပါပဲ၊ မေမေခင် ဘယ်သွားမှန်း ကို မသိပါဘူး၊ ဘယ်တော့ ပြန်လာမယ်ဆိုတာလဲ ကျွန်တော် မခန့်မှန်း တတ်ပါဘူး ခင်ဗျာ"

"ရှင် ... မေမေခင် ဘယ်သွားမှန်း မသိဘူး၊ ဟုတ်လား ..."

ဒေါက်တာမြသွင်အေးက အံ့ဩစွာ ပြန်မေးသည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်အစ်ကိုနဲ့ မရီ အိမ်နေစရာမလို့ အားကိုးတကြီးနဲ့ ဒီအိမ်ပေါ် နေပါရစေလို့ တောင်းပန်ပြီး ပြောင်းလာတာကို မကြည်ဖြူနိုင်ပါဘူး၊ လက်မခံနိုင်ဘူး၊ ရှင့်အစ်ကိုနဲ့ မရီးကို လက်ခံ ထားရင် ရှင့်ကို မပေါင်းဘူး၊ ဆင်းမယ် ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ အိမ်ပေါ်က ဆင်းသွားလေ ရဲ့၊ နှစ်ရက်ရှိပြီ ..."

မောင်မောင်မျိုး စကားဆုံးသောအခါ ...

"ဩော် ... မေမေခင် မရှိတာ နှစ်ရက်တောင် ကြာသွားပြီကိုး"

"ရှင်က လိုက်မခေါ်ဘူးလား"ဟု မေးလိုက်သည်။

"အားကိုးရာမဲ့လို့ လာမှီခိုတဲ့ ကျွန်တော့်အစ်ကိုနဲ့ မရီးအပေါ်မှာ စေတနာယုတ် သဘောထားသေး ပြီး စိတ်ဆိုး ဆင်းသွားတဲ့ မိန်းမကို ကျွန်တော် လိုက်ချော့ရင် ပိုကဲပြီး ပိုဆိုးသွားမှာပေါ့၊ နောက်ပြီး ဘယ်ကို သွားမယ်ဆိုတာလဲ မပြောတော့ ကျွန်တော်က ဘယ်နေရာ

လိုက်ခေါ်ရမှာလဲ၊ သူ စိတ်ဆိုး ပြေလို့ ပြန်လာရင် လဲ လာ၊ မလာရင်လဲ မတတ်နိုင်ဘူး ခင်ဗျာ"

မောင်မောင်မျိုးက စိတ်နာသော လေသံဖြင့် ပြန်ပြောသောအခါ၊ ဒေါက်တာမြသွင်အေးက စိတ်ထဲ မှာ များစွာ မကောင်းခြင်း ဖြစ်ရလေသည်။

မေမေခင်သည် ဒေါက်တာမြသွင်အေးနှင့် မောင်မင်းဇင် တို့ လက်ထပ်ပြီး လာနေမည်ဖြစ်၍ အခန်းကျယ် ကြီး တစ်ခုကို ရှင်းထားမည်ဟု ပြောခဲ့သည်။ သူ့စကားအတိုင်း ရှင်းလင်းသုတ်သင် ပြင်ဆင်နေသည်ကို တွေ့ရသော မောင်မောင်မျိုးတို့ လူစု သည် တစ်စုံတစ်ယောက်က သူက မေမေခင် အဖော်ရအောင် လာနေ တော့မည်ကို ရိပ်စားမိ၍ သူတို့လူစုက ဦးအောင် ဖွတ်အတင်း တက်လာကြသည့်အတွက် မေမေခင် စိတ်ဆိုးပြီး ဆင်းသွား လေသလားဟု ဒေါက်တာမြသွင်အေးက တွေးကာ အတန်ကြာ ငိုင်နေပြီး မှ ...

"ခင် မွေးထားတဲ့ ကျေးသားလေးရော"

ဟု မေးမိသည်။

"သေသွားပြီ ... "

မောင်မောင်မျိုးက ဖြေ၏။

"ခင်သွားပြီးမှ သေတာလား"

"ဟုတ်ပါတယ်၊ သူ စိတ်ဆိုးဆင်းသွားပြီးမှ သူ့သတ္တဝါလေး သတိရလို့ သွားကြည့်တော့ လှောင်အိမ် ထဲမှာ ပဲ သေနေတာ တွေ့ရတယ်၊ လှောင်အိမ်ထဲက ယူထုတ်ပြီး ခြံထဲ လွှင့်ပစ်လိုက်ရတယ်"

မောင်မောင်မျိုး စကားဆုံးသောအခါ အတူယှဉ်တွဲရပ်နေသူ မိန်းမချောက ...

"မေးစရာ သိချင်စရာတွေ ကုန်ပါပြီလားရှင်၊ ကုန်ရင် ခွင့်လွှတ်ပါနော်၊ မိတို့ ထမင်းဝိုင်း ပြင်ထားပြီး ထမင်း စားမယ့် ဆဲဆဲ ဖြစ်နေလို့ပါ"

ယဉ်ကျေးသော စကားဖြင့် နှင်လိုက်သောအခါမှ မိ ဟူသည့် နာမည် ထည့်ပြောသည်ကို ထောက်ပြီး ဤမိန်းမချော ကား မေမေခင် ပြောခဲ့ဖူးသည့် မိမိလေးဖြစ်ကြောင်း အသေအချာ သိလိုက်ရတော့သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ဒေါက်တာမြသွင်အေးက ပြန်ပြောသောအခါ မောင်မောင်မျိုးနှင့် မိမိလေးတို့သည် ဘာကိုမှ ဂရုမစိုက်သော မျက်နှာမျိုးဖြင့် ပြတင်းပေါက်မှ ပြန်လည် ပျောက်ကွယ်သွားကြသည်။ အိမ်ပေါ် ပြတင်းပေါက် မှ ငုံ့စကားပြောသော အိမ်ရှင်နှင့် အိမ်အောက်မြေပြင်မှ မော့ပြီး စကားပြောရသော ဧည့်သည် တို့၏ ဆက်ဆံပြောဆိုမှုက ပြီးဆုံးသွားလေပြီ။

ဒေါက်တာမြသွင်အေးသည် ကားပေါ် တက်ထိုင်လိုက်သော်လည်း ကားစက်ကို မနှိုးသေးဘဲ၊ စတီယာရင် ကို ကိုင်ပြီး

မချမ်းမြေ့သောစိတ်ဖြင့် မေမေခင် အကြောင်း စဉ်းစားနေရာမှ ကျေးသား လေးကို သတိရ မိသည်။

မေမေခင်သည် သူ အလွန် မြတ်နိုးစုံမက်လှသော ကျေးသားလေးကို အဘယ်ကြောင့် မျက်နှာလွှဲ ခဲပစ် စွန့်ထား ခဲ့ပါသနည်း။ သူချစ်သော ကျေးသားလေးကို မောင်မောင်မျိုးက သတ်ချင်နေသည်မှာ လက်ယား နေမှန်း သိပါလျက်နှင့် စွန့်ပစ်ထားခဲ့သည်မှာ ဘာသဘော ဖြစ်ပါသနည်း။ သူ ယူမသွား နိုင်လျှင် လှောင်အိမ်ဖွင့် လွှတ်ပစ်ခဲ့သင့်ပါသည်။ ယခုမူ သူချစ်သော ကျေးသားလေးသည် ချစ်ခင် အားကိုးရာ သခင် ၏ မျက်ကွယ်တွင် သေရှာလေပြီ။ ကျေးသားလေးသေခြင်းမှာ ရိုးရိုးမှ ဟုတ်လေ ရဲ့လားဟု တွေးရင်း ကျေးသားလေးကို သနားနေသည်။ သူနှင့် မေမေခင် လှောင်အိမ်နားမှာ စကားဆို ပြောနေစဉ်က သူ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသော ကျေးသားလေးကို မျက်လုံး ထဲမှာ မြင်ယောင်လာကာ ဒေါက်တာမြသွင်အေးသည် ကားပေါ်မှ ဆင်းလိုက်ပြီးလျှင် အိမ်ကို ဘေးဘက်မှ ပတ်လျှောက် လာခဲ့သည်။ ကျေးသားလေး လှောင်အိမ်ထားရာ ဝရန်တာဘက်ကို လျှောက်လာသည်။ ဝရန်တာ အောက်နားဆီသို့ ရောက်သောအခါ ခပ်လှမ်းလှမ်းမှရပ်ပြီး လှောင်အိမ် ချိတ်ထားဖူး သည့်နေရာ ကို မော့ကြည့်လိုက်၏။

လှောင်အိမ်ကလေးသည် ချိတ်ထားမြဲနေရာတွင် ချိတ်လျက်သား ရှိနေသည်။ လေက ခပ်ဖြူးဖြူး ကလေး တိုက်နေသည် ဖြစ်ရာ တံခါးပွင့်လျက်ရှိသော ငှက်လှောင်အိမ်ကလေးသည် လေရှိန် ကြောင့် တငြိမ့်ငြိမ့် လှုပ်နေသည်။ ဒေါက်တာမြသွင်အေးသည် လေတိုက်သဖြင့် တငြိမ့်ငြိမ့်လှုပ်နေ သော လှောင်အိမ် ကလေးကို စိတ်မကောင်းစွာ မော့ကြည့်နေရင်း စိတ်ထဲက ...

"မေမေခင် ထွက်သွားတယ်ဆိုတာ ဘယ်လို ထွက်သွားတာလဲ၊ ထွက်သွားတယ်ဆိုတာရော အမှန်မှ ဟုတ်ကဲ့လား ... မောင်မောင်မျိုးနှင့် မိမိလေးတို့သည် မရီးနှင့် မတ် ဖြစ်လျက် နေထိုင်ပုံမှာ နီးစပ် ရင်းနှီး လွန်းသည် ထင်သည်။ ဤအပြုအမူ ဆက်ဆံမှုတွေကို မေမေခင် မကြည့်လို၍ ထွက်သွား ခြင်းပေလား၊ သခင်မ က ဘယ်ဆီရောက်နေမှန်း မသိသော်လည်း သူချစ်သော ကျေးသားလေးကမူ သေရှာလေပြီ။

စသည်ဖြင့် တွေးနေဆဲဝယ် တသုန်သုန် တဖြူးဖြူး တိုက်နေသော လေသံဖြင့် ရောလျက် ...

"လေယဉ်မြန်း ... စေမှန်းရွှေလျော်၊ ငယ်ယုံပူဘော် နန်းစိန်ချိုင့်ပျော် ... ကြင်နယ်ယွင်း ... မြတ်မှာ တော်ရင်း မင်းတင်ချေနော် ..."

ဒေါက်တာမြသွင်အေးသည် ဆတ်ခနဲ တုန်သွားသည်။ သီချင်းသံသည် ဆက်လက်ထွက်ပေါ်လာ၏။

"ငယ်ယုံပူဘော် နန်းစိန်ချိုင့်ပျော် ... ကြင်နယ်ယွင်း ... မြတ်မှာတော်ရင်း မင်းတင်ချေနော် ... လှော့သွေး ဆယ်နည်း

ကြိုင်ရည်ပန်းပြည့်ညှောင်လယ် ကြုံမျှော်မှန်းဆနောင်ဝယ်
ကြင်ညာဘွား ချော့ဖြေများ ပျော်ပါး ပေလို့မယ် ..."

မေမေခင် သီဆိုခဲ့သည့် လေယူလေသိမ်း အဆွဲအငင်အတိုင်းပင် တစ်သဝေမတိမ်း သီဆိုသံ ဖြစ်သည်။

ဒေါက်တာမြသွင်အေးက သီချင်းသံလာရာကို စူးစမ်းသောအခါ ကျေးသားလေး နေခဲ့သည့် လှောင်အိမ် ချိတ်ထားရာနှင့် တည့်တည့် အိမ်နှင့် ပေငါးဆယ်မျှကွာသော ကြီးမားသည့် ပိန္နဲပင်ကြီး ဆီမှ အသံထွက် ပေါ်လာနေခြင်း ဖြစ်ကြောင်း မှန်းဆမိသည်။ ဒေါက်တာမြသွင်အေးသည် အံ့အား သင့်ခြင်း၊ တုန်လှုပ် ခြင်းဖြင့် သီချင်းသံကို နားစိုက်ထောင်နေရာမှ စိတ်ထဲတွင် မသန့်ဘဲ ဖြစ်လာသည်။ သံသယ အပေါင်း များစွာ ဝင်လာသည်။

ထိုအခိုက် အိပ်ပေါ်ထပ်ဆီမှ မသဲမကွဲ အသံအုပ် ပြောဆိုသံတွေ ခြေသံတွေ ရုတ်ရုတ်သဲသဲ ကြား လိုက်ရပြီး၊ ငှက်လှောင်အိမ်ရှိရာ ဝရန်တာဘက်သို့ ခပ်သွက်သွက် ပြေးထွက်လာသံတွေကို ဒေါက်တာ မြသွင်အေး က သတိပြုမိသည်။

"ခင်ဗျား ... ဘာလုပ်နေတာလဲ ဟင်"

ခက်ထန်စွာ ပြောလိုက်သော မောင်မောင်မျိုး၏ အသံက ဒေါက်တာမြသွင်အေး၏ အထက်မှ ပေါ်လာသည်။ ဒေါက်တာမြသွင်အေးက မော့ကြည့်လိုက်သောအခါ ကျေးသားလေး

လှောင်အိမ် ချိတ်ထား ရာ ဝရန်တာဆီမှ သူ့ကို ငုံ့ကြည့်နေသော မျက်နှာလေးခုကို တွေ့ရ၏။

မျက်နှာတစ်ခုက ခက်ထန်သော မောင်မောင်မျိုးမျက်နှာ၊ နောက်တခုက စိတ်ဆိုးဟန်ပြနေသော ချောမော လှပသည့် မိမိလေး၊ မျက်နှာတစ်ခုက မောင်မောင်မျိုးနှင့် ဆင်တူသော်လည်း စိတ်ပျော်ရွှင်ခြင်း ကင်းမဲ့ဟန် ပေါ်နေသော ကိုအောင်စိုး၊ မျက်နှာတစ်ခုက ကြည်ညိုစဖွယ် ဥပမိရုပ်ကောင်းလှ သော သျှောင်တစောင်း ထုံးထားသည့် နောင်ဘုရား ...။

မိမိလေး လက်တစ်ဖက်က မောင်မောင်မျိုး၏ ပခုံးကို ကိုင်ထားသည်။ ဤအမှုအရာတွေကြောင့်ပင် ကိုအောင်စိုး မျက်နှာ မပျော်ရွှင်ခြင်းပေလား။

"မျိုးရယ် ... ဒေါ်သမကြီးနဲ့လေ၊ ကောင်းကောင်းပြောမှပေါ့၊ မျိုးမပြောနဲ့ ... မိမိ ပြောမယ်"

မိမိလေး က မောင်မောင်မျိုးကို ဟန့်တားပြီး၊ ဒေါက်တာမြသွင်အေးကို ပြောလိုက်၏။

"ဒီမှာရှင့် ... ရှင် တွေ့ချင်သူမှ မရှိဘဲ၊ မိမိတို့ စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာကြောင့် ဒီနေရာ လာနေ ရတာလဲ၊ ပြန်သွားပါလို့ မိမိ တောင်းပန်ပါတယ်"

ရုပ်ရည်ကသာ ချောသည် မဟုတ်၊ စကားပြောဟန်ကလည်း အမူပါလှသော မိမိလေးကို ဒေါက်တာ မြသွင်အေးက မော့ကြည့်လိုက်ပြီး ဘာမှ ပြန်မပြောဘဲ ရပ်နေရာက ခြေလှမ်းလိုက်သည်။ သို့သော် ဒေါက်တာမြသွင်အေး လှမ်းလိုက်သောခြေက မိမိလေးတို့ ထင်သလို ဆင်ဝင်အောက်မှ ရပ်ထား သော ဂျစ်ကား ဆီသို့ ခြေဦးမလှည့်ဘဲ သီချင်းသံထွက်ပေါ်လာရာ ပိန္နဲပင်ကြီးဆီသို့ လှည့်လိုက် သည်။

ထိုအခိုက် ...

"မြရေ မြ ... ခင့်ကို သူတို့ ..."

ပိန္နဲပင်ကြီးဆီမှ ကြေကွဲဝမ်းနည်းစွာ ထွက်ပေါ်လာသော အသံကို ဒေါက်တာမြသွင်အေး ဆုံးအောင် နားမထောင် တော့ချေ။ နားထောင်၍ မဖြစ်အောင် အခြေအနေက ဖန်တီးလာလေပြီ။

ဝရန်တာပေါ်က မျက်နှာလေးခုသည် ရုတ်ခနဲ အိမ်ထဲ ပြန်ရောက်သွားကြသည်။ တစ်ယောက်ကို တစ်ယောက် တီးဆိုးပြောဆိုသံတွေ၊ အိမ်ရှေ့တံခါးမကြီးဆီသို့ ပြေးသွားသောအသံကို ကြားလိုက် ရသော ဒေါက်တာမြသွင်အေးသည် ပိန္နဲပင်ကြီးထံမှ ထွက်ပေါ်လာသော အသံကို နားမထောင်နိုင် တော့ဘဲ သူ့အတွက် ဖြစ်ပေါ်လာမည့် ဘေးရန်က အမြန်ဆုံး လွတ်အောင် ရှောင်ရတော့မည်ဖြစ်၍ ဂျစ်ကား ရပ်ထားရာ သို့ သွက်လက်လျင်မြန်စွာ ပြေးသွားသည်တွင် ပိန္နဲပင်ကြီးဆီမှ အသံလည်း တစ်ပိုင်းတစ်စဖြင့် ပျောက်သွား လေတော့သည်။

ဒေါက်တာမြသွင်အေးသည် ဂျစ်ကားပေါ် ခုန်တက်ကာ ကားကိုစက်နှိုးပြီး မောင်းထွက် လာခဲ့၏။

မော်တော်ကားဘီး လိမ့်စပြုသောအချိန်မှာ မောင်မောင်မျိုးနှင့် ကိုအောင်စိုးတို့ ညီအစ်ကိုက လှေကားမှ ဆင်းပြေးလာကြလေပြီ။ သူတို့ ညစ်အစ်ကို လှေကားရင်းမြေပြင် ရောက်သည့်အချိန်မှာ ဂျစ်ကားအရှိန် မြန်နေပြီဖြစ်ရာ၊ သူတို့ ညီအစ်ကို ဂျစ်ကားနောက်သို့ အပြေးလိုက်သော်လည်း မမီတော့ချေ။ စက်ကောင်း၍ နှိုးရလွယ်သော ဂျစ်ကား ကျေးဇူးကြောင့် ဒေါက်တာမြသွင်အေးက သူတို့ ညီအစ်ကို နစ်ယောက် ထံမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားလေပြီ။

"တောက် ... လက်မတင်လေး လွတ်သွားတယ်"

အိမ်ပေါ် ပြန်ရောက်လာကြသောအခါ မောင်မောင်မျိုးက မကျေမချမ်း တောက်ခေါက်ပြောဆို လိုက်၏။

မိမိလေးက မောင်မောင်မျိုးကို လက်ဆွဲခေါ်လာပြီး နောင်ဘုရားရှေ့မှာ ထိုင်ခိုင်းသည်။ ကိုအောင်စိုး က ညီနှင့် ဇနီးကို တစ်ချက်မျှ စွေကြည့်ပြီး စိတ်မသက်သာဟန်ဖြင့် ထိုင်လိုက်၏။

"စိတ်ကို ချုပ်တည်းမှပေါ့ မျိုးရဲ့" မိမိလေးက မတ်တော်မောင်ကို ဆို၏။

"ညီငယ် ဒေါ်သတယ်ကြီးသကိုး၊ ဒေါ်သကြီးရင် မှားတတ်တယ် ညီငယ်၊ အခုတင်က ဆရာဝန်မကို အိမ်ပေါ် ခေါ်တင်ပြီး အကျိုးသင့် အကြောင်းသင့် သာယာင်းပျောင်းပြောရင် အခုလို ရုတ်ရုတ်သဲသဲ မဖြစ်ဘူးပေါ့၊ ဒေါ်သမထွက်သင့်တဲ့ နေရာမှာ မထွက်ရဘူး"

"ညီလေး မင်း အင်မတန် လောတတ်တယ်၊ အေးအေးဆေးဆေး မချိန်ဆဘူး၊ ညီအစ်ကိုအရင်း ဆိုတော့ မင်းနဲ့ ပတ်သက်လာရင် ငါက လက်ပိုက်ကြည့်မနေနိုင်တော့ ခက်ပါတယ်ကွာ"

ကိုအောင်စိုးက ညည်းသည်။

သူတို့လေးယောက် တစ်ယောက်တစ်ခွန်း ပြောကြဆိုကြ၊ တရားချကြ၊ အပြစ်တင်ကြ ဖြစ်နေကြ သော အချိန်ဝယ် ဒေါက်တာမြသွင်အေးသည် စိတ်ပန်းလူမောဖြင့် အိမ်သို့ ပြန်ရောက်လာသည်။ မည်သူ့ကိုမှ စကားမပြောဘဲ သူ့အခန်းထဲသူ ဝင်ကာ တံခါးပိတ်ပြီး နက်နက်နဲနဲ တွေးနေသည်။

မေမေခင် စိတ်ဆိုးပြီး ဘယ်ကိုထွက်သွားမှန်း မသိ၊ သွားပြီဟု မောင်မောင်မျိုး ကိုယ်တိုင်က ပြောသည်။ မောင်မောင်မျိုး ၏ စကားဖြစ်နိုင်သော အထောက်အထားကလည်း ရှိနေသည်။

ကျးသားလေး သည် မေမေခင် ထွက်သွားပြီးမှ သေသဖြင့် လှောင်အိမ်ဖွင့်ပြီး ခြံထဲလွှင့်ပစ်လိုက်သည်ဟု ဆိုသည်။ ယခု ပိန္နဲပင်ကြီးဆီမှ မေမေခင် သီဆိုနေကြတေးသံသည် မေမေခင် သီဆိုခဲ့သည့် အသံ အနေအထားအတိုင်း အဆွဲအငင် အနိမ့်အမြင့်အတိုင်း သီဆိုသံ ထင်ရှားပြတ်သားစွာ ပေါ်လာသည်။

"မြရေ မြ---- ခင့်ကို သူတို့"

ဟူသော မေမေခင်၏ အားကိုးသံ တမ်းတသံ တစ်ပိုင်းတစ်စ ပေါ်လာသည်။ အိမ်ပေါ်မှာနေသော လူလေးယောက် တို့၏ အမူအရာကလည်း ပျက်နေသည်။ ဒေါက်တာမြသွင်အေးကိုပင် ရန်သူလို သဘော ထားသော ရန်မူလိုသော အသွင်သဏ္ဍာန်များ ပြကြသည်။ ဤအချက်အလက်များသည် မည်ကဲ့သို့ သဘော အဓိပ္ပာယ် သက်ရောက်လေ သနည်း။ မေမေခင်ကို သူတို့ သတ်ပြီး ပိန္နဲပင်ကြီး အောက်မှာ မြှုပ်နှံ ဖျောက်ဖျက် ထား၍ မေမေခင့် ဝိညာဉ် လူ့ဘဝက သူငယ်ချင်းကို အားကိုးစွာဖြင့် တမ်းတ အသိပေး လေသလား။

မေမေခင့်ဝိညာဉ်က တိုင်ကြားသည်ဟု အကြောင်းပြကာ မောင်မောင်မျိုးတို့ လေးယောက်ကို လူသတ်မှု ဖြင့် စွဲလျှင် ဒေါက်တာမြသွင်အေးကို ဆရာဝန်ရင့်မကြီး တစ်ယောက်အဖို့ ဝိညာဉ်လောကသား သက်သေ က တရားဝင်သည် မဟုတ်ဘဲ လူရယ်စရာကြီးသာ ဖြစ်နေပေလိမ့်မည်။ အကယ်၍ လူရယ်မည်ကို ဂရုမစိုက် ဘဲ စွဲမြဲသော ယုံကြည်မှုဖြင့် တရားစွဲလျှင် အကယ် လူသတ်မှုဖြစ်နေလျှင်ကား မထောင်းတာ၊ မေမေခင့်က အမှန်တကယ် မသေဘဲ မောင်မောင်မျိုးပြောသည့်အတိုင်း စိတ်ဆိုး ထွက် သွားခြင်း ဖြစ်နေခဲ့လျှင် မောင်မောင်မျိုးတို့ လေးယောက်က သူ့ကို ပြန်လည်အရေးယူ တရားစွဲနိုင်သော ဥပဒေက ရှိနေချေသည်။

သူလို သိပ္ပံပညာရှင် အမျိုးသမီးဆရာဝန်ကြီးသည် လူတစ်ဖက်သားကို ဂုဏ်သရေပျက်အောင် မဟုတ်မမှန် စွပ်စွဲတတ်သည်၊ တခွေသရဲကို အယူသည်းသည်၊ လီဆယ်မှု ဂုဏ်သရေ ဖျက်ဆီးမှုဖြင့် တရားစွဲခံနေရသည် စသည့် နာမည်ဆိုးတွေ၊ ဘွဲ့ဆိုးတွေ တပ်ခြင်းခံရမည့် အရေးကလည်းရှိသေးသည်။ အရေး အကြီးဆုံး ကား မေမေခင့်သည် ရှင်လျက်သော် လည်းကောင်း၊ သေလျက်သော်လည်းကောင်း၊ ဘယ်ဆီမှာ ရှိနေမည်ကို ဒေါက်တာမြသွင်အေးသည် အပူအပြင်း သိလိုသော ဆန္ဒက ကြီးမားစွာ ပေါ်လာ သည်။

"ခင်ရေ----- ဘယ်နေရာ ရောက်နေလဲကွယ်၊ ခင် သေလေသလား ရှင်လေသလား မြ သေသေချာချာ သိချင် လိုက်တာနော်၊ အရေးထဲကျကာမှ ကိုမင်းဇင်ကလဲ အရေးကြီးတဲ့ အမှုတစ်ခုအတွက် ခရီးထွက်နေ ရတာ နှစ်ရက်ရှိပြီ ပြောတယ်၊ ဒီနေ့ ပြန်ရောက်လာရင် သိပ်ကောင်းမှာ၊ တယ်လီဖုန်း ဆက်ကြည့် လိုက်ဦး မယ်လေ"

ဒေါက်တာ မြသွင်အေးသည် တစ်ကိုယ်တည်း ညည်းညူနေရာမှ မောင်မင်းဇင် ပြန်ရောက်သည် မရောက်သည် ကို သိရအောင် တယ်လီဖုန်း ဆက်ကြည့်လိုက်သည်။ အံ့အားလျော့စွာပင်--

"မြလား-- မောင် အခုပဲ ပြန်ရောက်လာ လို့ ထိုင်အောင် မထိုင်ရသေးဘူး ဖုန်းမြည်လာတာနဲ့ ကပျာကသီ ကောက်ကိုင် လိုက်ရတာ"

ဟူသော မောင်မင်းဇင်၏အသံကို အားတက်စဖွယ် ကြားလိုက်ရသည်။

"မောင် ဘယ်မှာမသွားနဲ့ အခုချက်ချင်းမြ လာခဲ့မယ်--- သိပ်အရေးကြီးတယ် မောင် စောင့်နေ------"

ဒေါက်တာမြသွင်အေးက တက်သုတ်ရိုက်ပြောပြီး တယ်လီဖုန်းကို ချလိုက်သည်။ အိမ်အောက်သို့ ဒရော သောပါး ဆင်းပြေးပြီး ဂျစ်ကားကို အရှိန်ပြင်းပြင်း မောင်းထွက်လာခဲ့သည်။

မောင်မင်းဇင်သည် စိုးရိမ်ပူပန်သောအသံဖြင့် တယ်လီဖုန်းထဲက ကြားရသော ဒေါက်တာမြသွင်အေး၏ မှာထားချက် ကြောင့် အံ့ဩစိတ်၊ သိလိုစိတ်ဖြင့် စောင့်နေသည်။ ဒေါက်တာမြသွင်အေး ရောက်လာသော အခါ ချစ်သူ အချင်းချင်း ယုယကြင်နာ ပီယဝါစာတွေ မဆိုနိုင် မပြောနိုင်ကြဘဲ---

"ဘယ်လိုဖြစ်တာလဲ မြ--"

ဟု မောင်မင်းဇင်က ဆီးမေးသည်ကို ဒေါက်တာမြသွင်အေးက မေမေခင်အိမ်မှာ သူ ကြုံခဲ့ရများကို တစ်ခု မကျန် ပြန်ပြောပြပြီး---

"မြ ခရီးသွားနေခိုက် ခင့်ဆီကို မောင် ဖုန်းမကြာခဏ ဆက်ကဲ့လား--" ဟု မေး၏ ။

မောင်မင်းဇင်သည် ဒေါက်တာမြသွင်အေး ပြောပြသည်များကို စူးစိုက်စွာ သေသေချာချာ နားထောင် နေရာမှ-----

"နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ မောင် ဖုန်းဆက်တယ်၊ ခင့်အသံ နဲ့ပဲ ပြန်ထူးတယ်၊ မြနဲ့ သူနဲ့ တိုင်ပင်တာ တွေရော၊ သူ့ခင်ပွန်း၊ သူခဲအိုနဲ့ ပတ်သက်တဲ့ အကြောင်းတွေရော ပြောပြတယ်"

"ဒါဖြင့် ခင် ပျောက်နေတာ နှစ်ရက်ရှိပြီ ဆိုတဲ့ မောင်မောင်မျိုးကား အမှန်သားပဲ ၊ ဒါပေမဲ့ ခင် ပျောက် နေတာ သူတို့ပယောဂလို့ မြထဲမှာ ထင်နေတယ်၊ မောင် ဘယ်လိုသဘောရလဲ"

"အချိန်ဆွဲနေလို့ မဖြစ်ဘူး မြ---- သူတို့ အမှုအရာတွေနဲ့ သူတို့အိမ်ဝင်းထဲ ပိန္နဲပင်ကြီးဆီက ထွက်လာတဲ့ အသံ ကြောင့် စိတ်မလုံဘဲဖြစ်ပြီး တခြားကို ပြောင်းပြေးသွားဦးမယ်၊ ဒီကိစ္စ မြန်မြန်စုံစမ်းမှ ဖြစ်မယ်"

"ဒီအမှုမှာ မြက ဘယ်နေရာပါရမလဲမောင်"

"ပြောမယ်လေ" မောင်မင်းဇင်က ပြောပြီး လိုအပ်သည့် ဆောင်ရွက်ဖွယ်များ အားလုံးကို အဆင့်သင့် ဖြစ်အောင် ဆောင်ရွက်ပြီးသောအခါ ရဲဌာနမှ ခေါ် သင့်ခေါ်ထိုက်သော သူများကို ယူဆောင်သင့်သည့် လက်နက် နှင့် တကွ ဒေါက်တာမြသွင်အေးကိုပါ ခေါ်ပြီး မေမေခင် နေအိမ်ရှိရာ လာခဲ့ကြသည်။

"မနက်က သူတို့ဆီက မြ ရောက်ခဲ့သော ဆယ်နာရီလောက်မှာပေါ့၊ အခု ဆယ့်နှစ်နာရီ ခွဲပြီးပြီ ဒီလောက် အချိန် ကလေး အတွင်းမှာ ပြေးရင်လဲ တော်တော်လျင်တဲ့ လူတွေလို့ ဆိုရမယ်"

ဒေါက်တာမြသွင်အေးက ပြော၍ အိမ်ကြီးကို လှမ်းမျှော်ကြည့်အကဲခတ်သောအခါ လူတွေ ရှိနေသေး သည်ကို တွေ့ရသည်။ အိမ်ရှေ့မှာကား အငှားမော်တော်ကား တစ်စီး ရပ်ထားသည်ကို တွေ့ရသည်။

"သွားကြတော့မယ် ထင်တယ် အကုန်လုံး သွားကြမှာလား နောင်ဘုရား ဆိုတာကြီး တစ်ယောက်ထဲ သွားကြ မှာလား နောင်ဘုရား ဆိုတာကြီး တစ်ယောက်ထဲ သွားမှာလား မသိဘူး"

ဒေါက်တာမြသွင်အေးက တီးတိုးရေရွတ်လိုက်၍ မောင်မင်းဇင်က သူခေါ်လာသော ရဲသားများအနက် သုံးယောက်ကို ကြိုတင်စီစဉ်လာသည့်အတိုင်း ၄င်းခြံနောက်ဘက် မလွယ်ပေါက်ရှိရာသို့ ခြံဘေးမှပတ်ပြီး အရောက် သွားကာ လုံခြုံသော အကာအကွယ်ယူပြီး အိမ်ကြီးထဲမှ လူအဝင်အထွက်ကို စောင့်ကြည့်စေသည်။ ရဲသား နှစ်ယောက်ကို အိမ်ရှေ့ဝင်းတံခါး တစ်ဖက်တစ်ချက်စီမှာ စောင့်စေသည်။ မောင်မင်းဇင် ကမူ သူနှင့်အတူပါလာသော ရဲအရာရှိ တစ်ယောက်နှင့် ရဲသားတစ်ယောက်ကို လည်းကောင်း ၊ ဒေါက်တာ မြသွင်အေး ကို လည်းကောင်းခေါ်ကာ အိမ်ကြီးဆီသို့ လာခဲ့ကြသည်။

ဆင်ဝင်အောက် သို့ရောက်၍ အငှားကားပေါ်သို့ လှမ်းကြည့်လိုက်သောအခါ ကားပေါ်တွင် သေတ္တာ အိပ်ရာလိပ် တွေကို တွေ့ရ၏။

"ဒါ ဘယ်က ပစ္စည်းတွေလဲ"

မောင်မင်းဇင် က မေးသောအခါ ကားမောင်းသူက ဖြေ၏။

ဒီအိမ် က အငှားခေါ်လို့ ကျွန်တော် လိုက်လာတာပါ အိမ်ပေါ်က လူတွေပစ္စည်းပါ"

"ဘယ်ကို သွားဖို့လဲ "ဘူတာရုံကိုပါ

ကားမောင်းသူနှင့် မောင်မင်းဇင်တို့ မေးဖြေနေကြစဉ် မောင်မောင်မျိုးနှင့် မိမိလေး တို့ အိမ်ပေါ်က ဆင်းလာ ကြသည်။ သူတို့နှစ်ယောက်လုံး သစ်လွင်လှပစွာ ဝတ်စား ဆင်ယင်ထားကြ၏။ မောင်မောင်မျိုး က ဒေါက်တာမြသွင်အေးကို တွေ့သောအခါ မနှစ်မြို့သော အကြည့်ဖြင့် မျက်မှောင်ကုတ်ကြည့်ပြီး ပြောသည်။

"သြော်--ခင်ဗျား ရောက်လာပြန်ပြီကိုး မေမေခင် မရှိပါဘူး ဆိုတာ ခင်ဗျား မေ့သွားပြန်ပြီထင်တယ်"

"ဒေါက်တာမြသွင်အေး က မောင်မောင်မျိုးစကားကို အရေးမစိုက်ဟန်ဖြင့် လှည့်၍ ပင်မကြည့်ချေ။ မောင်မင်းဇင် က သတိတုံ့ပြန်သည်။

"ခင်ဗျား တို့ ခရီးထွက်ကြမယ်လို့လား"

ကျွန်တော်အစ်ကိုနဲ့ နောင်ဘုရား ခရီးထွက်မှာပါ ကျွန်တော်နဲ့မမမိက ဘူတာရုံပဲ

သို့သော် ကားပေါ်က ပစ္စည်းတွေ့က သေတ္တာ လေးလုံးနှင့်အိပ်ရာလိပ် လေးလိပ် ဖြစ်နေသည်။ ထိုအခိုက် နောင်ဘုရား နှင့် ကိုအောင်စိုးကဏ္ဍနွေရရ တည်ငြိမ်သိမ်မွေ့စွာ အိမ်ပေါ်က ဆင်းလာကြသည်။ သူတို့ နှစ်ယောက် သည် မောင်မင်းဇင်တို့ကို မည်သို့မှ မသက်ဆိုင်သည့် သဘောမျိုး ဖြင့် လှည့်စောင်း၍မှ မကြည့်ကြဘဲ ကားပေါ်တက်ကြသည်။ မောင်းမင်းဇင်က မတားမြစ်ဘဲ ကြည့် နေသည်။ မောင်မောင်မျိုး နှင့် မိမိလေး တို့ကပါ တက်ကြသည်။ လေးယောက်လုံး ကားပေါ်ရောက် သွားသောအခါမှ မောင်မင်းဇင် က ကားမောင်းသူ ကို လှမ်းပြောလိုက်၏။

"ဒီမှာ---ကားဆရာ ခင်ဗျားကားကို စက်မနှိုးနဲ့၊ ကားသော့ပါယူပြီး လွယ်တဲ့နေရာမှာ ခဏရှောင်နေ လိုက် စမ်းပါ"

ရဲယူနီဖောင်းနှင့် လူတွေဝင်လာပြီး မေးမြန်းစကပင် ကားမောင်းသူ စိတ်ထဲမှာ မသန့်မရှင်း ဖြစ်နေ ခဲ့ရာ ယခု ကဲ့သို့ ပြောသောအခါဝယ် အကင်းပါးသော ကားဆရာသည် ကားပေါ်မှ လျင်မြန်ဖျတ် လတ်စွာ ခုန်ချပြီး ခပ်ဝေးဝေး တစ်နေရာမှာ သွားရပ်နေသည်။ ခြံဝင်းနောက်ဘက် မလွယ်ပေါက်မှ ရဲသား သုံးယောက် နှင့် ခြံဝမှ ရဲသားနှစ်ယောက်က တစ်ပြိုင်တည်းလိုပင် ရောက်လာကြ၏။ ရဲသား ငါးယောက် က မော်တော်ကားကို ဝိုင်းထားလိုက်ကြ၏။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲဗျ"

မောင်မောင်မျိုး က နားမလည်ဟန်၊ အံ့အားသင့်ဟန်ဖြင့် မေးပြီး ကားပေါ်က ဆင်းမည့်ဟန်ပြင် သည်။

"ခင်ဗျား တို့ နေရာမပျက်ပါနဲ့၊ နေမြဲတိုင်း နေရာမှာ ငြိမ်ငြိမ်သက်သက်သာ နေကြပါ။ နည်းနည်းပါး ပါး မေးစရာရှိလို့ပါ"

မောင်မင်းဇင် က ပြောသောအခါ ကိုအောင်စိုးက တည်ငြိမ်အေးဆေးသော အမူအရာဖြင့် မောင်မင်း ဇင်ကို ကြည့်နေသည်။ နောင်ဘုရားကမူ ကြည်ညိုချင်စဖွယ် စက္ခုအိမ်ခြေကိုထိန်းပြီး မည်သူကိုမှ မ ကြည့်ဘဲ လက်ထဲက စိပ်ပုတီးကြီးကိုသာ မှန်မှန်စိပ်နေသည်။ သူ့မျက်နှာက မောင်မင်းဇင်ဘက် မလှည့် ဘဲ တခြားဘက် လှည့်နေသည်။ မိမိလေးကမူ စိတ်တိုဟန်ဖြင့် ချောမောလှပသော မျက်နှာ ကို ခပ်မှုန်မှုန် ထားကာ စကားပြောလိုက်သည်။

"မောင်တို့ သွားဖို့ရာ ရထား မမီဘဲ နေတော့မှာပဲ၊ မေးစရာကိစ္စက ဘယ်လိုများ အရေးကြီး နေပေ သလဲ ရှင်.. "

"ဟုတ်ကဲ့ နည်းနည်းတော့ အရေးကြီးပါတယ်"

"ကဲ.. မေးပါရှင်၊ မြန်မြန်မေး မြန်မြန်ဖြေပြီး မြန်မြန်သွားခွင့် ပြုပါ.. "

"မေးပါမယ်လေ၊ နောင်ဘုရားဆိုသူကလဲ ကျွန်တော်တို့ဘက် လှည့်ပါဦးခင်ဗျ၊ မျက်နှာစုံညီ မေးရတာက ကောင်းတာပေါ့"

မောင်မင်းဇင် စကားကြောင့် နောင်ဘုရားက မငြင်းမဆန် လှည့်လာသည်။ ပန်းရင့်ရောင် ပိုးလုံချည်၊ ဖြူဆွတ် သော အင်္ကျီ၊ သျှောင်တစောင်း ဆံမြိတ် ကွင်းချထုံးထားပြီး ပန်းရောင် ပိုးပဝါကို မင်းသားပေါင်း ပေါင်း ထားသည်ဖြစ်ရာ နောင်ဘုရား၏ ဉပမိရုပ်သည် ကြည်ညိုစရာ ကောင်းလှချေသည်။ မောင်မင်းဇင် က နောင်ဘုရားကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ နောင်ဘုရားကား မျက်လွှာချမြဲ ချကာ ပုတီးစိပ်မြဲ စိပ် နေသည်။

မောင်မင်းဇင်က မေးလိုက်သော မေမေခင် ပျောက်ဆုံးနေမှု ကိစ္စကို နံနက်က ဒေါက်တာ မြသွင်အေး ကြားခဲ့ရသည့် အတိုင်း တစ်လုံးမလွဲအောင် မောင်မောင်မျိုးက တည်တည်ငြိမ်ငြိမ်ပင် ဖြေဆိုသည်။ ပိန္နဲပင်ကြီး က ထွက်လာသော ထူးဆန်းသည့် အသံနှင့် ပတ်သတ်၍ လေးယောက်လုံး မသိကြောင်း ဘူးခံ ကြသည်။ ဒေါက်တာ မြသွင်အေးကို ရန်မူ လိုဟန်ဖြင့် ညီအစ်ကိုနှစ်ယောက်၏ ပြုမူချက်ကို မေးသော အခါ မောင်မောင်မျိုးက ဖြေဆိုသည်။

"ကျွန်တော့် ဖနီးကို ကျွန်တော်သိပ်ချစ်ပါတယ်၊ ကျွန်တော်တို့ နားထဲမှာ မေမေခင် ပြန်လာပြီး သူ့သူငယ်ချင်း နဲ့ စကားပြောနေသလို အသံ ကြားရတာကြောင့် ဝမ်းသာအားရ ပြေးထွက် လာခဲ့ကြခြင်း သာ ဖြစ်ပါတယ်၊ ဒါကို ဟိုအမျိုးသမီးက ဘာကြောင့်မှန်းမသိ၊ ထွက်သွားခြင်းသာဖြစ်ပါတယ်"

အထုပ်အပိုး တွေဖြင့် ခရီးထွက်မည့် ကိစ္စကိုကား ကိုအောင်စိုး က အကြောင်းပြသည်။

"ဟောဒီ နောင်ဘုရားနဲ့ ကျွန်တော်က တရားအားထုတ်ဖို့ အတွက် ပုပ္ပားကို သွားမယ်၊ ညီးလေး နဲ့ ကျွန်တော့် ဇနီးက ဘူတာရုံ လိုက်ပို့ရုံပဲ၊ ညီလေးနဲ့ ဒီအိမ်က ဘယ်နည်းနဲ့မှ မခွာနိုင်ပါဘူး၊ သူ့ဇနီး ပြန်မလာ မချင်း ညီလေးနဲ့ သူ့ အစ်မ မိမိလေးတို့ မောင်နှမက သတင်းနားထောင် စုံစမ်းရှာဖွေဖို့ စီစဉ်ထားကြ ပါတယ်"

နောင်ဘုရားက လူမှုကိစ္စ၊ သူများ အိမ်တွင်းရေးကို လုံးဝ စိတ်မဝင်စားဟန် ဖြင့် ဆိတ်ငြိမ်စွာသာနေသည်။

ထိုအခိုက် မောင်မင်းဇင်၊ ဒေါက်တာ မြသွင်အေးတို့ နှစ်ယောက်လုံးနှင့် ကျောင်းနေဘတ် သူငယ်ချင်းများ ဖြစ်ကြသည့် မှူခင်းဆရာဝန်ရော၊ တရားသူကြီးတစ်ယောက်ပါ ရောက်လာကြသည်။

"ကဲ့.. မြ.. ပိန္နဲပင်ကြီးဆီကို သွား၊ မနက်က မြ ရပ်နေခဲ့တဲ့ နေရာကနေပြီး အသံသွားပေးစမ်း"

မောင်မင်းဇင်က ညွှန်ကြားသောအခါ ဒေါက်တာ မြသွင်အေးသည် သွက်လက်ဖျက်လတ်သော ခြေလှမ်း ဖြင့် မနက်က သူရပ်နေခဲ့သည့် နေရာသို့ သွားသည်။ ထို့နောက် ပိန္နဲပင်ကြီးဘက် လှည့်ကြည့်ကာ အသံ ကျယ်ကျယ် လှမ်းပြော၏။

"ခင်ရေ..ခင့်.. မေမေခင်ရေ မြ လာတယ်ဟေ့..ခင် ဘယ်မှာလဲ၊ အသံပေးစမ်းပါခင်ရေ"

ဒေါက်တာ မြသွင်အေးက မေမေခင် နာမည်ကို ထပ်တလဲလဲခေါ်ပြီး အသံပေးသည်။

"မေမေခင် မရှိဘဲ ခင်ဗျားခေါ်နေလို့ ဘာအကြောင်းထူးမှာလဲ" ရဲသားတွေ ဝိုင်းထားသော မော်တော်ကား ပေါ်မှ မောင်မောင်မျိုးက လှမ်းအော်သည်။ သို့သော် ဒေါက်တာမြသွင်အေးက မောင်မောင်မျိုး စကားကို အရေးမစိုက်ဘဲ..

"ခင်ရေ.. မေမေခင်.. ခင် ဘယ်မှာလဲဟေ့.. မြ ရောက်လာပြီ.. မြ ဒီမှာ "

ဟု ဒုတိယ အကြိမ် လှမ်းပြီး၊ အသံပေးလိုက်သည်တွင် ပိန္နဲပင်ကြီးဆီမှ ဒေါက်တာမြသွင်အေး ကြားခဲ့ ရသည့် စူးရှသာယာသော အသံက ထွက်လာလေသည်။

"မြရေ.. ခင်သေပြီ၊ ခင့်လင် နဲ့ ဟိုလူနှစ်ယောက်ရယ်၊ ဟိုမိန်းမရယ်၊ အားလုံးပေါင်းပြီး၊ ခင့်ကို သတ်ကြ တယ်၊ ဟောဒီ ပိန္နဲပင်ကြီးအရင်းမှာ မြှုပ်ထားကြတယ်၊ ခင့်ကို မြှုပ်ထားတဲ့ အပေါ်မှာ သစ်ပင်စိုက် ထားကြတယ်'

သဲကွဲပြတ်သားစွာ ပြောလိုက်သော အသံကို ကြားရလျှင် ဒေါက်တာ မြသွင်အေးသည်..

"ဘုရား.. ဘုရား "

ဟု နှုတ်မှ တမ်းတကာ ရင်ကို လက်ဖြင့် ဖိလိုက်သည်။

"တကယ်ပြောနေတာလား ခင်ရယ်.. " ဒေါက်တာမြသွင်အေး၏ အသံသည် ငိုသံပါနေသည်။

"တကယ်ပါ မြရယ်၊ မယုံရင် မြှုပ်ထားတဲ့ နေရာကို ပြပါမယ်၊ ဖော်ကြည့်ပါ "

ပိန္နဲပင်ကြီး ဆီက အသံသည် ပြတ်သားစွာ ပေါ်လာသည်။

"မြကို စကားပြောနေတာ ဘယ်သူလဲ၊ ခင် ကိုယ်တိုင်လား "

ဒေါက်တာ မြသွင်အေးက မေးသောအခါ..

"ငါ ပြောနေတာ ငါ ပြောနေတာ.. ခင့်ကို မြှုပ်ထားတဲ့ နေရာ ပြမယ် "

ဟူသော အသံနှင့် အတူ သစ်ရွက်တွေ တူထပ်စွာ ဖုံးအုပ်နေသော သစ်ကိုင်းတစ်ခုမှ ငှက်စိမ်းလေး တစ်ကောင် က ပျံဆင်းလာသည်။

"ဟယ်.. ခင် မွေးထားခဲ့တဲ့ ကျေးသားလေး"

ဒေါက်တာ မြသွင်အေးက အံ့အားသင့်စွာ အော်လိုက်သည်။

ဒေါက်တာ မြသွင်အေး အနေဖြင့် အံ့အားသင့်ထိုက်ပေသည်။

မောင်မောင်မျိုး ကိုယ်တိုင်ကပင် မေမေခင် ထွက်သွားပြီးမှ သေသွား၍ လှောင်အိမ်ကို ဖွင့်ပြီး ခြံထဲ လွှင်ပစ်လိုက် ရပါသည်ဟု ဆိုသော ကျေးသား လေးက မသေဘဲ အသက်ရှင်နေသည်။ လူ့စကား လူ့

ဘာသာ ကို ပြောတတ်ဆိုတတ်ကြောင်း အရိပ်အရောင်ပင် မပြခဲ့။ ကျေးသားလေးက ယခု လူ့ဘာသာ စကား ဖြင့် သွက်လက်ချက်ချာ ပြီသစွာပြောနေသည်ကို မြင်ရကြားရသော ဒေါက်တာ မြသွင်အေး အဖို့ အံ့အားသင့် ထိုက်ပေသည်။

"ဟုတ်တယ်မြ၊ ငါ ခင် မွေးထားတဲ့ ကျေးသားလေးပေါ့။ ဟောဒီနေရာမှာ ခင့်ကို သတ်ပြီးမြုပ်ထားတယ်"

ကျေးသားလေးသည် လူစင်စစ်တစ်ယောက်နှင့် မခြား စကားပြောကာ ပိန္နဲပင်ကြီးနှင့် တစ်လံကျော်အကွာ နှင်းဆီချုံကြီး တစ်ချုံပေါ်မှာ လေးငါးပတ် ပျံဝဲပြပြီး ဒေါက်တာ မြသွင်အေးထံသို့ ပျံဆင်းလာသည်။ ဒေါက်တာ မြသွင်အေးက သူ့လက်ကို ဆန့်ပေးလိုက်၏။ ကျေးသားလေးက ဒေါက်တာ မြသွင်အေး၏ လက်ဝါး ပေါ်မှာ နားလိုက်သည်။

"ကိုမင်းဇင် ဟောဒီ ကျေးသားလေးဟာ ခင်ကိုယ်တိုင် မွေးထားခဲ့တဲ့ အကောင်ပဲ၊ သူပြောတာ ဟုတ် လိမ့်မယ်၊ သူပြောတာ ဟုတ် လိမ့်မယ်၊ သူပြတဲ့ နေရာတူးကြည့်စမ်းပါ"

ဒေါက်တာ မြသွင်အေးက ကျေးသားလေးနှင့် အတူ မောင်မင်းဇင်ထံ ပြန်လျှောက်လာရင်း ပြောသည်။ ကျေးသားလေးသည် မော်တော်ကားပေါ်မှာ စုထိုင်လျက်သား ဖြစ်နေသော မောင်မောင်မျိုးတို့ကို မြင်သည် တွင်..

"သူတို့ သုံးယောက်ပေါ့၊ ခင့်ကို သတ်သမားလေးယောက်"

ကျေးသားလေးက ကျယ်လောင်စွာ အော်လိုက်၏ မောင်မောင်မျိုးတို့လေးယောက် ကြွေ မဆည် နိုင်အောင် အမူအရာပျက်ကုန်ကြတော့၏။ ထို့ကြောင့် ပိုပြီးစိတ်ချစေရန် လေးယောက်လုံးကို ပူးတွဲပြီး လက်ထိပ်ခတ်စေသည်။ ကားပေါ်က နေရာမရွေ့ စေအောင် ရဲသားနှစ်ယောက်က သူတို့လေးယောက်၊ မှူးခင်းဆရာဝန်၊ တရားသူကြီး၊ မောင်မင်းဇင်၊ ဒေါက်တာ မြသွင်အေး ကျေးသားလေးနှင့် အတူ အိမ်နား နီးချင်း သက်သေများကို ခေါ်ယူကာ ကျေးသားလေး ပြသောနေရာသို့ သွားကြသည်။

နင်းဆီးရိုင်းချုံကြီးကို ဘေးမှဝိုက်ပြီး တူးလိုက်သောအခါ နင်းဆီချုံကြီးသည် မူရင်းပေါက်ရောက် ရှင်သန်နေခြင်း မဟုတ်ဘဲ၊ အခြားနေရာမှ အမြစ်ပါမကျန် အုံလိုက်ရွှေ့ ယူလာပြီး စိုက်ထားခြင်း ဖြစ်ကြောင်း ကို တူးကြည့်သောအခါ အပုပ်နံ့ ထောင်းထောင်းထွက်နေသော အညိုရောင် သက္ကလပ်စောင် အထုပ်ကြီး ကို တွေ့ရသည်။

"အဲဒီ အထုပ်ကြီးထဲမှာ ခင် ရှိတယ်"

ဒေါက်တာ မြသွင်အေး၏ ပခုံးပေါ်မှ ကျေးသားလေးက ပြောလိုက်၏။ စောင်ထုပ်ကြီးကို ဖြေလိုက်သော အခါတွင်ကား နှစ်ရက်မျှ ရှိနေပြီဖြစ်၍ အနံ့ထွက် နေသော်လည်း လူရုပ်ရည် ပုံသဏ္ဍာန်ကို ကောင်းစွာ သိရှိနိုင်သေးသော မေမေခင်၏ အသက်ဝိညာဉ်

ကင်းမဲ့ရှာသည့် ရုပ်ကလပ်ကို မရှုရက်စရာ တွေ့လိုက်ရလေတော့သည်။

ကျေးသားလေးသည် ဒေါက်တာမြသွင်းအေး၏ ပခုံးပေါ်မှ ခုန်ချလိုက်ပြီး မေမေခင်၏ ရင်ဘတ်ပေါ်မှာ နားလိုက်သည်။ မေမေခင်၏ ဖူးရောင် မို့မောက်နေသော မျက်နှာကို ကြည့်ကာ တောင်ပံလေးကို ခါလိုက်သည်။ ဦးခေါင်းကလေးကို စောင်းငဲ့ကာ မေမေခင် မျက်နှာကို စေ့စေ့ကြည့်ပြီး..

လေယဉ်မြန်း.. စေမှန်းရွှေလျှော်၊ ငယ်ယုံပူဘော် နန်းစိန်ချိုင့်ပျော်..

ဟု မေမေခင် လေယူလေသိမ်းအတိုင်းစူးရှသာယာသော အသံကလေးဖြင့် သီဆိုလိုက်ပါသည်။

မဝင်းမြင့် (ငယ်ယုံပူဘော်) အပိုင်း (၃၀) ဇာတ်သိမ်း

"မြရယ်... မေမေခင်ကို သူတို့ သတ်နေကြတော့လေ ငါဘာမှလဲ မတတ်နိုင်ဘူး၊ လှောင်အိမ်ထဲက ဒီလိုပဲ ကြည့်ရတယ်.. မေမေခင်ကိုသတ်ပြီး ငါ့ကိုပါ သတ်ကြဦးမယ်ဆိုတာ ကြားရလို့ ငါ သေချင်ယောင် ဆောင် နေရတယ်၊ ငါသေပြီရယ်လို့ လှောင်ချိုင့်ဖွင့် လွှတ်ပစ်လိုက်တော့ ချုံကြားထဲ ကျသွားတယ်၊ သူတို့ အလစ်မှာ ပိန္နဲပင်ကြီးပေါ် တက်ပုန်းနေပြီး မြ လာမှ ငါပြောမယ်လို့ စောင့်နေတာ၊ လေယဉ်မြန်း.. စေမှန်းရွှေလျှော်၊.. ငယ်ယုံပူဘော် နန်းစိန်ချိုင့်ပျော်.. ကြင်နယ်ယွင်း မြတ်မှာတော်ရင်း မင်းတင်ချေနော်.. "

ကျေးသားလေးက ပြောလည်းပြော သီချင်းလည်း ဆိုပြသည်။ ကျေးသားလေး၏အသံမှာ ကြေကွဲစရာ ကောင်းလှသည်။ ဒေါက်တာမြသွင်အေးသည် မေမေခင့် အလောင်းအနီးတွင် ဒူးထောက်ထိုင်ချလိုက်၏။ ကြိုးတုပ်ထားလျက် ရှိနေသေးသော မေမေခင်၏လက်ကို ယုယကြင်နာစွာ ရင်ခွင်မှာပိုက်ပြီး မေမေခင်၏ နဖူးကို ပါးဖြင့်အပ်လိုက်သည်။

"အဖြစ်ဆိုးလှချေလား သူငယ်ချင်းရယ်.. ခင့်ပစ္စည်းကို လိုချင်သူတွေက နာကျင်ရှုံ၊ နိပ်စက်ညှင်း ဆဲရုံ ကလွဲပြီး အသက်သေအောင် သတ်ကြလိမ့်မယ်လို့ မထင်မိဘူး၊ မြ အလာကောင်းပေမယ့် အခါနှောင်းပါ ပေါ့လား ခင်ရေ၊ ခင် အားကိုးတဲ့ မြ ပြန်ရောက်လာပါပြီ၊ ခင် ဝမ်းမသာနိုင်တော့ဘူနော်.. "

ဒေါက်တာမြသွင်အေးသည် အသည်းနလုံး ကြွေပြုန်းလှမျှ လှိုက်လှဲစွာ ငိုကြွေးလိုက်သည်။ ဒေါက်တာမြသွင်အေး ၏ မျက်ရည်များသည် မေမေခင်၏ ဖူးရော်နေသော မျက်နှာတစ်ခုလုံး စိုရွှဲ သွားစေသည်။ မောင်မင်းဇင်ကိုယ်တိုင်ပင် ချစ်လှသော သူငယ်ချင်းအတွက် အံကြိတ်ကာ မျက်ရည် ကျမိသည်။

မောင်မောင်မျိုးတို့ လေးယောက်လုံးကို ရဲဌာနသို့ ခေါ်လာပြီး စစ်သောအခါ လေးယောက်လုံးက ဘူးကွယ် ငြင်းဆန်သည်တွင် အရေးကြီးသော သက်သေအဖြစ် ပရိသတ်အလည်မှာ ကျေးသားလေး က ချက်ကျကျ စေ့စေ့ငှငှ အစစ်ခံသည်။

"အဲဒီနေ့ကလေ ထမင်းစားခန်းထဲက မေမေခင် အော်သံကြားလိုက်တော့ ငါ လှောင်အိမ်ထဲက လှမ်းကြည့် လိုက်တယ်... မေမေခင် ကြမ်းပေါ်မှာ လဲနေတယ်၊ ပါးစပ်ကို သူ့လင်က ပိတ်ထား တယ်၊ ဟောဟိုလူ နဲ့ ဟိုမိန်းမက ကြိုးနဲ့ချည်ကြတယ်၊ နောက်ပြီး လက်စွပ် ဘယ်မှာလဲလို့ မေးသံကြားရတယ်၊ အခု ချက်ချင်းပေးဖို့ တောင်းတယ်၊ မေမေခင်က ခေါင်းခါပြတယ်၊ ပါစပ်ပိတ် ထားတော့ အသံ မထွက် နိုင်ဘူး၊ နောက်ပြီး ဟောဟိုမိန်းမက မေမေခင် တစ်ကိုယ်လုံးကို လက်နဲ့နှိုက်ကြည့်စမ်းကြည့် အကျႌ တွေထဲ အကုန်လှန်ကြည့်ပြီး မတွေ့ဘူးလို့ ပြောတယ်၊ အဲဒီတော့ ဟောဟိုနောင်ဘုရား ဆိုတဲ့လူက လက်စွပ် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ မီးသေအောင် လုပ်ကြပေ့ာလို့ပြောပြီး ခေါင်းအုံးတစ်လုံး ပစ်ပေး လိုက်တယ်။

ဟိုမိန်းမနဲ့ သူ့လင်က မေမေခင်ကို ဖိကိုင်ပြီး မောင်မောင်မျိုးက ခေါင်းအုံးနဲ့ဖိသတ်တယ်၊ ခဏနေတော့ 'သေပြီ ဟိုငှက်စုတ်ပါ သတ်မယ်' လို့ ပြောသံကြားရတာနဲ့ 'ငါ လှောင်အိမ်ထဲမှာ တုံးလုံးလဲပြီး သေချင်ယောင် ဆောင်နေလိုက်ရတယ်' မေမေခင် အလောင်းကို အဝတ်ကြီးတစ်ခု နဲ့ထုပ်ပြီး ထမင်းစားခန်း ထောင့် စာပွဲအောက်မှာထားပြီး ငါ့ကို ငှက်စုတ်သေပြီလို့ ဟိုမိန်းမ ပြောသံကြားရပြီး လှောင်အိမ် ထဲက ဘယ်သူမှန်းမသိ ဆွဲထုတ်လွှင့်ပစ်လိုက်တော့ ချုံထဲကျသွားတယ်၊ ငါလဲ ချုံထဲ ရောက်ပြီး.. ခဏနေမှ တိတ်တိတ်ကလေး ထပျံပြီး မေမေခင်

အလောင်းကို သူတို့ဘာလုပ်မ လဲ သိရအောင် ပိန္နဲပင်ကြီးပေါ်က ပုန်းပြီး ကြည့်နေတယ်၊ ညမိုးချုပ်တော့ အခု အလောင်းတွေ့တဲ့ နေရာမှာ သူတို့ တိတ်တိတ်လာမြုပ်ထားကြတာပေါ့၊ မေမေခင်ဆီကို မြ ပြန်လာဦးမယ်ဆိုတာ သိထားလို့ ငါ မြကို ပြန်ပြော ဖို့ စောင့်ကြည့်နေတာ၊ အလောင်းမြုပ်ပြီး ခင့်လင်က ဝမ်းသာအားရ ပြောသေးတယ်၊ လက်စွပ် မရပေမယ့် ဘဏ်မှာအပ်ထားတဲ့ သူ့ပစ္စည်းတွေ ထဲက နောင်ဘုရား အတွက် ထိုက်တန် သလောက် ကန်တော့ လိုက်တာပေါ့...တဲ့၊ ဟော့ ငါ ပြောနေတာတွေ အားလုံး မှန်တယ်ဟုတ်လား.. "

ကျေးသားလေးသည် လူသားစင်စစ်နှင့်မခြား သွက်လက်ချက်ချာစွာ ပြောဆိုပြီး မောင်မောင်မျိုးတို့ လေးယောက်ကို လှမ်းမေးလိုက်သောအခါ အမှုစစ်သူရော၊ နားထောင်သူတွေပါ ကျေးသားလေးကို ချစ်ကြသည်။ သနားကြသည်။ သခင်အပေါ်မှာ သစ္စာစောင့်ပုံ၊ ကျေးဇူးတရားသိတတ်ပုံ၊ မှတ်ဉာဏ် ကောင်းပုံ တွေကို ချီးကျူးကြသည်။ အများသော သူတို့၏ မေတ္တာရေးကို ခံယူရသော ကျေးသားလေးကို နောင်ဘုရား၊ မောင်မောင်မျိုး၊ ကိုအောင်စိုး၊ မိမိလေးတို့က အလျှံပြောင်ပြောင် တောက်လောင်လှမျှ နားကြည်း မုန်းတီးသော မျက်လုံးဖြင့် ကြည့်ကြသည်။ သူတို့၏ စိတ်ထဲ တွင်ကား...

"ဒီငှက်စုတ် သေပြီဆိုတာကို မင်း သေသေချာချာ မကြည့်ဘဲ၊ ဂရုမစိုက်လုပ်ပြီး ပေါ့ပေါ့ဆဆ လွှင့်ပစ် လိုက်လို့ အခုလို မပေါ်သင့်ဘဲ ပေါ်ရတာ မင်းကြောင့်... "

ကိုအောင်စိုးက ညီဖြစ်သူကို အပြစ်တင်၏။

"မမမိက သေပြီဆိုတာကိုး၊ သူသေသေချာချာ ကိုင်မကြည့်လို့ အခုလို ဖြစ်ရတာ"

မောင်မောင်မျိုးက မရီးဖြစ်သူ မိမိလေးပေါ် လွှဲချသည်။

"ငှက်စုတ် က ပါးစပ်ဟပြီး တုံးလုံးလဲနေတယ်၊ အသက်မရှူဘူး၊ အမွေးတွေက ထောင်နေတယ်၊ ဒါ သေတဲ့ လက္ခဏာပေါ့၊ မိမိ ရှုတတ်တယ်ဆိုတာ သိကြသားနဲ့ သေသေချာချာ ကိုင်ကြည့်နေရဦးမှာ လား… "

မိမိလေး ဒေါသဖြစ်စွာ တွေးသည်။ နောင်ဘုရားကမူ ဘာမှမပြော၊ မျက်လွှာချကာ တရားဝင်သလို ငြိမ်နေ သည်။

မေမေခင် မသေဆုံးမီမှာ မြင်သမျှ ကြားသမျှတွေကို ကျေးသားလေးက သူ မှတ်မိသရွေ့ အစစ်ခံသည်။ မေမေခင် အသတိခံရပုံကိုလည်း ကျေးသားလေး ပြသောနေရာမှာပင် တွေ့ခဲ့ရသည်။ ဆရာဝန်၏ အစီရင် ခံချက်တွင် ဦးခေါင်းနောက်ဘက်တွင် ဒဏ်ရာတစ်ခု တွေ့ရသော်လည်း၊ သေလောက်သော ဒဏ်ရာ မဟုတ်၊ သေဆုံးရခြင်းမှာ အသက်မရှူနိုင်အောင် တစ်စုံတစ်ခုသောအရာဖြင့် နှာခေါင်းနှင့် ပါးစပ်ကို ပိတ်ဆို့ခြင်း ခံရ၍ မွန်းပြီးသေဆုံးခြင်းဖြစ်ကြောင်း ရေးသားထားသည်။

သို့သော် မောင်မောင်မျိုးတို့ သုံးယောက်ကား ဝန်မခံချေ။ လူမဟုတ်သော တရစ္ဆာန် ကျေးသား လေး၏ စကား သည် တရားမဝင်ကြောင်း၊ သူတို့မှာ အပြစ်မရှိကြောင်းကို အကြောက်အကန် ငြင်းဆန် နေကြ သည်။

မောင်မောင်မျိုး၊ ကိုအောင်စိုး၊ မိမိလေးတို့ကသာ အာသွက်လျှာသွက်ဖြင့် ပြန်လည်ခုခံ ငြင်းဆန်နေ ကြ သော်လည်း နောင်ဘုရာသည် တည်ငြိမ်သော ဣန္ဒြေဖြင့် မျက်လွှာချကာ ပုတီးသာ အတွင်စိပ် နေသည်။ နောင်ဘုရား ၏ ကြည်ညိုစဖွယ် အမူအရာနှင့် ဥပဓိရုပ်ကို မြင်ကြရသော သူတို့စိတ်တွင် ဤပုဂ္ဂိုလ်ကား အကယ်ပင် သူတော်ကောင်းဖြစ်လေသလား၊ ဟိုလူနှစ်ယောက်နဲ့ ဟိုမိန်းမ ရှုပ်တဲ့ကစ္စထဲမှာ အချောင် သက်သက် မဟုတ်ဘဲ အစွဲခံနေရတာလား၊ ဤပုဂ္ဂိုလ်၏ အနေအထိုင် ဣန္ဒြေမှာ သူတော်ကောင်းဖြစ်ဟန် တူသည် ဟူ၍ တွေးထင်သူက တွေးထင်ကြ၏။ ကိုမင်းဇင်ကမူ နောင်ဘုရားကို စေ့စေ့ကြည့်ပြီး…

"ဟေ့. အောင်ငြိမ်း.. "

ဟု ခေါ်လိုက်၏။ နောင်ဘုရား၏ တည်ငြိမ်သော ဟန်မူရာသည် မဆိုစလောက် ဆက်ခနဲ ဖြစ်သွား သည်ကို အခြားသူတွေ မသိလိုက်သော်လည်း မောင်မင်းဇင်က ကောင်းကောင်း သတိပြုမိသည်။ သို့သော် နောင်ဘုရားကား ဟန်ကောင်းကောင်းဖြင့် တည်ငြိမ်စွာ နေမြဲနေသည်။

"တကယ် ဟန်ဆောင်ကောင်းပါလားကွ အောင်ငြိမ်းရ၊ သူများကို လိမ်လို့ရပေမယ့် ငါ့ကိုလိမ်လို့ မရဘူးနော်.. မင်း နောက်ကြောင်းရာဇဝင်ကို ငါ အားလုံးစုံစမ်းထားပြီးသား၊ မင်းမြန်မာပြည်က ထွက်သွားပြီး ပြည်ပြေးတွေနဲ့ ပေါင်းနေရာက ပြန်ဝင်လာတယ် သတင်းကြားပြီး အစပျောက်နေ တာ၊ အခု မင်းကို နောင်ဘုရားရုပ်သွင်နဲ့ တွေ့ရပေမယ် ငါ့ မျက်လုံးထဲမှာတော့ အောင်ငြိမ်းရုပ် ပြန်ပေါ်လာတာပဲ၊ ကဲ... ဟန်ဆောင်ကောင်းတဲ့လူ ထင်ထင်ရှားရှား ပြရမှာပေါ့ကွာ"

ကိုမင်းဇင်က ပြောပြီး ရဲသားတစ်ဦးကို နောင်ဘုရား ဦးခေါင်းပေါင်းနှင့်တကွသော သျှောင်ထုံးဆံပင် ပုံတုကြီးက ရဲသားလက်ထဲသို့ တစ်အုံလုံးပြုတ်ပါသွားသည်။ နောင်ဘုရား၏ ဦးခေါင်းကား ဆံပင်ကြိုးကြဲ နဖူးပြောင်ပြောင်ဖြင့် ယာဘက်ချိုစောင်းမှာ လက်းလေးသစ်ကျော်ခန့် အနာရွတ်ကြီး က အစင်းလိုက် ထင်ရှားစွာ ပေါ်နေသည်။

"ဘယ်လိုလဲကွ၊ လူသတ်မှု မုဒိမ်းမှုတွေနဲ့ ထွက်ပြေးနေတဲ့ ရာဇဝင်လူဆိုး အောင်ငြိမ်းဆိုတာ မင်း ကိုယ်မင်း ဝန်ခံပြီး ဟုတ်လား... "

ကိုမင်းဇင်က မေးသောအခါ နောင်ဘုရားခေါ် အောင်ငြိမ်းသည် နှုတ်ပိတ်ဆိတ်ငြိမ်စွာဖြင့် စကားတစ်လုံးမှ မပြောတော့ချေ။ မိမိလေး၊

ကိုအောင်စိုးနှင့် မောင်မောင်မျိုးတို့ကား သူတို့ ကြည်ညိုယုံကြည်စွာ ကိုးကွယ်နေသော တန်ခိုးရှင် နောင်ဘုရားကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေရာမှ မောင်မောင်မျိုး သည် မြလက်စွပ်ပျောက်ပုံ၊ သူ ရာထူးတက်ပုံတွေကို ဇနီးသည် မေမေခင် ရှင်းပြခဲ့သည် များအား ပြန်လည်ကြားယောင်လာသည်။

ထိုအခိုက်မှာပင် ကိုမင်းဇင်က ပြောလိုက်၏။

"ကိုမော်မောင်မျိုး ခင်ဗျား ယုံကြည်ကိုးကွယ်နေတဲ့ နောင်ဘုရားဆိုတာကြီးရဲ့ ဇာတိရုပ်ကို သိပြီ ဟုတ်လား၊ ခင်ဗျား ချစ်ခင်ရိုသေစွာ ဩဇာနာခံနေတဲ့ ခင်ဗျားမရီး ဒေါ်မိမိလေးရဲ့ နောက်ကြောင်း ရာဇဝင် ကို နားထောင်ဦးခင်ဗျာ"

ကိုမင်းဇင် စကားကြောင့် မောင်မောင်မျိုးက ဦးခေါင်းမော်ပြီး မိမိလေးကို ကြည့်လိုက်သည်။ မိမိလေးကမူ ခပ်တည်တည် ခပ်တင်းတင်းဖြင့် မည်သူ့ကိုမှ ဂရုမစိုက်ဟန်ဖြင့် ကိုမင်းဇင်ကို ပြန်ကြည့်လိုက်သည်။

"ဒေါ်မိမိလေး က ခင်ဗျားအစ်ကိုနဲ့ အကြောင်းမပါမီက တရုတ်လူမျိုးတစ်ယောက်ရဲ့ ဒုတိယဇနီး ဖြစ်ခဲ့ဖူး ပါတယ်၊ သူ့ယောကျ်ား တရုတ်နဲ့အတူ ကစားဝိုင်းထောင်မှုနဲ့ အမှုဖြစ် ထောင်တစ်လ ကျဖူးတယ်၊ ထောင်ကထွက်ပြီး အစအနပျောက် မြုပ်သွားရာက အခု အမှုမှာ ဒေါ်မိမိလေးအဖြစ် လာတွေ့ လိုက်ရတာပဲ၊ ဖဲရိုက်မှာတော့ တကယ့်ဂျင်ပဲ ကိုမောင်မောင်မျိုး၊

ခင်ဗျားဇနီး မေမေခင်ရဲ့ ပစ္စည်းတွေကို ဖဲရိုက် ဖို့ လိုချင်တာနဲ့ ခင်ဗျားကို ကြိုးကိုင်ခြယ်လှယ် ညွှန်ကြားတယ်ဆိုတာ သဘောပေါက်ကဲ့လား.. "

ထိုအခါမှ နောင်ဘုရားနှင့် မိမိလေးတို့ နှစ်ဦးပေါင်းကာ ငါးကြင်းဆီနှင့် ငါးကြင်းကြော်သလို သူ့ကို ရာထူး တက်သည့် မက်လုံးပြ အယုံသွင်းပြီး မေမေခင်ထံမှ ပစ္စည်းတွေချူရန် ကြံခဲ့ကြသည့် ကွင်းဆက်တွေ ပြန်တွေးမိလာသည်။ မောင်မောင်မျိုးသည် ငါ့အစ်ကိုမှ၊ ငါ့မရီမှ ငါ့မရီး ဟူသော တစ်ဖက်သတ်စိတ်ဖြင့် မရီးသြဇာ နာခံလာခဲ့မိသည်များကို ပြန်တွေးကာ ပြင်းပြသော နောင်တ သံဝေဂစိတ်ဖြင့် အသည်းနလုံး ပြုတ်ကြွေလု မျှ ဖြစ်သွားလေသည်။

သို့သော် မောင်မောင်မျိုး ဘာတတ်နိုင်တော့မည်နည်း။ မေမေခင်ပြောခဲ့ဖူးသည့် စကားတွေကို ပြတ်သားစွာ ပြန်လည်ကြားယောင်လာသည်။ အစ်ကိုဖြစ်သူ ကိုအောင်စိုးကား မယား ဖဲသမားကို အသက်ပေး ချစ်လွန်း၍ မယားကြောင့်ပင် ရာထူးပြုတ်ခဲ့သည်။ ပစ္စည်းကုန်ခဲ့သည်။ နောင်ဘုရား ဆိုတာကြီး ၏ သြဇာကို နာခံလာခဲ့သည်။ ကိုအောင်စိုးကား မိမိလေး၏ သံပတ်ပေးစက်ရုပ် သက်သက် သာလျှင် ဖြစ်သည်။ ရှိပါစေတော့၊ သူ့လင်ဖြစ်၍ သူသြဇာပေးနိုင်သည်၊ နာခံသည်ကို ပြောစရာမလို၊ မောင်မောင်မျိုးအနေဖြင့် မရီးသြဇာ နာခံကာ အသက်တမျှ ချစ်ခဲ့ရသူ

ဇနီးသည်ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိသည်။ ယခု အသက်သေအောင်ပင် သတ်ခဲ့မိသည်။

မေမေခင် ပစ္စည်းတွေ အစုလိုက် အပုံလိုက် ကျန်ရစ်သည်ကို မျှော်ကိုးကာ မရီးဖြစ်သူသည် လင်နှင့် နောင်ဘုရားကို ပုပ္ပသို့ ထွက်သွားစေပြီး သူကိုယ်တိုင်ကမူ မက်ဖြစ်သူနှင့် အတူနေခဲ့မည်ဟု စီစဉ်သည်။ မေမေခင် ပစ္စည်းတွေထဲက သူကြည်ညိုသူ နောင်ဘုရရားကို ဝေပုံကျခွဲပေးရန်လည်း ညွှန်ကြား ထားချေသည်။ မောင်မောင်မျိုးသည် သူ့အမှားတွေကို တစ်ခုပြီးတစ်ခု မြင်လာသောအခါ မိမိလေး၊ နောင်ဘုရား နှင့် အစ်ကိုကို စိတ်နာလာသည်။

ထိုအခါ မောင်မောင်မျိုးသည် လူသတ်မှုကို အစအဆုံး ဖြောင့်ချက်ပေးလေတော့၏။

မေမေခင် အိပ်ခန်းကျယ်ကြီးကို ရှင်းလင်းသုတ်သင်နေသည်ကို တွေ့ရသောအခါ မိမိလေးက ထင်မြင်ချက်ပေးသည်။ ယုံကြည် စိတ်ချအားကိုးရသော အဖော်တွေ အိမ်ပေါ်ရောက်လျှင် အမြဲတေ ရတနာနှင့် ပစ္စည်းတွေ လက်ဝယ်ရယူရန်မှာ ခဲယဉ်းသွားတော့မည်ဖြစ်၍ အကြံအစည်ကို အမြန်ဆုံး အကောင် အထည်ဖော်ရန် တိုက်တွန်းသည်။ မိမိလေး၏ တိုက်တွန်းချက်ကို နောင်ဘုရား နှင့် ကိုအောင်စိုးက ထောက်ခံသည်။ ထို့ကြောင့်

မေမေခင်ကို အလစ်မှာ ကြိုကွင်းပစ်ဖမ်းရန် နောင်ဘုရားနှင့် မိမိလေးက အကြံပေး၏။

သူတို့သုံးယောက်ပေါင်း ရောက်လာလျှင်သာ မေမေခင်က အခန်းထဲမှာ တံခါးပိတ် နေတတ်သောလည်း မောင်မောင်မျိုး တစ်ယောက်တည်းဆိုလျှင် မေမေခင်က မကြောက်ချေ။

ထိုနေ့မှာ မေမေခင်သည် ထမင်းစားခန်းတွင်းရှိ ကြောင်အိမ်ထဲမှ ကျေးသားလေးအတွက် ငှက်ပျောသီးယူနေစဉ် မောင်မောင်မျိုးက နောက်မှ တိတ်တဆိတ်လာပြီး လည်းပင်းကို ကြိုးကွင်း ပစ်စွပ်လိုက်ပြီး နောက်သို့ဆောင်ဆွဲလိုက်သည်တွင် အမှတ်မဲ့ဖြစ်၍ မေမေခင်သည် တစ်ချက်မျှ လန့်အော်ကာ ကြမ်းပြင်ပေါ် လဲကျသွားသည်တွင် မောင်မောင်မျိုးက ရာဘာစွပ်ထားသော ပိုက်လုံးဖြင့် ဦးခေါင်းကို ရိုက်လိုက်သော ကြောင့် မူးသွားသည်။

သို့သော် သတိကောင်းလှသော မေမေခင်သည် လဲနေရာမှ မထနိုင်သော်လည်း တစ်စုံတစ်ခုကို လွှင့်ပစ်လိုက်သလို ပြတင်းပေါက်တည့်တည့်သို့ လက်ဇော့ရပ်းလိုက်သည်ကို မောင်မောင်မျိုး မြင်လိုက်သည်။ အိမ်အောက်တွင် ပုန်းကွယ်စောင့်ဆိုင်းနေသော နောင်ဘုရား၊ ကိုအောင်စိုးနှင့် မိမိလေးတို့က မောင်မောင်မျိုး အချက်ပေးသည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်သို့ ပြေးတက်လာကြ၏။

မေမေခင်ကား လည်ပင်းမှာ တင်းနေသော ကြိုးကွင်းဒဏ်၊ ဦးခေါင်းမှ အရိုက်ခံထားရသောဒဏ်၊ မောင်မောင်မျိုး တို့ လေးယောက်ဝိုင်းအုံကိုင်ချုပ် ကြိုးနှင့်တုပ်ထားသော ဒဏ်တွေကြောင့် လုံးဝ မခုခံ နိုင်ရှာတော့ပေ။

ထို့နောက် အစစ်ခံချက်တွေက ကျေးသားလေး အစစ်ခံ ပြောကြားချက်အတိုင်း အားလုံးထပ်တူ တပ်မျှ ဖြစ်ပေသည်။

မောင်မောင်မျိုး အစစ်ခံ ဖြောင့်ချက်ပေး၍ ဆုံးသောအခါ ဒေါက်တာမြသွင်အေးက သူတို့အားလုံး ကြားလောက် သော လေသံဖြင့် ပြောလိုက်၏။

"မေမေခင် သေရင် ပစ္စည်းတွေရဖို့ မျှော်လင့်ချက်ကြီးနဲ့ သတ်လိုက်ကြတာ ရှင်တို့တတွေ လူသတ်ကောင် ရာဇဝင်သား ဖြစ်တာပဲ အဖတ်တင်သွားတယ်.. မေမေခင်က သူ့ပစ္စည်းတွေကို ဝတ်လုံ တစ်ယောက်နဲ့ အခိုင်အမာ စီစဉ်ပြီး စာချုပ်စာတမ်းတွေ ရေးသွားတာ သိကြရဲ့လား"

"ဘာတွေ ရေးသွားလဲ"မောင်မောင်မျိုးက မေးသည်။

"သူ သေရင် ဘယ်သူမှ ခံစားခွင့်မပြုဘဲ အားလုံးကို အကျိုးရှိမယ့် ဌာနအသီးသီးခွဲပြီး လှူသွား တယ်လေ"

မောင်မောင်မျိုးက ဦးခေါင်းငိုက်စိုက် ချနေရာမှ နောင်တသံကြေကွဲ ဝမ်းနည်းသံဖြင့် ပြန်ပြောသည်။

"ကျွန်တော်လို မိုက်လုံးကြီးတဲ့ လင်တစ်ယောက်ဟာ ခင့်ပစ္စည်းကို မစားထိုက် မသုံးထိုက်ပါဘူး ဒေါက်တာ.. ကျွန်တော့်မိုက်ပြစ်ကြီးကိုလဲ ယူကျုံးမရ ရှိလှပါတယ်၊ ကျွန်တော်အဖို့ ကြိုးစင်မြန်မြန် တက်ပြီး သေသွားရတာက ကောင်းပါတယ်၊ ကျွန်တော် မသေရင် ကျွန်တော်မိုက်မဲတဲ့ စိတ်ဆင်းရဲမှုကြီးကို မချိမဆန့် ခံစားနေရတော့မှာပါ ဒေါက်တာ.. "

မောင်မောင်မျိုး စကားဆုံးသောအခါ ကျေးသားလေးက ဝင်ပြောလိုက်၏။

"ခင် မသေခင်က အဲဒီလိုမိုက်မှန်း နင်သိရင် သိပ်ကောင်းမှာ၊ အခုတော့.. ငါ့ကို ချစ်တဲ့ခင် သေသွားပြီလေ၊ နင် မိုက်တယ် လို့ ပြောနေတာ ခင် မရှိတော့ဘူး"

ကျေးသားလေး၏အသံမှာ နားကြည်းကြေကွဲသံ ပါလှသည်။

မောင်မောင်မျိုးသည် သူကိုယ်တိုင် အသံထွက်ရင် လည်းပင်းလိမ်သတ်မည်ဟု ကြိမ်းခဲ့သော ကျေးသားလေးကို မကြည့်ဝံ့သည့် အလားဦးခေါင်းငုံ့နေသည်။ တရစ္ဆာန် ဖြစ်သော်လည်း ကျေးဖူး သစ္စာစောင့်သိ၍ လူစိတ်ရှိသော ကျေးသားလေးလောက်မှ သူ သစ္စာတရားမရှိပါကလားဟု ကြေကွဲစွာ တွေးနေသည်။

နောင်ဘုရားခေါ် အောင်ငြိမ်း၊ ကိုအောင်စိုးနှင့် မိမိလေးတို့ကား ဖြောင့်ချက်ပေးလိုက်ပြီဖြစ်သော မောင်မောင်မျိုးကို သုံးယောက်လုံးက အံခဲပြီး ကြည့်နေကြသည်။ ထိုသို့ကြည့်နေကြောင်းကိုလည်း မောင်မောင်မျိုးက သိသည်။ သို့သော် သူ့အနေဖြင့် အစ်ကိုနှင့်မရီး စိတ်ဆိုးမည်ကို မကြောက်တော့၊ မောင်မောင်မျိုး၏ သတ္တိကား မိုးလွန်မှ ထွန်ချသည်နှင့် တူနေသည်။

မပြုအပ်သော ရာဇဝတ်မှုကြီးကို ကျူးလွန်သူတို့ သွားမြဲလမ်းအတိုင်း ထိုက်တန်သော အပြစ်ဒဏ်ကို မောင်မောင်မျိုး၊ ကိုအောင်စိုး၊ မိမိလေးနှင့် နောင်ဘုရားခေါ် အောင်ငြိမ်းတို့ ခံကြရလေပြီ။

ငယ်သူငယ်ချင်းများဖြစ်သော ကိုမင်းဇင်နှင့် ဒေါက်တာမြသွင်အေး တို့၏ အစီအစဉ်ဖြင့် သေကံဆိုး ရှာသော မေမေခင်၏ ဈာပနကား စည်းကားသိုက်မြိုက်စွာဖြင့် သူသန်မြေသို့ ရောက်သွား ရှာလေပြီ။

ဒေါက်တာမြသွင်အေး၏ လက်ထဲသို့ ရောက်လာသော ကျေးသာလေးကို ဒေါက်တာ မြသွင်အေးသည် ချစ်ခင်ကြင်နာ ယုယစွာဖြင့် အထူးဂရုစိုက် မွေးမြူထားသော်လည်း ကျေးသားလေး သည် မောင်မောင်မျိုး၏ ကောင်းမှုကြောင့် အကျင့်ပါ၍ နှုတ်ဆိတ်နေတတ်သည်။ ဘဝတစ်ပါးခြား သွားရှာလေသူ သခင်ဟောင်း မေမေခင်ကို မမေ့နိုင်ဘဲ လွမ်းဆွတ်တမ်းတနေလေဟန်တူသည်။ ငေးငေးငိုင်ငိုင် ဖြစ်နေတတ်သည်။

မေမေခင် ကိစ္စကြောင့် လက်ထပ်ရေးကို ဆိုင်းငံ့ထားခဲ့ရသော ကိုမင်းဇင်နှင့် ဒေါက်တာမြသွင်အေး တို့သည် ကျေးသားလေး၏ လှောင်အိမ်ချိတ်ထားသည့် အနားတွင် ထိုင်ကြကာ လက်ထပ်ရေး နေရေး ထိုင်ရေးကို ဆွေးနွေးနေဆဲမှာ ကျေးသားလေးသည် ယခင်တစ်ချိန်က သူ့လှောင်အိမ်နား တွင် သွားလေသူ သခင်ဟောင်း မေမေခင်နှင့် ဒေါက်တာမြသွင်အေးတို့ ယခုလို စကားထိုင်ပြောခဲ့ ကြသည်ကို သတိရ လွမ်းဆွတ်ဟန်တူသည်။ မေမေခင် လေယူလေသိမ်း အဆွဲအငင်အတိုင်း စူးရှသာယာသော အသံကလေးဖြင့် ကျေးစေပတ်ပျိုးကို ဆိုပြလိုက်ရှာသည်။

"လေယဉ်မြန်း... စေမှန်းရွှေလျော်၊ ငယ်ယုံပူဘော်

နန်းစိန်ချိုင့်ပျော်.. ကြင်နယ်ယွင်း.. မြတ်မှာတော်ရင်း

မင်းတင်ချေနော်.."

ကျေးသားလေး၏ သီချင်းသံကို ကြားရသောအခါ ဒေါက်တာ မြသွင်အေး သည် သွားလေသူ သူငယ်ချင်းကို လွမ်းဆွတ် တမ်းတခြင်းဖြင့် မျက်ရည်ကျမိသည်။ ကိုမင်းဇင်ကလည်း မေမေခင်ကို သတိရ စိတ်မကောင်းခြင်းဖြင့် ငိုင်သွားသည်။

"ဩော်.. မေမေခင်ရယ် ငယ်ကမွေးတဲ့ ကျေးသားလေးနဲ့ ငယ်သူငယ်ချင်းနှစ်ယောက်က ခင် အသက် မသေမီ ကလဲ ခင့်အတွက် စိုးရိမ်ပူပန်ခဲ့ကြပါတယ်၊ ခင် သေဆုံးပြီးနောက်မှာလဲ ပူပန်

ကြေကွဲ ဝမ်းနည်း ကြရပါတယ်၊ ဒီငယ်ယုံပူဘော် သုံးဦးရဲ့ မေတ္တာ သစ္စာနဲ့ ဆောင်ရွက်ချက်တွေ ကိုဖြင့် ခင် ဖြစ်လေရာ ဘဝကို ဟောဒီ ကျေးသားလေးသာ စေတမန်အဖြစ် လွှတ်လို့ရရင် ကျေးစေတမန်လွှတ်ပြီး အကြောင်းစုံ သိစေချင်စမ်း ပါဘိတယ် ခင်ရယ်.. "

ဟူသောအတွေးကို ကျေးသားလေးအနေဖြင့် တိရစ္ဆာန်ဖြစ်၍ တွေးသည် မတွေးသည် မသိရ သော်လည်း ဒေါက်တာမြသွင်အေးနှင့် ကိုမင်းဇင်တို့ နှစ်ယောက်လုံး စိတ်ထဲတွင်ကား ပြိုင်တူပင် တွေးမိ လွမ်းမိ တမ်းတ မိကြပါတော့သည်။

ပြီးပါပြီ